www.burmeseclassic.com

No.110, July 2016



www.burmeseclassic.com

www.burmeseclassic.com




# ဂမ္ဘီရလောက

စာစဉ်

## ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၃၆၆၄၊ ၀၁ - ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ရေလောက

No.110, July 2016


NeXt MoNtH PreVieW ၅

ပင်ကျွန်းညိုဖိုး
ဝန်းရွာသို့ အလည်တစ်ခေါက် ၆

ဇော်မှူးကြီးသိန်းဝင်း
ငရဲပြည်သို့အလည်ရောက်ခြင်း ၂၉

ဖြိုးသက်ကျော်
စေခွဲမရ မိုးတစ်ည ၃၉

ထူးသင်ဇာခေအောင်
စကျာရှိသန်သော ရှေးဟောင်းနာရီလေး ၅၂

ဝင်းတိုင်ဝင် (ပြင်ရောင်မြေ)
သုသာန်မြေမှ ရှုတင်ဆရာတော်၏ နိမိတ်များ ၇၁

ဂန္ဓာရီတာရေးဆရာတစ်ဦး
သေတာတောင်မီးမလောင်တဲ့လူ ၈၄

ဇာသက်ဝေ
ရှက်ခေါ်သံ

အောင်းတင့်စိုး (ရှိုင်းသာယာ)
မြူမှုန်နှင့်အပြိုင်

စိုးနှင့်ကို
တစ်ခန်ပြန်လည်မွေးဖွားခြင်း

မင်းသွန်းသိမ်းသူ
ရူးရူးသုသန်းတစ်ယောက်

ထက်ထိန်
မကြုံဖူးအဖြစ်ထူး

ဂျီဂျီး
[illegible]ထဲက သနားစရာဝိညာဉ်

[illegible]နိုင် (မင်းကွေး)
သူစုန်း၊ ကိုယ်ပိုင်စုန်း အမုန်းမက်တော့

နှဝင်းကျော်ခေါင် (ဒေါ်ကျော်မြင့်ပြည်)
ချိုကြိုးသူများ


www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်

(Quality)

တာဝန်ခံအယ်ဒီတာ

ဝေလွင်မြင့်မောင် (၀၉၃၁၁၀၆၉၉၉)

အတွင်းသရုပ်ဖော်

ကံဆောင်း၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လူသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊
ရှိုးဘွ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းဖော်၊

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်း...လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၃၈၃၆၆၄...

အုပ်ချုပ်မှုအယ်ဒီတာ

အယ်ဒီတာအဖွဲ့

ညက်လင်းထက်

မျက်နှာဖုံး

ညက်လင်းထက်

ကွန်ပျူတာနှင့် ဖလင်

Quality

စာအုပ်ချုပ်

တင်မေထွန်း

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်




# Next Month Preview Next Month Preview
## Next Month Preview Next Month Preview
# Next Month Preview




ဒဂုန်ရွှေမျှား

မရဏရောက်ခဲ့

မင်းဘုန်းသိခဲ့သူ

သေမထူး

နေမထူး

အာပေတူး






ဇေယျမင်းသျှင်

ကံစီမံရာ

www.burmeseclassic.com

www.burmeseclassic.com




ရေးသူ

# သိပ္ပံ

# ဝန်းရှာသို့ အလည်တစ်ခေါက်

ပင်စင်လစာက တစ်လမှ (၁၄၆၅၂)ကျပ်ပဲ ရတယ်။
အဲဒီပင်စင်ကို ကျွန်တော် မကွေးမှာပဲထားတယ်။
ဆယ်လမှ တစ်ခါပေါင်းပြီးမှ ထုတ်တယ်။
ဘာကြောင့်လဲဆိုတော့ စာရေးဖော်ရေးဖက် သူငယ်ချင်းတွေနဲ့ တွေ့ရအေ
သားအကြီးဆုံးက မကွေးမှာရှိတော့ အဆင်လည်းပြေတယ်။
တစ်လချင်း သွားထုတ်မယ်ဆိုရင် မကွေး-ရန်ကုန် သွားခကားခက
(၂၈၀၀၀ဝ)ကျပ် ကုန်တယ်။ တစ်ခေါက်သွားရင် (၁၃၃၄၈)ကျပ် ရှုံးတယ်
အဲဒါလမ်းမှာငေးတဲ့ စားစရိတ် မပါသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com

# စုန်းရွာဆီမှာ ဧည့်သည်တစ်ခေါက်

မကွေးညီမိမိ

၁-၂-၂၀၁၆ ခုနှစ်ကတော့ ပင်စင်မှုံးက လူတွေစစ်ဆေးချင်တယ်ဆိုလို့ မဖြစ်မနေ အရှုံးခံပြီးသွားခဲ့တယ်။ ကျွန်တော် မကွေးကို ရောက်နေတယ်ဆိုတော့ ငယ်ပေါင်းတွေဖြစ်တဲ့ မကွေးမြင့်သန်း၊ ဖန်ခါးမောင်မောင်နဲ့ မြန်မာပြည် ဆရာဟိန်းတို့လာတွေ့ကြတယ်။ သူတို့ လူငယ်တွေဆိုတော့ လာနိုင်ကြတယ်၊ မကွေးလှမြင့်နဲ့ မကွေးဝင်းမြင့်ကတော့ အသက်ကြီးလို့မလာနိုင်ကြဘူး၊ ဒီတော့ ကျွန်တော်ကပဲ သွားတွေ့ရတယ်၊

မကွေးဝင်းမြင့်က အိပ်ရာထဲလဲနေပြီး ကျွန်တော့်ကို သူမှတ်သားစုအတွေ့မခံလို့ မတွေ့ခဲ့ရဘူး။ မကွေးဝင်းမြင့်ကို ခြေဆုပ်လက်နယ်လုပ်ပေးနေတဲ့ သတင်းထောက် မန္တလေးသား ကိုသန်းမြင့်ကတော့ သူ့သမီး သားအိမ်ကင်ဆာဖြစ်လို့ မန္တလေးကိုပြန်သွားသတဲ့၊

မကွေးလှမြင့်ကိုတော့ သူ့တိုက်ရှေ့က ကုလားတမာပင်အောက်မှာ (သတင်းဆောင်းပါး)တွေ ရေးနေတာတွေ့ရတယ်၊ မန္တလေးက သတင်းတတိုက်မှာ တစ်လသုံးသိန်းနဲ့ မကွေးတိုင်တာဝန်ခံလုပ်နေတယ်ဆိုတာ သိရတော့ ဝမ်းသာမိတယ်၊

ရန်ကုန်ပြန်ဖို့ အဝေးပြေးကားဂိတ်အတွင်းက (ထိပ်တန်း)ကားလက်မှတ်ဝင်ဖြတ်တော့ မမျှော်လင့်ဘဲ အလင်းဆောင်မာတတ်ပုံတိုက်ပိုင်ရှင်၊ လ.ဝ.က ညွှန်ကြားရေးမှူးဟောင်းပွင့်ဖြူမြို့သား(ဦးစိုးလင်း)နဲ့တွေ့တော့ နှစ်ယောက်သားလက်ဖက်ရည်ဆိုင် ထိုင်မိတော့၊ ဦးစိုးလင်းက ကျွန်တော်ရေးတဲ့ သူရဲ့ဝတ္ထုတွေ ဖတ်ရကြောင်း။ သူကိုယ်တိုင်လည်း သရဲခေါင်းစုံ တွေ့ရကြောင်းနဲ့၊ သူစုန်းရွာကြီးတစ်ရွာကို ရောက်ရှိခဲ့ပုံကို အောက်ပါအတိုင်း ပြောပြလို့ ကျွန်တော့်စာဖတ်ပရိသတ် ဗဟုသုတရဖို့ ရေးသားတင်ပြလိုက်ပါတယ်၊

■

ရွာရောက်သည်မှာ ယနေ့ဆိုလျှင် ငါးရက်ပင်ရှိပြီ ဖြစ်သည်၊ ဤရွာသို့ ကျွန်ုပ်စ၍ ရောက်လာသောနေ့က မြို့နှင့် အလုပ်မဝေးရုံမျှမက ကားမပြောနှင့် လှည်းနှင့်ပင်သွားလာရသည်မှာမလွယ်ကူသောကြောင့် စိတ်ပျက်မိလေသည်၊

သို့သော်လည်း ရွာလေး၏ တည်ရှိပုံမှာ တောင်များ ပတ်လည်ဝိုင်းရံလျက် ရွာ၏ အနောက်ဘက်တွင် ချောင်းတစ်ထပ် မြောင်းတစ်ထပ်ရှိပြီး ရွာခံများ၏ ဖော်ရွေမှုကြောင့် တစ်နေ့ထက် တစ်နေ့ နေသားကျလာကာ ပျော်ရွှင်လာခဲ့လေ၏။ ၎င်း၏ ရွာလေးသည်ကား ပွင့်ဖြူမြို့၏ အနောက်ဘက် မိုင် (၂၀) ခန့်ဝေးသော လှည်းလမ်းဆုံးရွာကလေး (ကျောင်းကုန်း ရွာ)ပင် ဖြစ်ပေသည်၊

ညနေစောင်းလာသည်နှင့်အနောက်ရိုးမဆီသို့ သစ်တောကြိုးဝိုင်းမှ ဆင်များသည် ဆင်ဝိုင်းရှိရာ တဲများသို့ ပြန်ကြသလို တောင်ပေါ်သူချင်းမလေးများသည်လည်း ပလိုင်း(ထောင်ပို)များကို လွယ်၍ တောင်ယာ(အသီး)မှ ရွာဆီသို့ ပြန်လာနေကြပေပြီ၊

လူပျိုပေါက်အရွယ်ရောက်စဆိုတော့ အသားဖြူဖြူ ချင်းမလေးများလာရာ၊ ရွာ၏ အနောက်ဘက် ဒုံကျောင်းသို့ သွား၍ ပိုးပန်းရန် ပြင်ဆင်နေမိ၏၊

"ဟဲ့-ကိုလင်း-နင် ဘယ်ကိုသွားချင်လို့လဲ"

"ဘယ်မှ သွားချင်လို့ မဟုတ်ဘူး ချောင်းစပ်ကို သာဒင်နဲ့ အတူသွားမလို့ ကြီးမေရဲ့"

ကျောင်းကုန်းရွာမှ စစ်စစ်ပေါက်ပေါက်ရေကြည့်လျှင် ဗမာဆို၍ ကြီးမေတို့ သားအမိသာ ရှိ၏၊ ကြီးမေ၏ အစ်ကိုဖြစ်သူ ဦးရာဖိုးမှာလည်း ချင်းမနှင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကျ၍မင်းလွင်ရွာတွင် ရှိပါသည်။ ဖွင့်ဖြူမြို့နှင့် အဝင်အထွက် အသွားအလာရှိသောကြောင့် တချို့ရွာသူရွာသားများမှာ ဗမာစကားကိုလည်းပတ်စွာပြောတတ်ကြသလို တချို့ဆိုလျှင်လည်း ယခုအချိန်ထိပင် ဗမာစကား နားမလည်သူတွေ ရှိနေသေး၏။

ကြီးမေက ...

"ကိုလင်း – နင်ရွာထဲကို လျှောက်မသွားနဲ့၊ နင် တစ်ခုခုဖြစ်သွားရင် နင့်အဖေက ငါ့ကို ရိုက်လိမ့်မယ်။ သာဒင် – နင်လည်း သတိထားနော်။ နင့်ကိုလည်း ကြည့်မရတော့ဘူး။ နွားစာမကျွေး ဘာမကျွေးနဲ့ ဧည့်သည်ကို အကြောင်းပြပြီး အိမ်အလုပ်ကို မလုပ်တော့ဘူး – ဟင်း"

သာဒင်က ခေါင်းကိုဖြီးရင်း ...

"ကျွေးပြီးပြီလေ – အစ်ကိုနဲ့ သွားလည်ဦးမယ်၊ ပြန်ခါလာ ထပ်ကျွေးမယ်"

ကြီးမေက သူ့သားကို ဘာမှမပြောတော့ဘဲ ဆန်အိုးထဲမှ ဆန်အနည်းငယ်ကိုနှိုက်၍ ကျွန်တော်၏ ခန္ဓာကိုယ်ကို ဝဲပေါက်၍ ...

"နေမဝင်ခင် ပြန်ခဲ့ကြနော် – ကိုလင်း"

"ဟုတ်ကဲ့ပါ – ကြီးမေ၊ စိတ်ချပါ"

ကြီးမေက နှုတ်မှ တတွတ်တွတ်ရွတ်၍ ဆန်စေ့များပတ်ပြီး ကျွန်တော့်အား အရေးကြီးသောအမှုအရာဖြင့် –

"ဒီနေ့က လကွယ်နေ့လေ မမှောင်ခင် အိမ်ကို ပြန်လာမှဖြစ်မယ်၊ ဟဲ့ – သာဒင် – နင့်အစ်ကို့ကို နင် သေချာဂရုစိုက်ပြီး အိမ်ကို ပြန်ခေါ်လာခဲ့ ကြားလား"

သာဒင် ခေါင်းညိတ်၍ ...

"သိပါတယ် – အမေရာ စောစောပြန်လာပါ့မယ်။ မဟုတ်လည်း ကျုပ်တို့ကို တစ်ရွာလုံး ဘယ်သူက ထိရဲမှာတုံး။ အမေတစ်ယောက်လုံး ရှိနေတာပဲဟာ။ လာအစ်ကိုသွားကြရအောင်။ ခုလောက်ဆို ရေဆိပ်မှာ တော်တော်လေးစည်နေလောက်ပြီ"

စကားဆုံးသည်နှင့် ကျွန်တော်နှင့် သာဒင်တို့သည် ရေဆိပ်ရှိရာသို့ ထွက်ခဲ့ကြလေတော့သည်။

■

ချောင်းရေမှာ တောင်ပေါ်မှစီးဆင်းလာသောကြောင့် ရေစီးမှာ အနည်းငယ်သန်၏။ ချောင်း၏နံဘေးတွင် ကျောက်တုံးကျောက်ဆောင်များ ပေါများသော ...ကြောင့် အင်မတန်ပင် သာယာလေ...

...တောတောင်ထဲမှ ပြန်လာကြသူ...ည် လူတိုင်းလိုလို ရေချိုးနေကြ...ကြောင့် ရေချိုးဆိပ်တွင် စည်ကား...တစ်ဖန် ကျွန်တော်တို့လို ရေမချိုး...ကောင်မလေးများကိုလာ၍ ပိုးပန်း...သူများလည်း ရှိနေကြပါသည်။

...အထဲတွင်မြို့မှလာသောမြို့သား...ဖြစ်သော ကျွန်တော့်မှာ မျက်နှာ...ဖြစ်လေသည်။ ချင်းမချောချော...လိုပင် ကျွန်တော့်အား ပြုံး၍...ကြလေသည်။

သာဒင်က ကျွန်တော့်လက်မောင်း...၍ ဝပ်ဖြီးဖြီးမျက်နှာဖြင့် ...

"ငါ့အစ်ကိုကတော့ စွန်သဟော့၊ ...တယ်ကွဲ့"

"မွှန်နေသေးပါဘူး – သာဒင်ရာ၊ နှုတ်...နေရုံ ပြုံးပြရုံနဲ့တော့ မဟုတ်သေး..."

"အဲ့မယ် – အစ်ကို ဘယ်သူ့ကြိုက်... ကျွန်တော် ပြောပေးမယ်"

"...တကယ်လားကွ၊ တကယ်ပြော...လား"

...သာဒင်သည် ထရပ်လိုက်ပြီး ပုဆိုး...တာ...

"ပြော – အစ်ကိုက ဘယ်သူ့သဘောကျသလဲ"

ဟု မေးလေ၏။ ကျွန်တော်လည်း ဘာရယ်မဟုတ်ပါ၊ မိမိ မျက်စိရှေ့တွင် မြင်နေရသော ခပ်ချောချော ချင်းမလေးကို မေးငေါ့ပြ၍ ...

"သူပဲ"

သာဒင်သည် ကျွန်တော် ညွှန်ပြသော ကောင်မလေးဆီသို့ ချက်ချင်းဆိုသလိုပင် လျှောက်သွားလိုက်ပြီး ချင်းဘာသာစကားဖြင့် ပြောဆိုနေတော့သည်။

သာဒင်သည် ဤဒေသတွင်မွေးသော ဗမာ၊ ချင်းဖြစ်သောကြောင့် မြန်မာစကားရော၊ ချင်းဘာသာစကားပါ ကျွမ်းကျင်သူ ဖြစ်သည်။

သူတို့နှစ်ယောက် ဘာတွေပြောနေမှန်းတော့ မသိပါ။ သို့သော် – သူတို့နှစ်ဦးစလုံးသည် ကျွန်တော့်အား ကြည့်၍ ပြောနေသောကြောင့် ကျွန်တော်ပင် အနေခက်သလိုလို ဖြစ်လာ၏။

ကောင်မလေးကလည်း ပြုံးရွှင်စွာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေ၏။ ခဏကြာတော့ သာဒင် ပြန်ရောက်လာပြီး ကျွန်တော့်အား ပခုံးကိုပုတ်၍ ...

"ဟုတ်သွားပြီ – အစ်ကိုရေ"

www.burmeseclassic.com



ကျွန်တော် နားမလည်သော ချင်းစကားဖြင့်ပြောရင်း မိန်းကလေး တစ်ယောက် ဝင်လာလေသည်။ မိန်းမပျိုလေးသည် အသက်အားဖြင့် (၂၀) အောက်ပင် ရှိဦးမည်။ ရုပ်ကလေး ပြေပြစ်ချောမွေ့၍ အသားအရေမှာ ဝင်းမှည့်နေ၏။ မြန်မာမိန်းကလေး၏ ဝတ်စား ဆင်ယင်မှုပင် ဝတ်ထား၏။ ထိုခေတ်အခါက ခေတ်စားသော ချာလီထီးကို ဆောင်းထားပြီး အိမ်ထဲသို့ ဝင်လာခဲ့လေသည်။ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ အံ့အားသင့်သွားကာ ငေးကြည့်နေမိ၏။

"ဘာဟုတ်တာလဲ - သာခင် … ကြာ ဒုက္ခရောက်နေဦးမယ် … အောင်"

"ဟာ - အစ်ကိုကလည်း … ပါဘူး။ သူက အိမ်ကိုအလည် … ကျွန်တော်တို့ဒေသက ညှော်သည် … ဂရုစိုက်တတ်တယ်၊ ခင်တတ် … ခဏတော့ လိုက်သွားရအောင် … အစ်ကို"

သည်လိုနှင့်ပင် သာခင်က … အဆွယ်ကောင်းသလို ချင်းမလှလှ … ကလည်း ရပ်၍ စောင့်နေသော … လူငယ်သဘာဝအတိုင်း ရွှေ … မစဉ်းစားတော့ဘဲ လိုက်သွားမိ … တော့သည်။

■

နံနက်မိုးလင်းသည်နှင့် ကြီး … အသံစူးစူးကို အိပ်ရာထဲမှ ကြား …

"အံ့ပါရဲ့ - သာခင်ရယ်၊ နင့် … အတန်တန်ပြောထားလျက်သား … မို့လို့ မစဉ်းစားမဆင်ခြင် ညှော်သ … ဒီလိုညမျိုးမှာ ညဉ့်နက်အောင် ခေါ် … ရသလား ခွေးကောင်ရဲ့၊ ကဲဟယ် - … ဖြန်း"

… ကျွန်တော်သည်အသာပင်အခန်းဝ … ချောင်းကြည့်လိုက်၏၊ ကြီးမေ … မြမ်းပြားဖြင့် သူ့သားသာခင်ကို … ရိုက်သလို ရိုက်နေသည်၊ သာ … တော့ အပြုံးမပျက်ပင် လက်ဖြင့် …

"အား - အမလေး - အမေ့ - တော် … လေ"

"အာလို့တော်ရမှာလဲ - ဖြန်း"

"ဟာ - အမေ - တကယ်နာတယ် …"

"နာမှန်း သိပြီလား၊ ဟင် - ခွေး … ကိုတစ်ယောက်တစ်ခုခုများဖြစ် …"

သာခင်က ကြားဖြတ်၍ …

"အခု ဘာမှမဖြစ်ဘူးလေ၊ အမေ …"

ကျွန်တော်သည် ကြီးမေတို့ သား … စကားများကို ကြားနေရသော် … နားမလည်ပဲရှိနေပါသည်။ ကြီးမေ … ယောက် ဒီလောက်တောင် ဒေါသ … ခြင်း၏အကြောင်းရင်းကို သိလို … သည်၊ နောက်မှပဲ သာခင်ကို မေး … ရန် စိတ်ကူးမိ၏။

ကျွန်တော် အိပ်ခန်းထဲမှ ထွက်၍ … သစ်ရန် ရေအိုးဆီသို့ ထွက်ခဲ့လေ၏၊ ကြီးမေက ကျွန်တော့်ကို မြင်တော့ သူမ၏ လက်ထဲမှ တုတ်ကို ပစ်ချကာ …

"ယော - ကိုလင်း နိုးလာပြီလား"

ဟု နှုတ်ဆက်သလို မေးသည်။ ကျွန်တော်လည်း ကြီးမေအား ပြုံးပြကာ …

"ဟုတ်ကဲ့ - ကြီးမေ"

သာခင်ကို မသိမသာ လှမ်းကြည့်လိုက်တော့ သာခင်က မျက်စေ့တစ်ဖက်ကို မှိတ်ပြ၍ …

"အိပ်လို့ကောင်းလား - အစ်ကို"

ကျွန်တော်က ရေခပ်ရင်း ခေါင်းညိတ်၍ …

"အေး - ကောင်းပါတယ်၊ ဒါနဲ့ မင်း ဘယ်သွားစရာရှိသေးလဲ"

"ယာထဲကို ခဏသွားလိုက်ဦးမယ်၊ တောဝက်တွေ ကျနေမှာစိုးလို့"

ကျွန်တော်က မျက်နှာသစ်ပြီးသွားပြီဖြစ်၍ ကြီးမေအား …

"ကြီးမေ ကျွန်တော် သာခင်နဲ့ ယာထဲကို လိုက်သွားချင်တယ်"

ကြီးမေသည် ထမင်းကြမ်းစားရန် ပြင်ဆင်နေ၏။

"ယာက သိပ်တော့ မဝေးပါဘူး ကိုလင်း လိုက်ချင်ရင် လိုက်သွားလေ"


www.burmeseclassic.com

www.burmeseclassic.com

"လာ - အစ်ကို ထမင်းကြမ်းပူပူလေး စားလိုက်ရအောင်။ တောင်သုံးတောင်လောက်ဖြတ်ရမှာဆိုတော့ ဗိုက်ဖြည့်မှဖြစ်မယ်"

ဟု ဆိုကာ ထမင်းကို စားနေလိုက်၏။ ကြီးမေသည် ကျွန်တော့်အနီးတွင်ထိုင်၍ ကျွန်တော့် ထမင်းပန်းကန်ထဲသို့ ဟင်းများ ထည့်ပေးနေရင်း ...

"ကိုလင်း - သားကို ကြီးမေက ဒီရွာကိုလာလည်နိုက်မှာ အိမ်မှာပဲ အေးအေးဆေးဆေး နေစေချင်တယ်။ ကိုလင်း အဖေကလည်း ကြေးနန်းစာထဲမှာ သားကို သေသေချာချာဂရုစိုက်ဖို့ မှာထားတယ်၊ ကိုလင်းအဖေဆိုတာ ကြီးမေတို့ရဲ့ ကျေးဇူးရှင်ဆရာ မင်းသာ တစ်ခုခု တစ်စုံ ဖြစ်သွားရင် ဆရာ့ကို ဘယ်လိုမှ မျက်နှာချင်းဆိုင်ရဲမှာမဟုတ်ဘူး"

သာဒင်က စားသောက်နေရင်း...

"အမေကလည်း အစ်ကိုက လူရမ်းကားမဟုတ်ပါဘူး၊ နောက်ပြီး အမေရှိနေတာပဲ၊ ဘာကြောက်စရာလို လဲ မဟုတ်ဘူးလား"

"နင် - အသာနေစမ်း"

ကြီးမေက ငေါက်လိုက်၍ သာဒင်ပါးစပ်ပိတ်သွားသည်။ အားလုံးစားသောက်ပြီးသွား၍ ကြီးမေက ပန်းကန်တွေသိမ်းရင်း ...

"ဒီရွာမှာက တစ်ရွာလုံး ပညာသည်တွေ ချည်းပဲ၊ စားသတိ၊ သွားသတိ အပြောအဆိုအနေအထိုင်က အစသတိထားရတယ်၊ အထူးသဖြင့် မင်းတို့မြို့သားလူငယ်တွေ ပိုပြီး သတိထားတယ်"

"ဘာ - ပညာသည်လဲ - ကြီးမေ ကျွန်တော် နားမလည်ဘူး"

"စုန်းတွေ၊ ကဝေတွေကို ပြောတာ ကိုလင်းရဲ့"

ကြီးမေစကားဆုံးတော့ ကျွန်တော် လန့်သွားမိသည်။ ဟိုနေ့ညက သာဒင်နှင့်အလည်လွန်ခဲ့၍ ကြီးမေဒေါသထွက်ရခြင်းကိုသဘောပေါက်သွား၏။ အနည်းငယ်လည်း ကြောက်လန့်သွားမိသည်။ "ချင်းမလေးက ပြုစားလိုက်ရင် ဒုက္ခ" ဟု တွေးနေမိ၏။

ငယ်ငယ်ကတည်းက ကြားဖူးသော စုန်းတို့၊ ကဝေတို့ဆိုသည်ကို တွေ့လည်း တွေ့ချင်သည်၊ ကြောက်လည်းကြောက် မိ၏။ လောကတွင် တကယ်ရော ရှိရဲ့လား ဟု သံသယဝင်ခဲ့သည်။ ဇာတ်ပွဲတွေ ဇာတ်လမ်းတွေမှာ မြင်ဖူး ကြားဖူးခဲ့ပေ

သော့် အပြင်လောကတွင် ကျွန်မက စုန်းမ၊ ကျွန်တော်က ကဝေပါလို့ ဘယ်သူ ပြောသံမှ မကြားဘူးခဲ့ပေ၊ သူကတော့ စုန်းမ၊ သူကတော့ ကဝေဆိုပြီးလက်ညှိုး ထိုးပြနိုင်သည့်သူလည်း မတွေ့ခဲ့ရပေ။

အခု ကြီးမေက ဤရွာတွင် ပညာသည်စုန်းမကဝေများရှိသည်ဟု ဆိုလာသောကြောင့် မိမိအတွက် အန္တရာယ်မဖြစ်ပါက လက်တွေ့ကျကျ တွေ့မြင်ချင်လှပါသည်။

ထိုစဉ်သာဒင်သည်ကျွန်တော့်အား ခမောက်နှင့် ဓားရှည်တစ်လက်လှမ်းပေး၍ ...

"ကိုင်း - အစ်ကိုရေ - သွားစို့"

ဟုဆိုကာ ရှေ့မှဦးဆောင်၍ ထွက်သွားသဖြင့် ကျွန်တော်လည်း ကြီးမေကို နှုတ်ဆက်ကာ သာဒင်၏ နောက်သို့ ခပ်သုတ်သုတ်ပင် လိုက်သွားပါတော့သည်။

■

ရှစ်ရက်မြောက်နေ့ ...

ဒီနေ့တော့ ဘယ်မှမသွားဖြစ်တော့ပါ၊ အဘယ့်ကြောင့်ဆိုသော် နံနက်မှ ထသည်နှင့် ကြီးမေက ...

"ကို လင်း - သား ဒီနေ့ ဘယ်မှ မသွားနဲ့တော့၊ ကိုလင်း သိချင်မြင်ချင်တာကို ဒီနေ့ တွေ့ရ၊ မြင်ရမယ်"

"ဘာကိုလဲ - ကြီးမေ"

"ကိုလင်းက ပညာသည်ဆိုတာ တွေ့ဖူးချင်တာမဟုတ်လား၊ သား ဒီနေ တော့ တွေ့ရလိမ့်မယ်"

ကြီးမေ စကားကြောင့် ကျွန်တော အံ့သြစွာဖြင့် ဝမ်းသာသွားသည် လောကတွင် ရှိသော စုန်းဆိုသည်ဖ မျက်ဝါးထင်ထင် တွေ့မြင်ရတော့မည မဟုတ်ပါလား"

"ဟုတ်ကဲ့ - ကြီးမေ၊ ကျွန်တေ လည်း တွေ့ဖူးချင်နေတာ"

ပြောပြီးစိတ်ထဲ၌ စုန်းမဆိုတေ တော်တော်ရုပ်ဆိုးမယ့် ချင်းမညြ မည်းကြီးဖြစ်မှာပဲဟု တွေးလိုက်မိသည် ကြီးမေက မီးဖိုထဲသို့ ဝင်သွားပြီး ချေ ပြုတ်နေ၏။

ကျွန်တော်လည်း အိမ်ရှေ့တွင်ထို ၍ ရေနွေးကြမ်းသောက်ရင်း —

"ကြီးမေက ချက်ပြုတ်နေတုန် စုန်းမက ဘယ်မှာနေတာလဲ မသိဘု ဘယ်လိုပုံစံရှိလဲဆိုတာ သိချင်လာပြ ဟု စိတ်ထဲမှ တွေးနေစဉ် အိမ်ထဲသို့—

"............"

ကျွန်တော် နားမလည်သော ချ စကားဖြင့်ပြောရင်း မိန်းကလေးတ ယောက် ဝင်လာလေသည်၊ မိန်းမ လေးသည် အသက် အ[illegible]ဖြင့် (၂




www.burmeseclassic.com

www.burmeseclassic.com

အောက်ပင်ရှိဦးမည်၊ ရုပ်ကလေးပြေပြစ် ချောမွေ့၍အသားအရေမှာ ဝင်းမှည့်နေ၏၊ မြန်မာမိန်းကလေး၏ ဝတ်စားဆင်ယင်မှုပင် ဝတ်ထား၏၊ ထိုခေတ်အခါက ခေတ်စားသော ချာလီထီးကို ဆောင်းထားပြီး အိမ်ထဲသို့ ဝင်လာခဲ့လေသည်၊

ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ အံ့အားသင့်သွားကာ ငေးကြည့်နေမိ၏၊

နောက်မှ သတိဝင်လာကာ ...

"ကြီးမေရေ - ဧည့်သည်လာတယ်"

ဟု အသံပြုလိုက်၏၊ ချက်ချင်းဆိုသလို ကြီးမေသည် မီးဖိုထဲမှ ထွက်လာပြီး မိန်းကလေးအား ချင်းစကားဖြင့် ပြောဆိုကာ အိမ်ထဲသို့ ခေါ်သွားလေသည်၊

ကြီးမေသည် မိန်းကလေးအား ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်ခိုင်းထားပြီး မီးဖိုထဲသို့ ပြန်ဝင်ကာ ဟင်းအိုးကို ပြန်ချက်နေသည်၊

ကျွန်တော်လည်း ကြီးမေအနားသို့ တိုးကပ်၍ ...

"ကြီးမေ - ဧည့်သည်ကို အားနာစရာကြီး၊ ဟင်းအိုးကို ထားခဲ့လေ၊ ကျွန်တော် ကြည့်ထားလိုက်မယ်"

ကြီးမေက ကျွန်တော့်အား တစ်ချက် လှမ်းကြည့်ပြီး ပြုံးပြကာ လေသံအေးအေးဖြင့် ...

"နေပါစေ - ကိုလင်း၊ သူ - ဘယ်လောက်ကြာကြာ စောင့်နေပါလိမ့်မယ်"

"ဘာဖြစ်လို့လဲ - ကြီးမေ"

"သူက ဆေးကုဖို့ လာတာလေ"

"ဩော်"

ဟု ဆိုကာ ကျွန်တော် ဘာမှဆက်မပြောတော့ပါ၊ ကောင်မလေး ကြည့်ရသည်မှာ တော်တော်ကျန်းမာပုံပင်၊ ဘာရောဂါများ ကုသမလို့ ပါလိမ့်ဟု တွေးလိုက်၏၊

ခဏကြာတော့ ကြီးမေ၏ မီးဖိုချောင်ကိစ္စများ ပြီးဆုံးသွားလေသည်၊ ကြီးမေသည် ခြေလက်ဆေးကြောကာ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၍ ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်၍ ရှိကျိုးစွာ ရှိခိုးနေပါသည်၊

ကျွန်တော်လည်း မြင်သာသော နေရာမှ တိုင်ကို ကျောမှီ၍ ထိုင်ကြည့်နေလိုက်၏၊ ဘုရားကျောင်းဆောင်၏ အောက်တည့်တည့်တွင် စားပွဲငယ်တစ်လုံး ရှိပါသည်၊ ထိုစားပွဲပေါ်တွင် ကန်တော့ပွဲများနှင့် ပုံတော်များ ရှိနေ၏၊ တဖန် ဆေးဘူးဆေးထုပ်နှင့် ဘာမှန်းမသိရသော လူရုပ်ထုများလည်း ရှိကြလေသည်၊ ရုပ်ထုလေးများမှာယောကျ်ားရုပ်၊ မိန်းမရုပ်နှင့် ပုံစံမသဲကွဲသော အရုပ်[illegible]ပြီး အရွယ်အစားမှာ လက်တစ်[illegible]သာရှိ၏၊

ကြီးမေသည် ဘုရား အာရုံပြုပြီး[illegible]နှင့် မိန်းကလေးဘက်သို့ လှည့်[illegible]

"အဲ - ဘာလုပ်ချင်တာလဲ၊ ဘာဖြစ်[illegible]သလဲ၊ ဆန္ဒရှိတာ ပြော"

ကြီးမေကဗမာလိုပြောသော်လည်း [illegible]ကလေးသည် ချင်းလိုသာ ပြန်ပြော[illegible] ကျွန်တော့်လိုသူစိမ်းရှိနေ၍အမ်းနေ[illegible]တူ၏၊ ကြီးမေက ...

"ကိစ္စမရှိဘူး - ဗမာလိုပြော"

"မိန်းမကြီးက အတင်းလုပ်ခိုင်းနေ[illegible] ကျွန်မ မလုပ်လို့ ခံနေရတယ်"

"ဘယ်က မိန်းမကြီးလဲ၊ ဘာတော်[illegible] ဘာလုပ်ခိုင်းတာလဲ"

"........"

သူတို့နှစ်ယောက်သည် ဗမာလို[illegible]တွေရော၊ ချင်းစကားတွေရော ပြောနေ[illegible]သည်ကို ကြားနေရ၏၊ ကြီးမေ အသံ[illegible] ဝေါက်ဆတ်ဆတ် ထွက်ပေါ်လာ[illegible]သည်၊

"နင်လည်း ပညာတတ်တာပဲ ပြန်[illegible]လုပ်ရင်တောင် ခုခံကာကွယ်မပေါ့"

ကောင်မလေးက ခေါင်းခါ၍ ...

"ကျွန်မ သူ့ကိုမနိုင်ဘူး၊ သူကအနိုင်[illegible]ကျင့်တယ်၊ လုပ်ပေးပါဦး ..."

"အေး - အေး - ကောင်းပြီ၊ ငါဆေးပေးပြီး သန့်ရှင်းပေးလိုက်မယ်၊ သူ့ကိုလည်း ခေါ်ဆူလိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

ကြီးမေသည်ကောင်မလေး၏မျက်နှာအား ဆေးပုလင်းထဲမှ ဆေးရည်ကို ယူ၍ လိမ်း၍ပေးလိုက်ပြီး နှုတ်မှ ရွတ်ဖတ်လိုက်ရာ ချက်ချင်းဆိုသလိုပင် မိန်းကလေး၏ မျက်နှာတွင် အပ်နှင့် ထိုးဆွထားသလို အပေါက်အနီလေးများ ပေါ်လာလေတော့သည်၊

ကောင်မလေးက အံကြိတ်၍ ခံနေရသည်၊ ကြီးမေကလည်းအဆက်မပြတ်ရွတ်၍ နေ၏၊ ကျွန်တော်သည် ထူးဆန်းသော မြင်ကွင်းကိုကြည့်၍ အံ့သြနေမိသည်၊

ထို့နောက်တွင်ကြီးမေကဆေးရည်ပုလင်းကိုပေး၍ ...

"ရော့ - ဒါကို မှန်မှန်လိမ်း (၂) ရက်၊ (၃) ရက်လောက်ဆို ကောင်းသွားလိမ့်မယ်၊ ဘုရားကို ဦးချပြီး ပြန်တော့"

ကောင်မလေးလည်း ကြီးမေ၏ စကားအတိုင်း ဘုရားဝတ်ပြုကာ ပြန်သွားလေသည်၊

ကျွန်တော်သည် ကြီးမေအနားသို့ တိုးထိုင်လိုက်သည်၊ ကြီးမေက ကျွန်တော့်အား ကြည့်၍ ...


www.burmeseclassic.com

www.burmeseclassic.com

"ကိုလင်း - သားက ဘာမေးချင်လို့လဲ၊ စောစောက ကောင်မလေးရဲ့ အကြောင်းလား"

"ဟုတ်ကဲ့ - ကျွန်တော့် စိတ်ထဲမှာ ထူးဆန်းနေလို့ပါ"

"ဘာက ထူးဆန်းနေလို့လဲ - ကိုလင်းရဲ့"

"ဟို - သူလာတုန်းက သူ့မျက်နှာမှာ ဘာမှမရှိသလို ဘာအနာမှလည်း မတွေ့မိပါဘူး၊ နောက်ပြီးမှ မျက်နှာအနှံ့ အပေါက်ကလေးတွေ ပေါ်လာတာ၊ ဒါမဟုတ်မှလွဲရော..."

"အင်း - ဟုတ်တယ်၊ စုန်းပူးစံထားရတာ၊ ဒါပေမဲ့ သူလည်း စုန်းမပဲကွယ့်"

ကြီးမေက ခေါင်းညိတ်ပြ၍...

"အေး - တစ်နည်းပြောရရင်တော့ စုန်းမလေးကို စုန်းမကြီးက အနိုင်ကျင့်ထားတာပေါ့"

"ဟောဗျာ..."

ကျွန်တော့်မှာ ဘာဆက်ပြောမှန်း မသိအောင် ဖြစ်သွားရလေသည်၊ ကြီးမေက...

"တကယ်ဆိုရင် သူတို့အချင်းချင်း အဲဒီလိုကြီးနိုင်ငယ်ညှဉ်း မလုပ်ရဘူးကွဲ့၊ ဒါပညာသည်တွေ စောင့်ထိန်းရမယ့် ကျင့်ဝတ်ပဲ"

"ဒါဆို ဘာလို့များ အဲဒီလို လုပ်ရတာလဲ"

"သူတို့ လူမှုရေးကိစ္စတွေကြောင့် နေမှာပေါ့၊ ကောင်မလေးကို အဆင့်တက်ပေးမယ်ဆိုပြီး သူ ခိုင်းတာလုပ်ရမယ်လို့ ပြောတယ်တဲ့၊ အဲဒါ ကောင်မလေးက မလုပ်ချင်ဘူးလို့ ငြင်းလိုက်လို့ ခေါင်းကို ဆီးဆူးခက်နဲ့အုပ်ပြီး သုံးရက်လောက် ဒဏ်ပေးထားတာတဲ့၊ အဲဒါ မနေ့ညက လကွယ်ညလေ၊ သူလည်း အစွမ်းတွေ ထကြွလာတော့မှ ထွက်ပြေးလွတ်မြောက်လာခဲ့တာ"

"ဆီးဆူးခက်လောက်များ ဘာအရေးလဲ၊ သုံးရက်တောင် မလွတ်နိုင်စရာလား၊ အသာလေး ဖယ်လိုက်ရင် သိပ်မဆူးပါဘူး"

"ဒီမှာ - ကိုလင်း၊ ဘယ်စုန်းမပဲဖြစ်ဖြစ် အောက်လမ်းပညာဟာ တစ်လမ်းသွားဖြစ်တဲ့အတွက် စွမ်းချင်သလောက်စွမ်း၊ ဆီးဆူးကိုတော့ ကြောက်ကြတဲ့သူတွေချည်းပဲ"

"ဩော် - လက်စသတ်တော့ စုန်းမတွေကိုနိုင်တဲ့လက်နက်က ဆီးဆူးကိုင်းကိုး"

"ဘယ်ကလာ ဟုတ်ရမှာလဲ - ကိုလင်းရယ် - အဟင်း - ဟင်း"



ကြီးမေက သဘောကျစွာ ရယ်မောလေသည်၊

"တင် - စောစောကပဲ ကြီးမေပြောတော့ ဆီးဆူးကိုင်းကို သူတို့ကကြောက်တယ်ဆို"

ထိုအခါ ကြီးမေသည် လေးနက်သောအမူအရာဖြင့်...

"ကိုလင်း - ရှင်းရှင်းလင်းလင်း နားလည်အောင် ကြီးမေ ပြောပြမယ်၊ ကြီးမေမှာ အစ်ကိုတစ်ယောက် ရှိတယ်၊ ကြီးမေတို့က မောင်နှမနှစ်ယောက်ပေါ့၊ ကြီးမေတို့အဘိုးက (....)မြို့က အထက်ဂိုဏ်းဆရာတော်ရဲ့ဒု - ဂိုဏ်းချုပ်ပေါ့၊ ကြီးမေတို့ မောင်နှမကို ဆေးတော်ထိုးပေးခဲ့တာ ငယ်ငယ်ကတည်းကပဲ၊ အရွယ်ရောက်လာတော့ ဒီရွာသား မင်းတို့ဘကြီး ဦးဖိုးလုံးနဲ့ အိမ်ထောင်ကျပြီး အနှစ် (၃၀) လောက်အထိ တို့အဘိုးရဲ့ လမ်းစဉ်အတိုင်း ဆေးကုပေးတယ်၊ ပယောဂ ကုပေးတယ်၊

"ဒါဆို - ကြီးမေက ဒီရွာမှာ တော်တော်ကြာအောင် ရှိနေခဲ့တာပေါ့နော်"

"ဟုတ်တယ် - ဒါကြောင့် ဒီရွာက ပညာရှင်တွေမပြောနဲ့၊ အနီးအနားကရွာတွေဖြစ်တဲ့ "မင်းလင်းရွာ၊ ဝက်ပါရွာ၊ ရေဖြူရွာ၊ ရှောက်ရင်းရွာ" အစရှိတဲ့ရွာ



သမီးတော်အား စောင့်ရှောက်
ပေးကြပါသော မယ်တော်ကြီး
လေးပါးအား ဦးထိပ်ထားပါသည်။
ဗုဒ္ဓ၏ သမီးတော်ဖြစ်သော
ကျွန်တော်မျိုးမအား
ကူညီရန် ဤအိမ်သို့ ယခုဝင်
ကြွမြန်းတော်မူကြပါ ရှိသေစွာဖြင့်
ပင့်ဖိတ်အပ်ပါသည်
မယ်တော်ကြီးများရှင်...



www.burmeseclassic.com

www.burmeseclassic.com

တွက ပညာသည်တွေနဲ့ အားပြိုင်ပြီး
နိုင်ရလို့ ဆရာမတစ်ဆူအဖြစ်နဲ့ နေ
ာခဲ့ရတာ၊ ဒါကြောင့် လူပြုစားခံရတဲ့
ူမမာတစ်ယောက် ရောက်လာရင်
နေအထားနဲ့ ပုံစံကိုအကဲခတ်ရုံနဲ့ ဒါ
ယ်သူ့လက်ချက် ဆိုတာ သေချာ
လောက် ခန့်မှန်းနိုင်တယ်"

"ဟာ - ဒါဆိုကြီးမေက တော်တော်
တ်တာပဲ၊ ကြီးမေ ထိုးထားတဲ့ ဆေး
တ်က ဘာဂိုဏ်းလဲဟင်"

"အဲဒါတော့ ကြီးမေလည်း မသိဘူး
ဲ့၊ အဘိုး ထိုးပေးထားခဲ့တာ၊ အင်း -
ကြီးမေအထင်တော့ အကာအကွယ်
စ်ခုအနေနဲ့ပဲ ထိုးပေးခဲ့တာ ထင်ပါ
ယ်"

"ဒါဖြင့် - ကြီးမေဆေးကုတာက
ရာ ဘာအစွမ်းနဲ့ ကုတာလဲ - ကြီးမေ"

"အနောက်မယ်တော်ကြီးလေးပါး
့စောင့်ရှောက်မှုနဲ့ အိပ်မက်အရ ကုသ
ာပဲ၊ အစတုန်းကတော့ ကိုယ့်ဟာ
ကိုယ်တောင် မယုံဘူး၊ နောက်တော့
ည်း အတွေ့အကြုံများလာတော့ လုပ်
တ် ကိုင်တတ်သွားတာပါပဲ"

"ဒီလိုဆိုရင် ကြီးမေက အတော်
်းတာပဲ၊ အားလုံးကို မြင်နိုင်ကြားနိုင်
ိုတော့ မြို့တက်ပြီး ဗေဒင်သာဟော
ိုက်ရင် ပွပြီ"

ကြီးမေက ပျာပျာသလဲ လက်ကာ၍ ...

"အမလေး - မောင်မင်းကြီးသားရယ်၊ မလုပ်ပါနဲ့၊ ကြီးမေက အကြားအမြင်ရတဲ့သူလည်း မဟုတ်ပါဘူး၊ သရဲတစ္ဆေလည်း မွေးပြီးနိုင်းမစားပါဘူး"

ကျွန်တော်က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဘာပဲပြောပြော ကြီးမေကိုတော့ အားလုံးက ကြောက်ကြတယ် မဟုတ်လား"

"အေး - ဒါကတော့ ကိုယ့်ဘက်က လုံအောင်နေလို့ပေါ့၊ မဟုတ်လို့ကတော့"

ကြီးမေသည် စကားကို ရပ်လိုက်ပြီး စားပွဲခုံပေါ်တွင် လက်ဖက်လေးပွဲ၊ ဆေးပေါ့လိပ်လိပ်ကြီးလေးလိပ်နှင့် ရေလေးခွက်ကို ပြင်ဆင်၍ အမွှေးတိုင် ဖယောင်းတိုင်များ ထွန်းညှိလေသည်။

ထို့နောက် ဘုရားဦးသုံးခါချ၍ -

"သမီးတော်အားစောင့်ရှောက်ပေးကြပါသော မယ်တော်ကြီးလေးပါးအား ဦးထိပ်ထားပါသည်၊ ဗုဒ္ဓ၏ သမီးတော်ဖြစ်သော ကျွန်တော်မျိုးမအား ကူညီရန် ဤအိမ်သို့ ယခုပင် ကြွမြန်းတော်မူကြပါ ရှိသေစွာဖြင့် ပင့်ဖိတ်အပ်ပါသည်၊ မယ်တော်ကြီးများရှင်..."



ထိုသို့ ဆိုပြီးနောက် ကြီးမေက ကျွန်တော့်အား ...

"ကိုလင်း - သားမြင်ချင်တဲ့ စုန်းမကို ကြီးမေ လှမ်းခေါ်တော့မှာ၊ စုန်းမဆိုတာ ဘယ်လိုပုံစံလည်းသိအောင် သေချာသာ ကြည့်ထားပေတော့"

ကြီးမေစကားကြောင့် ကျွန်တော်၏ရင်တွေ အစုန်မြန်သွားမိသည်၊ ရုပ်ရှင်တွေ၊ ဇာတ်ပွဲတွေမှာ တွေ့ဖူးထားတဲ့ ရုပ်ဆိုးဆိုး သွားခေါခေါမျက်နှာကြီးက မည်းနေပြီး ပုံဆိုးပုံပျက်နှင့် ကြောက်စရာကြီး ရှိမှာပဲဟု တွေးလိုက်မိသည်။

ကြီးမေသည် ကန်တော့ပွဲဖလုံအတွင်းသို့ ဆန်တစ်ပြည်နှင့် ကွမ်းယာ လက်ဖက်ကိုထည့်၍ မယ်တော်လေးပါးအတွက် ပြင်ထားသော စားပွဲခုံရှေ့တွင် တဘက်စောင်ကို သေချာခေါက်၍ ခင်းလိုက်ပြီးနောက် ကန်တော့ပွဲကို တင်လိုက်၏။

ကျုံ့ကျုံ့လေးထိုင်ပြီး လက်အုပ်ချီတာ ...

"မှန်လှပါ - မယ်တော်ကြီးများရဲ့ အစွမ်းထက်လှသော အာဏာစက်ကို သမီးတော်အား ခေတ္တခဏ ပေးသနား၍ အသုံးချခွင့်ပြုပါ မယ်တော်ကြီးများရှင်"

စကားဆုံးသည်နှင့် ကြီးမေ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ လှုပ်သွားပြီး ပုံမှန်မဟုတ်သော အသံဖြင့် ...

"ဟိတ် - တောင်ဘက် အနေ
ထောင့်မှာနေတဲ့ သောကြာသမီး
ချက်ချင်း ဝါ့အိမ်၊ ဝါ့အရိပ်၊ ဝါ့ရှေ့ကို
လာခဲ့စမ်း"

ထိုသို့ ပြောပြီးသည်နှင့် ကြီ
သည် ဦးချလိုက်၏၊ ထို့နောက် ရေ
ခွက်စပ်၍ သောက်လိုက်ပြီး —

"ကိုလင်းရေ - ကြီးမေတို့ ထ
စားကြရအောင်ကွယ်၊ မင်းညီ သ
လည်း ယာထဲကပြန်လာပြီး အိမ်ေ
လှည်းဖြုတ်သံကြားတယ်"

မှန်ပါသည်၊ ကြီးမေ၏ စကာ
မဆုံးသေးပါ၊ သာဒင်သည် အိမ်ေ
ဝင်လာ၏။

"ကဲ - စကာနေကြဦး ကြီးမေသေ
ပွဲပြင်လိုက်ဦးမယ်"

ဟုဆိုကာ မီးဖိုထဲသို့ ဝင်သွား
တော့သည်။

ကြီးမေရှိသည်နှင့် ကျွန်ေ
သည် သာဒင်အား လက်တို့၍ ေ
တိုးတိုးဖြင့် ...

"ဟေ့ကောင် - သာဒင် လာဦ
ပြောစရာရှိလို့"

သာဒင်က အနားကပ်လာ
ဘာလဲဆိုသည့်သဘောဖြင့် မေး
၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကကြီးမေပြင်ဆင်ထားသောအရာများကို လက်ညှိုးထိုးပြ၍ ပြောရန်ဟန်ပြင်လိုက်စဉ်...

"သြော် - ဒါလားအစ်ကိုရာ၊ ဘာမှ အထူးအဆန်းမဟုတ်ပါဘူး၊ ကျွန်တော်တတော့ ရိုးနေပြီ၊ လာ - လာ ထမင်းစားကြစို့"

"သြော် - ဟုတ်ပေသားပဲ၊ ဒီကောင့်အတွက်ကတော့ ရိုးနေပြီပေါ့"ဟု စိတ်ထဲမှ တွေးလိုက်မိပါသည်။

"စောစောတုန်းက ကြီးမေရယ် အခုလာခဲ့ဆိုပြီး ခေါ်လိုက်တဲ့သူလည်း ရောက် မလာပါဘူး၊ ဘယ်တော့လာမှာလဲ မသိဘူး"ဟုတွေးလိုက်သည်။မကြာမီ စားသောက်ပြီးစီးကြ၍ ရေနွေးကြမ်းသောက်ရင်းဖြင့် ကြီးမေက...

"ကို လင်း - သားအတွက် တော့ နည်းနည်းထူးဆန်းနေမှာပေါ့၊ ဒီဒေသမှာက အမြဲတမ်းလိုလိုဖြစ်နေကြ အဖြစ်အပျက်ပဲ သိပ်မကြာပါဘူး။ ခဏနေရင် ပညာရှင်တစ်ယောက် ရောက်လာလိမ့်မယ်၊ သူက နည်းနည်းဝေးတော့နောက်ကျနေတာပေါ့"

"ကြီးမေ - သူ ရောက်လာရင် ကြီးမေက ဘာလုပ်မှာလဲဟင်"

"ဘာလုပ်ရမှာလဲ - ကိုလင်းရဲ့ သူတို့ကို သင့်မြတ်အောင်ပဲ နားချဆုံးမရမှာပေါ့"

"အင်း - ကြီးမေက သူတို့လောကအတွက်တော့ လူကြီးတစ်ယောက်လိုဖြစ်နေတာပေါ့နော်၊ တကယ်လို့များ တစ်ယောက်ယောက်က နားမထောင်ဘဲ ကြီးမေအပေါ်မှာ အပြိုးထားပြီးပြုစားလိုက်ရင် ခက်ဦးမယ်"

"ဒါတော့ - စိတ်မပူပါနဲ့ အစ်ကိုရာ၊ သူတို့က တစ်ခုခုလုပ်တော့မယ်ဆိုရင် စမ်းသပ်ပြီးမှ လုပ်တတ်ကြတာ၊ သူတို့က မနိုင်လောက်ရင် ဘာမှမလုပ်ဘူး"

သာဒင်သည်စကားကိုအဆုံးသတ်ပြီး အိမ်ရှေ့သို့ ထွက်သွားလေတော့၏။

ကြီးမေသည် ရေနွေးငှဲ့ရင်း...

"ကိုလင်းတို့အဖေက အင်မတန်သတ္တိရှိတာ၊ စကားပြောရင်လည်း ပြတ်သားတယ်၊ ဘာမှလည်း အကြောက်အလန့်မရှိသလို ဘုရား တရား သံဃာ မိဘ ဆရာ ဆိုတာကလွဲရင် ဘာမှ မကိုးကွယ်ဘူး၊ ဘယ်ဟာမှလည်း မယုံဘူး ဆိုတဲ့ လူစား၊ ဒီရွာကို သူက အဆင့်အတန်းရှိအောင် မြို့နဲ့ အဆက်အသွယ်ရအောင် သူပဲကြိုးပမ်းခဲ့တာ ဗမာစကားကို ကောင်းကောင်းနားမလည်တဲ့ ချင်းတွေကို မျက်နှာတွေ (ပရဲ)မင်ကြောင်

...။ နောင်လာမယ့်သားသမီးတွေ ...တစ်ပိုင်းပြတ် (သင်တိုင်း) ချင်း ...သတ်ရဆိုပြီး ပြုပြင်ခဲ့တာ၊

စာသင်ကျောင်း၊ ဆေးခန်း၊ ဘုန်း...ကျောင်းတွေလည်း သူပဲ ဦးဆောင်...လုပ်ခဲ့တာ၊ အဲဒီအချိန်တုန်း...ကြီးမေတို့ မောင်နှမနှစ်ယောက်...မိဘတွေ ဆုံးပါးသွားလို့ ဒုက္ခ...နေချိန်မှာဆရာကကူညီထောက်...တယ်၊ နောက်တော့ အစ်ကိုကြီးက...ရွာသူနဲ့အိမ်ထောင်ကျပြီး လိုက်...ပါလေရော၊ ဒီတော့ကြီးမေလည်း...ဖြစ်တဲ့ ကိုဖိုးလုံးနဲ့ယူပြီး သား...သည်အထိပဲ ဆိုပါတော့"

"သြော် - ဒါဆိုရင် ကျွန်တော့်အဖေ...ရွာတို တိုးတက်အောင် ရှေ့ဆောင်...ခဲ့တဲ့သူပေါ့နော်"

"အမှန်ပေါ့ကွယ် - သူ့ကြောင့်သာ...ရင် စာသင်ကျောင်းတို့ ကျန်းမာ...ဆေးခန်းတို့ ဆိုတာတွေ ဘယ်ရှိမှာ...ပြီး - အခုရွာနဲ့မြို့ကို သွားတဲ့...လမ်းကို သူကပဲ ဦးဆောင်ပြီး...ခဲ့လို့အခုဆိုကားတောင်မောင်း...တော့မယ်၊ ဒါကြောင့် - ဘာပဲပြော...ကိုလင်းအဖေဟာ ကြီးမေတို့ အား...မှာ ကျေးဇူးရှိတဲ့ ကျေးဇူးရှင်ပါပဲကွယ်၊ ဒါကြောင့် - ကိုလင်းရွာကို အလည်လာခိုက်မှာ ဘာအန္တရာယ်မှ မဖြစ်ရလေအောင် ကြီးမေက ဂရုစိုက်နေတာပေါ့"

ကျွန်တော်သည် ကြီးမေ၏ စကားကို နားထောင်ပြီး အဖေ့ကိုလည်း သတိရသလို လေးလည်း လေးစားမိပါသည်။

အဖေ၏ အမြော်အမြင်ရှိမှုကြောင့် ယခု လူငယ်လူရွယ်များမှာ ရိုင်းစိုင်းစွာ ဝတ်စားဆင်ယင်မှုမရှိကြတော့ဘဲ အားလုံး ယဉ်ကျေးသိမ်မွေ့နေကြပေပြီ။

"အခုချိန်မှာ အဖေသာရှိရင် သိပ်ကောင်းမှာပဲ"ဟု တွေးလိုက်မိသည်၊

ထိုစဉ် အိမ်ရှေ့မှ အမျိုးသမီးတစ်ယောက်ဝင်လာပြီး ကြီးမေ၏ ရှေ့သို့ ရောက်လာသည်နှင့် ဆောင့်ကြောင့်လေးထိုင်ချကာ"

"ပိုး - မောတယ်ဝေ့၊ အမြန်လာခဲ့တာပဲဘဲ၊ ရေတစ်ခွက်လောက် သောက်ဦးမယ်"

ဟုဆိုလေ၏။ (ချင်းဘာသာစကားဖြင့်)ပြောခြင်းဖြစ်သည်၊

သာဒင်က အနားရောက်လာပြီး...

ချင်းဘာသာဖြင့် ဘာတွေပြောမှန်းမသိအောင်ပြောရင်းစပ်ဖြီးဖြီးဖြင့်ရေခပ်ပေးလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ရောက်လာသူကို အကဲခတ်ကြည့်လိုက်ရာ အသက် (၄၀) ကျော်ရှိပြီး မျက်နှာတစ်ပြင်လုံးတွင် ပရဲ (ဆေးမင်) ထိုးထား၏။ ရိုးရာဝတ်စုံကို ဝတ်ထားသည်။

ရုပ်ရှင်တွေကလို ခေါင်းမွေးစုတ်ဖွား သွားကြဲကြဲ ခါးကိုင်းကိုင်းနှင့် ပုံစံမျိုး မဟုတ်ပါ။ မျက်နှာကြီးတစ်ခုလုံး မည်းနေတာမှအပ အားလုံးပုံမှန်ပင်ဖြစ်သည်။

ကြီးမေသည် ထိုအမျိုးသမီးကြီးအား ဘုရားကျောင်းဆောင်ရှေ့သို့ ခေါ်သွားပြီး ပွဲပြင်ထားရာ စားပွဲရှေ့တွင် ထိုင်စေ၏။ သူမ၏ ရှေ့တည့်တည့်တွင် ကန်တော့ပွဲဖလုံ ရှိနေ၏။

ကြီးမေက သူမ၏ အေးတစေင်း အနေအထားဖြင့် သူမအားကြည့်၍...

"နင်တို့တစ်တွေ မသင့်မြတ်တာနဲ့ မဆိုင်တဲ့သူတွေ ထိခိုက်လိမ့်မယ်။ မေတ္တာထားပြီး လုပ်ထားတာတွေ ပြန်သိမ်းစိတ်ကိုလျှော့"

"........."

ထိုအမျိုးသမီးကြီးက ဘာတွေပြောမှန်း ကျွန်တော် မသိရပေမယ့် သာဒင်ကတော့ တခွီးခွီးနှင့် ပါးစပ်ပိတ်၍ ရယ်လေသည်။

ကျွန်တော်လည်း သာဒင်အား လက်တို့၍ လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မင်းက ဘာလို့ ရယ်နေတာလဲ သူက ဘာတွေပြောလိုက်လို့လဲ"

သာဒင်သည် ကျွန်တော်နားနားသို့ ကပ်၍...

"သူ့ ရည်စားကို လုသွားလို့တဲ့ အစ်ကိုရဲ့၊ အံ့ရော - ဒီအသက်အရွယ် ကျမှ - အဟီးဟီး - ခွီးခွီး"

သာဒင်မှာစကားတောင်ဆုံးအောင် မပြောနိုင်ဘဲ ရယ်နေပြန်သည်။

"အဟမ်း"

ကြီးမေက သာဒင်ကို မျက်စောင်းထိုး၍ ချောင်းဟန့်လိုက်သည်။ သာဒင်လည်း မျက်နှာပိုးသတ်ကာ ငြိမ်သွားလေ၏။ ကြီးမေက ဆက်၍ ထိုအမျိုးသမီးကြီးအား...

"ဒါတွေ ပြောမနေနဲ့တော့၊ ငါပြောတဲ့အတိုင်း နားထောင် စိတ်ကိုလျှော့ပြီး လုပ်ထားတာတွေ ပြန်သိမ်း"

"အင်းပါ - သိမ်းပြီးပါပြီ"

"ငါ့စကားကို နားမထောင်လို့ကတော့ နေမဝင်ခင်သေသွားလိမ့်မယ် နော်၊ ငါ့ကို ညာသလား မညာဘူးလား ဆိုတာ သိရအောင် ကန်တော့ပွဲကို မလိုက်။ ဒါမှ - ငါယုံမယ်"

"........"

"အေး - ပါးစပ်ကပဲ ပြောမနေနဲ့၊ လက်တွေ့ပြမှရမယ်။ ဒီကန်တော့ပွဲကို လက်တို့ကြွအောင် မနိုင်ရင် နင်ပြန်လို့ မရ"

ကြီးမေ၏ ခပ်ဆတ်ဆတ်အပြောကြောင့် ထိုအမျိုးသမီးကြီးသည် အနည်းငယ်လန့်သွားဟန်ရှိသည်။ ကန်တော့ပွဲဆီသို့ အနည်းငယ်တိုးကပ်၍ လက်နှစ်ဖက်ဖြင့် ဆွဲမလေသည်။

အံ့ဩစရာကောင်းလောက်ပင် ထူးဆန်းလှပေသည်။ ကန်တော့ပွဲကို အားဖြင့် ဆွဲမသော်လည်း ထိုကန်တော့ပွဲမှာ တုပ်တုပ်မျှမလှုပ်ပေ။

အချိန်အတော်ကြာသည်အထိ နေသော်လည်း မရနိုင်ဘဲ ရှိနေ၏။ ကျွန်တော်သည် သေချာစေ့စေ့စပ်စပ် အောက်သို့ငုံ၍ကြည့်လိုက်၏။

ကန်တော့ပွဲဖလုံ၏ အောက်တွင် ခင်းထားသောတစ်ဘက်စောင်အခေါက်သည် ဖလုံ၏ဖင်တွင် ကပ်၍ပါနေသလို အားစိုက်၍ မလိုက်တိုင်း ခင်းထားသော ချားပင်လျှင် အနည်းငယ်ကြွကြွသွားသည်ကို တွေ့လိုက်ရလေသည်။

ကျွန်တော်က သာဒင်အား...

"အဲဒါ - ဘယ်လိုဖြစ်နေတာလဲ သာဒင်၊ ဘာလို့ ကန်တော့ပွဲဖလုံက မ,လို့ မရတာပဲကွ၊ ဟေ -"

"အစ်ကို နားလည်အောင် ရှင်းပြရရင် သူ့ကို စိတ်လျှော့ခိုင်းနေတာ၊ သူ စိတ်မလျှော့မချင်း ဒီကန်တော့ပွဲက မ,လို့ ရမှာမဟုတ်ဘူး။ ဒါဆိုရင် အမေကလည်း သူ့ကိုလွှတ်ပေးမှာမဟုတ်ဘူး။ အစ်ကိုမြင်ဖူးတယ်ရှိအောင် သေချာကြည့်ထား"

"ငါရော စမ်းပြီး မကြည့်လို့ မရဘူးလားကွ"

ကျွန်တော့်စကားကို ကြီးမေက ကြားသွားပြီး ကျွန်တော့်ဘက် လှည့်ကာ...

"မချင်ရင် မ,ကြည့်လေ - ကိုလင်း ကြုံဖူးသွားတာပေါ့"

ကြီးမေက ထိုသို့ ခွင့်ပြုသည်နှင့် ကျွန်တော်လည်း ကန်တော့ပွဲအနီးသို့ သွား၍ ဆောင့်ကြောင့်ထိုင်ကာ စိတ်ထဲမှ...

"ဘာလို့မ,ရရမှာလဲ ဆန်တစ်ပြည်လောက်ပဲရှိတဲ့ ဟာကို" ဟုပြောကာ ဆတ်ခနဲ ဆွဲမလိုက်လေသည်။

"ဟင် - ကဲဟာ"



www.burmeseclassic.com

www.burmeseclassic.com

[illegible] စောစောကပွဲကြည့်ပြီး [illegible] အနှံ့ [illegible] လူတိုင်း [illegible] တတ်စိတ်ထားသော [illegible] ဦး [illegible] ကျွန်တော် [illegible] သေး [illegible] မှ [illegible]

[illegible] ကိုတအံ့တဩရှိနေမိပါသည်။ [illegible] ထားသူ ဘယ်လောက်တောင်ရှိနေလဲ [illegible] မခန့်မှန်းတတ်ပါ။

ကျွန်တော် စဉ်းစားရွေးတောနေ [illegible] စဉ် ကြီးမေက ချင်းအမျိုးသမီးကြီး အား ...

"နင့်အတွက် အချိန်မရှိတော့ဘူး [illegible] နင်စိတ်မလျှော့ရင်မယ်တော်ကြီးတွေရဲ့ အစောင့်အရှောက်တွေက နင့်ကို နိပ် [illegible] တော့ပြီး [illegible] မယ်၊ ငါ့စကား ကို နားထောင်ပြီး အေးအေးချမ်းချမ်းနေ ... မှ ပါ"

ကြီးမေက ထိုသို့ ပြောလိုက်သော အခါ ချင်းအမျိုးသမီးကြီးလည်း [illegible] နာတိုလက်နက်ဖြင့် [illegible] ကျွန်တော့ ပွဲတို မ,လိုက်လေ၏။

ဒီတစ်ခါတော့ ကန်တော့ပွဲမှာ [illegible] သုံး [illegible] ကာ ... "ပြီး [illegible]

[illegible] ကိုစွပြီးသွားပြီ" [illegible] ကြီးမေကို နှုတ်ဆက်၍ ပြန်ရန်ပြင်လေ [illegible] အိမ်အပြင်ရောက်သောအခါ နောက် သို့လှည့်ကြည့်ပြီး ကျွန်တော့်အား ...

"ခြေသွား - ဟုတ်ကဲ့"

သူက ဘာတွေပြောမှန်းမသိပေ မယ့် နှုတ်ဆက်တာပဲနေမှာဟု တွေး၍ ကျွန်တော်လည်း ခေါင်းတညိတ်ညိတ် ဖြင့်ပြုံး၍ နှုတ်ဆက်လိုက်ပါသည်။

သို့ဖြင့် ထိုအမျိုးသမီးကြီးလည်း ပြန်သွားလေတော့၏။ ထို့နောက် ကျွန် တော်၏ စိတ်ထဲတွင် ငါ စုန်းမနဲ့ စကား ပြောလိုက်ရတာပါလား ဟု တွေးမိကာ ကျောချမ်းသွားမိလေသည်။ [illegible] က ဘာမှ သတိမထားမိပေမယ့် အခုမှ

[illegible] ကြောက်ဖို့ [illegible] ပြည့်စုံ [illegible] စော [illegible] မှ [illegible] ရှိ [illegible] ကြီး [illegible] များ သိမ်းရင်း [illegible]

"ကိုလင်းကတော့ အတွေ့အကြုံ တစ်ခု ရသွားတာပေါ့။ ဒါက သာမန်ကိစ္စ လေးတွေပဲရှိသေးတာ၊ တစ်ခါတလေ [illegible] ရတာတွေလည်း ရှိခဲ့တယ်"

[illegible] ကြီးကြီးစကားကြောင့် ကျွန်တော် သည် လက်ကာပြ၍ ...

"တော်ပါပြီ - ကြီးမေရယ်၊ နောက် ဆိုရင် ဒီရွာလည်း မလာရဲတော့ပါဘူး"

"အဟင်းဟင်း - ဘာဖြစ်လို့လဲကွဲ၊ ကြီးမေတစ်ယောက်လုံး ရှိနေတာပဲ၊ [illegible] ဘာမှမဖြစ်ပါဘူး"

ကျွန်တော်က ခေါင်းခါ၍ ...

"ဒါပေမဲ့ ကြောက်စရာကြီး"

"အင်း - ကိုလင်းကို ကြီးမေ စကား [illegible] နည်းတော့ ပြောဦးမယ်၊ အဲဒါက [illegible] ဘာလဲ ဆို တော့ စုန်းတွေ ဆို တာ [illegible] ကြောက်စရာ ရွံ့စရာမဟုတ်ဘူးကွဲ၊ [illegible] သူတို့အကြောင်း သူတို့ စိတ်ခံစားချက် [illegible] သိတဲ့သူတွေသာ စုန်းဆိုတာနဲ့ စွတ် [illegible] ကြောက်နေကြတာ၊ သူတို့အကြောင်း [illegible] သာသိရင် တကယ်ခင်ဖို့ကောင်း [illegible] တယ်"

[illegible] ကြီး [illegible] ကြီး [illegible] ကျွန်တော် [illegible]

[illegible] လား" [illegible]

"ကဲ - ဒါဆိုရင် ကိုလင်းကို ကြီးမေ တစ်ခုမေးမယ်၊ သာမန်လူတွေ ရဲ့ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ လူတစ်ဦးတစ်ယောက်ကိုမခံချင်အောင် စမိနောက်မိ ပြောင်မိတာတွေ ရှိလား"

"ရှိတာပေါ့ - ကြီးမေရဲ့"

"အဲလိုဆိုရင် ရန်ဖြစ်တာတို့ စကား များတာတို့ မရှိဘူးလား"

"ဟာ - ရှိတာပေါ့၊ တစ်ခါတလေ ဆိုရင် တုတ်ဆွဲ ဓားဆွဲနဲ့တောင် ဖြစ်ကြ သေး"

"အဲဒီလိုပြဿနာတွေမဖြစ်အောင် ဘာလုပ်ရမလဲ"

"အင်း - တည့်အောင် ပေါင်းရမှာ ပေါ့။ ဒါမှ ချစ်စကိုရည်စေ၊ မုန်းစကိုတိုစေ ဆိုသလို သင့်မြတ်ကြမယ်လေ"

"အင်း - ဒါကိုတော့ ကိုလင်းတနား လည်သားပဲ။ ကြီးမေ ပြောချင်တာလ လည်း ဒါပါပဲ၊ တကယ်တော့ စုန်းပညာ တတ်ထားတဲ့ သူတွေဟာ သူတို့စုန်းမုန်း



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ကိုမှ မသိစေချင်ဘူး။ သိသွားရင် ပတ်ဝန်းကျင်က ဝိုင်းပယ်တာကိုလည်း ခံရမယ်။ လူတွေနဲ့ ဆက်ဆံရမှာလည်း အခက်တွေ့မယ်၊ ဒါဆိုရင် သူတို့အတွက် စားဝတ်နေရေး ခက်ခဲသွားမယ်လေ၊ စုန်းမမှန်းသိလို့ အပြစ်တင်ကြ၊ ငြိုငြင်ကြတဲ့အခါ သူတို့တစ်တွေလည်း လောကီလူသားပေမို့ ဒေါသတော့ထွက်တာပေါ့။ ဒီပညာကြောင့် လူတစ်ယောက်ကို ပြုစားမိပြီဆိုတာနဲ့ သူဟာ တစ်လမ်းသွားလို့ပဲ သေရာပေါက် ရဲပဲ ရောက်တော့မှာ ပြန်လမ်းမရှိဘူး။ ဒါကြောင့် အလကားနေရင်းနဲ့တော့ ဘယ်သူ့မှ ဒုက္ခမပေးကြပါဘူး"

ကြီးမေသည် ရှည်လျားစွာပြောပြီးနောက် ပစ္စည်းများကိုသိမ်း၍ မီးဖိုထဲသို့ ဝင်သွားလေတော့သည်၊ ကြီးမေ၏ စကားကြောင့် အစုပင် စုန်းမများ၏ဘဝကို နားလည်မိပါတော့သည်၊

■

ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော(စုန်း)များအကြောင်းပြန်ပြောပြခဲ့သော ပွင့်ဖြူမြို့ အလင်းရောင်ဓာတ်ပုံတိုက်ပိုင်ရှင် (ဦးစိုးလင်း) လ.ဝက ဖြိမ်းအား ကျေးဇူးတင်လျက်...

သဗ္ဗေ အနိစ္စ သင်္ခါရာ...

**မကျွေးညိုစိမ့်**

## မြန်မာဆေးမြီးတိုများ

**ဒူလာဓိုးယပ်ဆေး**

- သက်ရင်းကြီးမြစ်၊ ဥသျှစ်မြစ်၊ ခင်ပုပ်မြစ်၊ သနပ်ခါးမြစ် တို့ကို ဆတူစပ်၍ ငါးခွက် တစ်ခွက် တင်ဆေးဖျော် ထန်းလျက်ဖြင့် မှီဝဲသောက်ပါ။

**ဒူလာပြင်းသရိုက်**

- ဆီးဖြူသီးစားပါ။

**ဒူလာသွေးဝမ်းကျ**

- ဆီးဖြူသီးကို ငါးရှဉ့်ဖြင့် ချက်စားပါ။



www.burmeseclassic.com

# ရေပြင်တို့ အသေစည်ရောက်ခြင်း

မောင်ရှူးကြီးသိန်းဝင်း

စနေနေ့က စာအုပ်တိုက်များသို့ သွားပြီး လစဉ်မဂ္ဂဇင်းများမှ စာမူခနှင့် စာအုပ်များထုတ်သည်၊ စာရေးဖော်များဖြင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး စားသောက်ကြရင်း စကားပြောကြသည်၊ တစ်လတစ်ခေါက်သာ ရန်ကုန်မြို့အတွင်း သွားဖြစ်၍ အပေါင်းအသင်းများဖြင့်စကားကောင်းသည်။ ကိုညီမှိုင်း(သန်လျင်)ကမျက်စိခွဲထား၍မလာနိုင်။ ပန်းချီဆရာမြတ်မင်းဟန်က ဘာအလုပ်ရှုပ်နေသည်မသိ၊ ချိန်းထားသော်လည်း မလာပါ။ မုဆိုးကြီးဦးလေးမောင်နှင့်ဝင်းနိုင်(ရွှေပြည်သာ)တို့ကိုလည်း မတွေ့ရတာကြာပြီဖြစ်၍ သတိရမိသည်၊ ယခင်က ကိုတင်ထွန်း၏ စိတ်ကူးသစ်စာပေတိုက်တွင် စုစုဝေးဝေး ဆုံဖြစ်ကြသော်လည်း ယခု အဆင်မပြေ၍ မဆုံဖြစ်ကြတော့။ စကားအလွန်များသော စာကလေးစိုးသိန်း(စာရေးဆရာစိုးဝေ)ကိုလည်းမတွေ့ရတာကြာချေပြီဖြစ်သည်။ အပေါင်းအသင်းများကို သတိတရရှိလှသည်။

ယခင်က ကျွန်တော်နှင့် မောင်မြင့်(မြောင်းမြ)၊ ဝင်းနိုင်(ရွှေပြည်သာ)တို့ ဦးဆောင်၍ ကျင်းပတတ်သော အရက်ဝိုင်းများလည်း ယခု ကျွန်တော်၏ ကျန်းမာရေးအခြေအနေကြောင့် နားထားသည်မှာ ကြာချေပြီ၊ တစ်နှစ်ကျော် (၂)နှစ်ခန့်ပင် ရှိချေရော့မည်၊ မြန်မာပြည်တွင် စာဖတ်အားနည်းကြပြီး စာအုပ်များရောင်းမကောင်းတော့၊ စာအုပ်တိုက်များ တစ်တိုက်ပြီးတစ်တိုက်၊ တစ်တိုက် ပြုတ်ကုန်၍ စာရေးဆရာများ အလုပ်မဖြစ်ကြတော့၍ ငွေလည်း မရှွင်ကြတော့။

ထိုနေ့ညနေပိုင်းက မြို့ထဲမှပြန်လာပြီး အိမ်တွင် အနားယူသည်၊ ညစာစား၊ တီဗွီဇာတ်လမ်းများကြည့်ပြီး ည (၁၀)နာရီခန့်တွင်အိပ်ရာဝင်ခဲ့သည်။ ယခင်က အိပ်ရာဝင်ခါနီး စာဖတ်သောအလေ့အကျင့်ရှိသော်လည်း ယခုတော့ တီဗွီဇာတ်လမ်းတွဲများကြည့်၊ Radio နားထောင်ရင်း စာရေးသူကိုယ်တိုင် စာဖတ်ဖြစ်တော့၊ ခေတ်ကြီးကပြောင်းလဲနေချေပြီ၊ လစဉ်ထုတ်မဂ္ဂဇင်းများကလွှဲ၍ လုံးချင်းဝတ္ထုများက အထွက်နည်းနေပြီဖြစ်သည်၊

ညအိပ်ရာဝင်တော့ တောင်တောင်အီအီ စဉ်းစားရင်း ည (၁၂)နာရီကျော်မှ ရောနေ အိပ်ပျော်သွားသည်၊ ထူးဆန်းသောအိပ်မက်ကို မြင်မက်သည်၊

အိပ်မက်ထဲ၌ ကျွန်တော် အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်၏ အသံကို ကြားရသဖြင့် အိပ်ရာက နိုးသည်၊

"လူကလေး - ထ - ထ - ခရီးသွားရအောင်"

ကျွန်တော် ရုတ်တရက် အိပ်ရာတနိုးပြီး မျက်စိဖွင့်ကြည့်မိတော့ ကျွန်တော်အိပ်ပျော်နေသည့် ခုတင်ခြေရင်းတွင် ဝတ်စုံဖြူ ဆင်တူဝတ်ထားသော လူသူတော်ကြီးနှစ်ဦးကို တွေ့လိုက်ရသည်။

"ဟင် - ဘဘတို့က ဘယ်ကလဲ၊ ဘာကိစ္စများရှိပါသလဲ"

ကျွန်တော်အိပ်ရာမှကမန်းကတန်းထ၍ ထိုင်မိတော့ ...

"လူကလေးအဘတို့နဲ့ လိုက်ခဲ့ပါ"

"ဟုတ်ကဲ့ - ဘယ်ကို လိုက်ရမှာလဲခင်ဗျ"

"ရောက်တော့ သိမှာပေါ့ကွယ်၊ အဘလည်း ခရီးပါ"

ကျွန်တော် လူသူတော်ကြီးနှစ်ဦးဖြင့်၍ ထွက်လိုက်ခဲ့ရပါတော့သည်၊ မကြာမီ ချောင်းကမ်းစပ်တစ်ခုသို့ရောက်တော့ ရွက်လှေကြီးတစ်စီးက အသင့်စောင့်ကြိုနေသည်၊ ရွက်လှေကြီးပေါ်တွင် လှေမောင်းသူမပါပါ၊ ကျွန်တော်တို့





www.burmeseclassic.com



အဲဒီကောင်တွေက ဖေ့အိတ်မှာတင်ပြီး
အရက်မူးတာနဲ့ ငါ့ပါတီရှုံးရင်
သားသမီးတွေကို ဆိုက်ကားသမားနဲ့
ပေးစားမယ်၊ ဘာတန်းပို့မယ်၊
ညာတန်းပို့မယ်လို့ ပြောတဲ့လူကြီးတွေ
အတွက်၊ ဟိုဘက်က လက်ဝါးပုံပစ္စည်း
ကြီးတွေက နယ်တကာလှည့်ပြီး
ပါးရိုက်မယ်လို့ပြောတဲ့ လူကြီး
အတွက် ဟိုးအနောက်ဘက်က
ကျောက်စရစ်သဲပုံကတော့
တိုင်းသူပြည်သားတွေ ခြိုးခြံချွေတာ
တဲ့အနေနဲ့ တစ်ရက် ထမင်းတစ်နပ်ပဲ
စားပါဆိုသူအတွက် ...

[illegible] လည်း မရှိ၊ သက်ရှိသတ္တဝါ လူသူတို့[illegible] များကို တစ်စိုးတစ်စိမျှ မမြင်ရ၊ လမုနှင့် ခရာရွှေချုံ ကိုရန်ပင်များနှင့် လတာပြင် ကိုပင် ကမ်းတစ်လျှောက်လုံး မြင်နေရပါသည်။ ချောင်းကမ်းစပ်လတာပြင်၌ ကျက်စားတတ်သော ရေမျော်ငှက်ကလေးများကိုပင် မမြင်ရပါ။

ချောင်းအတိုင်းအတော်စုန်ဆင်းပြီး တစ်နာရီခန့်ကြာတော့ အလွန်မြင့်မားသောတောင်ကြီးများအလည်သို့ရောက်သည်၊ အောက်ခြေတွင် သစ်တောကြီးများ ဖုံးလွှမ်းနေသော်လည်း တောင်ကြီးလေးလုံးမှာ တောင်ခေါင်းတုံးများ ဖြစ်ကြပြီး ကောင်းကင်ယံသို့ ထိုးထွက်နေသည်။ ကမ်းစပ်တစ်နေရာသို့ ရောက်တော့ ရွက်လှေကြီးမှာ ကမ်းကပ်၍ အလိုလို ရပ်သွားသည်။



[illegible] လမ်းမှာ ဖုန်နေသည်၊ လူအတော်များ [illegible] တိုင်မမြင်ရ၊ [illegible] ရှင်ခန့်လျှောက်ပြီးမှ ထူထည်ကြီးမား သည့် [illegible] ရှင်းတံခါးကြီး နှင့် တံတိုင်းကြီးကာရံထားသော နေရာ သို့ရောက်သည်။

[illegible] လူသူတော်ကြီးတစ်ဦးက [illegible] သောဝင်းတံခါးကြီးအပေါ်တွင် တပ်ဆင် ထားသည့် လူအရိုးခေါင်းပုံ အမှတ် [illegible] အသားအား လက်နှင့် သုံးချက်ပုတ် [illegible] သော သံတံခါးကြီး တကျွီကျွီမြည်၍ [illegible] ဝင်ရသော တံခါးဟာ [illegible] သည်။ ကျွန်တော့်အား ထိုလမ်း၌ [illegible] သည်။ အတွင်းသို့ ခြေချမိသည်နှင့်

[illegible] သော အသံများနှင့် [illegible] လာသည်။ [illegible] ဖြစ်ပါသည်။

[illegible]

ကျွန်တော့် အား ဝတ်စုံ အမည်းရောင်ဝတ်ထားသော လူတစ်ဦးက လာရောက်ကြိုဆိုခေါ်သည်။

"ဒီဘက်ကြွ – လူကလေး –"

ကျွန်တော့်ကို ဖမ်းဆီးချုပ်နှောင်ခြင်းမရှိပါ။ ဦးမှဆောင်လမ်းပြ၍ ပတ်ခေါ်သွားသည်။ အခန်းကျယ်ကြီးမှာ လွန်စွာကျယ်ဝန်းလှပြီး အခန်းအတွင်း [illegible] ရှိန်နှင့် အညောင်းများမှာ လွန်စွာ [illegible] လှသည်။ တစ်နေရာသို့ ရောက်တော့ [illegible] လူအရိုးခေါင်းပုံ အောက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထားသော ကွင်းကြီးကို ခေါက်၍ တံခါးကြီးကို ဖွင့်သည်။

"လာ - လာ - လူကလေး"

ကျွန်တော် သံတံခါးကြီးမှ အထဲသို့ ဝင်လိုက်တော့ လိုက်ခနဲ အေးစိမ့်သွားသည်။ ခန်းမကျယ်ကြီးက ပူပြင်းလှသော်လည်း အတွင်းခန်းက လွန်စွာအေးမြလှသည်။ အတွင်း၌ တောက်ပပြောင်လက်သော ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားပြီး ဦးခေါင်း၌ ချို(၂)ချောင်းပါသည့် ဦးထုပ်ကို ဆောင်းထားသော လူကြီးတစ်ဦးက ကုလားထိုင်အမြင့်ကြီးပေါ်တွင် အခန့်သားထိုင်နေသည်။ သူ့ရှေ့စားပွဲပေါ်တွင် သားရေဖုံးစာအုပ်အထူကြီးများကို အထပ်ထပ်စုပုံ၍ စီထားသည်။ ထိုလူကြီးက ကျွန်တော့်အား ငုံ့ကြည့်ပြီး ...

"ဪ - လူကလေး ရောက်လာပြီကိုး၊ ရှေ့က ကုလားထိုင်မှာ ထိုင်ကွဲ့"

"ဟုတ်ကဲ့ - ခင်ဗျား"

လူကြီးက စာအုပ်ပုံထဲမှ စာအုပ်ကြီးတစ်အုပ်ကို ရွေးချယ်ထုတ်ယူပြီး ...

"လူကလေးကလည်း ဘဘတို့လို အုပ်ချုပ်စီမံအပြစ်ပေးရတဲ့ လူ့ပြည်က ထောင်မှာ အလုပ် လုပ်ခဲ့တာကိုးကွယ့်၊ အခု လူကလေးကို ခေါ်ရတဲ့ကိစ္စက လူကလေး လုပ်ဆောင်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေက ချိန်ခွင်လျှာ ညီနေတာကြောင့် သေဆုံးတဲ့အခါမှာ ကောင်းရာသုဂတိလားရန်အတွက် ကောင်းမှုကုသိုလ်တို့ကို ထိုးလုပ်ဖို့ အကြောင်းပဲကွယ့်။

"ဟုတ်ကဲ့ - ခင်ဗျာ၊ ကျွန်တော် အခုဆိုရင် (၅)ပါးသီလလည်း မြဲပါတယ်။ အလှူအတန်းနဲ့ ကုသိုလ်တွေကိုလည်း ပွားများပါတယ်။ အကုသိုလ်မရှိသလောက်ပါပဲ - ခင်ဗျား"

"အေး - အခု - ဟုတ်ပါတယ်၊ လူကလေးငယ်စဉ်ကတော့ အကုသိုလ်အလွန်များသကွဲ့၊ ပါဏာတိပါတလို့ခေါ်တဲ့ သူ့တစ်ပါးအသက်တွေ အထူးသဖြင့် ငှက်ကလေးတွေကို သတ်ခဲ့ပြီး၊ ကြီးလာတော့လည်း ဝန်ထမ်းဘဝမှာ တောထဲနေခဲ့ရတဲ့အချိန်ကများတော့ အမဲလိုက်ခဲ့တယ်မဟုတ်လားကွဲ့"

"ဟုတ်ပါတယ်ခင်ဗျား၊ တောစခန်းတွေမှာ အသားငါးရိက္ခာက ရှားပါးပြီး ဝါသနာကလည်းပါတော့ အမဲလိုက်ခဲ့တယ်၊ ဒါကလည်းမလုပ်မဖြစ်တဲ့ အနေကြောင်းပါ၊ တောကောင်ရန်ကတာကွယ်ဖို့နဲ့ သားကောင်တစ်ကောင်ရရင် အခန်းမှာရှိတဲ့ ရာနဲ့ချီရှိတဲ့လူတွေစားဖို့ပါ"

"အေးပါ - အဲဒါကမှန်တယ်ထားပါ။ ငယ်စဉ်က ငှက်ကလေးတွေကို သတ်တာကရောကွဲ့"

"အဲ့ဒါကတော့ ဝါသနာအလျောက်ပါခင်ဗျား၊ ငယ်စဉ်ကမသိနားမလည်လို့ လုပ်ခဲ့မိတာပါ"

"အေး - ထားတော့၊ အခုကတော့ အသက်အရွယ်နဲ့ အတွေ့အကြုံကရလာပြီ တောထဲမှာနေတာလည်း ဟုတ်တော့လို့ကုသိုလ်တရားတွေပွားသွားဖို့ က အချိန်တန်ပြီကွဲ့၊ လူကလေးကိုသံဝေဂရဖို့အချိန်တန်ပြီမို့ ခေါ်သတိပေးတာပါ၊ ငရဲပြည်ကို အလည်ရောက်ရန်ရောက်နိုက် ကြုံကြိုက်တုန်း လေ့လာသွားပေါ့ကွယ်၊ အဘတို့ဆီမှာ လူကလေးတို့ဆီကလို သိပ္ပံပညာနဲ့လုပ်တဲ့ ...တာစနစ်တွေမရှိပေမဲ့ သဘာဝ ...တာစနစ်တွေကရှေးရှေးတုန်းက အလိုအလျောက် ရှိပြီးသားကွဲ့၊ နိုင်ငံနဲ့ ...တိုင်းအတွက်လည်းငရဲစခန်းတွေ ...ကြီး ရှိတယ်။ ငရဲကြီး (၈)ထပ်က ...ယ်ရှိပေမယ့် ငရဲစခန်းခွဲတွေက ...ပြည်နဲ့လူမျိုးဘာသာတိုင်းအတွက် ...ခန်း...ပြီး ရှိတယ်ကွယ့်"

"ကဲ - လာ - လူကလေး၊ အပြင်ထွက်ပြီး လေ့လာကြရအောင်"

ကျွန်တော့်အား ယမမင်းကြီးတဆီပူအိုးများ ကြော်လှော်နေကြသည့် ခန်းမကျယ်ကြီးကိုဖြတ်သန်းပြီး တစ်နေရာသို့ ခေါ်သွားသည်၊ ထိုနေရာတနေရာအသစ် ဖြစ်သည်၊

"ဒါက ငရဲခန်းအသစ် ဆောက်လုပ်နေတာ လူကလေးရဲ့"

"မင်းတို့ဆီက လူကြီးတွေလာရင် အဆင်သင့်ထားဖို့လေကွယ်"

"ဒါကြီးတွေက တိရစ္ဆာန်အစာစင်၊ စက်ရုံကပစ္စည်းတွေ၊ စက်တီရိယာတွေနဲ့ တူတယ်နော်"

"ဟုတ်ပါရဲ့ကွယ်၊ ဟိုလုံးဝိုင်းဝိုင်းရှည်ကြီးက ဆီပူလှောင်တန်ကြီးပေါ့၊ ဟောဟိုမိုက်တွေနဲ့ သံချွန်တွေက မင်းတို့တိုင်းပြည်မှာ ပြည်သူလူထုကို လိမ်လည်ပြောပြီး ကိုယ်ကျိုးရှာတဲ့လူကြီးတွေအတွက် ပါးစပ်မှစွပ်ပြီး ဆီပူလောင်းထည့်မယ့် ကိရိယာတွေပဲ"

"ဒီဘက်က အခေါင်းပုံစံ မတ်မတ်ထောင်နေတဲ့ ပစ္စည်းတွေကကော ခင်ဗျား"

"အဲ့ဒါတွေက ဖေ့ဘုတ်မှာ...ပြီး အရက်မူးတာနဲ့ ဖဲ့ပါတီရှုံးရင်သားသမီးတွေကို ဆိုက်ကားသမားနဲ့ပေးစားမယ်၊

www.burmeseclassic.com

ဘာတန်ဖိုးမယ်၊ ညာတန်ဖိုးမယ်လို့ပြောတဲ့ လူကြီးတွေအတွက်၊ ဟိုဘက်က လက်ဖဲ့ပုံဖွဲ့ညည်းကြီးတွေကနယ်တကာ လှည့်ပြီး ပါးရိုက်မယ်လို့ပြောတဲ့ လူကြီးအတွက်၊ ဟိုအနောက်ဘက်ကကျောက်စရစ်သဲပုံကတော့ တိုင်းသူပြည်သားတွေ မြိုးခြံချွေတာတဲ့အနေနဲ့ တစ်ရက်ထမင်းတစ်နပ်ပဲ စားပါဆိုသူအတွက် အချိုးမျိုးနှိပ်စက်ခန်းတွေလုပ်ဖို့ ငရဲပြည်မှာ သူတို့ ရောက်မလာမီ အဆင်သင့်ပြင်ဆင် ဆောက်လုပ်ထားတာတွေလေ။

နောက်ပြီး စိုက်ပျိုးရေးကိစ္စအကြောင်းပြပြီး ဆည်တွေဆောက်၊ ကိုယ်ကျိုးရှာတဲ့ လူကြီးတွေ၊ တစ်နိုင်ငံလုံး သစ်တောတွေပြုန်းအောင် ရောင်းစားတဲ့ လူကြီးတွေ၊ အမြန်လမ်းတွေဖောက်၊ တံတားတွေဆောက်ပြီး ကိုယ့်စီးပွားစုတင်မက တစ်ဆွေတစ်မျိုးလုံးတစ်သက်တာ စားမကုန်အောင် ကိုယ်ကျိုးရှာသွားတဲ့လူကြီးတွေ စတဲ့လူတွေအတွက် ငရဲခန်းအတွင်းမှာ အဖြစ်အမျိုးမျိုးပေးဖို့ စီမံဆောင်ရွက်ထားတာတွေပေါ့ကွယ်"

"အဲ့ဒီအကြောင်းတွေကို ယမမင်းကြီးတို့က ဘယ်လိုသိတာလဲ၊ ငရဲဝန်ထမ်းအင်အားအတော်များလို့လား"

"လူတိုင်းမှာ ကောင်းကျိုးဆိုးကျိုးကို ကိုယ့်ဘာသာသိသလို ငရဲပြည်က သဘာဝကွန်ပျူတာကအလိုအလျောက်မှတ်တမ်းတင်ထားတယ်။ အဲဒီအထဲကမှ လူကလေးတို့လို ကောင်းမှု၊ မကောင်းမှု တူညီနေတဲ့သူတွေကိုတော့ သီးသန့်ဖိုင်တွေဖွင့်ပြီးအခြေအနေပေးတာနဲ့ ခေါ်ယူသတိပေးရတာပေါ့ကွယ်။ ငရဲပြည်မှာလည်း အပြစ်ပေးတာချည်း မဟုတ်ပါဘူး။ ကယ်သင့်တဲ့သူတွေကိုလည်း ကယ်ဆယ်ပါပေးပါတယ်"

"လူကလေးတို့ မသိလို့ပါ၊ သတ္တဝါတွေဟာ ငရဲပြည်ရောက်မှ ငရဲခံရတာ မဟုတ်ပါဘူး။ ဖြစ်လာတဲ့ ဘဝတိုင်းမှာ ယခင်ဘဝဟောင်းက ကောင်းကျိုး ဆိုးကျိုးအတိုင်း မျက်မှောက်ဘဝမှာလည်း ခံစား စံစားကြရတာ။ သဘာဝမပါဘဲ ဆင်းရဲ၊ ချမ်းသာဆိုတာ သူ့အကျိုးပေးနဲ့သူကွယ့်။ အခု လူကလေးလို ကုသိုလ်၊ အကုသိုလ်ညီနေသူတွေကိုလည်းပိုမြင့်တဲ့ဘဝရောက်အောင် ဘဝကူးကောင်းအောင် ခေါ်ယူသတိပေးရတဲ့ သူတွေလည်း ရှိပါတယ်။ ရှားတော့ရှားတာပေါ့ကွယ်၊ အဲဒီလို လူတိုင်း ငရဲပြည်ကို အလည်ရောက်ပြီးတာနဲ့ သတိတရားရပြီး ကောင်းမှုအကုသိုလ်တွေ တိုးလုပ်ကြလို့ကွယ်လွန်တဲ့အခါဘဝကူးကောင်းသွားကြတာ များပါတယ်၊ ယမမင်းဆိုတာကလည်း အကျိုးဆောင်တစ်ဦးပါကွယ်။

"ကဲ - အကျိုးဆောင်ဆိုလို့၊ လူ့ပြည်ကလို အကျိုးဆောင်ပွဲစားတွေလိုတော့ မဟုတ်ပါဘူး။ လောကသဘာဝအတိုင်း မဖြစ်သင့်တာတွေ မဖြစ်ရလေအောင် ပဲ့ထိန်းပေးတဲ့သဘောပါပဲ၊ ကံဆိုတာ အလုပ်ကွဲ့၊ ကောင်းမှုလုပ်ရင် ကံကောင်းမယ်၊ မကောင်းမှုလုပ်ရင် ကံဆိုးမယ်။ အများအားဖြင့် သတ္တဝါမှန်သမျှ ကောင်းမှုထက် မကောင်းမှုဘက်က အလေးသာတတ်တယ်လေကွယ်။

အဲ့ဒါကြောင့် လူကလေးသည် လူ့ပြည်ပြန်ရောက်ရင် ကောင်းမှုကုသိုလ်တွေ များများလုပ်ပါ၊ ကောင်းမှုကုသိုလ်လုပ်ရာမှာလည်း အများအထင်ကြီးအောင်ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပြီး ပကာသနအလှူမျိုးတော့ မလုပ်နဲ့ကွဲ့၊ အဲဒီအလှူမျိုးက ညောင်ပင်ကြီးလောက် လှူပေမယ့် ညောင်စေ့လောက်ပဲ ကုသိုလ်ရတတ်တယ်၊ စိတ်ရင်း စေတနာသန့်သန့်နဲ့ လှူရင် ဘယ်အလှူမျိုးမဆို ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ကုသိုလ်တွေ ရပါတယ်ကွယ်။ လူ့ပြန်ဖြစ်ရင် လူချမ်းသာ၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာပေါ့ကွယ်"

"ကျွန်တော်ကတော့ လူ့ဘဝပြန်ဖြစ်ချင်ပြီး ချမ်းသာတဲ့လူ့ဘဝရောက်ချင် ဒီဘဝမှာ မလှူမတန်းနိုင်တဲ့လူတွေကို အတိုးချပြီး လှူတမ်းချင်ပါတယ်"

"သာဓုပါ - လူကလေးရယ်၊ ဒါပေမဲ့ စည်းစိမ်ချမ်းသာ၊ အာဏာပါဝါဆိုတာက လူကို ဖျက်ဆီးတတ်တယ်ကွဲ့၊ လူဆိုတာကစိတ်ဆောင်ရာပါတတ်တယ်။ နည်းနည်းချမ်းသာရင် များများချမ်းသာအောင် လုပ်တတ်တယ်၊ လောဘခေါ်ကွယ်၊ လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ လူဆိုတာ အလွန်ရှားတယ်၊ ပစ္စည်းဥစ္စာ မချမ်းသာချင်ပါနဲ့ လူကလေးရယ်၊ ဥစ္စာစည်းစိမ် အာဏာပါဝါဆိုတာက လူ့အကျင့်စာရိတ္တကို ဖျက်ဆီးတတ်တယ်။

အရေးကြီးတာက လူပီသဖို့ပဲ၊ စေတနာမှန်တဲ့ အသိတရားက အရေးကြီးပါတယ် လူကလေးရယ်၊ အမြဲတမ်း မိမိကိုယ်ကို သုံးသပ်စစ်ဆေးပါ၊ အစွန်းမရောက်စေနဲ့ကွယ့်၊ ကဲ - လူကလေးလည်း လူ့ပြည် ပြန်ပေတော့၊ သတိတရား လက်ကိုင်ထားပြီး သုံးသပ်ဆင်ခြင်ပေတော့၊ ဆက်ဆံဆက်ဆံရတဲ့ လူတိုင်းကိုလည်း သံဝေဂရအောင်

www.burmeseclassic.com

အသိပေးပေ့ါကွယ်၊ အဲဒါလည်း ဘာဝနာ ကုသိုလ် လှူတန်းတာပါပဲကွယ့်၊ ကုသိုလ်ကောင်းမှုဆိုတာ ယူတတ်ရင်၊ ဖွားများတတ်ရင် ရနိုင်တာပါပဲကွယ်"

"ကျေးဇူးတင်ပါတယ် - အဘ၊ ကျွန်တော် သတိသံဝေဂတရားတွေ အများကြီး ရပါတယ်၊ အခုလို ကြိုတင်သိရတော့ အချိန်ကလေးရတုန်း ကြိုးစားနိုင်တာပေါ့ - အဘရယ်"

"အေးကွယ် - အေးအေး၊ ကောင်းပါပြီကွယ်"

ကျွန်တော့်အား အတွင်းငရဲခန်းထဲမှ ငရဲသားနှစ်ဦးက အပြင်သို့ လိုက်ပို့သည်၊ ထုထည်ကြီးမားသော သံတံခါးကြီးကိုကျော်သည်နှင့်ပူလောင်လှသော မီးအရှိန်နှင့် ကယ်ပါယူပါ တစာစာ အော်ဟစ်နေကြသော အသံများက လုံးဝဆိတ်ငြိမ်သွားတော့သည်၊ ပြင်ပလေနှင့် သဘာဝတောတောင်များက မျက်စိအေး၊ နားအေးလွန်းစွာ ကွာခြားလှသော မြင်ကွင်းဖြစ်ပါသည်၊ ဤကဲ့သို့ အေးချမ်းသာယာလှသော လူ့သဘာဝ ပတ်ဝန်းကျင်ကို အဘယ့်ကြောင့် လူနှင့် သတ္တဝါတွေက အကျည်းတန်အရုပ်ဆိုးအောင် လုပ်ချင်ကြပါသနည်း၊ ကျွန်တော်တို့တစ်တွေ လောဘ၊ ဒေါသ၊ မောဟတရားတွေကိုဖယ်ရှားရန် အချိန်တန်ပြီ ဖြစ်ပါသည်၊

ကျွန်တော် "ငရဲပြည်သို့ အလည်တစ်ခေါက်" အိပ်မက်ရှည်ကြီးကိုမက်ပြီး အိပ်ရာကနိုးတော့ လွန်စွာစိတ်ချမ်းသာနေသည်၊ တိုတောင်းလှသော လူ့ဘဝ ခဏတာတွင် အဘယ့်ကြောင့် လူပီသ အောင် မနေနိုင်ကြပါသနည်း၊ ဆင်းရဲ ချမ်းသာ စိတ်ကောင်းရှိဖို့က အလိုအပ် ဆုံးဖြစ်ကြောင်း ကျွန်တော် သဘော ပေါက် နားလည်ရပါတော့သည်၊

**ထောင်မှူးကြီးသိန်းဝင်**


www.burmeseclassic.com

www.burmeseclassic.com

# တွေ့ခဲ့ရ မိုးတစ်စင်

မြတ်သက်ဇော်

မိုးကား တဖွဲဖွဲရွာနေ၏၊ သို့သော် တစ်ခါတစ်ရံ တိတ်သွားလေ၏၊ ထိုသို့ တိတ်တစ်ခါ၊ ရွာတစ်လှည့် မိုးကို ကျွန်တော်တို့ ဖားရိုက်သမားများ မကြိုက်၊ ခပ်ဖွဲဖွဲ ဆက်တိုက်ရွာနေလျှင်မူကား မိုးရေခံသည့် ဖားများ ထွက်လာတတ်သောကြောင့် ဖားအရများတတ်သကဲ့သို့ မစို့မပို့ ရွာသောမိုးကြောင့် ဖားများ သိပ်မထွက်တတ်ကြသောကြောင့် ဖားသိပ်မရိုက်ရ၊ ဖားအရနည်းတတ်ကြသဖြင့် ဖားရိုက်သမားအများစုက မကြိုက်တတ်ကြ၊ ခုလည်း ဆက်တိုက်မဟုတ်သော မိုးကြောင့် ကျွန်တော်တို့ ဖားအရ နည်းနေသဖြင့် အုတ်ကျင်းဘူတာနှင့် မနီးမဝေး လယ်ကွင်း (ထိုလယ်ကွက်များသည် လှိုင်ဘီစကွတ်စက်ရုံဘေးတွင် တည်ရှိပါသည်၊ ယခုမူကား ထိုလယ်ကွင်းများ ရှိ၊ မရှိမသိတော့ပါ၊) များတွင် ဖားရိုက်နေရာမှ ဂုန်နီစက်ရုံရှေ့လယ်ကွင်းများဆီသို့ နေရာပြောင်းရန် ကျွန်တော်က အကြံပေးလိုက်မိသည်၊

"ဦးမောင်ကြိုင် – ကျွန်တော်တို့ ဂုန်နီစက်ရုံရှေ့လယ်ကွင်းတွေမှာ ဖားသွားရိုက်ရင် ပိုကောင်းမယ်ထင်တယ်ဗျ၊ ဒီမှာက လယ်ကွင်းကလည်း ငယ်တယ်၊ဖားရိုက်ထွက်တဲ့သူတွေကလည်း ဒီညကျမှ ပိုများလာသလိုပဲ၊ ပြီးတော့ မိုးကလည်း ဟုတ်ဟုတ်ငြားငြား မရွာတော့ပိုဆိုးတာပေ့ါ၊ ဒီတော့လယ်ကွက်စရိယာ ပိုကျယ်တဲ့ ဂုန်နီစက်ရုံကွင်းမှာ ဖားသွားရိုက်တာက ကျွန်တော်တို့ အတွက် ပိုအဆင်ပြေမှာပေ့ါ မဟုတ်လား"

ဦးမောင်ကြိုင်ကလည်းကျွန်တော့်စကားကိုမငြင်း၊ သူကလည်းကျွန်တော့်အား ရပ်ကွက်ထဲတွင် ဖားရိုက်ငါးရှာနာမည်ကြီးသော ဦးတင်မောင်က ဖားရိုက် ငါးရှာထွက်တိုင်း ခေါ်သွားလေ့ရှိသဖြင့် ဦးတင်မောင်၏ တပည့်ဆိုပြီး အထင်ကြီးနေသောကြောင့် ကျွန်တော်ပြောသမျှ လက်ခံခြင်းဖြစ်သည်၊ ထိုအချက်တပင် ကျွန်တော်တို့နှစ်ဦးလုံး ဘူတာရောက်မည့်ဆေးကို ကိုယ်တိုင် ဆော်စပ်နေကြောင်း လုံးဝမသိလိုက်ကြခြင်းဖြစ်ပေတော့သည်၊

နှစ်ဦးသားသဘောတူညီချက်ရပြီးသည့်အခါ ဂုန်နီစက်ရုံရှေ့ရှိ လယ်ကွင်းများဆီသို့ ပြန်လှည့်ခဲ့ပေတော့သည်၊ (ထိုလယ်ကွင်းများသည် ယခုအခါစက်ကြောရေးနှင့် တည်းခိုရေး တပ်စခန်းဖြစ်သွားပေပြီ၊)

■

လယ်ကွက်များဆီသို့ ရောဝ်
သည့်အခါဖားရိုက်သူများကိုသိပ်မတွေ
ရ၊ ထို့ကြောင့် ကျွန်တော် အားတဝ်
သွားသည်၊ ယခုကဲ့သို့ ဖားရိုက်သူနည်
လျှင် ဖားအရ များနိုင်သည်၊ ထို့ကြောင့်
ကျွန်တော်က ဦးမောင်ကြိုင်အား ကိုယ်
အသက်မှ ကိုယ် အားမနာ ဆရာလုပ်
လိုက်လေသည်၊ အတွေ့အကြုံနည်း
သော ဦးမောင်ကြိုင်ကလည်း ကျွန်
တော့်စကားကို လက်ခံလိုက်ပြီး ဖားစ
ရိုက်ကြလေသည်၊

သို့သော် ဒီညတချါမှ သည်လယ်
ကွင်းတွင်လည်းဖားသိပ်မရိုက်ရ၊ ဖားတေ
သိပ်မထွက်၊ ထိုအခြေအနေကို ကျွန်
တော် သိပ်သဘောမကျလှ၊ ထို့ကြောင့်
ဦးမောင်ကြိုင်အားမသိမသာ ဆရာလုပ်
၍အားပေးလိုက်သည်၊

"ဒီညက မိုးကလည်း သိပ်မရွာ
တစ်ခါတစ်ခါလည်း လက ထွက်လိုက်
သေးဆိုတော့ ဖားအထွက်ကျဲတာပေ့
ဗျာ၊ ကိစ္စတော့ မရှိဘူးလေ၊ ဖားရိုက်
ထွက်တဲ့သူ နည်းတော့ ထွက်သမျှဖား
ကိုကျွန်တော်တို့မျက်စိလျှင်လျှင် လက်
သွက်သွက်ရိုက်သွားရင် တစ်ပေါ်တော်
တစ်အိုးချက်တော့ ပြေမလောက်ပေါ်
ပါဘူးဗျာ"





www.burmeseclassic.com

www.burmeseclassic.com

ဘာမျှမသိသော ဦးမောင်ကြိုင်တလည်း ကျွန်တော့်အဆိုပြုချက်ကို ထောက်ခံသည်။

"အေးပါ - ကောင်လေးရာ၊ ငါလည်း မျက်စိလျှင်လျှင် ထားပါ့မယ်ကွာ"

ဖားရိုက်ချိန်သာ တစ်နာရီခန့် ကုန်သွားသည်၊ ကျွန်တော်တို့ကားဖားလေး ငါးကောင် ထက် ပို မရ၊ ကျွန်တော် အနည်းငယ် စိတ်ဓာတ်ကျစ ပြုလာသည်၊ ထိုအချိန်၌ပင် မိုးက တဖွဲဖွဲရွာချသည်၊ ထိုမိုးရွာချိန်၌ပင် ကျွန်တော့် ဆရာ ဦးတင်မောင်အခေါ်ဖြင့် စားဖားကြီး (အချို့အရပ်များတွင် ဖားပေါင်စင်း) အော်သံတစ်သံကို ကြားလိုက်ရပေသည်။ (ထိုဖား၏အော်သံမှာ ဘုတ်ငှက်အော်သံနှင့် ခပ်ဆင်ဆင်တူပါသည်။)

"အုံ - အင် - အုံး - အင် - အုံး - အင်"

ကျွန်တော် လယ်ကန်သင်းတွင် မတ်တတ်ရပ်ရင်း နားထောင်နေလိုက်သည်၊ သေချာသည်၊ ဖားကြီးတစ်ကောင်၏ အော်သံဖြစ်သည်။ ဦးမောင်ကြိုင်ကလည်း ကျွန်တော် လယ်ကန်သင်းပေါ်တွင် မတ်တတ်ရပ်၍ နားစွင့်နေသောကြောင့် သူလည်း ရှေ့ဆက် ဆက်မသွားတော့ဘဲ မတ်တတ်ရပ်နေရင်းက တိုးတိုးလေး မေးသည်။

"ဘာဖြစ်လို့လဲ ကောင်လေးရ"

"ဖားကြီး အော်သံဗျ"

"ဖားကြီးအော်တော့ ဘာဖြစ်လဲကွ"

"ဦးမောင်ကြိုင် - သေသေချာချာ မှတ်ထားဗျ၊ ဒီအသံဟာ ဖားကြီးတစ်ကောင်ရဲ့အော်သံပဲ၊ အဲဒီဖားကြီးတွေဟာ မိုးရေခံရင်း ဖိမ်တက်ပြီး အော်နေတာဗျ၊ အဲ - သူ့အနားကို မီးရောင်မပြ၊ ခြေသံလုံလုံနဲ့သွားပြီး အနားရောက်မှ မီးခွက်ထွန်း၊ ဒါဆိုရင် သူ ရေထဲကို ခုန်ဆင်းပြီး ရေအောက်ကို ငုပ်သွားလိမ့်မယ်ဗျ၊ သူ ရေငုပ်သွားတဲ့နေရာမှာ သေသေချာချာ လိုက်စမ်းကြည့်၊ သူ့ကို မိပြီဗျ၊ ရေထဲ ခုန်ဆင်းတဲ့ဖားများဟာ ဘယ်နေရာမှ မရွှေ့ဘူးဗျ၊ ခုန်ဆင်းတဲ့နေရာမှာပဲ ဝပ်နေတတ်တယ်ဗျ၊ အဲဒီဖားကိုမိရင် အခင်းတပ်ထားတဲ့ ပလိုင်းထဲထည့်၊ မိုးရေထဲမှာ ပစ်ထားလိုက်၊ မိုးမလင်းခင်ပလိုင်းကိုလာကောက်လိုက်၊ ပလိုင်းထဲ ထည့်ထားတဲ့ဖားဟာ ဖားမဖြစ်နေမယ်ဆိုရင် ပလိုင်းထဲမှာ နောက်ထပ်ဖားဆယ်ကောင်လောက်ကအသာလေးဝင်ခိုနေမှာ အသေအချာပဲဗျ"

ကျွန်တော့် စကားဆုံးသောအခါ ဦးမောင်ကြိုင်က အားတက်သွားပြီး သူသိချင်သည်ကို မေးမြန်းလေတော့သည်၊

"ဒါဆို အဆင်ပြေတာပေါ့ကွာ၊ ဖားတစ်ကောင်ဖမ်းမိပြီး အခင်းတပ်ပလိုင်းထဲထည့်ပြီး မိုးရေထဲ ပစ်ထားရုံနဲ့ မိုးလင်းရင် ဖားဆယ်ကောင်လောက် ရမယ်ဆိုတော့ ဖားထီးကို ထည့်ထားမိရင်ရောကွာ"

"ဖားထီးကို ထည့်ထားမိရင်တော့ ထည့်ထားတဲ့တစ်ကောင်အတိုင်းပဲရှိမှာပေါ့ဗျာ၊ ကျွန်တော်တို့ လူတွေတောင် ပြောလေ့ရှိကြတယ် မဟုတ်လား၊ ယောက်ျားကြိုက်တော့ စိုက်စိုက်လာဆိုတဲ့စကားလေ၊ ဘယ်နေရာဖြစ်ဖြစ် အမရှိရာ အထီးလာလေ့ရှိတာ သဘာဝပဲဗျ"

"တို့ - ခုဖမ်းမယ့်ဖား မိပြီပဲထားပါတော့၊ အဲဒီကောင်ကို အထီးလား အမလား ခွဲတတ်လားကွ"

"အား - အဲဒီဖားအထီးအမခွဲတဲ့ ပညာကို ဦးတင်မောင်က ကျွန်တော့်ကို သင်မပေးရသေးဘူးဗျ"

"ဟာ - ဒါဆို ဘယ်လိုလုပ်မလဲကွ၊ ပလိုင်းထဲ ထည့်မယ့်ဖားက ဖားထီးဆိုရင် ဘယ်လိုလုပ် အဆင်ပြေတော့မှာတဲ့လဲ"

"အဆင်ပြေပါတယ်ဗျာ၊ ပလိုင်းအခင်းသာ ခိုင်ခိုင်ချည်ထား၊ တိုးမလာသော်ငြားလည်းဒီကောင်ကတော့ဘယ်လိုမှ ထွက်ပြေးနိုင်မှာ မဟုတ်တော့ဘူးဗျ"

"အေး - မင်းပြောတာလည်းဟုတ်သလိုလိုပဲကွ၊ ဒါနဲ့ဖားကိုမင်းဖမ်းမလား ငါဖမ်းရမှာလား"

"ဦးမောင်ကြိုင်ပဲဖမ်းလိုက်လေဗျာ၊ ဒါဆိုဦးမောင်ကြိုင်လည်း အတွေ့အကြုံတစ်ခု ရသွားတာပေါ့ မဟုတ်လား၊ နောက်ပြီးကျွန်တော်ပြောတဲ့ဖားဖမ်းတဲ့ အစီအစဉ်ကို လည်း မှတ်မိတယ်မို့လား"

"အေး - မှတ်မိပါတယ်ကွ၊ ဒါဆို ငါလည်းဖားဖမ်းတဲ့လက်တွေ့လေ့ကျင့်ခန်းလုပ်ပြီးသား ဖြစ်သွားတာပေါ့ကွာ၊

www.burmeseclassic.com

မင်းဆရာနဲ့ဆို ကိုယ်တိုင်ဖမ်းရဖို့ မသေချာဘူးကွ၊ ခုလို အခြေအနေဆိုပိုဆိုးမှာကွ၊ ဖားမရမှာ စိုးလို့ သူကိုယ်တိုင်ပဲ ဖမ်းမှာ သေချာတယ်၊ နောက် မင်းကတော့ ငါ့နောက်က လိုက်ခဲ့မှာလား"

"မဟုတ်ဘူးလေဗျာ - ကျွန်တော်က ဒီလယ်ကန်သင်းပေါ်ကပဲ ထိုင်စောင့်နေမယ်၊ ဦးမောင်ကြိုင်က တစ်ယောက်တည်း မသွားရဲလို့လား၊ ကျွန်တော် ထိုင်နေတဲ့ ဒီကန်သင်းနေရာလောက်ကို စိတ်မှန်းနဲ့ မှတ်ထား၊ ပြီးတော့ - မှန်းပြီးပြန်လာခဲ့မီးရောင်တွေ့ရင် ကျွန်တော် အသံပြုမယ်၊ ဒါပေမဲ့ - တစ်ယောက်နဲ့တစ်ယောက် ခုချိန်ကစပြီး နာမည်တပ်မခေါ်နဲ့တော့နော်"

"ငါက သွားရဲပါတယ်ကွ၊ မင်းက ဒီလယ်ကန်သင်းပေါ်မှာ တစ်ယောက်ထဲ နေရဲပါ့မလားလို့ ငါက စိုးရိမ်လို့ပါကွာ"

"အာ - ဒါတော့စိတ်ချ၊ ဒီလယ်ကွင်းတွေဟာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ကျွန်တော်တို့ခြေရာချင်းထပ်နေအောင် သွားလာခဲ့တဲ့နေရာတွေပါဗျ၊ နောက်ပြီး ကျွန်တော်က ကျွန်တော့်အဖေနဲ့ ကျွန်တော့် ထက်ကြီးတဲ့ သူတွေကို သာ ကြောက်တာဗျ၊ ကျန်တာတော့ စာတောင်မဖွဲ့ဘူး"

"ဒါဆို - ငါသွားမယ်ကွာ"

ပြောပြောဆိုဆိုနှင့် ဦးမောင်ကြိုင်က ဖားအုပ်ဆောင်း (ဖားလိုက်သည့်မီး) ကို မီးငြှိမ်းလိုက်ပြီး ကျွန်တော့်အနားမှ ထွက်သွားလေတော့သည်၊ စင်စစ် ကျွန်တော် ကိုယ်တိုင်ပင် ဖားကြီးတစ်ကောင်တလေကိုမျှ မဖမ်းခဲ့ဖူးပါ၊ ဦးတင်မောင် ပြောသံကိုသာ ကြားခဲ့ဖူးခြင်းဖြစ်သောကြောင့် ဖားဖမ်းသည့်နည်းစနစ်သာသိပြီး လက်တွေ့ဖားဖမ်းခြင်းကို မသိသူပီပီ ဦးမောင်ကြိုင်အား ခပ်တည်တည်နှင့် စကားကြီးစကားကျယ်ပြောပြီး ဖားဖမ်းစေခဲ့ခြင်းဖြစ်ပါသည်၊ သို့သော် - ခုန ဦးမောင်ကြိုင်ကို ပြောလိုက်သလို ကျွန်တော်ကား ဘာကိုမျှ မကြောက်တတ်ပါ၊ ဘာကိုမျှလည်း အယုံအကြည်မရှိပါ၊ ထို့ကြောင့် ကလေးသာသာအရွယ် (လူပျိုမဖြစ်တဖြစ်အရွယ်) ပင်ဖြစ်သော်လည်း နေရာမရွေး သွားလာရဲပေသည်၊

■

လယ်ကွင်းများ၏ မြောက်ဘက်တွင်ရှိသော ဂုန်နီစက်ရုံကားဂိုဒေါင်များနှင့် ယန္တရားစက်ဝင်းအတွင်းမှ ထိုးထွက်လာသော မီးအလင်းရောင်ဖြင့် ရေနံဆီ...

...ခွက်ကို မီးမှုတ်၍ ဖားအော်သံထွက်ပေါ်လာရာ အမှောင်ထုအတွင်း လမ်းလျှောက်သွားသော ဦးမောင်ကြိုင်၏ ...ရိပ်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်၊ ကျွန်တော်လည်း လယ်ကန်သင်းတစ်ခုပေါ်တွင် တောင်ဘက်သို့ မျက်နှာမူ၍ ထိုင်နေရင်း ဦးမောင်ကြိုင် ထွက်သွားရာဘက်သို့ ငေးမောနေမိသော်လည်း ဆယ်မိနစ်...ကြာသည်အထိ ပေါ်မလာလေသော...ကြောင့် အမှောင်ထဲတွင် ငေးမိငေးရာ ငေးမောနေသကဲ့သို့ အိပ်မပျော်သွားအောင် သတိနှင့် ထိန်းထားရလေသည်၊

ဦးမောင်ကြိုင် ထွက်သွားပြီး မိနစ်...ဆယ်ခန့်အရတွင် ကျွန်တော့်နောက်...လယ်ကွက်များဆီမှ တစ်စုံတစ်ဦး...နေသည့် လယ်ကွက်ကို ဖြတ်...သွားသံကို ကြားလိုက်ရသော...ကြောင့် နောက်ဘက်သို့ ခေါင်းလှည့်၍...မိသည်၊ သို့သော် အလင်းရောင်...လင်းလက်နေသော လယ်ကွက်...ညည်သူမျှ ဖြတ်ပြေးသွားသည်...၊ ထို့ကြောင့် ရှေ့ဘက်ပြန်...သည်၊ ခဏအကြာတွင်...ထဲတွင်ဖြတ်ပြေးသွားသံကို



သူ လှမ်းလျှောက်လာရာ လမ်းတစ်လျှောက် သူ့နောက်မှ တစ်စုံတစ်ဦးက လိုက်လာသလိုလို ခံစားရလေသည်။ ထို့ကြောင့် အနောက်ဘက်ဆီသို့ ပြန်၍ကြည့်မိသော်လည်း သူ့နောက်တွင် တစ်စုံတစ်ယောက် လိုက်လာသည်ကို မမြင်ရ။ ထိုသို့ နောက်ဘက်ကြည့်လိုက် လမ်းလျှောက်လိုက်လုပ်ရင်း မကြာမကြာလည်း "ဟေး" ခနဲ "ဟေး" ခနဲ တစ်အော်ရင်း လမ်းလျှောက်လာခဲ့ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်ရပြန်သောကြောင့် နောက်ဘက်ကို ပြန်လှည့်ကြည့်မိပြန်သည်၊ သို့သော် ရှေးနည်းအတိုင်းပင် ဘာတစ်ခုမျှ ထူးခြားမှုကို မမြင်ရ၊ ထို့ကြောင့် ကျွန်တော့် စိတ်ထဲတွင် ထင်ယောင်ထင်မှား ဖြစ်ခြင်းသာဟု စိတ်ထဲတွင် မှတ်ထင်လိုက်မိသည်။

ထိုသို့ အမှောင်ထုထဲ ကျွန်တော့် မျက်နှာမူရာ ရှေ့ဘက်သို့ ငေးစိုက်နေချိန်တွင် ကျွန်တော့် ရှေ့ဆယ်ပေခန့်အကွာ လယ်ကွက်ထဲမှ ကျွဲလိုလို၊ နွားလိုလို အကောင်နှစ်ဆယ်ခန့် ဖြတ်ပြေးသည်ကို မြင်လိုရပြန်သည်၊ သို့သော် ရေဖြည့်နေသည့် လယ်ကွက်ထဲမှ မည်သည့်အသံမျှ ထွက်ပေါ်မလာချေ၊ ရုတ်တရက် ကျွန်တော် အံ့အားသင့်သွားသော်လည်း ထူးထူးခြားခြား ကြောက်လန့်သော စိတ်မဖြစ်မိချေ၊ အိပ်ငိုက်စိတ်ကြောင့် အမြင်အာရုံမှားယွင်းမှုသာဖြစ်သည်ဟု ထင်မိသောကြောင့် စိတ်ထဲတွင် ထူးထူးခြားခြား မည်သို့မျှ မခံစားရ၊ ဆက်လက်၍ ကြည့်နေခိုက် နောက်ထပ်နှစ်ကြိမ် ထိုကဲ့သို့ ပြေးလွှားသွားသည်ကို ထပ်မံတွေ့ရပြန်သည်။

သို့သော် ရေပြင်လှုပ်ရှားမှုနှင့် ရေတို ဖြတ်ပြေးသံကား ထွက်မလာချေ၊ ကြောက်ရွံ့စိတ် မဖြစ်သော်လည်း နောက်ထပ် မည်သို့များ မြင်ရလေမည်လဲဟူသော စူးစမ်းချင်သည့်စိတ်ကြောင့် အိပ်ငိုက်ပြေသွားသည်၊ ဆက်လက်၍ အမှောင်ထဲကို စူးစမ်းငေးစိုက်ကြည့်မိသော်လည်း မည်သည့်ထူးခြားချက်မျှ ပေါ်မလာသောကြောင့် စိတ်ထဲတွင် အနည်းငယ် ပျင်းရိလာသလိုလိုပင် ဖြစ်မိချေတော့သည်။

ထိုအခိုက် ကျွန်တော့်ရှေ့ဘက် ခပ်လှမ်းလှမ်းမှ မီးအုပ်ဆောင်းနှင့် လူတစ်ယောက် ဒရောသောပါး လမ်းလျှောက်လာသည်ကို တွေ့လေသောကြောင့် ကျွန်တော် အသံပြုလိုက်သည်။

"ဟေး"

ကျွန်တော့်အသံကြောင့် မီးအုပ်ဆောင်းနှင့်လူမှာ ခဏတော့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်၊ ထို့နောက် အသံပြန်ပေးသည်၊ သို့သော် သူ့အသံမှာ အက်ကွဲကွဲ ရှတတ။

"ဟော – အေး – အေး"

ထိုအသံမှာ ဦးမောင်ကြိုင်၏အသံ မဟုတ်မှန်း သိလိုက်သောကြောင့် ကျွန်တော် ဆက်၍အသံမပြုတော့၊ သို့သော် ထိုမီးအုပ်ဆောင်းပိုင်ရှင်သည် ကျွန်တော် ရှိရာဘက် ဆီသို့ ဦးတည်၍ လျှောက်လေသောကြောင့် အစောပိုင်း အဘေးနားတွင် ချထားမိသည့် ဖားရိုက်တုတ်ကို စမ်း၍ ကောက်လိုက်ပြီး ကျင်းသယ် (သေး)ဖြင့် ပန်းလိုက်သည်၊ ပြီးနောက် မတ်တတ်ထရပ်လိုက်ပြီး အခြေအနေမဟန်က ကိုယ့်ဘက်က စတင်တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်လေတော့သည်။

ထိုသူလည်း ကျွန်တော့်ဘက်သို့ တိုက်ရိုက်ဖြင့်လမ်းလျှောက်လာသည်ကို တွေ့လိုက်ရလေသည်၊ ကျွန်တော် သတိထားနေလိုက်သည်၊ အကယ်၍ တုတ်တစ်လှမ်းစာခန့် ရောက်လာလျှင် လက်ထဲမှတုတ်ဖြင့် လက်ဦးအောင်ရိုက်လိုက်မည်ဟုလည်း စဉ်းစားထားလိုက်မိသည်၊ တရွေ့ရွေ့ဖြင့် ထိုသူလည်း ကျွန်တော်နှင့် မလှမ်းမကမ်းသို့ ရောက်လာသည်၊ ထိုအခိုက် တောင်ဘက် ခပ်လှမ်းလှမ်းတစ်နေရာမှ အသံတစ်သံ ထွက်ပေါ်လာတော့သည်၊

"ဟေး"

■

ဒီကောင်လေးက အကောင်သော်ထယ်သည် စကားပြောရာတွင် ကြီးကြီးကျယ်ကျယ် ပြောတတ်သလို ဟိုစပ်စပ်ဒီစပ်စပ် လုပ်တတ်ကိုင်တတ်သည်၊ တချို့ကိစ္စတွေကို သူကပင် လူကြီးတွေထက် တတ်နေချေသေးသည်၊ ပြီးတော့ သူက ရွယ်တူကောင်လေးများထက်ပို၍ သတ္တိကောင်းသည်ဆိုရမည်၊ ဒီအရွယ်ကောင်လေးတွေဟာ များသောအားဖြင့် ဟိုဟာကြောက်၊ ဒီဟာကြောက် ဖြစ်တတ်ကြသော်လည်း သူကတော့ သုံးရာသီလုံး နေရာမရွေး အချိန်အခါမရွေး သွားလာတတ်သောကြောင့် ခုလို ဖားလိုက်ရာတွင် တစ်ယောက်တည်း ထားခဲ့ရသော်လည်း သူ့အတွက် သိပ်စိတ်ပူစရာ မရှိ။

ဦးမောင်ကြိုင် တစ်ယောက်တည်း တွေးတောရင်းဖြင့် ဖားအသံ ကြားရာဘက်ဆီသို့ ဦးတည်၍ လာနေသည်၊ သို့သော် ကောင်လေးပြောသလိုဝင်မိုးသိပ်မရွာလို့လားတော့ မသိ၊ တခြားဖားများ၏ အော်သံကိုကား မကြားရ၊ ဤတစ်ကောင်တည်းသော ဖား၏အော်သံကား အသံခပ်ကျယ်ကျယ်နှင့် ပေါ်လိုက် ပျောက်လိုက်ဖြစ်နေသည်၊ ထို့အတူ အသံလာရာသည်လည်း ဟိုနားလိုလို၊ ဒီနားလိုလိုနှင့်၊ ခုပဲ သူ့ရှေ့ဘက်နားက အသံကြားသော်လည်း သေသေချာချာ နားစိုက်ထောင်လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

အသံကဘေးနားဘက်ရောက်နေသလို ကြားနေရပြန်သည်။ ထိုအသံနောက် လိုက်ပြီး အနားမရောက်တရောက်မှာ ရပ်၍ အသံကို နားထောင်မိလိုက်သည့် အခါ အသံထွက်ပေါ်ရာက နေရာလွှဲနေ ပြန်သည်။

ဘာပဲဖြစ်ဖြစ်၊ ဒီဖားကို တော့ ရအောင်ဖမ်းရမည်။ ဒီဖားကိုမှ မရလျှင် သူ့သားအရွယ်တူအရွယ်ကောင်လေး၏ ပြတ်ရယ်လှောင်ပြောင်ခြင်းကို ခံရပေ လိမ့်မည်။ ထိုကဲ့သို့လည်း အလှောင်မခံ နိုင်ပါ။ ထို့ကြောင့် ဖားအော်သံကို နားစွင့် ရင်း ဖားနောက်လိုက်မိသည်မှာ အချိန် ပင် အတော်ကြာသွားပြီ ဖြစ်သည်။ သို့သော် အမှောင်ထဲတွင် စမ်းတဝါးဝါး လိုက်နေရင်း အချိန်ကုန်မှန်းမသိ ကုန် သွားသည်ကိုကား သူ သတိမထားမိ လိုက်။ ထိုအခိုက် ခပ်ပါးပါး မိုးရိပ်တို့က လေအသုတ်တွင် ရုတ်ခနဲ ရှင်းသွား သည်။ လဆန်းရက် လရောင်က လယ် ကွင်းထဲ ထိုးဖြာကျလာသည်။ သစ်ပင် ရိပ်များကို တွေ့လိုက်ရသည်။ နောက်ပြီး ခရာဆူးချုံများ၊ လယ်ကွင်းထဲတွင် သစ်ပင်များ မရှိကြောင်း သတိရမိသော ကြောင့် သူ သေသေချာချာ အာရုံစူးစိုက် ကြည့်လိုက်မိသည်။ သေသေချာချာ ကြည့်မိသောအခါမှ ခပ်လှမ်းလှမ်းတွင် ဂုန်နီစက်ရုံနောက်ဘက် လှိုင်မြစ်ထဲသို့ စီးဆင်းနေသော ချောင်းကို လှမ်းမြင် လိုက်ရသည်။ ထိုအခါကျမှ သူ လမ်းမှား နယ်ကျွံလာကြောင်း သတိထားလိုက်မိ သည်။ သို့သော် ဖားအော်သံကား ကြား နေဆဲပင်။ ဦးမောင်ကြိုင် ခပ်သွက်သွက် ပင် မီးအုပ်ထဲမှ မီးခွက်ကို မီးထွန်းညှိ လိုက်သည်။ ထို့နောက် လာရာလမ်းမ ဘက်ဆီသို့ မီးခွက်အလင်းရောင်ဖြင့် မှန်းဆ၍ လျှောက်လာခဲ့မိပေတော့ သည်။

သူ လှမ်းလျှောက်လာရာ လမ်းတစ် လျှောက် သူ့နောက်မှ တစ်စုံတစ်ဦးက လိုက်လာသလိုလို ခံစားရလေသည်။ ထို့ကြောင့် အနောက်ဘက်ဆီသို့ ပြန်၍ ကြည့်မိသော်လည်း သူ့နောက်တွင် တစ်စုံတစ်ယောက် လိုက်လာသည်ကို မမြင်ရ။ ထိုသို့ နောက်ဘက်ကြည့်လိုက် လမ်းလျှောက်လိုက်လုပ်ရင်း မကြာ မကြာလည်း "ဟေး" ခနဲ "ဟေး" ခနဲ ဟစ်အော်ရင်း လမ်းလျှောက်လာခဲ့ပေ သည်။ သူ အချက်ပေးနေသော်လည်း သူ့အသံအား တုံ့ပြန်အချက်ပေးသံကား ပေါ်မလာသေး။ ဒါဆို သူ မူလထွက်ခဲ့ သည့်နေရာကို မရောက်သေး။ ကောင် လေး စောင့်နေမည့်နေရာကို မရောက် သေး။ ဒီလို မှားယွင်းမှုကြောင့် မှောင်ထဲ တွင် တစ်ယောက်တည်း ကျန်ရစ်နေ သော ကောင်လေးအတွက် စိတ်ပူပန် လာမိသည်။ ကောင်လေးတစ်ခုခုဖြစ် လျှင် အဖော်စပ်ခေါ်ဆောင်လာသည့် သူ့အတွက် ကောင်လေး၏ မိဘများက အပြစ်ဆိုစရာ ဖြစ်ပေတော့မည်။ ထို့ကြောင့် အချက်ပေးသံကို အဆက် မပြတ် အော်နေမိလေတော့သည်။

"ဟေး..."

"ဟေး..."

"ဟေး..."

ထိုအခိုက် သူ့နားထဲတွင် သူ့အချက် ပေးသံအား တုံ့ပြန်လိုက်သည့် အချက် ပေးသံတစ်ခုကို ကြားလိုက်မိလေသော ကြောင့် ဦးမောင်ကြိုင် ဝမ်းသာသွား သည်။ သေချာအောင် သူ ထပ်မံ၍ အသံ ပြုလိုက်ပြန်သည်။

"ဟေး..."

"ဟေး..."

သူ ဝမ်းသာသွားသည်။ သူ့အား တုံ့ပြန်အချက်ပေးသည့်အသံမှာ ကောင် လေး၏ အသံဖြစ်သည်။ ထို့ကြောင့် ကောင်လေးရှိမည်ထင်ရသော နေရာ အား "ဟေး" ခနဲ အသံပြုရင်း လျှောက် လှမ်းနေမိလေသည်။ အနားရောက် သည့်အခါ သူ အံ့အားသင့်သွားသည်။ ကောင်လေးသည် လယ်ကန်သင်း တစ်ခုပေါ်တွင် မတ်တတ်ရပ်ရင်း ဖား ရိုက်တုတ်အားလည်း အသင့်တိုက်ခိုက် ရန် ပြင်ဆင်ထားသည်ကို တွေ့လိုက်၍ ဖြစ်သည်။ သို့သော် သူ ဘာမျှတော့ မမေးတော့၊ အိမ်ပြန်ရန်သာ ပြောလိုက် တော့သည်။

"ကိုင်း - မောင်ကျော်ရေ၊ အိမ်ပြန် ကြစို့ကွာ"

■

ဦးမောင်ကြိုင်အသံအား တုံ့ပြန်နေ သောကြောင့် အစောပိုင်းက သူ့ဘက် လျှောက်လာသည့် မီးအုပ်ဆောင်းနှင့် လူအား သူ သတိလက်လွတ် ဖြစ်သွား မိသည်။ အစောပိုင်းက သူနှင့် ခပ် မဝေးလှသော အကွာဝေးတွင် ရှိနေ သော်ငြားလည်း ခု သူ သတိရ၍ကြည့်မိ

www.burmeseclassic.com

သည့်အခါ ထိုသူအား မတွေ့တော့။ လယ်ကွင်းအနှံ့ မျက်လုံးဝေ့၍ ကြည့်လိုက်မိသော်လည်း ဘာတစ်ခုမျှမတွေ့။ မီးအုပ်ဆောင်းအလင်းရောင်ကိုသော်မျှမတွေ့၊ ခဏအကြာတွင် သူ့အနားရောက်လာသည့် ဦးမောင်ကြိုင်အား တွေ့လိုက်ရလေသည်၊ တစ်ဆက်တည်း ဦးမောင်ကြိုင်က အိမ်သို့ပြန်ရန် ပြောလေသောကြောင့် သူလည်း ဦးမောင်ကြိုင်နောက်မှ လိုက်လာခဲ့မိလေတော့သည်။

ရပ်ကွက်ထဲ ပြန်ရောက်သည့်အခါ ဦးမောင်ကြိုင်အိမ်သို့ဝင်ပြီး ခြေလက်ဆေးသည်၊ ထို့နောက် သူတို့ ရလာခဲ့သည့် ဖားများအား ခွဲဝေယူကြရန် သံလင်ဗန်းတစ်ခုထဲသို့ ပလိုင်းအခင်းအား မှောက်ပြီး မှောက်ချလိုက်သည်၊ သူတို့ အံ့အားသင့်သွားသည်၊ ဖားတစ်ကောင်မျှ ထွက်ကျမလာ၊ ထို့ကြောင့် ပလိုင်းထဲသို့လက်နှိုက်ကြည့်ကြသည်၊ ပလိုင်းထဲတွင်လည်း ဖားတစ်ကောင်မျှ ရှိမနေတော့၊ ကောင်လေးက သူ့ကိုမေးသည်၊

"ဖားတွေ ဘယ်ရောက်ကုန်လည်း ဦးမောင်ကြိုင်၊ ဖားအရနည်းလို့ လမ်းမှာ လွှင့်ပစ်လိုက်ပြီလား"

"ဘယ်ကလာ - လွှင့်ပစ်ရမှာလဲ ကွာ၊ ငါကိုယ်တိုင်က ဖားကြော် စားချင်လို့ မင်းကို အဖော်ခေါ်ပြီး ဖားရိုက်တာပေါ့ ကောင်လေးရာ၊ ငါ ဘယ်ကလာ လွှင့်ပစ်ရမှာလဲ"

ထို့နောက် သူ ကြုံခဲ့ရသည့် အခြေအနေများကို ပြောပြသည့်အခါ ကောင်လေးကလည်း သူ တွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြလေသည်၊ ကောင်လေးသည်း ခြေပျက်မသွား၊ ကြောက်လန့်မသွားခြင်းကိုပင် ကျေးဇူးတင်ရဦးမည် ဖြစ်သည်၊ နံနက်လင်းသောအခါ သူတို့နှစ်ဦး ကြုံတွေ့ခဲ့ရသည်များကို သူတို့၏ ဆရာကြီး ဦးတင်မောင်က သရဲခြောက်ခံရသည်ဟူ၍ ကောက်ချက် ချသည်၊ ထိုနေ့မှစ၍မောင်ကျော်ဆိုသောကောင်လေးသည် သူ့ဆရာဦးတင်မောင်မပါဘဲ မည်သူနှင့်မျှ ဖားမရိုက်တော့ပေ၊

ထိုမောင်ကျော်ဆိုသော စာရေးသူ ပင် ယခုအခါ အသက် ငါးဆယ်ကျော် အဘိုးအို ပေါက်စလေးဖြစ်နေသော်လည်း ထိုညက အဖြစ်အပျက်များထဲ သရဲခြောက်သည်လား၊ စိတ်ချောက်ချား၍ ထင်ယောင်ထင်မှားဖြစ်သည်လား ဆိုသည်ကို လုံးဝ ဝေခွဲမရဖြစ်လျက် ရှိနေပေတော့သည်၊

(စာကြွင်း - ကျွန်တော့်အား ဖားရိုက် ငါးရှာသင်ပေးသော ဦးတင်မောင်နှင့် ဦးမောင်ကြိုင်တို့သည် ယခုချိန်ထိ အသက်ထင်ရှား ရှိကြဦးမည်ဆိုပါလျှင် အသက်ရှစ်ဆယ်ဝန်းကျင် အဘိုးကြီးများ ဖြစ်နေကြပေလိမ့်မည်၊ ထိုပုဂ္ဂိုလ်များရှိနေကြသေးလျှင် သို့မဟုတ် ထိုသူများ၏ သားသမီးများ ဤစာစုကို ဖတ်မိကြလျှင် ဖုန်း - ၀၉၄၂၅၃၃၇၁၃၂ သို့ ဆက်သွယ်စေလိုပါသည်၊ စာရေးသူ)

**မြတ်သက်ကျော်**

## မြန်မာဆေးမြီးတိုများ

**ဒူးခေါင်းကြီးရောဂါ**

- ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။

**ဒူလာမြင်းသရိုက်**

- ကြက်သွန်နီကို မီးဖုတ်၊ အရည်နွေးနွေး နားထဲထည့်ပါ။
- မြန်မာကုက္ကိုရွက်ကို အရည်ညှစ်ပြီး မီးဖြင့်နွေးကာ နားထဲထည့်ပါ။
- တောင်ဇရိုးအစေ့ကို နမ်းဆီနှင့်ရော၍ နားကျပ်ပေးပါ။

**နားလေထွက်**

- တရုတ်စကားပွင့်ကို နားတွင် ဖိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ်လုပ်စားပါ။

**နားအူလေထွက်**

- သဘောရွက်မီးအုံး၍ အတို့အမြှုပ်လုပ်စားပါ။

**နားပြည်ယို**

- ကျီးအာသီးကြိတ်ဖတ်ကို အုန်းဆီနှင့်ရော၍ နားကြပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒရက္ကူလာရိုင်ဝန်စတော

# ရှေးဟောင်းနာရီလေး

ဒရက္ကူလာရိုင်ဝန်စတော ရှေးဟောင်းနာရီလေး

ထူးသင်းစေအောင်

ကျွန်တော်သည် ခရီးထွက်ရတာကို ဝါသနာပါသူဖြစ်သည်၊ ဒေသန္တရဗဟုသုတများကို ရှာမှီးချင်သူဖြစ်ပြီး ထိုအကြောင်းအရာများကိုလည်း အများပြည်သူ သိရအောင် စာပေဖြင့် ဖော်ပြချင်သူဖြစ်သည်၊ တစ်နည်းအားဖြင့် ခရီးသွားခြင်းသည် ကျွန်တော်ရဲ့အလုပ်ကိစ္စနှင့်လည်း သက်ဆိုင်နေပါသည်၊ ကျွန်တော့်၏ အလုပ်ကတော့ အထက်ကဖော်ပြထားတာတွေနှင့် သက်ဆိုင်နေသော စာရေးဆရာအလုပ်ပဲ ဖြစ်ပါသည်၊ ယခုလည်း ကျွန်တော့်ထံသို့ အဘိုးသမားရောက်လာပြီး စာတစ်စောင်လာပေးသွားသည်၊ ကျွန်တော့်ထံစာရေးလိုက်တဲ့သူကတော့ သူတို့မြို့ကလေးကို လာလည်ဖို့ ဖိတ်ခေါ်တဲ့ စာပါပဲ။

ကျွန်တော်လည်း စာရေးဖို့ နေရာလိုအပ်နေသည်မို့ သူငယ်ချင်း စိုင်းစည်သူတို့နေသော ရှမ်းပြည်နယ်မှ ကလောမြို့ကလေးကို အလည်သွားဖို့ ဆုံးဖြတ်လိုက်သည်၊ သူငယ်ချင်း စိုင်းစည်သူနှင့် ကျွန်တော်သည် တက္ကသိုလ်တက်တုန်းက သိခဲ့ကြသော ခင်မင်ရသည့် သူငယ်ချင်းများ ဖြစ်ကြသည်၊ ဘွဲ့ရပြီးနောက်ပိုင်း စိုင်းစည်သူက သူ့ရဲ့

www.burmeseclassic.com

ထက် မွေးရပ်မြေဖြစ်သော ကလောမြို့ကလေးဆီပြန်သွားခဲ့သည်။ အဲဒီနောက်ပိုင်း ကျွန်တော်နှင့် စိုင်းစည်သူတို့ အဆက်အသွယ် ပျက်သွားခဲ့ကြသည်။ ယခုမှ စိုင်းစည်သူဆီက တဖြင့် အဆက်အသွယ်ရလာခြင်း ဖြစ်သည်။

ကျွန်တော်သည် စိုင်းစည်သူတို့ တလောမြို့ကလေးကို မနက်ဖြန်ပင် သွားဖို့ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အစုကတည်းက ပြင်ဆင်စရာရှိတာများကို ပြင်ဆင်ရင်း ထုပ်ပိုးစရာရှိတာကို ထုပ်ပိုးနေလေသည်။

■

ကျွန်တော် သွားမည့် ခရီးစဉ်၏ ကားလက်မှတ်ကို မနေ့ကကြိုတင်ဖြတ်ထား၍ အခက်အခဲတော့ သိပ်မရှိပေ။ ကားထွက်မည့် အချိန်မီ ကျွန်တော် အဝေးပြေးကားဂိတ်ဆီ အရောက်လာခဲ့သည်။ Express ကားကြီးပေါ်ရှိ လက်မှတ်တွင်ပါသော ထိုင်ခုံနံပါတ်မှာ ဝင်ထိုင်လိုက်သည်။ ဘေးခုံတွင် လူတစ်ယောက်က ကြို၍ ထိုင်နေသည်။ Express ကားကြီးသည် အဝေးပြေးကားဂိတ်မှတလိမ့်လိမ့်နှင့် စတင်ထွက်ခွာစပြုလေပြီ။ Expressကားကြီးပေါ်မှာတော့ ခရီးသည်များ အပျင်းပြေစေရန် ဗီဒီယိုကားများ ပြသလျက်ရှိသည်။ ကျွန်တော်လည်း ထိုင်ခုံမှနေ၍ တီဗီဆီ အကြည့်ရောက်နေမိသည်။ ကားထဲတွင် အဲယားကွန်း ဖွင့်ပေးထားသည်မို့ အအေးဓာတ်ကဲနေသည်။ ခဏအကြာတွင် ကျွန်တော့် မျက်လုံးများ ငိုက်စင်းလာပြီမို့ ထိုင်ခုံနောက်မှီကိုမှီရင်း ခေတ္တမှိတ်ကာ အနားပေးလိုက်သည်။

"ကားပေါ်ရှိ ခရီးသည်များခင်ဗျာ၊ အောက်ဆင်းပြီး ဗိုက်ဖြည့်ဖို့ အချိန်ရောက်ပါပြီ။ ဗိတ်လျှောချင်တဲ့သူများလည်း လျှောနိုင်ပါတယ်"

ကားစပယ်ယာ၏ အော်သံခပ်ကျယ်ကျယ်ကြောင့် ကျွန်တော် အိပ်ပျော်ငိုက်မြည်းနေရာမှ လန့်နိုးလာလေသည်။

စပယ်ယာ၏ စကားအဆုံးတွင် ကားပေါ်ရှိ ခရီးသည်များ တဖွဲဖွဲနှင့်ပင် ကားပေါ်မှ ဆင်းသွားကြသည်။ ကျွန်တော်လည်း ယူစရာရှိတာယူ၊ ထားသင့်တာထားပြီးကားပေါ်မှဆင်းခဲ့လေသည်။ ကျွန်တော်ရဲ့ ဝမ်းဗိုက်က ဆာလောင်မှုအချက်ပေးနေပြီမို့ကားရပ်နားရာထမင်းဆိုင်ကလေးမှာပင် ဝင်ရောက်စားလိုက်လေသည်။

"ဝင်းမာလာ" ကားကြီးပေါ်မှာ စီးနင်းလိုက်ပါလာသော ခရီးသည်များခင်ဗျား ကားပေါ်တက်ရန် အချိန်ကျရောက်ပါပြီ။ ကားထွက်ပါတော့မယ် ခင်ဗျာ"

ကားစပယ်ယာ၏ အသံခပ်စာစာကြောင့် ကျွန်တော်လည်း လိုအပ်တာလေးတွေ ဝယ်နေရာမှ ကားပေါ် အမြန်တက်လိုက်ရသည်။ Express ကားကြီးထဲ ခရီးသည်များ စုံလင်နေပြီမို့ ရပ်နားရာမှ စတင် ထွက်ခွာလေသည်။ အပြင်ဘက်တွင် အမှောင်ရိပ်သမ်းနေပြီမို့ ကားမှန်မှတစ်ဆင့် မြင်လေသမျှ မြင်ကွင်းများ ကမှောင်နှင့်မည်းမည်းဖြစ်နေသည်။ ထို့ကြောင့်ကျွန်တော်လည်းအပြင်ဘက်မြင်ကွင်းကို ဆက်မကြည့်တော့ဘဲ အနားယူဖို့ စိတ်ကူးလိုက်သည်။ ထိုင်ခုံနောက်မှီတွင်ခေါင်းတင်မှီရင်းကျွန်တော်မျက်လုံးများကို မှိတ်ကာ MP-4 ဖြင့်နားကြပ်တပ်၍ သီချင်းနားထောင်ပြီး အိပ်စက်လေသည်။

■

"ကားပေါ်ရှိ ခရီးသည်များ ခင်ဗျာ၊ မနက်ခင်းချိန် ရောက်ပြီမို့ မျက်နှာသစ်သွားတိုက် လုပ်စရာရှိတာလုပ်ဖို့ ကားပေါ်မှာ ခဏဆင်းလို့ ရပါပြီ"

ကားစပယ်ယာ၏မနက်ခင်းဆော်ဩလိုက်သော အသံခပ်စာစာကြောင့် ကျွန်တော်လည်း ထိုင်ခုံမှ ထရပ်တာ အညောင်းအညာ ဖြေလိုက်သည်။ ထို့နောက် ကားပေါ်မှဆင်းကာ အနီးရှိဆိုင်တစ်ဆိုင်ဝင်ပြီး မျက်နှာသစ်၊ သွားတိုက်ပြီး ကိုယ်လက်သန့်စင် ဆေးကြောလေသည်။ ထိုဆိုင်မှာပင် မနက်စာအဖြစ် မုန့်ဟင်းခါး မှာစားလိုက်သည်။ ထို့နောက် စပယ်ယာ၏ ကားပေါ်ပြန်တက်ရန် နှိုးဆော်သံကြောင့် ကျွန်တော်လည်း မုန့်ဟင်းခါးအမြန်စားပြီး ကားပေါ်တက်ထိုင်လိုက်ရသည်။ Express ကားကြီးသည် ရပ်နားရာမှပြန်၍ထွက်ခွာလာခဲ့လေပြီ။ ကားပြတင်းပေါက်မှတစ်ဆင့် မနက်ခင်းမြင်ကွင်းအလှကို ကြည့်ရှုခံစားနေမိသည်။ အစိမ်းရောင်ရှိသော သစ်ပင်များ နိမ့်မြင့် မညီညာ၊ တောင်ကုန်းများ တောင်တန်းများဖြင့်လှပကာ ကြည်နူးပြီးကြည့်လေတိုင်း စိမ်းစိုနေခဲ့သည်။ မကြာခင်မှာပင် ကျွန်တော် စီးလာသော Express ကားကြီးသည် တလောမြို့ကလေးထဲ ဝင်ရောက်လာပေပြီ။ ကားဂိတ်ဝင်းထဲ ကျွန်တော် စီးလာသော Express ကားကြီးသည် ကားဂိတ်တွင် နေရာတကျ ထိုးရပ်သွားသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

နောက် ကားစပယ်ယာသည် ခရီးသည်များဘက်လှည့်၍ လက်ခုပ်တီးကာ ...

"ကားပေါ်ရှိ ခရီးသည်များ ခင်ဗျာ လိုရာခရီးရောက်ပြီမို့ ဆင်းနိုင်ကြပါပြီ ခင်ဗျာ"

ကားပေါ်ရှိ ခရီးသည်များ တဖွဲဖွဲနှင့် ဝင် ဆင်းသွားကြသည်၊ ကျွန်တော် တစ်တော့ လိုရာခရီးရောက်ပြီမို့ အလော တကြီး ဆင်းစရာမလိုပေ၊ နောက်ဆုံးမှ ကျွန်တော်ရဲ့ ခရီးဆောင်အိတ်ကို လွယ်ရင်း ကားပေါ်မှ ဆင်းလိုက်သည်၊ ကျွန်တော်သည် ကားဂိတ်ဝင်းထဲ လှည့်ပတ်သွားရင်း အနီးရှိရပ်ထားသော မြင်းလှည်းတစ်စီးကို တွေ့သွားလေသည်၊ ထိုမြင်းလှည်းအနားသို့ ကျွန်တော် လျှောက်သွားတော့ ...

"အစ်ကိုလေး - မြင်းလှည်းငှား မလားခင်ဗျာ"

မြင်းလှည်းထက်ဝယ် ကြိမ်တံကိုင်ထားသော မြင်းလှည်းသမားက ကျွန်တော့်ကိုကြည့်ရင်း ဖော်ရွေစွာ လှမ်းမေးသည်၊ ကျွန်တော် ခေါင်းညိတ်လိုက်ရင်း သူငယ်ချင်း စိုင်းစည်သူပေးထားသော လိပ်စာထဲကအတိုင်း သွားမည်၊ လှည်းသမားက ကျွန်တော် သွားမည့်နေရာကို သိသောကြောင့် မြင်းလှည်းငှားစဉ်မှာပင် မြင်းလှည်းသမားသည် ကြိမ်တံဖြင့် တဖျန်းဖျန်းရိုက်ကာ အသံပေးလို့စတင်၍ မောင်းနှင်လေသည်၊ ခေါက်တစ်ဖက်တစ်ချက်ကြည့်ရင်း မြင်းလှည်းပေါ်တွင် လိုက်ပါလာသည်၊ လမ်းချိုးကွေ့လေးများစွာဖြတ်ကျော်ခဲ့ပြီးနောက်တဖြည်းဖြည်း မြို့အစွန်ဘက်ကျသော နေရာအထိ ရောက်လာသည်၊

"မြင်းလှည်းဆရာ ရောက်တော့မှာလား - ခင်ဗျာ၊ ပြောပြပါဦး"

"ရောက်တော့မှာပါ - ကိုယ့်ဆရာ၊ ကိုယ့်ဆရာပေးတဲ့လိပ်စာက မြို့အစွန်မှာရှိတဲ့ မြိုင်မဟာဂေဟာကြီးပါပဲ"

ဒီလိုနှင့်မြင်းလှည်းလေးသည်မြိုင်မဟာဂေဟာဟု ဆိုင်းဘုတ်ချိတ်ထားသော ခြံကြီးရှေ့တွင် ရပ်တံ့သွားလေသည်၊ ရှေ့မှ မြင်းလှည်းသမားသည် နောက်သို့လှည့်ကြည့်ရင်း ...

"ရောက်ပြီ - ကိုယ့်ဆရာ၊ ကိုယ့်ဆရာပြောတဲ့လိပ်စာက ဒီနေရာပဲ"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ ခင်ဗျာ"

ကျွန်တော်သည် အကျႌအိတ်ကပ်ထဲက ပိုက်ဆံကိုထုတ်ယူ၍ မြင်းလှည်းသမားထံ ကမ်းပေးလိုက်သည်၊ ထို့နောက် မြင်းလှည်းပေါ်ရှိ ကျွန်တော့် ပစ္စည်းအချို့ကို လှမ်းယူ၍ မြိုင်မဟာဂေဟာကြီးဆိုသည့် ခြံကြီးထဲသို့ လှမ်းဝင်လာခဲ့သည်၊ အိမ်ကြီးရဲ့ပုံစံက ရှေးဟောင်း အိမ်ပုံစံမျိုးပဲ ဖြစ်သည်၊ ဒါပေမဲ့ ဟောင်းနေသောအိမ်ကြီးမျိုးမဟုတ်ဘဲ ပြန်လည်ပြုပြင်ထား၍ သစ်လွင်တောက်ပနေသည်၊ အိမ်ကြီးရဲ့အဝင်ဝတွင် ပန်းအိုးကလေးများ စီစီရီရီထားရှိတာ ထိုပန်းကလေးများရဲ့ရနံ့က လေအဝှေ့တွင် ကျွန်တော့်နှာခေါင်းထဲ တိုးဝှေ့လာကာ စိတ်ကို လန်းဆန်းသွားစေသည်၊ ကျွန်တော်သည် အိမ်ကြီးထဲသို့ ဝင်လိုက်စဉ်မှာပင် ဧည့်ခန်းထဲရှိ ကြိမ်ကုလားထိုင်တွင် ထိုင်၍ စာဖတ်နေသော စိုင်းစည်သူရဲ့ အဖေကို လှမ်းယူ ...ကမြင်ခဲ့ဖူး၍ ကျွန်တော် သိနေခြင်း ...သည်၊ ကျွန်တော်သည် စာဖတ်နေသော ဦးစိုင်းဇေအောင်အား အနှောင့်အယှက်မပေးလိုပေမယ့် ကျွန်တော် ...တ်နေကြောင်း ချောင်းဟန့်၍အသိ ...လိုက်ရသည်၊

"အဟမ်း - အဟမ်း"

"ဪ - မောင်နေပိုင်ပါလား၊ လာ ...တွယ် - လာထိုင်ပါ"

"ဟုတ်ကဲ့ - ဦးလေး"

ကျွန်တော်သည် ခရီးဆောင်အိတ် ...ကိုဆွဲရင်းဦးစိုင်းဇေအောင်ဆီ လှမ်းလာခဲ့သည်၊ ထို့နောက်ဦးစိုင်းဇေအောင်ရဲ့ဘေးရှိ ကြိမ်ကုလားထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်၊

"အေးကွယ် - မောင်ရင့်သူငယ်ချင်းရော မပါလာဘူးလား"

"ကျွန်တော် တစ်ယောက်တည်းပါပဲဦးလေး၊ သူငယ်ချင်းမပါပါဘူးအစိုင်းရော"

"အေးကွယ် - အဲဒါပဲ မေးနေတာလေ၊ မင်းသူငယ်ချင်းအစိုင်းမင်းကိုကားဂိတ်မှာ သွားကြိုမယ်ဆိုပြီး ထွက်သွားတယ်"

"ဟုတ်လား - ဦးလေး၊ ဒါဆို လမ်းလွဲလာခဲ့ပြီတူတယ်"

"အေးကွယ် - မောင်ရင်လည်း ဝင်ပန်းလာခဲ့ပြီပဲ ခဏနေဦးနော်၊ မောင်မြ - ဟေ့ - မောင်မြ - ဒီခဏ လာစမ်းပါဦး"

ဦးစိုင်းဇေအောင်ကအိမ်မှာဝေယျာဝစ္စ လုပ်ကိုင်ပေးနေသော မောင်မြကို လှမ်းခေါ်လေသည်၊ မောင်မြသည် ချက်ချင်းဆိုသလို ရှေ့ရောက်လာပြီး ...

"ဟုတ် - ဆရာ - ပြောပါဆရာ"

"အေး - ဒီသူငယ်ကို မနေ့က ရှင်းထားတဲ့ အခန်းဆီ သေချာလိုက်ပို့ပေးလိုက်ပါ၊ အထုပ်အပိုးတွေလည်း ကူသယ်ပေးလိုက်ဦး"





www.burmeseclassic.com

www.burmeseclassic.com

"ထုတ်ကဲ့-ဆရာ"

မောင်မြဆိုသူက ကျွန်တော်ရဲ့ အထုပ်အပိုးများကို ကူညီသယ်ဆောင်ပေးရင်း နေရာမဲ့အခန်းဆီသို့ လိုက်ပေးလေသည်။ ကျွန်တော်လည်း ခရီးဆောင်အိတ်တစ်အိတ်ကို ဆွဲရင်း မောင်မြရဲ့နောက်သို့လိုက်လာခဲ့သည်။ ကျွန်တော်နှင့် မောင်မြတို့သည် ရှေးခေတ် ကျွန်းသားများဖြင့် ပြုလုပ်ထားသော တွန့်လိမ်ကောက်ကွေ့ လှေကားမှတစ်ဆင့် အိမ်အပေါ်ထပ်သို့တက်လာခဲ့ကြသည်။ အိမ်အပေါ်ထပ်တွင် အလွန်သပ္ပာယ်ဖွယ်ကောင်းသော ဘုရားခန်း အကျယ်ကြီးရှိပြီး အိပ်ခန်းလည်း တော်တော်များများရှိသည်။ ကျွန်တော်လည်း ခရီးပန်းထား၍ ဘုရားခန်း မဝင်ဖြစ်ပေ။ ကျွန်တော် နေရမည့်အခန်းဆီသို့သာ ဦးတည်၍ လာခဲ့သည်။ ကျွန်တော် နားချင်ပြီလေ။

"အစ်ကိုလေး နေရမဲ့အခန်းက ဒီအခန်းပါပဲ ခင်ဗျာ"

ကျွန်တော် နေရမည့်အခန်းသည် ဝရန်တာနှင့် အနီးဆုံးတွင်ရှိပြီး လေဝင်လေထွက်ကောင်း၍ သက်သောင့်သက်သာရှိလေသည်။ ဧည့်သည်မို့ VIP အခန်း ပေးထားဟန်တူသည်။ ကျွန်တော့် အခန်းရဲ့ ခေါင်းရင်းအခန်းတွင်လည်း ဘုရားခန်း ရှိလေသည်။ အတော့်ကို အဆင်ပြေပါသည်။

"ကောင်းပါပြီ-မောင်မြ"

မောင်မြသည် အခန်းတံခါးအား ခါးကြားတွင် ထိုးထားသော သော့တံတစ်ချောင်းဖြင့် လှည့်၍ဖွင့်လိုက်သည်။ ထို့နောက် ကျွန်တော့်အထုပ်အပိုးများကို အခန်းထဲသွင်းပေးပြီး ...

"အစ်ကိုလေး-ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

အခန်းထဲမှ မောင်မြ ထွက်သွားပြီး ကျွန်တော်လည်း အထုပ်အပိုးများကို ဖြစ်သလိုပင် နေရာချထားလေသည်။ ထို့နောက် အခန်းတံခါး ပြန်စေ့ထားရင်း မွေ့ရာခုတင်ထက် ခန္ဓာကိုယ် ပစ်လှဲချလိုက်သည်။ နူးညံ့အိစက်နေသော မွေ့ရာ၏ အထိအတွေ့အကြောင့် ခရီးပန်းလာသော ကျွန်တော် အိပ်ပျော်လို့ သွားခဲ့လေသည်။

■

"ဒေါက်-ဒေါက်-ဒေါက်"

အခန်းတံခါး ခေါက်သံကြောင့် ကျွန်တော်အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် လဲလျောင်းနေရာမှ ထထိုင်ကာ ဆံပင်များကို လက်ဖြင့် ထိုးဖွရင်း ...

"ဘယ်သူလဲ ခင်ဗျာ"



"ငါပါကွ-အစိုင်း"

"ဩော်-အစိုင်း ဝင်ခဲ့လေ၊ တံခါးတစေ့ထားရုံ"

အပြင်ဘက်မှ အစိုင်းအသံကြောင့် ကျွန်တော် လှမ်းပြောလိုက်သည်။ ထို့နောက် ကျွန်တော့် အခန်းထဲ အစိုင်းရောက်လာပြီး ခုတင်ပေါ် တက်ထိုင်တာ ...

"သူငယ်ချင်း-ဘယ်တုံးကရောက်လဲကွ"

"အင်း-ညနေလောက်ကပါ"

"ဟုတ်လား-ငါမင်းကိုလာကြိုမလို့ပဲ ငါ့ရည်းစားနဲ့ လမ်းမှာတွေ့လို့ ပါသွားတာကွ၊ မင်းနဲ့ လွဲသွားတယ် ဆောရီးကွာ"

"ဩော်-ကောင်းပါ့ကွာ၊ သူငယ်ချင်းထက် ရည်းစားကို အလေးပေးတာကောင်းပါတယ်"

ကျွန်တော်က အစိုင်းရဲ့ ပခုံးကို လက်ဖြင့် လှမ်းပုတ်ရင်း မဲ့ပြုံးပြုံးကာ ပြောလိုက်သည်။ အစိုင်းရဲ့ ဖြူလွန်းလှသော အသားအရေကြောင့် နီမြန်းမြန်းဖြစ်နေသော မျက်နှာကြီးက ပြုံးဖြီးဖြီးကြီး ဖြစ်လာသည်။ ထို့နောက် အစိုင်းက ကျွန်တော့်ပခုံးကို လက်ဖြင့်ပြန်လှမ်းပုတ်ရင်း ...



လက်ထဲတွင်ပါလာသော မီးခြစ်ကို ခြစ်ကြည့်စဉ် မှိန်ပျပျ အလင်းရောင်အောက်တွင် မြင်လိုက်ရသည်မှာ မျက်နှာကြက်တွင် ကြိုးဆွဲချသေဆုံးနေသော ဆံပင်တားလျားနှင့် အမျိုးသမီးတစ်ဦး ဖြစ်နေသည်တကား။ သူ ကြောင်ငေးကြည့်နေရင်းမှ ထိုအမျိုးသမီး၏ မျက်လုံးများ လက်ခနဲ စူးရဲစွာ ပွင့်ဟလာပြီး သူ့ဆီ လက်များ တဖြည်းဖြည်း ဆန့်ထွက်လာကာ မီးခြစ်ကိုင်ထားသော ကျွန်တော်၏လက်အား လာဆုပ်ကိုင်လေသည် ...

www.burmeseclassic.com

"ထမင်းစားရအောင်ကွာ၊ ဖေဖေနဲ့ မေမေက မင်းကို ခေါ်ခိုင်းလိုက်တယ်"

"ဟုတ်လား - ဒါဆို သွားရအောင်လေ၊ ဦးလေးတို့ စောင့်နေတော့မယ်လာ"

ကျွန်တော်သည် ခုတင်ပေါ်မှ အလျှင်အမြန် ဆင်းရင်း ပွပွယောင်းယောင်းဆံပင်ကို လက်ဖြင့် သေသပ်အောင် ဖိကပ်လေသည်၊ ထို့နောက် အခန်းထဲမှ သူငယ်ချင်းဖြစ်သူ အစိုင်းနှင့် ကျွန်တော်တို့ ပခုံးချင်းဖက်ကာ ထွက်လာခဲ့ကြသည်၊ ကျွန်းလှေကားကြီးမှ တစ်ဆင့် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်၊ ထမင်းစားခန်းသည် အောက်ထပ်တွင် ရှိဟန်တူသည်၊ ဧည့်ခန်းနှင့် အခန်းကျယ်ကြီးနှစ်ခန်းလောက် ကျော်ဖြတ်ပြီးနောက် ထမင်းစားခန်းသို့ရောက်ရှိလာသည်၊

"ဒီအောက်ထပ် အခန်းတွေကတော့ မေမေနဲ့ ဖေဖေတို့နေကြတယ်လေ၊ ပြီးတော့ စာဖတ်ခန်းရှိတယ်၊ လူကြီးတွေဆိုတော့ ကျွန်းလှေကားအတက်အဆင်းက အန္တရာယ်များတယ်လေ၊ ဒီတော့ ဘုရားဝတ်ပြုတာလောက်ပဲ အိမ်အပေါ်ထပ် တက်ကြတယ်"

"သြော် ..."

ကျွန်တော်နှင့် အစိုင်းတို့ စကားတပြောပြောဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာကြသည်၊ ထမင်းစားခန်းထဲရှိ စားပွဲဝိုင်းတွင် အစိုင်း၏မိဘများအဆင့်သင့် ထိုင်စောင့်နေကြသည်၊ သူတို့ကို မြင်တော့ ဦးစိုင်းဖေအောင်က ...

"ကဲ - လာထိုင်ကြ"

ဟု ဆိုသည်၊ ကျွန်တော်တို့လည်း ထမင်းစားပွဲဝိုင်းတွင် ခုံဆွဲကာ ဝင်ထိုင်လိုက်ကြသည်၊ ကျွန်တော်တို့ကို ထမင်းစားစောင့်နေဟန်တူသော အစိုင်း၏ မိဘများကြောင့် အတော်အားနာမိသွားသည်၊ သို့သော်လည်း မျက်နှာပူပူနှင့်ပင် ထမင်းထိုင်စားလိုက်ရသည်၊

"ထည့်စားကြလေ - အားမနာနဲ့နော်၊ မောင်ရင် - ထည့်စား"

"ဟုတ်ကဲ့ပါ - ဦးလေး"

ကျွန်တော့်ဘေးရှိ သူငယ်ချင်း ဖြစ်သူ အစိုင်းကတော့ ထမင်းကို ငုံ့၍လွေးနေလေသည်၊ ကျွန်တော်လည်း မျက်နှာပူပူနှင့်ပင် ဦးစိုင်းဖေအောင်၏ဇနီး ခပ်ထည့်ပေးသော ဟင်းများဖြင့် စားလိုက်သည်၊ ထမင်းစားပြီးသောအခါ ဦးစိုင်းဖေအောင်သည် စားပွဲဝိုင်းမှ မတ်တတ်ရပ်ကာ ကျွန်တော်တို့ကို တစ်ချက်ကြည့်ပြီး ...

"ထမင်းစားပြီးရင် သားသူငယ်ချင်းကို ခေါ်ပြီး ဧည့်ခန်းထဲ ခဏလာခဲ့ဦး၊ အဖေ ပေးစရာရှိလို့"

"ဟုတ်ကဲ့ - ဖေဖေ"

ထမင်းစားခန်းထဲမှ လူကြီးတွေ ထွက်သွားပြီး မကြာမီ အိမ်အကူအဒေါ်ကြီး ရောက်လာကာ ပန်းကန်များကို သိမ်းဆည်းလေသည်၊ ကျွန်တော်တို့လည်း စားလို့ပြီးသွား၍ ထိုင်ခုံမှ ထရပ်ကာ ထမင်းစားခန်းထိုင်ခုံတွင် ထိုင်ကာ အဆင်သင့် စောင့်နေသော အစိုင်းရဲ့ အဖေကို တွေ့လိုက်ရသည်၊

"လာ - ထိုင်ကြ"

ကျွန်တော်တို့လည်း ဘေးရှိ ကြိမ်ကုလားထိုင်ခုံတွင် ကိုယ်စီဝင်ထိုင်လိုက်ကြသည်၊ ထို့နောက် ဦးစိုင်းဖေအောင် ပြောလာမည့် စကားသံတို့ကို နားစွင့်နေမိသည်၊ ဦးစိုင်းဖေအောင်သည် ဆေးတံကြီးကိုကိုင်ကာ တစ်ချက် ရှိုက်ရင်း ...

"ဦးလေးက မောင်ရင့်ကို လက်ဆောင်အဖြစ် ပေးချင်တာလေး ရှိလို့ပါ"

"ဟုတ်ကဲ့ - ဦးလေး - ဘာများလဲ ခင်ဗျာ"

"ဟောဒီစားပွဲပေါ်က ပစ္စည်းလေး မောင်ရင် ဖွင့်ကြည့်လိုက်ပါဦး"

ဦးစိုင်းဖေအောင်က ကျွန်တော်တို့ကို ပြောရင်း ရှေ့တွင်ရှိသော လေးထောင့်သစ်ကျွန်းသားဖြင့် ပြုလုပ်ထားသော စားပွဲရှည်ကြီးအား ညွှန်ပြသည်၊ ထိုစားပွဲပေါ်တွင် တင်ထားသော ဘူးနီကြီးတစ်လုံးက ကျွန်တော့်ကို စောင့်ကြိုလို့နေသည်၊ ကျွန်တော်သည် ထိုဘူးနီကြီးကို လက်ဖြင့် လှမ်းယူရင်း အထဲတွင်ဘာများရှိနေမလဲဆိုသည့် အတွေးဖြင့် စိတ်ဝင်စားနေမိသည်၊

"ဖွင့်ကြည့်လေကွာ - ဘာများလဲ မသိဘူးကွ"

ကျွန်တော့်ဘေးရှိ သူငယ်ချင်းဖြစ်သူ အစိုင်းလည်းပြောမှပင် ကျွန်တော်လည်း စိတ်လှုပ်ရှားစွာ ဘူးနီကြီးကို ဖွင့်ကြည့်လေသည်၊ ဘူးနီကြီးထဲတွင် ရှေးဟောင်းယောက်ျားလက်ပတ်နာရီလေး တစ်လုံး ရှိနေသည်၊ ရှေးဟောင်းနာရီလေးဆိုပေမယ့် ဟောင်းနွမ်းနေသော သရုပ်မပေါ်ဘဲ ပြောင်လက်တောက်ပနေသည်၊ စတီးဖြင့် ပြုလုပ်ထားသော နာရီလက်ပတ်လေးက ပြောင်လက်နေ၍ အနည်းငယ်ပြုပြင်ထားဟန်တူသည်၊ နာရီအိမ်ငယ်လေးထဲတွင် နာရီလက်တံများဖြင့် ကိုယ်စားပြုထားသော ရောမ အက္ခရာကိန်းဂဏန်းများပင် နာရီလေး

www.burmeseclassic.com

ကို သေချာကြည့်မိတော့ နာရီအိမ်လေး ရဲ့နောက်ကျောဘက်တွင် ခုနှစ်တစ်ခုကို ရေးထွင်းထားလေသည်၊ ထိုထွင်းထား သောခုနှစ်ကတော့ ၁၈၈၄ - ခုနှစ်ပင်၊

"ဒါကတော့ ဦးလေးတို့ ဘိုးဘေး လက်ထက်က အစဉ်အဆက် ရလာတဲ့ ရွှေးဟောင်းနာရီလေး တစ်လုံးပါပဲ၊ မောင်ရင့်ကိုအထူးအနေနဲ့လက်ဆောင် ပေးတာပါ"

"ဟုတ်ကဲ့ - ဦးလေး၊ ကျေးဇူးတင် ပါတယ် - ခင်ဗျာ"

"ရပါတယ်ကွယ်၊ ကဲ - သွားနားကြ တော့"

"ဟုတ်ကဲ့ - ဖေဖေ"

ကျွန်တော်နှင့် အစိုင်းတို့လည်း ထိုင်ခုံမှထကာ ကျွန်းလှေကားမှ တစ် ဆင့် အိမ်အပေါ်ထပ်သို့ တက်လာခဲ့ကြ သည်၊ လှေကားမှတက်လာရင်း အစိုင်း တ ကျွန်တော့်ပခုံးကို လှမ်းဖက်၍ ...

"ဖေဖေက ငါ့ကျမပေးဘူးကွာ၊ မင်း ကိုတော့ပေးတယ်၊ ဘိုးဘွားလက်ထက် က နာရီလေး၊ နာရီလေးက ပတ်ချင်စရာ လေးကွ၊ ငါတောင် လိုချင်မိတယ်"

"ဒါဆို မင်းကို ငါပေးပါတယ်၊ မင်း ယူလိုက်လေ"

"အဲလိုတော့ မယူချင်ပါဘူးကွာ၊ ငါက ဒီအတိုင်းပြောပြတာပါ၊ ဖေဖေက မင်းကို ပေးတာပဲ၊ မင်းပဲ ပတ်ပါ"

"ကောင်းပါပြီ - ငါတန်ဖိုးထားပတ် ပါ့မယ်"

"အေးပါကွာ"

ကျွန်တော်တို့လည်းစကားတပြော ပြောဖြင့် အခန်းတံခါးဖွင့်ကာ ခုတင်ပေါ် တက်ထိုင်လိုက်ကြသည်၊ ထို့နောက် အစိုင်းက ကျွန်တော့် လက်ထဲမှ ဘူးနီ ကြီးကိုလှမ်းကြည့်ပြီး မေးငေါ့ကာ ...

"မင်း လက်ပတ်နာရီလေးကို ပတ် ကြည့်ပါလား"

"အင်း - ပတ်ကြည့်ရမှာပေါ့ကွ"

ကျွန်တော်လည်း ဘူးနီကြီးထဲမှ လက်ပတ်နာရီလေးကိုထုတ်ယူ၍လက် တွင် ပတ်ကြည့်လိုက်သည်၊ လက်ပတ် နာရီလေးကို ကျွန်တော့်လက်တွင် ပတ် ကြည့်စဉ်မှာပဲ ကျွန်တော် ခံစားမှုတစ်ခု ကို ခံစားလိုက်ရသည်၊ ထိုခံစားမှုတ တစ်စုံတစ်ရာကို လွမ်းဆွေးနေသလို ဖြစ်မိခြင်းပါပဲ၊ ဘာမှန်းမသိတဲ့ ခံစား ချက်တစ်ခုက ကျွန်တော့်ရင်ထဲ ဝင်လာ သည်၊ လက်ပတ်နာရီလေးကတော့ ကျွန်တော့်လက်တွင်တောက်ပစွာရှိနေ ဆဲ၊

■



"တီ - တီ - တီ"

ကျွန်တော့်လက်တွင် ပတ်ထား သော နာရီလေးမှ ရှတ်တရက် အသံ မြည်လာသည်၊ ဘာဖြစ်တာပါလိမ့် ပြီး နာရီဆီ အကြည့်ရောက်မိစဉ် ...

"ဟင် - ၆ နာရီထိုးပြီပဲ"

လက်ပတ်နာရီလေးက ၆ နာရီထိုး ပြီဆိုတာကို အချက်ပေးသံ ဖြစ်သည်၊ ဒါတာဒီရွှေးဟောင်းနာရီလေးရဲ့ထူးခြား ချက်ပဲ ဖြစ်မည်ထင်သည်၊ ကျွန်တော် သည် ရွှေးဟောင်းပစ္စည်းကို လွန်စွာ စိတ်ဝင်စားသူဖြစ်သည်၊ သူငယ်ချင်း သူ အစိုင်းရဲ့ဖခင်ကလည်း သူတို့ရဲ့ ဘိုးဘွားအစဉ်အဆက်က ထိန်းသိမ်း ခဲ့သော ရွှေးဟောင်းလက်ပတ်နာရီ တို့ ကျွန်တော့်အား လက်ဆောင် ပေးလေပြီ၊ ထို့ကြောင့်ကျွန်တော် သာခဲ့ပြီး ရွှေးဟောင်းလက်ပတ်နာရီ ကို အမြတ်တနိုး တန်ဖိုးထားကာ ကြည့်ကြည့်ဖြစ်နေခဲ့သည်၊ ယခု ထိုနေရာလေးမှ ရှတ်တရက် မြည်လာသဖြင့် စိတ်ဝင်စားနေ ၊ လက်တွင် ပတ်ထားသော ရွှေး နာရီလေးကိုချွတ်ရင်း သေချာ ညှိမိသည်၊ ရွှေးဟောင်း လက် ရီလေးကို သေချာကြည့်မိတော့ နာရီလက်တံနှစ်ခုကို XI (ရောမဂဏန်း ၆) နှင့် XXII (၁၂)ကို ပြနေစဉ်မှာပင် အနီရောင်အစင်း ကြောင်းတစ်ခု ထင် ဟပ်လာသည်၊ သွေးစက်တွေ စွန်းပေ သွားသလိုမျိုး ရွှေးဟောင်းနာရီလေးမှာ ဒိုင်ခွက်အထင်းသား ပေါ်နေသည်၊

"ဟာ..."

ကျွန်တော့် နှုတ်ခမ်းမှ အလန့် တကြား အာမေဋိတ်သံ ထွက်ကျသွား သည်၊ ရွှေးဟောင်းလက်ပတ်နာရီလေး ကို ကျွန်တော် ရောက်ရှားစွာ ကြည့်နေ မိစဉ်မှာပင် ...

"ဖျပ် - ဖျပ် - ဖျပ်"

အခန်းထဲတွင် လူတစ်ယောက် လမ်းလျှောက်နေသော ခြေသံများ ကြားနေရသည်၊ ထိုစဉ် နံရံတွင် တပ် ဆင်ထားသော ခန်းဆီးလိုက်ကာစများ တရွေ့ရွေ့လှုပ်ခတ်သွားသည်၊

"ဖျတ်"

မျက်နှာကြက်တွင်ထွန်းထားသော မီးချောင်းမှ ရှတ်တရက် မှိန်ကျသွား သည်၊ ထို့နောက် အခန်းတစ်ခန်းလုံး အမှောင်ကျသွားလေသည်၊

"တောက် - မီးပျက်သွားပြီကွာ"

ကျွန်တော်သည် ဒေါသထွက်စွာ တောက်တစ်ချက်ခေါက်ရင်း အမှောင်



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် မီးအလင်းရဖို့ မီးခြစ်ကို ရှာနေမိသည်။ ထိုစဉ် ...

"အစ်ကို - အစ်ကိုရေ - ညီမလာပြီလေ - လာကြိုပါဦး"

အခန်းထဲတွင် မိန်းကလေးတစ်ယောက်ရဲ့တိုးတိတ်ညင်သာလွန်းသောအသံတစ်သံထွက်လာသည်။ ကျွန်တော့်အခန်းထဲတွင်ဘယ်မိန်းကလေးကရှိနေပါလိမ့်လို့တွေးမိရင်းအသံလာရာဆီသို့စူးစမ်းနေမိသည်။ အမှောင်ထဲတွင်မို့ဘာတိုမှသဲသဲကွဲကွဲမမြင်ရသောအခြေအနေဖြစ်သည်။

"ဟာ - နံလိုက်တာ၊ ဘာအနံ့ကြီးလဲဟ"

ကျွန်တော့် နာခေါင်းထဲ ညှီစို့စို့အနံ့ကြီးတိုးဝေ့လို့လာသည်။ ကျွန်တော်နာခေါင်းကိုလက်ဖြင့်ပိတ်မိရင်းလက်တစ်ဖက်ကလည်းဘောင်းဘီအိတ်ကပ်ထဲမှ မီးခြစ်ကို နှိုက်ယူရှာဖွေနေသည်။

"ရှောက်"

လက်ထဲတွင်ပါလာသောမီးခြစ်ကိုခြစ်ကြည့်စဉ် မှိန်ပျပျ အလင်းရောင်အောက်တွင်မြင်လိုက်ရသည့်ကားမျက်နှာကြက်တွင်ကြိုးဆွဲချသေဆုံးနေသောဆံပင်ဖားလျားနှင့်အမျိုးသမီးတစ်ဦးဖြစ်နေသည်တကား။ ကျွန်တော် ကြောင်ငေးကြည့်နေရင်းမှ ထိုအမျိုးသမီး၏မျက်လုံးများလက်ခနဲ စူးရဲစွာပွင့်ဟလာပြီး သူမရဲ့လက်များ တဖြည်းဖြည်း ဆန့်ထွက်လာကာ မီးခြစ်ကိုင်ထားသောကျွန်တော်၏လက်အား လာဆုပ်ကိုင်လေသည်။

"အား"

ကျွန်တော် ကြောက်လန့်တကြားအော်သံနှင့်အတူ အေးစက်သောအထိအတွေ့ကို ခံစားလိုက်ရသည်။ ထိုစဉ် ကျွန်တော့် လက်ထဲမှ မီးခြစ်ပြုတ်ကျသွားပြီး ကျွန်တော်လည်း ကမ္ဘာကြီးနှင့်စေတ္တအဆက်အသွယ်ပျက်ကာ မေ့မြောသွားလေသည်။

■

"ဟော - နေပိုင် သတိရလာပြီ - ဖေဖေ"

ကျွန်တော် မျက်လုံးများ ဖွင့်လိုက်စဉ်မှာပင် အစိုင်းရဲ့စကားသံနှင့်အတူ မျက်နှာကျက်မှ အစိုင်းနှင့် အစိုင်းရဲ့ဖေဖေကိုမြင်လိုက်ရသည်။

"မောင်ရင် - သတိရလာပြီလားကွယ်"

"ဟုတ်ကဲ့ - ဦးလေး"

"အေးကွယ် - မောင်ရင် ဘာဖြစ်တာလဲ၊ ဦးလေးတို့ကို ပြောပါဦး"

ဦးစိုင်းဖေအောင်ရဲ့အမေးစကားကြောင့် ကျွန်တော့်အဖြစ်အပျက်အားပြန်ပြောဖို့ တွန့်ဆုတ်သွားမိသည်။ ကျွန်တော် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလို့ယုံရင် ကောင်းမည်။ အကယ်၍ မယုံပါက ကျွန်တော့်ကို သူရဲဘောကြောင်သူဟု ထင်သွားနိုင်သည်။ ထို့ကြောင့် ကျွန်တော် ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကိုမပြောပြဖို့ ဆုံးဖြတ်လိုက်မိသည်။

"မဟုတ်ပါဘူး - ဦးလေး။ ကျွန်တော်ဘာမှမဖြစ်ပါဘူး။ ကြွက်ကိုနင်းမိပြီး ခြေချော်လဲသွားတာပါ။ အဲဒါကြောင့် ကြမ်းပြင်နဲ့ ခေါင်းထိပြီး သတိမေ့သွားတာပါ"

"သြော် - အေးပါကွယ် - မောင်ရင်ဘာမှမဖြစ်ရင်လည်း ပြီးတာပါပဲ၊ ဒါဆို ဖေဖေ စာဖတ်ခန်း သွားတော့မယ်"

"ဟုတ်ကဲ့ - ဖေဖေ၊ သား နေပိုင်နဲ့ စကားပြောလိုက်ဦးမယ်"

"အေး - အေး"

အခန်းထဲမှဦးစိုင်းဖေအောင် ထွက်သွားတာနှင့် ပင် အစိုင်း၏ မေးခွန်းအရောက်က ကျွန်တော့်ထံ ကျရောက်လာသည်။

"မင်း - ဘာဖြစ်တာလဲကွ၊ အမှန်အတိုင်း ပြောနော်၊ ခြေချော်ပြီးလဲတာတော့ မဖြစ်နိုင်ဘူးထင်တယ်"

"တကယ်ပါကွာ၊ ဦးလေးကို ပြောပြတာတွေက အမှန်တွေပါ"

"ဟုတ်လို့လားကွာ - ငါတော့ သိပ်မယုံချင်ဘူး"

အစိုင်း၏ မယုံသင်္ကာဖြစ်နေသော အကြည့်များက ကျွန်တော့်ထံကျရောက်လာသည်။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်၍နေလိုက်ရသည်။ ကျွန်တော် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို အစိုင်းလည်း နားလည်ပေးနိုင်မည်မထင်ပေ။ ကျွန်တော်သည် သရဲနှင့်တွေ့ပြီး အကြောက်လွန်ကာ သတိမေ့သွားခဲ့သည့်အကြောင်းကို အစိုင်းအား ပြောပြပါက လှောင်ရယ် ရယ်မှာ သေချာသည်။ ကျွန်တော် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကိုလည်းရှုတ်ရှုံ့မိ၍ ဘယ်သူ့မှ မပြောပြခဲ့ပေ။

■

ဒီလိုနှင့်ပင် ကျွန်တော် စောင့်မျှော်နေမိသောညနေ (၆)နာရီသို့ရောက်လာခဲ့ပြန်ပြီ။ ကျွန်တော့်လက်တွင် ပတ်ထားသောနာရီလေးကလည်း ရုတ်တရက်ထမြည်လာပြန်ပြီ။ ထို့နောက် စိတ်လှုပ်ရှားဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုကြုံတွေ့ရမှာကို ကျွန်တော်ကြိုသိ

www.burmeseclassic.com

နေသည်။ ကျွန်တော်သည် ဟိုနေကလို အကြောက်လွန်ပြီး မေ့မသွားဖို့ဘဲ သတိထားနေမိသည်။ ဒီတစ်ခါတော့ ကျွန်တော်သည် အကြောင်းအရင်းမှန်ကို သိအောင်လုပ်ဖို့ ဆုံးဖြတ်ထားသည်။

"ဖျတ်"

ထုံးစံအတိုင်း မီးပျက်သွားခြင်းဖြစ်သည်။ အခန်းထဲတွင် အမှောင်ထုများ ကြီးစိုးလာသည်။ ကျွန်တော်သည် ခုတင်ထက်ဝယ် ထိုင်နေရင်း အနီးရှိစားပွဲပေါ်မှ မီးအိမ်ခလုတ်ကို နှိပ်၍ ဖွင့်လိုက်သည်။ အခန်းထဲတွင် အနည်းငယ် လင်းရှင်းသွားသည်။ ကျွန်တော်လည်း အနည်းငယ်အကြောက်ပြေသွားကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ကျွန်တော်သည် မနေ့တ သရဲမအလာကို စိတ်လှုပ်ရှားစွာ စောင့်နေမိသည်မှာ ချိန်းဆိုထားသည့် နေရာအားကိုယ့်ရည်းစား ရောက်မလာသေးလို့ မျှော်နေမိသူအလားပါပဲ။

"ဟာ - ငါဘာတွေ တွေးနေမိပါလိမ့်"

ကျွန်တော် အတွေးစတို့ကို ပြန်ရုပ်သိမ်းရင်း အခန်းထဲ တစ်ယောက်တည်း ငြိမ်သက်နေမိသည်။ ထိုစဉ်...

"ဖျပ် - ဖျပ် - ဖျပ်"

အခန်းထဲ တစ်စုံ တစ်ယောက် လျှောက်သွားနေသော ခြေသံတဖျပ်ဖျပ် ဦးစွာ ကြားလိုက်ရသည်။ ကျွန်တော် ရင်တွေတဒိတ်ဒိတ်ခုန်လာကာ...

"ဟော့ - မင်းဘယ်သူလဲ၊ ဘာလို့ ငါ့ကို ဒီလိုတွေ ခြောက်နေရတာလဲကွ ပြောစမ်း"

ဟု ခပ်မာမာအသံဖြင့် ကျယ်လောင်စွာအော်ပြောလိုက်သည်။ ထိုစဉ် အခန်းထဲ စူးစူးဝါးဝါး ငိုညည်းသံတစ်ခု ထွက်ပေါ်လာသည်။ ကျွန်တော်သည် အသံလာရာဆီသို့ ကြည့်မိစဉ် အခန်းထောင့်တစ်နေရာတွင် ဆံပင်ဖားလျားနှင့်သရဲမ ဇုတ်တုတ်ကြီးထိုင်ပြီး တရှုံ့ရှုံ့ ငိုကြွေးနေလေသည်။ အခန်းထဲတွင် မီးအိမ်၏ အလင်းရောင်ဖြင့် မြင်တွေ့နေရခြင်းဖြစ်သည်။ ကျွန်တော်သည် အလင်းရောင်ရှိ၍ အနည်းငယ် ကြောက်ရွံ့စိတ်ကင်းကာ...

"မင်း - ဘာဖြစ်လို့ ငိုနေတာလဲကွ"

"အစ်ကိုစိုင်းမှ ညီမကိုမမှတ်မိတာ၊ ညီမနာမည်က စောစန္ဒာပါ၊ အစ်ကိုရဲ့ ချစ်သူလေး၊ အခုထိ အစ်ကို့ကို စောင့်နေခဲ့တာပါ အစ်ကိုရယ်"

"စောစန္ဒာဆိုတဲ့ မိန်းကလေးကို ငါမသိဘူး၊ ပြီးတော့ - ငါက မင်း ပြောတဲ့ အစ်ကိုစိုင်းမဟုတ်ဘူး"

"အစ်ကို သိပါတယ် - အစ်ကိုရယ်၊ အစ်ကို မေ့နေတာပါ၊ အစ်ကို့နာမည်က ...နည်ပါ၊ အစ်ကိုလက်မှာ ပတ်ထား...တဲ့ လက်ပတ်နာရီလေးက ညီမ အစော...ခဲ့တဲ့ ချစ်သက်လက်ဆောင်ကလေး..."

"ငါ့နာမည်က နေပိုင်ပါ၊ စိုင်းဖာနည် မဟုတ်ဘူး"

"အစ်ကို ရယ် - အစ်ကို့ကို ညီမ အစောစောင့်နေခဲ့တာ ကြာပါပြီ"

ထိုစဉ်မှာပင် အခန်းထဲ ရုတ်တရက် ...အလင်းရောင်များ လင်းထိန်သွား...သည်။ အကြောင်းအရင်းမှာ မီးပြန်လာခြင်းဖြစ်သည်။ မီးပြန်လာသည်နှင့်တစ်ပြိုင်နက် အခန်းထောင့်တစ်နေရာတွင် ...နေသော တစ္ဆေမသည် ရုတ်တရက် ...သလို ကွယ်ပျောက်သွားခဲ့သည်။ သူ...ည် အခန်းထဲရှိခုတင်အောက်ပါမကျန် ...အနှံ့ လိုက်ရှာကြည့်မိသည်။ ဆံပင်...များနှင့် တစ္ဆေမကိုတော့ မတွေ့ပေ။ ... ပျောက်သွားပါလိမ့်။

"ဒေါက် - ဒေါက် - ဒေါက်"

အပြင်ဘက်မှ အခန်းတံခါးခေါက်...သည်။ ကျွန်တော် ရုတ်တရက် ...သလို ခံစားလိုက်ရသည်။ ...များပါလိမ့်၊ ကျွန်တော် အခန်း... ဟတ်တိုင်ဘုကို လှည့်ဖွင့်ပေး...—

"...နေပိုင် မင်းအခန်းထဲမှာ ဘာလုပ်နေတာလဲ၊ ထမင်းစားဖို့ အောက်ထပ်ကို ဆင်းခဲ့ဦး"

"အေးပါကွာ - မင်းနဲ့အတူ လိုက်ခဲ့မှာပါ၊ လာလေ - သွားရအောင်"

ကျွန်တော်သည် အစိုင်းရဲ့ပခုံးကို လှမ်းဖက်ရင်း ပြောကာ လှေကားအတိုင်း ဆင်းလာခဲ့ကြသည်။ ထမင်းစားခန်းထဲ ရောက်တော့ စားပွဲဝိုင်းတွင် အစိုင်းရဲ့မိသားစုများကို တွေ့ရလေသည်။ ဦးစိုင်းဖေအောင်က ကျွန်တော်တို့ ဝင်လာတာကို မြင်တော့ အပြုံးမျက်နှာဖြင့် လက်ယပ်၍ လှမ်းခေါ်ကာ...

"လာကြလေ - သားတို့ ဝင်ထိုင်ကြ"

"ဟုတ်ကဲ့ - ဦးလေး"

ကျွန်တော်နှင့် အစိုင်းတို့ စားပွဲဝိုင်းတွင် ခုံဆွဲ၍ ကိုယ်စီဝင်ထိုင်လိုက်ကြသည်။ ထို့နောက် အိမ်အကူဒေါ်ကြီးမေ ထည့်ပေးသော ထမင်းတို့ကို မြိန်ရှက်စွာ စားသုံးကြလေသည်။ (ဟင်းကတော့ ကိုယ့်ဘာသာ ခပ်ထည့်၍စားပေါ့)

"စားကြနော် အားမနာနဲ့၊ ကိုယ့်အိမ်လို သဘောထားစားနော် သား နေပိုင်"

အစိုင်းရဲ့မိခင်ဖြစ်သူက ကျွန်တော့်ကိုဖော်ရွေစွာ လှမ်းပြောသည်။ အပြုံးပန်း ခေါင်းညိတ်လိုက်ရင်း...

"ဟုတ်ကဲ့ - ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ထမင်းစားသောက်ပြီးစီး သွားသောအခါ ဦးစိုင်းဇေအောင်က ကျွန်တော်ကို လှမ်းကြည့်ရင်း ...

"မောင်နေပိုင် – ပြီးရင် ဧည့်ခန်းထဲ ခဏလာခဲ့ပါကွယ် ပြောစရာရှိလို့"

"ဟုတ်ကဲ့ – ဦးလေး"

ကျွန်တော်လည်း စားပွဲဝိုင်းမှ ထ ကာ ဧည့်ခန်းဆီသို့ဦးတည်လာခဲ့သည်။ အစိုင်းကတော့ ထမင်းစားပြီးတာနဲ့ ချိန်းထားတာရှိ၍ အိမ်မှ ထွက်သွားလေသည်။ ဧည့်ခန်းထဲရှိ ကြိမ်ကုလားထိုင်ခုံ တစ်လုံးတွင် ဦးစိုင်းဇေအောင် ထိုင်နေသည်။ ကျွန်တော်သည်ဦးစိုင်းဇေအောင် ၏ဘေးရှိကြိမ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဦးလေး – ကျွန်တော့်ကို ပြောစရာ ရှိလို့ဆို"

"ဟုတ်ပါပြီ – မောင်နေပိုင်၊ ခဏ လေးနော်"

ဦးစိုင်းဇေအောင်သည် ရှေ့ရှိ ကျွန်း သားဖြင့် ပြုလုပ်ထားသော လေးထောင့် စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို လှမ်းယူ လိုက်သည်။ ထို့နောက် ကျွန်တော့်ရဲ့ မျက်မှန်ကိုင်းကိုလက်ဖြင့်ပင့်တင်လျက် စာအုပ်ကြားမှဓာတ်ပုံတစ်ပုံကိုထုတ်ယူ ကာ ကျွန်တော့်ဆီ လှမ်းပေးသည်။ ကျွန် တော်သည် ထိုဓာတ်ပုံအား ယူပြီးကြည့် မိတော့ အဖြူအမည်း ဓာတ်ပုံတစ်ပုံဖြစ် သာ ဖြစ်သည်။ ရှေးခေတ်က ရိုက်ထား တဲ့ ဓာတ်ပုံတစ်ပုံဖြစ်သည်။ ဓာတ်ပုံထဲ က လူကို သေချာကြည့်မိတော့ ...

"ဟာ"

ကျွန်တော့်နှုတ်ခမ်းမှ အံ့ဩကြီးစွာ အာမေဋိတ်သံ ထွက်ကျသွားသည်။ အကြောင်းမှာ ဓာတ်ပုံထဲကလူသည် ကျွန်တော်နှင့် အတော့်ကို တူလေ သည်။

"ဟုတ်တယ် – မောင်ရင် ဓာတ်ပုံ ထဲကလူက မောင်ရင်နဲ့ အတော့်ကို တူပါတယ်"

"သူက ဘယ်သူလဲ – ဦးလေး၊ ကျွန် တော် သိပါရစေ"

"ကျွန်တော်က ဦးလေးရဲ့ ဘကြီးပါ ပဲ၊ မြန်မာနိုင်ငံကို အင်္ဂလိပ်တွေ ဝင် ရောက်တိုက်ခိုက်စဉ်မှာ အသက်ဆုံးခဲ့ ရှာတာပါ၊ မောင်ရင့်ကို လက်ဆောင် အဖြစ်ပေးထားခဲ့တဲ့လက်ပတ်နာရီလေး က ဘကြီးရဲ့လက်ပတ်နာရီလေးပါပဲ"

"ဗျာ"

ကျွန်တော် အံ့ဩစွာ ရေရွတ်မိပြန် သည်။ ဒါဆို ဦးစိုင်းဇေအောင်ရဲ့ ဘကြီး ဆိုသူက ကျွန်တော်နှင့်ရုပ်ချင်းတူတဲ့ အပြင် လက်ပတ်နာရီလေးကပါ သူ့ထံ ရောက်လာခဲ့သည်။ ညနေ ၆ နာရီထိုးပြီ ဆိုတာနဲ့ ဖြစ်နေကျအဖြစ်အပျက်တွေ က ထိုဘကြီးဆိုသူနှင့် ပတ်သက်နေ လိမ့်မည်ထင်သည်။ ထို့ကြောင့်သူသည် ညနေ ၆ နာရီရောက်တိုင်း သူကြုံတွေ့ခဲ့ ရသော အဖြစ်အပျက်များကို ဦးစိုင်းဇေ အောင်အား တစ်ခုမကျန် ပြန်ပြောပြ ခဲ့သည်။ ဦးစိုင်းဇေအောင်သည် ကျွန် တော် ပြောတာတွေကို ခေါင်းတညိတ် ညိတ်ဖြင့် နားထောင်ရင်း ...

"အေးကွယ် – မောင်ရင် သတိလစ် သွားတုန်းက ဦးလေး ထင်တော့ထင်သားပဲ၊ ဒါပေမဲ့ – မောင်ရင်က ဘာမှ မပြောခဲ့ပဲ ကိုး"

"ဟုတ်ကဲ့ – ဦးလေး၊ ကျွန်တော် အကြောက်လွန်ပြီး သတိလစ်သွားတာ မို့ရှက်ပြီး မပြောရဲတာပါ"

"လူဆိုတာ ကြောက်စရာအဖြစ် အပျက်နဲ့ကြုံရင်း ကြောက်မိကြမှာပါပဲ ကွယ်။ မောင်ရင့်ကို တွေ့ခဲ့တဲ့ အမျိုးသမီး က ဘကြီးရဲ့ချစ်သူ စောစန္ဒာထင်တယ်၊ အရင်တုန်းကတော့ ဒီအိမ်ကြီးမှာ ဦး လေးတို့ တစ်ခါမှ အခြောက်မခံခဲ့ရဖူး ဘူးကွယ့်၊ မောင်ရင် ရောက်လာမှပဲ..."

"ဟုတ်ကဲ့ – ဦးလေး၊ ဆက်ပြောပါ"

ဦးစိုင်းဇေအောင်သည် အဖြူ အမည်းဓာတ်ပုံလေးကို ကိုင်ကြည့်ရင်း မျက်မှောင်ကြုတ်စဉ်းစားနေလေသည်။

"အင်း – ဘကြီးက အင်္ဂလိပ်တို့ လက်ချက်နဲ့ အသက်ဆုံးရှာတယ်။ အဲဒီ သတင်းကြားပြီး ဘကြီးရဲ့ချစ်သူ စော စန္ဒာကလည်း ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲ ချ သတ်သေသွားတယ်တဲ့"

"ဗျာ"

"မောင်ရင် – မလန့်ပါနဲ့၊ အခု စော စန္ဒာက မောင်ရင့်ကို ဘကြီး ထင်မှတ်ပြီး ခြောက်နေတာထင်တယ်။ ခြော် – ပြောစရာရှိသေးတယ်၊ ဦးလေးရဲ့ဘကြီး နာမည်က ဦးစိုင်းဇာနည်တဲ့"

"ဗျာ"

ကျွန်တော် ထိတ်လန့်စွာ ရေရွတ် မိရင်း လက်ပတ်နာရီလေးဆီ အကြည့် ရောက်သွားမိသည်။ ထို့နောက် ဦးစိုင်း ဇေအောင်ရဲ့ မျက်နှာကို ပြန်ကြည့်ရင်း မေးလိုက်မိသည်ကား ...

"ဒါဆို – ဒီလက်ပတ်နာရီတလေး က ..."

"ဟုတ်တယ် – မောင်ရင်၊ ဘကြီး ချစ်သူ ပေးခဲ့တာပဲ ထင်တယ်"

"ခြော် – ဒါကြောင့် – သူ ကျွန်တော် ဆီ လာခဲ့တာကိုး"





www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ကျွန်တော် သိလိုက်ပါပြီ၊ အစွဲအလမ်းကြီးကာ ချစ်သူအပေါ် သစ္စာရှိစွာ စောင့်နေသော မိန်းကလေး စောစန္ဒာသည် ကျွန်တော့်ကို သူ့ချစ်သူတု ထင်မှတ်ကာ စကားလာပြောခဲ့ခြင်း ဖြစ်သည်၊ ရှည်လျားသော ဘဝသံသရာ တစ်လျှောက် လွန်ခဲ့သည့်ဘဝက ကျွန်တော်သည် စောစန္ဒာ၏ချစ်သူဖြစ်ခဲ့လေသလား။

■

နောက်တစ်နေ့မနက်တွင်တော့ ဦးလေးတို့မိသားစုနှင့် ကျွန်တော်သည် သံဃာငါးပါးအား အိမ်ကို ပင့်ဖိတ်ကာ ပရိတ်တရားတော်များ နာယူပြီး ကွယ်လွန်သူ စောစန္ဒာအတွက် ရည်စူးကာ ရေစက်ချ အမျှပေးဝေခဲ့သည်၊ ကျွန်တော်သည် ရေစက်ခွက်ကိုင်ကာ အမျှပေးဝေခဲ့ပြီး စိတ်ထဲမှာလည်း ဆုတောင်းပေးနေမိသည်။

"မိန်းကလေး စောစန္ဒာရေ၊ နောက်ဘဝဆက်တိုင်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံပါစေနဲ့၊ ကောင်းရာမွန်ရာကို အမြန်ဆုံး ရောက်ပါစေ"

ထိုသို့ဆုတောင်းပေးပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ရင်ထဲတွင် ကွက်လပ်ကြီး ဖြစ်ကျန်ခဲ့သည်၊ တစ်စုံတစ်ရာကို လွမ်းဆွေးကြေကွဲရသလို ခံစားမှုမျိုးပါပဲ၊ ဘာကြောင့်မှန်းတော့ ကျွန်တော် မသိခဲ့ပေ။ အတိတ်၏ပဟေဠိ ဆက်ပေပဲလား။

**ထူးသင်ဇအောင်**

## မြန်မာဆေးမြီးတိုများ

**မွေး**

› ကြက်သွန်ဖြူတစ်လုံးကို ဖင်မှလှီး၍ ထွက်လာသောအစေးအရည်နှင့် အနာကို မကြာခဏ ပွတ်သပ်ပေးပါ။

**ဖောရောင်**

› ခရုနွယ်ရွက်ကို ရေနွေးဖျော၍ သုပ်စားပါ။



www.burmeseclassic.com

# ရွာဟောင်းကြီးမှ ရုပ်ပွားဆင်းတုတော်၏ နိမိတ်များ

မင်းဟိုင်းဝင်း (မြရောင်မြေ)

ရောင်ပြစ်ကွင်းရွာ...။

ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၏ အနောက်မြောက်ဘက်၊ ချောင်းရိုးကူးလျှင် ရေကြည်မြို့နယ်နှင့် နယ်စပ်ဖြစ်ပါသည်။ ကျောင်းကုန်းမှ အသုတ်သို့ ကားလမ်းသည် သုံးခွရွာကို ဖြတ်၍သွားရသဖြင့် ရောင်ပစ်ကွင်းအုပ်စုဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်ပါသည်။

ရောင်ပြစ်ကွင်းရွာသည် နာမည်ဆန်းသလို မြန်မာပြည်တစ်ပြည်လုံးရှိ မြို့နယ်အားလုံး ဤရွာနှင့်တူသည့်ရွာ မရှိနိုင်ပါ။ တောင်မှမြောက်သို့သွယ်တန်းလျက် ရွာ၏ အရှည်မှာ ငါးမိုင်ခန့်ရှိပါမည်။ ကျေးရွာအုပ်စုတွင် အိမ်ထောင်စု (၃၀၀၀) ကျော်ရှိပြီး ရွာခွဲကိုးရွာ ရှိပါသည်။

ထိုရွာခွဲအမည်များကား သုံးခွရေတံခါး၊ သုံးခွကြံတော၊ ဖုန်းဆိုး၊ ဖီးကုန်း၊ ကျုံးဖားတောင်၊ ကျုံးဖားမြောက်၊ ရေတွင်းကန့်လန့်၊ ကျောင်းစုတို့ ဖြစ်ကြပါသည်။

ဤရွာသည် သမိုင်းဝင်ရွာကြီးဖြစ်သည်ကို ရှေးလူကြီးသူမများ ပြောခဲ့ကြောင်း၊ ဆေးဆရာကြီးဆရာဟန်ပြောပြခဲ့၍ ကြားဖူးခဲ့ပါသည်။ မှတ်သားဖူးပါသည်။

ထိုပြင်ကုန်း (၉)ကုန်းရှိပြန်ပါသည်။ ကုန်းအမည်များမှာတော့ ညောင်ကုန်း၊ ကုန်း၊ တိုက်ကုန်း၊ သာပိုကုန်း၊ ယင်းတိုက်ကုန်း၊ လက်ပံကုန်း၊ ဘုရားကုန်း၊ သဲဖလီကုန်း၊ နဂါးကုန်းတို့ ဖြစ်ပါသည်။

တစ်ဖန် ရိုး (၉)ရိုး ရှိကြပြန်ရာ မအူရိုး၊ ကြာရိုး၊ နတ်စဉ်ရိုး၊ ကညွတ်ရိုး၊ ကျုံးရိုး၊ ထိန်ပင်ရိုး၊ ပေါက်ပင်ရိုး၊ သခွတ်ရိုး၊ ချောင်းရိုး ဟူ၍ ရှိပြန်ပါသည်။

ထိုတဲ့သို့ ထူးခြားမှုအပြင် သာသနာ့အဆောက်အအုံနှင့် ဘုရားကိုးဆူရှိပါသည်။ မြတ်ဘုန်းပွင့်ဘုရား၊ သုံးဆင့်တောင်းဘုရား၊ ကမ္ဘာအေးကစ္စပ်ဘုရား၊ မနောမယသိဒ္ဓိရှင်လာဘဘုရား၊ နဂါးရုံဘုရား၊ သေလာရကျောင်းဘုရား၊ ညောင်ကုန်းဘုရား၊ ဦးမြကြည်သည့်ဘုရား၊ ညီတော် နောင်တော်တို့ဖြစ်ကြပါသည်။

ရွာကြီးရွာကောင်းဖြစ်၍နေထိုင်သူအများမှာ လယ်သမားအများဆုံး ဖြစ်ပါသည်။ ရွာ၏ တောင်ဘက်တွင် ချောင်းကြီးတစ်ချက်ရှိပြီး ထိုအထဲ၌ ရိုးတမ်းနေဖူးပေါ်၌ အငှသဘောမျိုး (၃)ကုန်း ပတ်လည်ဝန်းရံလျက်ရှိပါသည်။

ရောင်ပြစ်ကွင်းရွာ၏ အရှေ့ဘက်တွင် သုံးတင်းကုတ်၊ လေးတင်းကုတ် အမည်ရှိသော လူမနေသည့်ရွာဟောင်းရွာပျက်များ ရှိပါသည်။ လေးတင်းကုတ်ရွာသည် ရောင်ပြစ်ကွင်းရွာနှင့် ကျွဲလမ်းဆက်သွယ်လျက် နွားများ ကွင်းထဲသို့ စားကျက်ကျောင်းလွှတ်ရာဖြစ်ပြီး ထိုကျွဲလမ်းတွင်လက်ပံကုန်းသုသာန်သည်လည်း တစ်ဖက်တည်း ရှိပြန်သည်။

သုသာန်ဟုဆိုသော်လည်းမိုးအခါ နွားကျောင်းစားကျက်၊ မှယင်းများထောင်သောလုံးကွင်း ကစားကြပါသည်။ လက်ပံကုန်းဟုဆိုရာ၌ အကြီးမားဆုံးထင်ရသည့် လက်ပံပင်ကြီးတစ်ပင်သည် ထီးတည်းမားမားကြီး ရှိနေသည်မှာ ထင်ရှား၏။

ဂူဟောင်းဂူပျက် အနည်းအကျဉ်းသာရှိပြီး လူသေလျှင် မြေမြှုပ်သည့် ဓလေ့နှင့် မီးရှို့သည့်အစဉ်အလာ ရှိခဲ့၏။ နီးစပ်ရာရွာများမှ လူသေများ မြှုပ်နှံရာ အဓိကနေရာ ဖြစ်ပါသည်။

ယခုနစ် ထူးခြားပါသည်။ လက်ပံကုန်းသုသာန်ထဲတွင် ဆရာတော်ကြီး တစ်ပါး ဓူတင်တည်ဆောက်တော့မည် ဆိုသည့်သတင်းပါ။ ဒီကိစ္စ ပေါ်ပါရသည်မှာ ဖီးကုန်းရွာထဲမှ ကျွန်တော်၏

www.burmeseclassic.com



အဲဒီက ဒကာမကြီးက
ပူတယ်ပူတယ်လို့ အော်နေရတယ်။
ခုလည်း သူ့အိမ်ပေါ်ကို ကျောင်းတိုင်
တစ်တိုင် ကျနေတယ်။ သူ ဒုက္ခ
ရောက်နေတယ်။ ကျောင်းကို
ပြန်ပြင်ပေးမှ လွတ်မယ်၊
မလွတ်တဲ့အပင်ရှိလည်း
ရှင်းလင်းပေးလိုက်ကြပါ။
သူက လူ့ဘဝတုန်းက မုန့်ပျားသလက်
ရောင်းရတယ်၊ ဆင်းရဲတယ်။
ခါးကုန်းကုန်းနဲ့ လွန်ခဲ့တဲ့ အနှစ်
(၂၀) ခန့်က သေတာ ...

ဘကြီးတော်စပ်သူ ဦးသာရဲက သူ၏ဆွေမျိုးများရှိရာ သံဒင်းရွာကို အလည်သွားရင်း ဆရာတော်ကြီး ခုတင်ကျင့်သည့် သုသာန်သို့ ရောက်သွား၍ ဆရာတော်ကြီးအမိန့်ရှိကြောင်းဖြင့် သတင်းပျံ့နှံ့သွားပါသည်။

ဦးသာရဲနှင့် ဇနီး ဒေါ်အေးမှင်တို့မှာ ကျွန်တော့်ဖခင် ရောင်ပြစ်ကွင်းကျေးရွာအုပ်စု၏ ကောင်စီတရားသူကြီးဥက္ကဋ္ဌ ဦးစိန်ဟုန်အား လာရောက်အကြောင်းကြားခြင်းဖြစ်၏။

ဒီလိုကိစ္စမျိုး တစ်ခါတစ်ရံမှ မကြုံဘူးသည်မို့ အဆန်းတော့ ဖြစ်နေကြပြီ။ ရွာထဲရှိလူကြီးလူငယ်များစုရုံးပြီး ဝါးခုတ်၊ နီးထိုး၊ ထရံရက်ကြပြီးတော့ ဝါးခင်း၊ ထရံကာ၊ ဓနိမိုးသုသာန်ခုတင်ကျောင်းလေး စုပေါင်း၍ ဆောက်လုပ်လိုက်ကြပါတော့သည်။

နောက် ခုနစ်ရက်ခန့်ကြာလျှင် ဆရာတော်ကြီး ကြွရောက်သီတင်းသုံးတော့ မည် ဖြစ် ၍ ကျောင်းအသုံးအဆောင်များ၊ ကျောင်းဝေယျာဝစ္စကိစ္စများ စုဆောင်းပြီးနောက် အသင့်စောင့်နေကြပါသည်။

ဆရာတော်ကြီး ကြွလာပြီတဲ့။ ရွာ ...တ ရွာဆော်ဦးထွန်းဆိုင်က လိုက် ...ပြောသဖြင့် ရွာသားများ သုသာန် ...သို့ထက်ဝါ သွားဖူးကြပါသည်။

နံနက် (၉)နာရီခန့် ဘကြီးသာရဲ ... သားမက် ကိုငသောင်းနှင့် ဆရာ ...ကြီးတို့ ကွင်းထဲမှ ဖြတ်ပြီး ကြွလာ ...ည်ကို ရွာသားများ စောင့်နေကြပါ ...ည်။

ရောက်ပါပြီ - ဆရာတော်ကြီးသည် ...သားမည်းမည်း ပုပုဝဝ ကုလားလူမျိုး ...ပြီး ဘွဲ့တော်မှာ ဦးရေဝတ၊ သက် ...တော်မှာ (၇၀)ခန့် ရှိမည် ထင်ပါသည်။

ကျောင်းပေါ်ရှိ လူကြီးများက ဆရာ ...ကြီးအား ဝတ်ဖြည့်ရှိခိုးပြီး ဘကြီး ...သာရဲမှ ဆရာတော်အား ကျောင်း ...တ်ဖြင့် သီတင်းသုံးတော်မူရန် ...တ်ထားပါသည်။

"ဒကာကြီးတို့ - ဒီရွာမှာ ဘုန်းကြီး ...ာန်ခုတင် တည်ဆောက်မယ်၊ ...တ်(၈)နာရီမှာ ရွာထဲ ဆွမ်းခံကြွမယ်၊ ... (၆)နာရီကနေ (၁၀)နာရီအထိ ...ဲ ကျင်းပမယ်၊ တရားထိုင်ကြဖို့ ...ပေးမယ်၊ ည (၁၀) နာရီကျော် ...ဘုန်းကြီးကျောင်းကို ဘယ်သူမှ ...ဘူး"

"မှန်ပါ့ဘုရား"

"ဒကာတို့ကို အခု အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောချင်တယ်။ ဒီကျောင်းရဲ့ ခေါင်းရင်းမှာ အိမ်တစ်အိမ်ရှိတယ်။ အဲဒီက ဒကာမကြီးက ပူတယ်ပူတယ်လို့ အော်နေရတယ်၊ ခုလည်း သူ့အိမ်ပေါ်ကို ကျောင်းတိုင်တစ်တိုင် ကျနေတယ်၊ သူ ဒုက္ခရောက်နေတယ်။ ကျောင်းကို ပြန်ပြင်ပေးမှလွတ်မယ်၊မလွတ်တဲ့အပင်ရှိလည်း ရှင်းလင်းပေးလိုက်ကြပါ၊ သူက လူ့ဘဝတုန်းက မုန့်ပျားသလက်ရောင်းရတယ်၊ ဆင်းရဲတယ်၊ ခါးကုန်းကုန်းနဲ့ လွန်ခဲ့တဲ့ အနှစ် (၂၀) ခန့်က သေတာ"

အားလုံး မကြားဘူးတဲ့ စကားမို့ ဆရာတော်ကြီးမိန့်ကြားချက်ကိုအားလုံး အံ့ဩကုန်ကြပြီ၊

ဆရာတော်ကြီးက ဆက်ပြီး...

"ဒီရွာဟာ ဟိုတုန်းက ရာဇဝင်ရှိတဲ့ ရွာကြီး။ ဥမ္မာဒန္တီမင်းသမီးရဲ့ သမိုင်းအဆက်ပါ၊ ရွာလယ်မှာ ဘုရားဟောင်းကြီးတစ်ဆူရှိတယ်မဟုတ်လား၊ မကြာခင် ပြန်ပွင့်လာမယ်၊ နောက်ပြီး ဘုရား (၉) ဆူပွင့်မယ်နော်၊ ထူးခြားတဲ့မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေ၊ ဝိဇ္ဇာကြီးတွေ စောင့်ရှောက်မယ်၊ ကျောင်းတွေလည်းအသစ်ဆောက်ကြလိမ့်မယ်၊ ဘုရားဒကာတွေ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာလိမ့်မယ်၊ ရွာကြီးလည်း စည်ကားပြီး ချမ်းသာလာမယ်"

ဆရာတော် ထိုသို့မိန့်ရာ လာမည့် အနာဂတ်ကာလအတွက် မမျှော်မှန်းရဲ၊ ယခု ကျောင်းခေါင်းရင်းက ဒကာမကြီးတို့စုတို့သွားကြည့်ကြရာမှ မြေပုံဟောင်းတစ်ခု၊ ခေါင်းရင်းတွင် ဖောင်းလျားပင် တစ်ရုံ၊ ထိုမြေပုံပေါ်သို့ တိုင်တစ်တိုင် တူးရောက်နေသည်မှာ မှန်နေ၏။ ထိုမြင်ကွင်းကို တအံ့တသြ ကြည့်နေကြပါသည်။

ထိုမြေပုံပိုင်ရှင် အိမ်မှာ ဘယ်သူလဲ၊ သိချင်ကြသည်။

ထိုအချိန် ဦးသာရံ၏ဇနီး ဒေါ်အေးမှင်တ "ဟာ - ဒါဆိုရင် ဒေါ်လေးငွေသိမ် မြေပုံပေါ့၊ မှန့်များသလက် ထိုးရောင်းတယ်၊ ခါးကုန်းတာလည်း မှန်တယ်။ ချစ်မောင်တို့ဘွားအေလေ" ဟုပြောမှ ဆရာတော်မိန့်ကြားခြင်းသည် မလွဲတော့ပါ။ အားလုံး အံ့သြနေကြပါပြီ၊ ဆရာတော်ကြီးအား အကြားအမြင်ရနေသော ပုဂ္ဂိုလ်ဖြစ်မည်ဟု ယုံကြည်၏၊ ဆရာတော်ကြီး သည်ကို တစ်ခါမှ မလာဘူး၊ မရောက်ဘူးခဲ့။ ဦးသာရံနှင့် ကိုငသောင်းကလွဲရင် ကျုန်တဲ့လူဆိုလို့ ဘယ်သူမှလည်း မသိ။

ထိုအကြောင်း ရွာထဲသို့ ပျံ့လျက် အားလုံး တစ်ဆင့်စကား တစ်ဆင့်နား ပြောကြပါတော့သည်၊ သေပြီးသူများ တွေ့ဖူးကြပြီ၊ ရွာထဲရှိ သေပြီးသူများ အကြောင်း၊ ဘယ်ဘဝက ရောက်နေကြပြီလဲ သိချင်ကြသည်၊ မေးချင်ကြသည် နောက်ပြီး တွေ့ချင်ကြသည်၊

နံနက် (၁၁) နာရီထိုး၍ ဆရာတော်ကြီး ဆွမ်းစားရန် ဆွမ်းကပ်သည့်အခါ ဘုရားဆွမ်းကပ်ပြီးနောက် ဧင်းသပိတ်ထဲသို့ ထမင်းဟင်းများ စုပေါင်းထည့်ကာ ဘုဉ်းပေးပါသည်၊ ဆွမ်းဘုဉ်းပေးပြီး ကျောင်းအောက်သို့ ဆင်း၊ ငှက်ဖျော ရွက်ခင်းကာ ထမင်းဟင်းပုံ၍ သုသာန် ထဲရှိ ပရလောကသားများအားလုံး ဖိတ် ကြား၍ထမင်းကျွေးပါသည်၊ ထို့နောက် အမျှဝေ၍ သာဓုခေါ်ပါသည်၊

ညသို့ ရောက်ပြီ…၊ ရွာသားများ စုရုံးပြီး မီးခွက်၊ မီးတိုင်၊ မီးတောင်း၊ [illegible] မီးကိုယ်စီဖြင့် သုသာန်ထဲသို့ တရား [illegible] ရန် သွားကြပါမည်၊

ထိုလူအုပ်ကြီးထဲ၌ ကျွန်တော် စန်းလှိုင်၊ တော်ကြီး၊ သေးသေး၊ ဝင် [illegible] စိုးဝင်း၊ ဖိုးပျော့ကြီး၊ သိန်းထွန်း၊ စိုးလှ [illegible] ကလေးအုပ်စုလည်း ပါလေတိုင်းလို [illegible] အရဲစွန့်ကာ လိုက်ခဲ့၏၊ ကျောင်းရှေ့ [illegible]

[illegible] တောက်ရိုးများ ဖြန့်၍ ခင်းကြပြီး နေရာယူထိုင်ကြပါ၏၊ ကျွန်တော်တို့အုပ်စု တတော့နောက်ဘက်မှာ ထိုင်ကြသည်၊ ကျောင်းပေါ်၌ အလင်းရောင်သည် မီးခွက်ထွန်းသည်ဖြစ်၍ မှိန်မှိန်လေးသာ ရှိ၏၊

တရားပွဲစပြီး ဘုရားကန်တော့ ဩ ဘာသမှစ၍ငါးပါးသီလယူ၍ဆရာတော်ကြီးက မေတ္တာပို့ရပေးပါသည်၊ တရားထိုင်ပုံ၊ လေရှူသွင်းပုံများ၊ နှာသီးဝလေ ဘိုထွက်လေ၊ဝင်လေမှတ်ရန် သင်ပြပေး နေရာ…

ရှေ့ဆုံးမှ အသက်အကြီးဆုံး ဦးဘိုးညွှာလေးက တရားလက်ခံပြုလုပ်၍ တရားထိုင်ပါသည်၊ ဆရာတော်ကြီးက "ဒကာကြီး အသက်လည်း ကြီးပြီ၊ သေ [illegible]လည်း နီးပြီ၊ ဝိပဿနာကို မပြတ်ပွား [illegible]ပါ" လို့ မိန့်ပါသည်၊

ထိုအချိန် ယခု ကျွန်တော်၏ မရီး [illegible]တ်စပ်သူ မဆန်းတင်မှာ တရားမှတ် [illegible]ဘုံးဆိုလဲသွားပါပြီ၊ ဆရာတော်ကြီး [illegible] သူ ပြန်မပြောပါ၊ မူး၍ လဲခြင်း [illegible] အိပ်ချင်၍ လဲခြင်းလား၊ တစ် [illegible]တ်ပြီးတစ်ယောက် လဲလဲနေ [illegible]တော့ တွေ့ပါသည်၊

ညက (၁၀) နာရီကျော်လာပြီ၊ မှ အိုက်သောလမို့ အိုက်စပ်စပ် ဖြစ်နေ၏၊ ကောင်းကင်တစ်ခုလုံး မည်းမှောင်၍ ဘာမှ သဲသဲကွဲကွဲ မမြင်ရ၊ လဆုတ်ရက် ဖြစ်သည်၊ ကျွန်တော်တို့ဘေးဘက် တွင် ချုံပင်ကြီးများနှင့် မြေပုံဟောင်းများ သာ ရှိသည်၊

ကျွန်တော် ကွင်းထဲသို့ လှမ်းကြည့်မိသည့်အခါ …

ကွင်းထဲတွင် မီးလုံးရဲရဲများစွာ တွေ့ လိုက်၏၊ ကျောင်းစု၊ မကျီးစဉ်၊ လေး တင်ကုတ်ဘက်မှ မီးလုံးကြီးများ ရဲရဲနီ၍ တဖြည်းဖြည်း လာနေပြီ၊ ကျောင်းစု ရွာထိပ်ရှိ သခွပ်ပင်ကြီးပေါ်က မီးလုံးကြီး နှစ်လုံးကတော့ အပင်ကြီးကိုဝင် မြင်ရ ၏၊ သုံးတင်းကုတ်၊ လေးတင်းကုတ်၊ တိုက်ကုန်းဘက်ကလည်း လူတွေ လာ နေသလို၊ မီးအုတ်၊ မီးတိုင်ထွန်းလာ သည့်ပွဲ မြင်ရပြီးနောက် လေးတင်းကုတ် ရွာထဲက ညောင်ပင်ကြီးပေါ်က မီးလုံး ကြီး နှစ်လုံး ထင်ထင်ရှားရှား ပို၍တောက် ရဲရဲနီ မြင်နေရ၏၊

ကျွန်တော့်ဘေးက စန်းလှိုင်တ ငိုက်နေ၏၊ သူ့ကို အတင်းဆွဲပြီး…

"စန်းလှိုင် - ဟိုမှာ ကြည့်စမ်းပါဦး ကွ"





www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲကွ-မင်းကလည်း အလန့်တကြား"

"မင်းကျောင်းစုကိုကြည့်လိုက်စမ်း၊ မီးလုံးကြီးနှစ်လုံး သခွပ်ပင်ကြီးဆီမှာ လေးတင်းကုတ်က မီးနှစ်လုံး မင်းတွေ့လား"

"အေးကွ-ဟုတ်တယ်-ဟုတ်တယ်၊ တို့ဆီ လာနေတာကွ"

ထိုအချိန် အနီးရှိ လက်ပံပင်ကြီးပေါ်မှလင်ကောင်ပိုး(ငှက်ဆိုး)က "ဂစ်-ဂစ်-ဂစ်-"ဟု ညအိတိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တော့ အားလုံးကြောက်နေကြပါပြီ။ အနီးရှိ ချုံပုတ်များကလည်း တရှဲရှဲမြည်လာသည်ကိုကြားရပါသည်။

ည (၁၀)နာရီတီးပြီ၊ ဆရာတော်ကြီးက အားလုံး တရားစခန်း ဖြုတ်ကြောင်း၊ နောက်ထပ်တရားနာမည့်သူတွေ လာနေပြီဖြစ်ကြောင်းရှင်းပြပြီးတစ်ယောက်စျေးပြန်လွှတ်လိုက်ပါသည်။

နောက်တစ်နေ့နံနက်အရုဏ်ဆွမ်း ဝိုင်ရန် ဘကြီးဦးသာရှံနှင့် ကိုငသောင်းတို့ သွားကြရာ ဆရာတော်ကြီးက "ညက တရားပွဲအကြောင်းဒကာကြီးကိုပြောရဦးမယ်"

"ဒကာကြီးတို့ရွာမှာပရိသတ်တော်တော်များတယ်၊ တချို့တရားနာတယ်၊ တချို့ကျတော့ လှည့်မကြည့်ကြဘူး၊ ဒီအထဲမှာ ဒကာကြီးနှစ်ယောက်က ကြက်ပိုက်လို့ လာတယ်၊ တစ်ယောက်ကတော့ ဗျာရိုက်ကြက်ဖ၊ သူတို့လာပြီး ကျောင်းရှေ့နားမှာကြက်တိုက်ကြတယ်၊ ဘုန်းကြီးကိုလည်းရှိမခိုးဘူး၊ဟိုရွာဘက်ကိုပြန်သွားတယ်"

ဟု ကျောင်းစုရွာဘက် လက်ညှိုးထိုးပြပါသည်။

"နောက်ထပ်ဒကာကြီးနှစ်ယောက်က ရွာထိပ်နားကတစ်ယောက်ကအင်္ကျီမပါဘူး၊ ဗိုက်ရွှဲရွှဲ အသားမည်းမည်း အရက်မူးနေတယ်၊နောက်တစ်ယောက်က သခွတ်ပင်နားမှာ နေတယ်၊ ကုတ်အင်္ကျီဝတ်လို့ အသားဖြူဖြူ သိပ်မဝဘူး ပိန်ပိန်ပါးပါး အရပ်ရှည်ပုံရတယ်၊ ဆံပင်တိုတို ကျောက်ပေါက်မာရှိတယ်၊ သူလည်း အရက်မူးနေတယ်၊ သူတို့နှစ်ယောက် လည်ပင်းဖက်ပြီး ပြန်ကြတယ်ဗျ"

"နောက်တစ်ယောက်က တရုတ်လူမျိုး၊ ခြေထောက်တစ်ဖက် နိမ့်နေတယ်၊ သူက ဘုန်းကြီးကျောင်းနားမှာ နေတယ်၊ သူ့သမီးကို ပြောပေးပါ၊ ဒီရွာထဲမှာ နေတယ်၊ ဆွမ်းသွတ်ပေးရင် သူ ကျွတ်မယ်လို့ပြောတယ်-ဒကာကြီး"

ဦးသာရှံက ...

"မှန်ပါဘုရား-တပည့်တော်သိတာ [illegible] ကြက်တိုက်တဲ့သူဆိုတာ ကျောင်းစု [illegible] ဆရာရင်းနဲ့ ဦးအချွန်းကြီးတို့ ဖြစ်မှာ [illegible]ဘုရား၊ သူတို့က လူ့ဘဝကတည်းက [illegible]သနာပါတွေဆိုတော့ ကျိန်းသေပါ [illegible]တယ်၊ နောက်အရက်မူးသမား နှစ် [illegible]ယောက်က တပည့်တော်တို့ရွာထိပ်က [illegible]နီးဆိုင်နဲ့ ကျောင်းစုက ဘိုးသိန်းတို့ [illegible]ရက်မူးပြီး သေဖူးပါတယ် ဘုရား၊ [illegible]လူမျိုးတော့မသိပါ၊တပည့်တော် [illegible]ဦးမယ် ဘုရား"

လို့ လျှောက်တော့ ဆရာတော် [illegible] ...

"ဒကာကြီးတို့ လူ့ရယ်လို့ ဖြစ်လာ [illegible] ရွာအိမ်နဲ့ တည်ဆောက်တယ်၊ ဒီ [illegible]အိမ်ကြီးဟာ တစ်နေ့တစ်နေ့ အိုအို [illegible]တယ်၊ ချို့ယွင်းလာတယ်၊ အဲဒါဟာ [illegible]ရောဂါသဘောအရတစ်နေ့နေ့ [illegible]သေရမှာ မလွဲပါဘူး၊ မသေခင်မှာ [illegible]လွှဲလိုတယ်နော်၊မိမိလုပ်ခဲ့သမျှ [illegible]တွေဟာ ကောင်းမှု၊ မကောင်းမှု၊ [illegible]၊ အကုသိုလ် ဒွန်တွဲနေတော့ [illegible]တ်တဲ့သဘောရှိတယ်၊ သား၊ [illegible] အဒေွ၊ ခင်ပွန်း၊ ဆွေမျိုးညာတိ၊ [illegible]ရား၊ ပစ္စည်းဥစ္စာ၊ အလုပ်အကိုင် အားလုံးကို အစွဲပြုပြီးတော့ ကုသိုလ်ကောင်းမှုစွဲပြီး သေရင် ငရဲတိရစ္ဆာန်ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ ရောက်တယ်၊မသေခင်စွဲတဲ့စိတ်ကြောင့် နာနာဘာဝ ပရလောကသားတွေဟာ မြင်အပ်မမြင်အပ်ရှိနေကြတယ်၊ စားရန် အစားအစာ၊ နေထိုင်စရာနေရာ၊ ဝတ်စရာ အဝတ်အစား၊ ဆင်းဆင်းရဲရဲ အချိန်မလပ်သူတို့မှာ ဒုက္ခအမျိုးမျိုး ခံစားပြီး နေရတယ်၊

သူတို့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုလုပ်ပေးရင် သာဓုခေါ်နိုင်တဲ့ အခါ အဲဒီဘုံက ကျွတ်လွတ်ပြီး တခြားဘုံကို ရောက်တယ်၊ ယခု ဒီသုသာန်ထဲက မကျွတ်မလွတ်တဲ့သူတွေဟာ တချို့ကယ်မည့်သူ ရှာနေတယ်၊ ဘုန်းကြီး မေတ္တာပို့တဲ့အခါ သာဓုခေါ်ပြီး ပြန်သွားကြတယ်၊ တချို့ကတော့ မေတ္တာပို့သံ မကြားနိုင်အောင် နားပိတ်ထားကြတယ်၊ ကျန်ရစ်တဲ့ မိသားစုတွေ၊ မိမိတို့မိဘဆွေမျိုးအပေါ် ကုသိုလ်ကောင်းမှု မကြာခဏ လုပ်ပေးဖို့ လိုတယ်၊ တဲ-ဒကာကြီး (၈)နာရီတီးရင် ဆွမ်းခံကြွမယ်၊ ဒကာကြီး ရွာထဲမှာ စောင့်ပါ"

ဆို၍ ဦးသာရှံနှင့် ကိုငသောင်းတို့ ပြန်ခဲ့ကြပါသည်။





www.burmeseclassic.com

ဘုရားတည်ခြင်းလည်း မည်သူမျှ မလုပ်နိုင်တော့ပါ၊ ဘုရားဒကာလည်း မပေါ်ခဲ့ပါ။ ၁၃၅၂ ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်နေ့က ရောင်ပြစ်ကွင်းရွာတွင် ကျွန်တော်၏ဖခင် ဦးစိန်ဟန်၊ မိခင်ဒေါ်ခင်ညွန့်တို့က ကျွန်တော်နှင့် သား၊ မြေးများကို စုပေါင်း ရဟန်းခံ ရှင်ပြုပွဲပြုလုပ်နိုင်ရန် ရန်းဆိုကြီးရွာလယ်ရှိစေတီပေါင်းကြီးအား ပြုပြင်မွမ်းမံရန်အတွက် ဆရာတော်ဦးလက္ခိတ (သဒ္ဓမ္မဇောတိက) ညောင်တုန်းဆရာတော်ဘုရားကြီးနှင့် ဦးပညာဝလ(မယ်ကြက်မ)ဆရာတော်တို့မှ တရားပွဲပြုလုပ်၍ ပြန်လည်တည်ဆောက်ရန် အလှူခံပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ ယခုအခါ (မြတ်ဘုန်းပွင့်)ဘွဲ့တော်ဖြင့် ပွင့်ထွန်းနေပြီ ဖြစ်ပါသည်၊ ဘုရားကြီးသည် သမိုင်းဝင်ဘုရားတစ်ဆူဖြစ်၍ ဥမ္မာဒန္တီမင်းသမီး တည်ထားကိုးကွယ်ခဲ့ကြောင်း သိရပါသည်၊ ဘုရားကြီး ပရဝုဏ်အတွင်း၌ ကျောင်းတစ်ကျောင်း ဆောက်လုပ်ခဲ့ပါသည်။

ထို့နောက် ဘုရားများ တစ်ဆူပြီး တစ်ဆူ ပွင့်ထွန်းခဲ့ရာ...

၁၃၆၅ – ခုနှစ်တွင် ယခု သုဝဏ္ဏာရာမကျောင်းတိုက်အတွင်း၌ (မနော မယသိဒ္ဓိ ရှင်လာဘမုနိ)မြတ်စွာဘုရားအား ဆရာတော်ဦးသုဒဿန(ကင်မလင်းကျွန်း၊ ပုသိမ်မြို့) ဦးစီးနာယကပြုလျက် ဘုရားဒကာကြီး ကျွန်တော်၏ဖခင် (ဦးစိန်ဟန် + ဒေါ်ခင်ညွန့်)မိသားစုနှင့် အများကောင်းမှုဖြင့် တည်ထားခဲ့ပါသည်၊ ဘုရားတည်စဉ်က ကျွန်တော်ခေါင်းဆောင်၍ အတိတ်နိမိတ်များ ရရှိသဖြင့် ထိုဘုရားသည် ၁၃၄၂ – ခုနှစ်က စာရေးသူ ဘုရားမဲပေါက်ခဲ့သော ကျုံပျော်မြို့မှ မြဘုရားအား ဌာပနာပြုလျက် တည်ခဲ့ခြင်း ဖြစ်ပါသည်၊ ဆရာတော်ဦးသုဒဿန၏ ရှေးဟောင်းဘုရားများ ကျောက်များ၊ ဓာတ်တော်များနှင့် ဒကာ ဒကာမများ၏ ဌာပနာပစ္စည်းများဖြင့် လှူဒါန်းကြပါသည်၊ ထို့နောက်...

လေးတင်းကုတ်ရွာတွင် ဆရာတော်ကြီးပန္နက်ရိုက်ခဲ့သည်ကိုအစွဲပြုလျက် သုဝဏ္ဏာရာမဆရာတော်မှ တပည့်များနှင့် တည်ထားကိုးကွယ်ခဲ့ပြန်ပါသည်။ သုသာန်တွင် တရားပွဲကျင်းပစဉ်က ဆရာတော်ကြီး အမိန့်ရှိခဲ့သည်မှာ ဘုရားများပွင့်မည်၊ ဘုရားကိုးဆူပွင့်မည်။ ယခုနေ့ တိကျမှန်ကန်နေပါ၏။

၄င်းဘုရားများမှာ –

၁။ မြတ်ဘုန်းပွင့်ဘုရား
၂။ သုံးထပ်ကျောင်းကြီးဘုရား
၃။ ကမ္ဘာအေးကပ်ကျော်ဘုရား
၄။ မနောမယသိဒ္ဓိရှင် လာဘမုနိဘုရား
၅။ *နှလုံးရုံဘုရား*
၆။ သေလာရကျောင်းဘုရား
၇။ ညောင်ကုန်းဘုရား
၈။ သုံးခွဦးမြရွှေဘုရား
၉။ ညီနောင်တော်ဘုရား(သုံးခွ)

တို့ဖြစ်နေပါတော့သည်။

ဆရာတော်ကြီး မိန့်မှာချက်များအည် တစ်ခုမှ မလွဲခဲ့ပါ။ သုသာန်မှုတင်တို့ ကျင့်ပြီး မကျွတ်မလွတ်သော နာနာဘာဝ၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ ဖုတ်၊ ကျုတ်၊ ပရလောကသားများ၏ ဖြစ်ကြောင်း၊ ဖြစ်နေသည့်ဘဝကို လက်တွေ့ကျကျ ပြောနိုင်ခြင်း၊ မြင်နိုင်ခြင်းသည် ဝိဇ္ဇာ ဟုတ်ပါသလား၊ ကြိုတင်ပြီး ဖြစ်ပျက်မည့်အကြောင်းအရာများကို နိမိတ်ပေးခြင်းသည် သမာဓိတည်ရှိခြင်းလား၊ ပြောမယုံကြုံဖူးမှ သိ၊ အတိတ်က ပြောခဲ့သည်ကို ယခုနေ့ ပစ္စုပ္ပန်ကာလမှာ တွေ့မြင်နေပြီ ဖြစ်လို့ *အားလုံး မှန်နေပါပြီ။*

ယခုနေ့ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်ခဲ့သည်မှာ နှစ် (၃၀)ကျော်ခန့် ရှိမည်၊ အကြောင်းအရာအားလုံးသည်မျက်မြင်နှင့်ဘကြီးသာရုံ၏ပြောပြချက်များသာ ဖြစ်ပါသည်၊ ဤကဲ့သို့ကြိုတင်နိမိတ် ပြောနိုင်သူသည် စာရေးသူ မြင်ဖူးခဲ့သည်မှာလည်း ယနေ့တိုင်မှတ်မိနေဆဲ၊ သတိရနေဆဲ ဖြစ်နေရပါတော့သည်။

သာသနာတော်မြတ် ဝိဇ္ဇာဓာတ်
ထွန်းလင်းတဲ့ တည်ပါစေ ...

**မင်းတိုင်ပင်(မြရောင်ခြေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုရေးဆရာတစ်ဦး



ဖြစ်ပုံက အလွန်အံ့သြစရာ ကောင်းတယ်ဗျာ။

ဟုတ်ပါ့မလား။

မဖြစ်နိုင်ပါဘူး။

အတွေးအမြင် ချော်နေကြပြီနဲ့ တူပါတယ်။

ကျွန်တော်တို့ ခေတ်ပညာတတ်လူရွယ်တွေ ပြောကြ၊ တွေးကြ၊ ဝေဖန်ကြတာ ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရစာရေးဆရာတစ်ဦး

သို့သော် ...

မဖြစ်နိုင်ဘူးလို့တွေးခဲ့တာတကယ် ဖြစ်နေပြီ၊ သိပ္ပံအယူအဆနဲ့ရုပ်ဝါဒအယူအဆတို့ အံ့ဩစရာကောင်းစေတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းက လွှမ်းမိုးသွားခဲ့ပြီဗျာ။

ဘာကြောင့်မကြာချက်ချင်းဖြစ်စဉ်တ ပြောင်းလဲသွားရတာလဲ။

Mysterious Forces (မစ်တီးရီးယတ်(စ်)ဖို့(စ်)လို့ခေါ်တဲ့ နက်နဲသိမ်မွေ့ပြီး နားလည်ရန်ခက်တဲ့ ဖိအားတွေကြောင့်များလား။

Mythology(မက်သော်လော်ဂျီ)ခေါ် နားလည်ရန်ခက်တဲ့ ပုံပြင်ဒဏ္ဍာရီလား။

Mystic(မစ်တီရီ)ခေါ်နားလည်ရန်ခက်တဲ့ လျှို့ဝှက်ချက်ရှိနေတာတော့ ကျွန်တော်တို့ တဖြည်းဖြည်း သဘောပေါက်ခဲ့ရတယ်။

ကိုင်း – စဉ်းစားကြည့်ကြပါဗျာ။

လူသေကောင်လို မီးသင်္ဂြိုဟ်ကြတယ်၊ ထင်းပုံပေါ်မှာ အလောင်းတင်ပြီး မီးမြှိုက်စေတာ၊ မီးလောင်တာပဲလေ။

ထင်းတွေလည်းလောင်စာ(ဒီဇယ်ရေနံဆီ၊ ရေနံချေး)ဖြန်းထားတော့ မီးနဲ့တိုးရော တဟုန်းဟုန်းလောင်တာပဲ။ ထင်းကို မီးစွဲလောင်တယ်၊ ပြီး – လူသေကောင် ထည့်တင်ထားတဲ့ ခေါင်းကို မီးစွဲလောင်၊ မီးတောက်မီးလျှံကြားမှာ လူသေကောင်ကို မီးစွဲ၊ လူ့အဆီကို မီးလောင်၊

ဖျစ်ဖျစ်မြည်သံ ကြားရတယ်၊ လူသေကောင်ကို မီးစွဲပြီး အကြောတွေ တွန့်ရုန်းလို့ ကုန်းထတာ မြင်ရဖူးတယ်၊

ဒီလိုမျိုး မီးတောက်မီးလျှံကြားမှာ ရုန်းကြွ၊ ကုန်းထလာတာကို မြင်လိုက်ရရင် အသည်းငယ်သူဆို လန့်ပြီး သတိလစ်ရော၊ ပြေးရော၊

ကျွန်တော် လူသေကောင် မီးရှို့လို့ အကြောတွေ ရုန်းထ၊ ကုန်းထတာမျိုး မီးသင်္ဂြိုဟ်စက်ထဲမှာလည်း မြင်ဖူးတယ်၊

မီးသင်္ဂြိုဟ်စက်မရှိတဲ့ တောအရပ်၊ မြို့အရပ် သချိုင်းမှာ အစိမ်းသေ မီးသင်္ဂြိုဟ်၊ ဘုန်းတော်ကြီးပျံ မီးသင်္ဂြိုဟ်ခိုက် အကြောတွေ ရုန်းကြွ ကုန်းထတာမျိုး အနီးကပ်မြင်ဖူးတယ်၊

အဲဒီလို ရုန်းကြွ၊ ကုန်းထလာရင် သူဘရာဇာတွေက တံစူးဝါးနဲ့ ထိုးလှဲ ကြတယ်၊

ကြောပါဘူးဗျာ၊

ငြိမ်ကျသွားတာပဲ၊ လူ့အဆီ မီးလောင်လို့ ခန်းရော ပြာကျတဲ့အဆင့်ကို ရောက်သွားတာပဲ၊

မီးသင်္ဂြိုဟ်စက်ထဲမှာတော့ ပြာကျတာ မြန်တာပေါ့။

ထင်းမီးနဲ့ သင်္ဂြိုဟ်ရင်တော့ အချိန်ကြာတာပေါ့။

လူသေကောင် (မီးသင်္ဂြိုဟ်ရတဲ့ လူသေကောင်)မီးစွဲလောင် ပြာကျတာချည်းပဲ။

မီးမလောင်တဲ့ မီးသင်္ဂြိုဟ် လူသေကောင်ဆိုတာ မရှိပါဘူးဗျာ၊ မတွေ့ဘူးပါဘူးဗျာ၊

ဘုရားရဟန္တာများသာလျှင် သူ့အလိုလို တေဇောဓာတ်နဲ့ ပြာကျတယ်လို့ ကြားဖူးတာပါဗျာ။

ဟော – အခု မီးရှို့သင်္ဂြိုဟ်တာတောင် လုံးဝမီးမလောင်တဲ့ အသုဘရာပနဖြစ်စဉ်ကို ကျွန်တော်တို့ မြင်နေရတယ်။

ဟုတ်ရဲ့လား။

ဟုတ်တယ်ဗျာ၊ ထင်းပုံပေါ်မှာ အလောင်းကိုတင်ပြီး မီးရှို့သင်္ဂြိုဟ်နေတာဗျ၊ လောင်စာဆီတွေလည်း ထင်းပုံပေါ် ရွှဲရွှဲဖြန်းပြီးမှ မီးတုတ်နဲ့ သချိုင်းအလုပ်သမားက မီးရှို့တာ၊

အလို ...

လုံးဝမီးမစွဲပါလား။





www.burmeseclassic.com

www.burmeseclassic.com



မိဘက စိတ်ဆိုးပြီးသော်
လည်းကောင်း၊ အကြီးအကဲများက
ခွင့်မလွှတ်နိုင်ရှိသော်လည်းကောင်း၊
စိတ်ဆိုးပြီးပြောကြတာမျိုး ရှိတယ်။
ဘယ်လိုပြောလဲဆိုတော့ နင်လို
ကောင်မားမျိုးက သေရင်တောင်
မီးလောင်မှာ မဟုတ်ဘူးဟဲ့ဆိုတဲ့
စကားပေါ့။ ကျိန်ဆိုတာလည်း
ဖြစ်ချင်ဖြစ်မယ်။ သန္တာဆိုတာလို
ပြောမိတာလည်း ရှိချင်ရှိတယ်။
အဲဒီလိုရှိခဲ့ရင် လူဆိုးလူမိုက်
မိဘစော်ကား၊ ပြစ်မှားသူ
သားသမီး အစိမ်းသေသေရင်
မီးမလောင်ဘူးဗျ ...

"ဟော့ကောင် - ငကျီး ဒီဖယ်ထပ်လောင်စမ်း"

သချိုင်းတာဝန်ခံလူကြီး(သုဘရာဇာဟု ပြောလျှင်ရပါသည်)က အော်ပြောလို့ငကျီးဆိုတဲ့ သချိုင်းအလုပ်သမားက ဒီဖယ်ပုံးထဲက ဒီဖယ်တွေ ထပ်ဖြန်းတယ်။

"ရှိတော့ ..."

"ဟင် ..."

"ဟာ ..."

"ဘယ်လိုလဲဟော့"

မီးတုတ်ရှည်နဲ့လှမ်းတို့တယ်၊ လုံးဝမီးမစွဲဘူး။ အသုဘလိုက်ပို့ပြီး ကျန်ရစ်စောင့်ကြည့်သူ ဆွေမျိုးတွေ အံ့သြကြပါရဲ့။

"မီးမစွဲဘူး - အဘရှန်း"

"တောက် - ဒီမသာကောင်နယ်ကွာ။ ဓာတ်ဆီရှိလားဟော့"

"ရှိတယ်ဗျ"

"ဓာတ်ဆီ များများဖြန်းပြီး ရှို့"

ဒါနဲ့ ဓာတ်ဆီပုလင်းတွေ ဖွင့်ဖြန်းကြတယ်၊ ရွှဲနေအောင် နေရာအနှံ့ အလောင်းပေါ်ပါ တင်ကြ၊ ထိုးကြ၊ သွန်းကြ...

"ပြီးပလား - ငကျီး"

"ပြီးပြီဗျ"

"ပြီးရင် ရှို့... ကြာတယ်"

"ဟုတ်"

မီးတုတ်နဲ့ လှမ်းရှို့တယ်၊ ဘုရား ...ရ - ဓာတ်ဆီရော၊ ဒီဖယ်ရော ရွှဲနေ ...အောင် ဖြန်းထားတာဗျာ၊ အဲဒါ လုံးဝမီး ...ဘူး။ မလောင်ဘူး။

ကျွန်တော်တို့လည်း အံ့သြကြ။

အနီးရှိမသာရှင် အသိဆွေမျိုးတွေ ...ည်း အံ့သြကြ၊

"အဘ..."

"မလောင်ဘူးလားကွ"

"မလောင်ဘူးဗျ..."

"ပေးစမ်း - မီးတုတ်"

သုဘရာဇာကြီး ဦးရှန်းက မီးတုတ် ...လှမ်းယူပြီး ကိုယ်တိုင်ထင်းပုံကို ရှို့တယ်၊ ...မလောင်ဘူး။ နေရာအနှံ့လိုက်ပြီး မီး ...တ်နဲ့ ရှို့တယ်၊ ဘယ်နေရာမှ မီးမစွဲ ...။

...တုတ်မီးလည်း မီးမငြိမ်းဘူး။

သုဘရာကြီးဦးရှန်းမီးတုတ်ကိုင်ပြီး ...လို့၊

...ကျွန်တော်တို့လည်း စဉ်းစားကြ၊ ...ကြပေါ့ဗျာ၊

...တုတ်မှလွဲရော၊

...ရန်ဆီထဲမှာ ရေပါနေလို့များ လား။

ဒီဖယ်ထဲမှာ ရေရောထားလို့များမီးမစွဲတာလား။ ဒါနဲ့ ကျွန်တော်တို့လူရွယ်နဲ့ လူကြီးအချို့က သုဘရာဇာကြီးကို ဝိုင်းမေးကြတယ်၊

"ဦးရှန်း"

"ဘာတုံး..."

"မီးမစွဲဘူးဗျ"

"အေး..."

"ရေနံဆီကရော စစ်ရဲ့လားဗျ"

"စစ်တာပေါ့ကွာ"

"ဒီဖယ်ထဲမှာရော ရေမပါဘူးလား"

"မဟုတ်မဟပ်ကွာ"

"ဓာတ်ဆီထဲ ရေပါရင် မီးမလောင်ဘူးလေဗျာ"

"ဟုတ်လား"

သုဘရာဇာကြီး ဦးရှန်းက ကျွန်တော်တို့လူစုကိုကြည့်ပြီး "ဟုတ်လား" လို့ ရိသဲ့သဲ့ပြောပါရော၊

"ဒီမှာဟော့"

"ပြောပါဦးရှမ်း ပြောပါ"

"ငါ ဒီသချိုင်းမှာ လူသေတောင်တွေ မီးရှို့(မီးသင်္ဂြိုဟ်)ပေးခဲ့... အလောင်းတွေ အများကြီး...ရေနံဆီ

www.burmeseclassic.com

ဓာတ်ဆီမလောင်းဘဲ အမှိုက်တွေ၊ ရိုးပြတ်တွေ စံရှိတာတောင် အရိုးပြာကျတယ်၊ ဟောဒီ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်နဲ့ဆို မီးစွဲမီးလောင်မြန်တာပေါ့ကွ၊ ငါတို့က (အင်) စက္ကူလ မဟုတ်ပါဘူး၊ (အင်) သုဘရာဇာမဟုတ်ဘူး၊ မျိုးနဲ့ ရိုးနဲ့ လုပ်စားလာတဲ့ သုဘရာဇာအစစ်ပါကွ၊ ဒီမှာကြည့် - ငါတို့သုံးတဲ့ရေနံဆီ ဓာတ်ဆီစစ်စစ်၊ ရေပါ မပါကြည့်"

သို့ကလို ပြောပြီး သူ့လက်ထဲက ဓာတ်ဆီပုလင်းနဲ့ ဒီဇယ်ပုလင်းကို နီးရာ အမှိုက်ပုံပေါ် လောင်းဖြန်းပြီး မီးတုတ်နဲ့ မှို့လိုက်ရော မီးစွဲလောင်ပြီး မီးတောက်တွေ လူတစ်ရပ်ကျော်လူးလွန့်တတ်နေပါရောဗျာ၊

"ဟေ့ကောင် - ငါတို့သုံးတဲ့ ရေနံဆီ ဓာတ်ဆီ အတုလား၊ အစစ်လား၊ ပြောလေ၊ မင်းခန္ဓာကိုယ်ပေါ် အရှင်လတ်လတ် မီးသင်္ဂြိုဟ်ရမလား ပြော"

သုဘရာဇာကြီးဦးရှန်းက မီးတုတ်ကြီးတိုင်မြှောက်ပြီး အော်ပြောပါရောဗျာ၊

ကျွန်တော်တို့ လူရွယ်၊ လူကြီး အခု ဘာမှမပြောရဲတော့ဘူး၊ တော်ကြာ ကိုယ့်ပေါ် ရေနံဆီ၊ ဓာတ်ဆီပက်ပြီး မီးတုတ်နဲ့တို့လိုက်မှ အမယ်လေး - ဘုရား ဘုရား၊

"ဒါဆို - ဘာဖြစ်လို့ မီးမလောင်ရတာလဲ - ဦးရှန်းရယ်"

အဘိုးကြီးတစ်ဦးက သုဘရာဇာ ဦးရှန်းကြီးကို မေးတယ်၊

"အကြောင်းရှိလို့ မလောင်တာပေါ့ဗျာ"

"ဘယ်လို အကြောင်းများကြောင့်ပါလဲ ရှန်းကြီး"

"ဒီမှာ - အစ်မကြီး"

"ပြောပါ - ကိုရှန်းကြီး ပြောပါ"

"ခင်ဗျားက ဒီသေတဲ့အလောင်းနဲ့ ဘာတော်တုံး"

"ကျွန်မရဲ့ တူ (မြေး) တော်ပါတယ်ရှင်"

"ဒီသေတဲ့ကောင်လေးရဲ့ မိဘတွေ ဘယ်မှာတုံး"

"သေတဲ့တူလေးမှာ အဖေမရှိပါဘူးရှင်၊ အမေ မုဆိုးမကြီးပဲ ရှိပါတယ်"

"သူ့အမေ ဘယ်မှာတုံး၊ ခေါ်လိုက်ပါဗျာ"

"သူ့အမေက အိမ်မှာ ကျန်ရစ်ခဲ့တယ်ရှင့်"

"သေသူရဲ့အမေက နေမကောင်းလို့ အသုဘလိုက်မပို့တော့ဘူးလား"

"အဲ - အဲ"

"အခုချက်ချင်း သွားခေါ်ခဲ့ဗျာ"

"ရှင်"

"ဗျာ"

"ဦးရှန်းကြီး ဘာဖြစ်လို့ သေသူရဲ့အမေကို သွားခေါ်ရမှာတုံးဗျ"

သေသူရဲ့အမည်က "ကိုစနေ" လို့ ခေါ်တယ်၊

သေသူ ကိုစနေရဲ့ ဆွေမျိုးတွေ ကလည်း ဝိုင်းမေးကြတယ်၊ ဘာဖြစ်လို့ သွားခေါ်ရမှာလဲတဲ့၊

"ဘာဖြစ်လို့လဲဆိုတော့ သေသူရဲ့ အမေကိုယ်တိုင် ပါးစပ်ကနေ ခွင့်လွှတ်ပါတယ်၊ သားရယ်လို့ ပြောမှ ဒီမသာကို မီးရှို့ခွင့်ရှိတယ်ဗျ"

"ရှင်"

"ဗျာ"

"ဟေ"

"အလိုလေး - ဘယ်လိုကြီးလဲ"

မီးသင်္ဂြိုဟ်တာကို စောင့်ကြည့်ဖို့ ကျန်ခဲ့တဲ့ သေသူရဲ့အမျိုးတွေရော ကျွန်တော်တို့ပါ သုဘရာဇာကြီးရဲ့ပြောစကားကြောင့် ပိုပြီး အံ့အားသင့်နေကြပါရောဗျာ၊

ကျွန်တော်က အနုပညာသမားပါဗျာ၊

သေတဲ့လူ ကိုစနေနဲ့လည်း မရင်းနှီးပါဘူး၊ လူသေကောင်မီးသင်္ဂြိုဟ်တာကို အနီးကပ်လေ့လာချင်လို့ လာကြည့်တာပါ၊

ကိုသောင်းရွှေက ဒီမြို့ကမြို့မ၊ ကျွန်တော့်မိတ်ဆွေ၊ အစိမ်းသေ လူသေကောင် (အသုဘ) မီးရှို့တာကို မြင်ဖူးချင်လို့ ရောက်နေတာပါဗျာ၊

လူသေကောင်ကို မီးရှို့သင်္ဂြိုဟ်ရင် မီးတောက်ထဲမှာ အရိုးကုန်းရုန်းထတယ်တဲ့၊ အဲဒါ အနီးကပ်မြင်သိချင်လို့၊

နောက်တစ်ချက်က —

အစိမ်းသေအသုဘကို မီးသင်္ဂြိုဟ်ရင် အရိုးပြာကျအောင် စောင့်ကြည့်ရအောင်၊ စောင့်ကြည့်ရင် အောက်လမ်းဆရာတွေက အစိမ်းသေရဲ့ အရိုးတို့ ကောက်ယူပြီး အောက်လမ်းပညာနဲ့ စီရင်လို့၊ အစိမ်းသေရဲ့ ဝိညာဉ်ကို ခိုင်းစားတယ်လို့ ပြောကြတာကိုး၊

ဒါကြောင့် - အစိမ်းသေအသုဘ မီးသင်္ဂြိုဟ်ရင်ပြာကျအောင် မီးရှို့တာ ကြည့်ဖူးလို့ လေ့လာတာပါ၊

ကျွန်တော်မြင်ဖူးသမျှ အစိမ်းသေ အသုဘတွေမှာတော့ စတီးပုံ ခေါင်းတို့ စက္ကူနဲ့ မီးရှို့ပြီး မြေမြှုပ်ကြတာ၊ ဂူသွင်းကြတာမျိုးပဲ မြင်ဖူးတာကိုး၊

အခု အရပ်က တောမြို့၊

မီးသင်္ဂြိုဟ်စက်မရှိတဲ့အရပ်၊



www.burmeseclassic.com

www.burmeseclassic.com

အစမြင်ရတာက (စတီ)ဟန်ပြမီး ရှို့ပြီး မြေမြှုပ်တာမဟုတ်ဘူး။ ထင်းပုံပေါ် အလောင်းတင်ပြီး ပြာကျအောင် ရှို့မှာ တဲ့...။

ခက်တာက မီးရှို့လို့မရဘူး။

လုံးဝ မီးမကူးဘူး။

မျက်မြင်အရ ရေနံဆီအစစ်၊

ဒီဇယ်၊ ဓာတ်ဆီကလည်း အစစ်။

ထင်းပုံတလည်းထင်းခြောက်တွေ၊ ဘာလို့ မီးမစွဲရတာလဲ၊

မီးသင်္ဂြိုဟ်တဲ့နေရာမှာရှိတဲ့သေသူ ရဲ့အမျိုးတွေပါ စဉ်းစားမရပဲ၊ အံ့ဩနေ ကြတာ၊

"ဒီမှာ - အမေကြီး"

"ဟုတ် - ဟုတ်ကဲ့"

"သေသူရဲ့အမေကိုအမြန်သွားခေါ် ပါဗျ"

"ဟို - ဟို"

"ဒါဆို ကျုပ်တို့ သူ့အလောင်းကို မြေမြှုပ်ပေးရမလား"

"ဟိုလေ"

"ကျုပ်တို့မှာ အလုပ်တွေ ရှိသေး တယ်ဗျာ၊ ဖြစ်နိုင်ရင် စတီပဲ မီးရှို့ပြီး မြေ မြှုပ်လိုက်တာ ကောင်းတယ်ဗျာ၊ ခုဟာ က စတီတောင် မီးရှို့လို့ မရဘူး ဖြစ်နေ တယ်၊ သူ့အမေကို သွားခေါ်ကြ၊ သူ့ အမေကိုယ်တိုင် "ခွင့်လွှတ်ပါတယ် သား ရယ်" "မင်းသွားလိုရာကိုသာ သွားပါ တော့" လို့ ပြောရမယ်၊

"အဲဒါက ဘာ - ဘာသဘော"

သေသူရဲ့ကြီးတော်က သုဘရာဇ ကြီးကို မေးတယ်ဗျ၊ နားလည်မှာလည်း မဟုတ်ဘူး၊ ယုံချင်မှလည်း ယုံမယ်၊ ကျုပ်ပြောမလိုသာ သူ့အမေကို သွားခေါ် ခဲ့ပါ"

နောက်ဆုံးသေသူကိုစနေရဲ့အမျိုး နဲ့ မိတ်ဆွေတွေက မရမက ပိုင်းမေး တော့မှ သုဘရာဇာဦးရှန်းကြီးက ခုလို ရှင်းပြပါရောဗျာ...

"ဒီလိုရှိတယ် - အစ်မကြီး၊ အခုသေ သွားတဲ့ လူငယ်ဟာ သူ့မိဘများအပေါ် မှာ ကာယကံ၊ ဝစီကံ၊ မနောကံ စတဲ့ ကံသုံးပါးနဲ့ ပြစ်မှားစော်ကား ကျူးလွန် ခဲ့တာ ရှိကောင်းရှိမယ်ဗျ၊ တစ်နည်း မိဘများ ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုကျူး လွန်ခဲ့ရင် အဲဒီလို မိဘကို ပြစ်မှားစော် ကားသူဖြစ်ခဲ့ပါက သေရင် အထူးသဖြင့် ရေနစ်၊ ကားတိုက်၊ လူသတ်ခံရလို့ သေ ခဲ့ရင် အပြစ်ကြီးလွန်းလို့ သေရင်တောင် မီးမလောင်ဘူး၊ ဒါ ခင်ဗျားတို့ ကြားဖူး တယ်နော်၊ မိဘက စိတ်ဆိုးပြီးသော် လည်းကောင်း၊ အကြီးအကဲများက ခွင့် မလွှတ်နိုင်၍သော်လည်းကောင်း စိတ် ဆိုးပြီးပြောကြတာမျိုး ရှိတယ်၊ ဘယ်လို ပြောလဲဆိုတော့ နင်လိုကောင်စားမျိုးက သေရင်တောင် မီးလောင်မှာမဟုတ်ဘူး တဲ့ဆိုတဲ့ စကားပေါ့၊ ကျန်ဆိုတာလည်း ဖြစ်ချင်ဖြစ်မယ်၊ သန္ဓာဆိုတာလို ပြောမိ တာလည်း ရှိချင်ရှိတယ်၊ အဲဒီလိုရှိခဲ့ရင် လူဆိုးလူမိုက် မိဘစော်ကား၊ ပြစ်မှား သူ သားသမီး အစိမ်းသေသေရင် မီး မလောင်ဘူးဗျ"

နောက်တစ်နည်းက...

မိဘကို၊ ရဟန်းသံဃာကိုစော်ကား မိတဲ့အကုသိုလ်ကံကြောင့် အများသိ အောင် ဘဝအဆုံးက သက်သေပြတာ ပဲဗျ၊ အဲဒီလိုဖြစ်ခဲ့ရင် အပြစ်က ကြီးလွန်း နေပြီ၊

ဒီလိုဖြစ်ရင် မိဘကသော်လည်း ကောင်း၊ ရဟန်းအရှင်သူမြတ်၊ ဆရာ သမားကသော်လည်းကောင်း ပါးစပ်က ပြောရတယ်၊

သား - တပည့် - မင်း ငါတို့အပေါ် ပြစ်မှားစော်ကားခဲ့သမျှ ငါတို့ အပြစ် မယူပါဘူး၊ ခွင့်လွှတ်ပါတယ်လို့ ပြော ရတယ်၊ အဲဒီလို ခွင့်လွှတ်စကားပြော ပေးမှ အလောင်းကို မီးစွဲတယ်၊ ကျုပ် အဲဒီလိုထူးဆန်းတဲ့အဖြစ်မျိုး မြင်ဖူး ကြုံဖူးလို့ ပြောတာပါ၊ ဒီသေသူလူငယ် ကလည်း ကားတိုက်ပြီးသေတာလို့ သိရ တယ်၊ စဉ်းစားရတာ၊ သူ့မှာ ကံသုံးပါး အပြစ်ကြီးပုံ ရတယ်၊ ဒါကြောင့် သူ့ အမေကို သွားခေါ်ပါ၊ ခွင့်လွှတ်စကား ပြောပေးပါလို့ ကျုပ် ပြောပေးပါလို့ ကျုပ် ပြောတာဗျ"

ကျွန်တော်တို့လည်း ကြားရတဲ့ စကားကြောင့် အံ့ဩခဲ့ရသလို၊

သေသူရဲ့အမျိုးအဆွေတွေလည်း အံ့ဩတွေဝေငေးမောသွားကြတယ်၊

"ဦးရှန်းကြီး"

"ပြောပါ - အစ်မကြီး"

"သူ့အမေကို သွားခေါ်ရင်လည်း လိုက်လာမှာ မဟုတ်ဘူးရှင်"

"ဗျာ - ဘာ - ဘာဖြစ်လို့လဲဟင်"

"မအေလုပ်သူက သေသွားတဲ့သူ့ သားကိုအရမ်းစိတ်နာလွန်းလို့ အသုဘ တောင် လိုက်မပို့ဘူးလေ"

"ဟူး - ခက်ပါလားဗျာ - သား ရဲ့ အသုဘကိုတောင် လိုက်မပို့ချင်အောင် စိတ်နာတယ်ဆိုတော့ သေသူသူ့သား




www.burmeseclassic.com

www.burmeseclassic.com

တ မိခင်ကို ဘယ်လောက်တောင် စိတ်နာကြည်းအောင် လုပ်ခဲ့လို့လဲဗျ"

ဒီလို - သုဘရာဇာကြီး မေးလိုက်ရော။

ခေါ်ခေါ်င်းညိုဆိုတဲ့ မေးသူ ကိုတင့်ရဲ့ကြီးတော်က ခုလို အကျဉ်းရုံး ရှင်းပြလေရဲ့ဗျာ၊

■

ဒီကလေးရဲ့နာမည်က "စနေ" တဲ့။

ဒီကောင်က စနေနေ့ မွန်းတည့်ခါနီးမှာ မီးဖွားသလို နေ့တက်ဖွားလည်းဖြစ်တယ်၊

နာမည်အရင်းက မောင်တိုင်လုံးတဲ့။

မအေလုပ်သူ ကျွန်မညီမ မသောင်းဆိုင်၊ သင်းကိုယ်ဝန် ဆယ်လမှာ လေးဒါးရက်ပိုက်နာခဲ့တယ်၊

ညဘက်ရောက်လေ ဗိုက်နာလေပဲ။

လက်သည်ကိုယ်တိုင်နေ့ရောညပါစောင့်ပြီးမီးဖွားဖို့ကြိုးစားခဲ့ပေမယ့် မမွေးနိုင်ဘူး"

မွေးချင်တော့ ...

တစ်နေ့နေ့မွန်းတည့်ခါနီး အိမ်တိုင်ကို မြေကန်မွေးခဲ့မှ ဒီကောင်ကို မွေးနိုင်ခဲ့တယ်၊

သူ့အဖေ ကိုထန်းသီးက ဓားထမ်းပြီး သင်းကို ကျော်ခဲ့ရတယ်လေ၊ စနေသား၊ နေ့တက်ဖွားကိုး၊

ဒါကြောင့် မောင်တိုင်လုံးလို့ အမည်ပေးပေမယ့် အရပ်က စနေသား၊ ငစနေ၊ စနေကြီးလို့ပဲ ခေါ်ကြတယ်၊

မိခင်နို့ကို မစို့ဘဲ နို့ကိုကိုက်တယ်၊

တစ်ခါငိုရင် တစ်နေကုန်ငိုတယ်၊

ချော့လို့ မရဘူး၊

ရောဂါရှိတယ်လို့ ထင်ပြီး ဆေးခန်းပြလည်း မရဘူး၊ မြန်မာဆေးဆရာ ခေါ်ပြလည်း အငိုမတိတ်ဘူး၊ ပယောဂဆရာခေါ်ပြပြီးမာတြာလုပ်၊ ခေါ်တာကျွေးလည်းငိုတာပဲ၊ တစ်နေ့ကုန်ငိုပြီးရင် အငိုတိတ်ရော၊ အဲဒါ မငိုရင်တစ်ရက် ငိုရင်တစ်ရက်ပဲ၊ သူ့အမေမျော အိပ်ရေးပျက်ပြီး လူရုပ် မပေါ်ဘူး၊

ဗေဒင် ဆရာကြီးတစ်ဦးထံမှာ ဗေဒင်မေးကြည့်တော့၊

ဒီကောင်ကြီးရင် လူမိုက်ဖြစ်မယ်တဲ့၊

သူ့ကြောင့် မိဘနှစ်ပါးအနက် တစ်ဦး သေးသင့်လိမ့်မယ်တဲ့၊

ကလေးရဲ့လက်ဖဝါးမှာ လက်[illegible] ရော၊ မြေမရောပုပြီးတိုနေတယ်၊ လက်[illegible]

တာ တင်းပုတ်နဲ့တူတယ်၊ ပုပုတိုတို...၊ လာဘ်မကောင်းဘူးလို့ ပြောတာပဲ၊

လူမိုက်ဖြစ်လိမ့်မယ်၊

ဂရုစိုက်ပြီး ထိန်းကျောင်းမွေးမြူခါတဲ့၊

ယတြာ ချေပေးတယ်၊

အဆောင်တွေ ပေးတယ်၊

ငစနေငါးနှစ်သားမှာ သူ့အဖေ ကိုထန်းသီး မိုးကြိုးအပစ်ခံလို့ ဆုံးသွားတယ်၊

သူ့အမေ သောင်းဆိုင်က ဈေးရောင်း၊ အိမ်ဖော်လုပ်၊ အဝတ်လျှော်[illegible]လုပ်တိုင်ပြီး ကျွေးခဲ့ပေမဲ့ ကျောင်း[illegible]တော့ ကျောင်းမှာ ရန်ဖြစ်တယ်၊

သူများပစ္စည်း ခိုးတယ်၊

သူတစ်ပါးကို အနိုင်ကျင့်တယ်၊

ဆရာမ ပိုက်ဆံခိုးတယ်၊

ကျောင်းထုတ်ခံရတယ်၊ သူဆိုး[illegible]ဆို့ ဘယ်ကျောင်းကမှ လက်မခံ[illegible]

[illegible]ရွယ်ရောက်တော့ ...

[illegible]တ်သောက်၊ ကြက်တိုက်၊ ဖဲ[illegible]ခွနဲ့ (၁၉) နှစ်သားမှာ ထောင်[illegible]

[illegible]ဆောင်တတွက်တော့ ခိုးတယ်၊ [illegible] လုတယ်၊ ဖဲကစားစရာ ငွေ



အံ့ရောဗျာ။ မီးတုတ်မီးတ
ထင်းပုံကိုစွဲပြီး မီးလောင်စာအရှိန်နဲ့
ဝုန်းခနဲ မီးစွဲလောင်လိုက်တာရယ်။
မီးတောက်မီးလျှံတွေ
မီးညွန့်အရှိန်ပြင်းနဲ့ တိုးတက်လောင်
လိုက်တာဗျာ ထင်းပုံကြီးဟာ
မီးရဲမီးကျီးခဲ ဖြစ်လာတယ်။
*သည့်နောက်...လူမိုက်ကြီး ကိုစနေရဲ့*
ရုပ်ကလာပ်ကို မီးစပြီး စွဲလိုက်ပါရော။
လူသေကောင် မီးလောင်နဲ့
ထွက်လာတယ်။

www.burmeseclassic.com

လိုရင် အမေ့ရှာထားသမျှ ခိုးပြီး လောင်းတစားတယ်၊

ဆွေမျိုးလည်း ပြောမနိုင်၊

အရပ်လူကြီးလည်း ပြောမနိုင်၊

အဆိုးဆုံးက မိခင်ကို ဆဲရေးတိုင်းထွာတယ်၊

တွန်းလှဲရိုက်ပုတ်တယ်၊ အရက်မူးလာရင် ပိုက်ဆံတောင်းမရလို့ ဓားရှည်နဲ့ လိုက်တာ အမေပြေးရတဲ့ ရက်မနည်းဘူး၊

ထောင်နှစ်ကြိမ် ကျတယ်၊

ထောင်ကလွတ်လာရင် မအေကြီးကိုညှဉ်းပန်းနှိပ်စက်တာပဲ၊ မအေကြီးက ယောဂီဝတ်နဲ့ ဘုန်းကြီးကျောင်းမှာနေတော့ ဘုန်းကြီးကျောင်းလိုက်ပြီး ပြဿနာရှာလို့...၊

ဘုန်းကြီးကျောင်းကနေ ပြေးရတယ်၊

ဒီကောင် မြေမျိုပြီး မသေဘူးရှင်၊

သူ ငွေလိုလို့တဲ့၊

ရှိစုမဲ့စု အိမ်နဲ့ခြံကို ရောင်းခိုင်းတယ်၊ မရောင်းပေးရကောင်းလားဆိုပြီး မအေကို ဆဲရေးတိုင်းထွာနှိပ်စက်တာ မြင်မကောင်းကြားမကောင်းပဲ၊

နောက်ဆုံး...၊

ရောင်းပြီးပေးပါ့မယ်၊ သွားရောင်းဆိုပြီး ဝယ်မည့်လူကို လိုက်စပ်နေတုန်း...

ဒီကောင် အရက်တွေ အကြွေးဝယ်သောက်ခဲ့တယ်၊ အိမ်နဲ့ခြံ ရောင်းပြီး နိုင်ငံခြားသွားတော့မယ်လို့ လိုက်ကြွားတယ်၊

ကံဆိုးချင်တော့ ...

အိမ်နဲ့ခြံက ရောင်းမထွက်ဘူး၊

အဲဒါ... သူ့ကို ပိုက်ဆံမပေးချင်လို့ ညာတာ၊ ညာရလိမ်ရမလားဆိုပြီး မအေကို ဓားနဲ့လိုက်ခုတ်တယ်၊ မအေက ရှေ့ကပြေး၊ သူက နောက်ကလိုက်၊

လမ်းထဲက လူကြီးတွေက မလုပ်ဖို့ ဝိုင်းတား၊ တားတဲ့လူကို ဓားနဲ့ လိုက်ခုတ်၊

မအေကြီးက ကြောက်လန့်ပြီး ကားလမ်းကို ကူးပြီးပြေး၊

စနေက အော်ဟစ်ကြိမ်းဝါးပြီး ဓားနဲ့အလိုက်၊ လမ်းအဖြတ်မှာ ...

အရှိန်နဲ့မောင်းလာတဲ့ ကားနဲ့တိုက်ပြီး စနေ လမ်းပေါ်မှာ ပွဲချင်းပြီးသေသွားခဲ့တယ်"

တိုတိုပြောရရင် ...

သူ့အမေ၊ စိတ်လည်းနာ၊ ရှက်လည်းရှက်၊ နာကြည်းလည်း နာကြည်းပြီး ကားတိုက်လို့ သေနေတဲ့ သူ့သားအလောင်းကို လုံးဝလာမကြည့်တော့ဘူး၊

အသုဘ ဒီနေ့ချတော့လည်း လိုက်မပို့ဘူး၊

စိတ်နာလွန်းလို့ဟိုး အရှေ့ရပ်ကွက်က အသိအိမ်မှာ သွားရှောင်နေလိုက်တယ်၊

မြို့ထဲမှာတော့ ပြောကြတာပေါ့၊

မအေအရင်းခေါက်ခေါက်ကို စော်ကားတဲ့လူမိုက် သေခြင်းဆိုးနဲ့သေပြီ၊

ဒီကောင်မျိုး သေရင်တောင် မီးမလောင်ဘူးလို့ပြောကြတာပေါ့၊ ခုတော့ မီးစတာတွေ မှန်နေပြီပေါ့ - ဦးရှမ်းကြီးရယ်"

သေသူ ရဲ့ ကြီးတော် က ဇာတ်ကြောင်းလှန်ပြောပြီး ငိုရှာတယ်ဗျာ၊

■

"ဖြစ်တာလည်း ဖြစ်ပြီးပေါ့ဗျာ၊ မိခင်ကို စော်ကားတဲ့၊ နှိပ်စက်အနိုင်ကျင့်တဲ့ အကုသိုလ်ကံအကျိုးပေးနဲ့ သူ့လမ်းသူ သွားပြီပဲလေ၊ ကိုင်း - ဒီအတိုင်း မြေမြှုပ်ရမလား၊ မီးသင်္ဂြိုဟ် ပေးရမလား၊ ပြောကြဗျာ"

"သူ - သူက အစိမ်းသေပါရှင်"

"ဒီတော့"

"မီးသင်္ဂြိုဟ်ပေးပါ - ဦးရှမ်း"

"ဒါဆို - ဒီလိုလုပ်ကြဗျာ၊ သူ့အမေကို ရအောင်ခေါ်ခဲ့ပါ"

"မလိုက်ရင်ရော"

"ဟော့ - ဘယ်သူ့မှာ လက်ကိုင်ဖုန်းပါသေးလဲဟေ့"

ဒီမှာ ကျွန်တော့်ဘေးက လက်ကိုင်ဖုန်းပါသေးရဲ့လား"

ဒီမှာ ကျွန်တော့်ဘေးကကိုသောင်းရွှေက...

"ကျုပ်မှာ ပါတယ်ဗျ"

"ဟုတ်ပြီ - မင်း ငါ့နားမှာနေ၊ နောက်လက်ကိုင်ဖုန်းရှိတဲ့လူက ဒီဖုန်းနံပါတ်ကို ရေးမှတ်ပြီး စနေရဲ့အမေ့ထံ ဒီအစ်မကြီးနဲ့ လိုက်သွား၊ အမေကြီးခင်ဗျားက စနေရဲ့အမေကို မီးသင်္ဂြိုဟ်လို့ မရတဲ့အကြောင်း နားလည်အောင်ရှင်းပြပါ၊ ဒီအကုသိုလ်ကောင် အစိမ်းသေသားမိုက်ကို မီးသင်္ဂြိုဟ်လို့ရစေချင်ရင် ဖုန်းဆက်ပြီး သားမိုက်ကို အမေ ခွင့်လွှတ်ပါတယ်လို့ ဖုန်းနဲ့ပြောလို့ သွားကြတော့"

သေသူရဲ့ကြီးတော်နဲ့ အတူ ကိုသောင်းရွှေ ကားနဲ့လိုက်ပါသွားတယ်၊

ကျွန်တော်လည်း ဘာလို့ထူးဆန်း

www.burmeseclassic.com

အံ့ဩစရာတွေဖြစ်လာမှာလည်း သိချင်လို့ ဖုန်းကိုင်ပြီး သုဘရာဇာကြီး နံဘေးမှာ အသင့်ရှိနေလိုက်တယ်။

ဒီလိုနဲ့ အချိန်မိနစ်တွေ တရွေ့ရွေ့ ကုန်သွားတယ်၊

ဖုန်းခေါ်သံ ပေါ်မလာဘူး။

အချိန်က မိနစ်(၂၀)ကြာသွားပြီ ...

"ဒီတိုင်းဆို မြေမြှုပ်သင်္ဂြိုဟ်ရမှာ ပ်တော့"

"ကြာတယ်ဗျာ"

"တိုင်း - မြေကြီးကျင်းတူးဖို့"

ဒီမှာပဲ ကျွန်တော့်လက်ကိုင်ဖုန်းက အသံမြည်လာတယ်။

"ဟဲလို - အမိန့်ရှိပါခင်ဗျာ"

"ကြည်မောင်လားဟေ့"

"ဟုတ်တယ် - ကိုသောင်းရွှေပြောပါဗျာ"

"ဦးရှန်းကြီးကို ဖုန်းပေးလိုက်ဟေ့"

ဖုန်းကို အများကြားအောင် အသံချဲ့ပေးလိုက်တယ်။

"ဦးရှန်းနဲ့ ပြောမလို့တဲ့၊ နားထောင်ပါဗျ"

သုဘရာဇာကြီးက ဖုန်းကို နားနား ကပ်ပြီး ...

"ဦးရှန်းကြီးပါ ပြောပါ"

"ကျွန်မပါရှင်"

"မောင်စနေရဲ့ကြီးတော်လား"

"မဟုတ်ပါဘူးရှင် - စနေရဲ့အမေပါ"

"သြော် - ဟုတ်ကဲ့၊ ပြောပါခင်ဗျာ၊ ပြောပါ"

"ကျွန် - မ - ရဲ့ - သား - လူမိုက်ကြီး စနေ ပြုခဲ့သမျှ အပြစ်တွေကို အ - မေ ခွင့် - လွှတ် - ပါ - တယ်လို့ - ဟီး"

ဖုန်းထဲက စကားပြောသံ တိုးသွားတယ်၊

ငိုသံကိုပဲ ကြားရတယ်ဗျာ၊

ကျွန်မရဲ့သား လူမိုက်ကြီးရဲ့ပြုခဲ့သမျှ အပြစ်တွေကို အမေ ခွင့်လွှတ်ပါတယ်တဲ့၊

"ငကျိုး"

"ဗျာ - အဘရှန်း"

"မီးတုတ်နဲ့ ရှို့လိုက်တာ"

"ဟုတ်..."

လက်ကိုင်ဖုန်းထဲက စကားသံအဆုံးမှာ သုဘရာဇာကြီး ဦးရှမ်းကြီးက သူ့တပည့်ငကျိုးကို မီးရှို့တော့လို့ အမိန့်ပေးလိုက်ရော ...

ကိုငကျိုးက မီးတုတ်နဲ့ ကိုစနေ အလောင်းတင်ထားတဲ့ ဗိုကျင်(ထင်းပုံ)ကို မီးရှို့လိုက်ရော...

"ဝုန်း"



"ဟာ..."

"ဟင်..."

"ဘုရားရေ"

"ဝုန်း...ဝုန်း"

အံ့ရောဗျာ။ မီးတုတ်မီးက ထင်းပုံကို စွဲပြီး မီးလောင်စာအရှိန်နဲ့ ဝုန်းခနဲ မီးစွဲလောင်လိုက်တာရယ်၊ မီးတောက်မီးလျှံတွေ မီးညွန့်အရှိန်ပြင်းနဲ့ တိုးတက်လောင်လိုက်တာဗျာ။

ထင်းပုံကြီးဟာ မီးရဲမီးကျီးခဲ ဖြစ်လာတယ်၊

သည့်နောက်...

လူမိုက်ကြီး ကိုစနေရဲ့ရုပ်ကလာပ်ကို မီးစပြီး စွဲလိုက်ပါရော။

လူသေကောင် မီးလောင်နံ့ ထွက်လာတယ်။

အနီးရှိလူတွေ နှာခေါင်းကို လက် ပိတ်ထားလိုက်ကြရော၊ အင်း... လူမိုက် ကြီးကိုစနေ ဒီမီးထက် ပိုပူတဲ့ ငရဲမီး တောက်ကြားကို သွားရဦးမှာပါလား။

ဒါနဲ့အတူ၊

နာကြည်းစိတ်ကြီးနေတဲ့ အမေ နှုတ်ဖျားက သားမိုက်ကို ခွင့်လွှတ် တယ်လို့ - ပြောမှ...

လုံးဝ ရှို့မရတဲ့မီး၊

ဝုန်းခနဲ တောက်လောင်တာကို မြ လိုက်ရရော၊ အင်း - လောကမှာ ကျွ တော်တို့ မသိသေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန် တွေ ရှိပါသေးကလားလို့၊

**ဂမ္ဘီရစာရေးဆရာတစ်ဦ**

## မြန်မာ့ဆေးမြီးတိုများ

**ဖန်ရည်ဆေးရန်**

- အနာဟောင်းများကို ကောက်ရိုးနွယ်ပြုတ်ရည်ဖြင့် ဖန်ရည်ဆေးပေးနိုင်ပါသည်။

**ဖောက်ပြောက်ဆေး**

- ဦးခေါင်းတွင်ရှိသော ဖောက်နာ အုန်းသုခဝင်လုံးပြုတ်ရည်ဖြင့် ခေါင်းလျှော်ပါ၊၊

www.burmeseclassic.com

www.burmeseclassic.com



# ရမ္မကဒေါဝံ

အောသင်အောသက်ဝေ

ဤတမ္တာလောကကြီးထဲ၌ ...

သတ္တလောက၊ဩကာသလောက၊ ...ရလောကဟု ခေါ်သော လောက ...သုံးပါးရှိသည်၊ သတ္တလောကဟု ...သော လူ့လောက၌ လူတို့ ဖြစ်ပေါ် ...နေရသော လောဘမီး၊ ဒေါသမီး၊ ...တမီး စသည့် အထူးထူးအပြားပြား ...သောမီးများထဲမှအဆိုးဝါးဆုံးနှင့် ...ပြင်းဆုံး အတောက်လောင်ဆုံး ...မီးမှာ ရာဂတဏှာမီးဟု ခေါ်သော ...) အချစ်မီးပင်ဖြစ်သည်၊

အလွန်ပင် ရိုးသားပြီး စိတ်ထားဖြူ ...သော ဆင်းရဲသားလူငယ်လေး တစ်ဦး၏ရင်ထဲသို့မမျှော်လင့်ဘဲ အချစ်တစ်ခု ဝင်ရောက်လာရာမှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးများပေါ်ပေါက်လာခဲ့လေတော့သည်၊

အချစ်မီး၏ တောက်လောင်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများသည် ဒေါသမီးအဖြစ်သို့ပြောင်းလဲသွားခဲ့ရပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသော မိသားစုလေးထံသို့ ကူးစက်လောင်ကျွမ်းလေတော့သည်၊

အချစ်မီး၏ တောက်လောင်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများသည် ဒေါသမီးအဖြစ်သို့ ပြောင်းလဲ

www.burmeseclassic.com

သွားခဲ့ရပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသော မိသားစုလေးထံသို့ ကူးစက်လောင်ကျွမ်းလေတော့သည်။

အချစ်မီး၏ တောက်လောင်မှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများသည် ဒေါသမီးအဖြစ်သို့ပြောင်းလဲသွားခဲ့ပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသော မိသားစုလေးထံသို့ ကူးစက်လောင်ကျွမ်းလေတော့သည်။

ထိုမိသားစုလေး၏ ပူဆွေးသောကများကြောင့် ကြေကွဲဖွယ်ရှိုက်သံများနှင့်အတူ –

■

အချိန်ကာလကား မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရပြီးခါစအချိန် ဖြစ်သည်။ ရွှေရည်စိမ် လွတ်လပ်ရေးကြောင့် တစ်တိုင်းပြည်လုံး ဆူပူအုံကြွပြီး တောမီးလောင် တောင်ကြောင် လက်ခမောင်းခတ်သည့် အခြေအနေ အချိန်အခါဖြစ်သောကြောင့်လူသူလေးပါးမိုးချုပ်သည်နှင့်အိမ်ပြင်သို့ထွက်ဝံ့သူမရှိသလောက်ရှားပါးလေသည်။

နေရာကား ရန်ကုန်မြို့၏ (     ) မြို့နယ်အတွင်းမီးရထားသံလမ်းနှင့်မနီးမဝေးနေရာတွင် ဖြစ်လေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်ပြီး ည (၁၀) နာရီပင် ကျော်နေပြီဖြစ်သည်။ မီးရထားသံလမ်းပေါ်တွင် ကြောက်မက်ဖွယ်ရာ ခွေးအူသံများနှင့် အိမ်ကြီးတစ်အိမ်သို့ ခွေးနက်ကြီးတစ်ကောင်က ဦးတည်ပြီး ဆူဆူဝါးဝါးကြီး ထိုးဟောင်နေသံမှတစ်ပါး လူများအားလုံး အိမ်တံခါးများကို လုံခြုံစွာပိတ်ထားပြီး အိပ်စက်အနားယူနေကြပြီ ဖြစ်လေသည်။

ထိုကဲ့သို့ ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ မည်းမှောင်နေပြီး ခွေးအူသံ ဟောင်သံများက ကြောက်လန့်ချောက်ချားချင်စရာ လွှမ်းမိုးနေသော ညနက်နက်တွင် ကြေကွဲစွာ အော်ဟစ်ငိုကြွေးနေကြသော အသံများက သွေးပျက်ဖွယ်ရာ ပေါ်ထွက်နေလေသည်။

"သားလေးရဲ့အဖြစ်ဆိုးလိုက်တာ သားရယ်၊ အမေ့ကိုထားခဲ့ပြီလား။ ဟီး– ဟီး – ဟီး"

လှဝကြီး ကုန်စုံဆိုင်မှ ဖြစ်သည်။ ဦးလှဝနှင့် ဇနီးဖြစ်သူ ဒေါ်ကျင်သန်း သားကြီး တင်သန်း၊ သမီးကြီး အေးအေးကျင်၊ သမီးလတ် မိမိကျင်နှင့် ယာ... သေဆုံးသူ မြင့်သန်း အပါအဝင် လှဝ၏ မိခင် အို ကြီး ဒေါ်ခင်ကြည် စသည့် မိသားစု (၇) ယောက်တိတိ နေထိုင်ကြလေသည်။ မနက်မိုးသောက်သည်နှင့် သတင်းမေးသူ အိမ်နီးချင်းများ လာရောက်၍ ကူညီလုပ်ကိုင်ပေးကြရင်း အကျိုးအကြောင်း မေးမြန်းကြ၍ မောင်မြင့်သန်းမှာ အဖျားကြာရှည်ရာမှ အသက်ပါသွားခြင်း ဖြစ်သည်။

ဦးလှဝတို့အိမ်၌ နာရေးကိစ္စပြီးဆုံးသွားသည်နှင့် တိတ်ဆိတ်ခြောက်သွေ့ငြိမ်သက်ပြီး ကျန်ခဲ့လေသည်။ ကုန်စုံဆိုင်ကြီးမှာလည်း ရောင်းသူဝယ်သူများနှင့် ပုံမှန်စည်ကားနေလေသည်။ သေသောသူ ကြာရင်မေ့ ဆိုသော စကားအတိုင်း ဦးလှဝတို့ မိသားစုသည် သားထွေး ဖြစ်သူ မောင်မြင့်သန်း သေဆုံးသွားပြီးသည်မှာ တစ်လပင် ပြည့်ပြီဖြစ်သဖြင့် မေ့သွားကြပြီလားဟု မဆိုနိုင်သေးခင်ပင် ဆိုင်ရှင် ဦးလှဝကြီးမှာ အိပ်ရာထဲ လဲသွားပြန်လေတော့သည်။ အကြောင်းအရင်းက ဆိုင်ပိတ်ချိန် ရေချိုးပြီး လေဖြတ်သွားသည်တဲ့။

ဦးလှဝကြီးအား မိသားစုအားလုံး [illegible]ာခတ်စွာ ပြုစုကုသပေးကြသော်လည်း လုံးဝလျစ်လျူပင် မရှုနိုင်တော့သည့်အခြေအနေနှင့်ပင် ဆုံးပါးသွားရှာပြန်လေတော့သည်။

သူတို့ မိသားစု၏ ကံဆိုးမှုများမှာ ဒါနဲ့လား မပြီးဆုံးသေး၊ ကျန်ရစ်သူ မိသားစုဝင်များ၏ မျက်ရည်များပင် မခန်းခြောက်သေးခင်ပင် သမီးကြီးဖြစ်သူ အေးအေးကျင်တစ်ယောက် ထပ်မံသေဆုံးသွားပြန်လေသည်။ အမျိုးသမီးများ မမွေးတာလာစဉ် ခေါင်းလျှော်ရာမှ သွေးချုပ်သွားပြီး အသက်ပါသွားခြင်းပင်ဖြစ်သည်တဲ့။

ဦးလှဝကြီး၏ဇနီး ဒေါ်ကျင်သန်းမှာ မပင်ရာမြေလူး အရူးမီးဝိုင်းလေပြီ။ ချစ်လှသော သားငယ်လေး သေဆုံးသွား၍ သူ၏ နလုံးသားမှာ သောကမီးများ တောက်လောင်၍ မီးမငြိမ်းသေးခင် ဟောတစ်ယောက် ဟောနောက်တစ်ယောက်ဖြင့် သူမမှာ ခံနိုင်ရည်ပင် မရှိတော့၍ အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။ သူမမှာ ငိုစရာ မျက်ရည်များပင် မရှိတော့သည့်အပြင် ကြေကွဲပျက်စီးစရာ နလုံးသားပင် မရှိတော့ပြီဖြစ်သည့်အတွက် ပြက်လုံးမပြောနိုင်တော့။ ထမင်းမေ့ဟင်းမေ့ အရူးမကြီး မစာဥပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်ဘက် လမ်းမပေါ်တွင်
ခွေးများက သူညံစွာအော်ဟစ်၍
အူနေကြသည်မှာ ပတ်ဝန်းကျင်
တစ်ခုလုံး ကြောက်မက်ဖွယ်
အသံထုက စိုးမိုးနေလေသည်။
ခွေးများ၏ အူသံမှာ ခပ်ဝေးဝေးဆီမှ
ဆွဲငင်အူလာပြီးလျှင် ကုန်စုံဆိုင်
ရှေ့တွင် ရပ်သွားခြင်းဖြစ်သည်။
ထိုအချိန်တွင် ဦးလှူဝတို့
ဆိုင်ပေါ်သို့ "ဖျန်း" ခနဲ
အသံထွက်ပေါ်လာလေသည်။

ပေါက်နေလေတော့သည်။ ကျန်ရစ်သူ မိသားစုအားလုံး သောကပင်လယ်ဝေ နေချိန်တွင် လူတစ်ယောက်မှာ မောင် ရိုပ်ကို အဖော်ပြု၍ ကျေနပ်သည့် ပုံစံနှင့် ဦးလှူဝတို့ မိသားစု၏ သောကမီးပိုင်းနေ သည်ကို ပြုံးရွှင်စွာဖြင့် မောင်ရိုပ်နိုရင်း ကြည့်နေလေသည်၊ ထိုလူမှာ ဦးလှူဝတို့ ကုန်စုံဆိုင်တွင် တစ်ချိန်က ကူညီလုပ် ကိုင်ပေးရန် ငှားရမ်းထားသော အလုပ် သမားတောသားလေးစိုးမောင်ဆိုသူပင် ဖြစ်လေသည်၊

ဦးလှူဝတို့ ကုန်စုံဆိုင်တွင် မောင်စိုး မောင် ကူညီလုပ်ကိုင်စဉ်က ဝိုင်းလုပ်ဝိုင်း စားဘဝဖြင့် ဦးလှူဝတို့၏ အိမ်မကြီး၏ ဘေးဘက်ရှိ ပစ္စည်းအဟောင်း တိုလီ မိုလီများထားရာ အဖီဆွဲ ထားသည့် နေရာတွင် ခုတင်တစ်လုံးနှင့် နေထိုင် အိပ်စက်ရလေသည်၊ မောင်စိုးမောင် သည် ထို ဘေးအဖီလေးထဲ တွင် ဝင် ထမင်းစားရလေရာ ညစာ လာပို့နေကျ ဖြစ်သော မီမီကျင်ကို ရင်ထဲက တိတ် တခိုးလေး တွယ်တာနေမိလေသည်၊ ဦးလှူဝ၏ သမီးလတ်လေး မီမီကျင်မှာ အသားဖြူဖွေး၍ ရုပ်ရည်မှာ အတော်ထ ချောမောလှပသူလေးဖြစ်လေရာ သူ ၏ အလုအပသတင်းကြောင့် ဦးလှူဝ၏ ကုန်စုံဆိုင်မှာ ရွာအနီးအနားမှာ ကာလ သားများ အများအပြား လာရောက် ပိုး ပန်းရင်း ဈေးဝယ်ကြသဖြင့် အမြဲမပြတ် စည်ကားနေလေသည်၊ ထိုလူပျိုကာလ သားများနှင့် အတူ တိတ်တခိုးလေး ကြိတ်ပြီး ပိုးပန်းနေရှာသူ စိုးမောင်မှာ မီမီကျင်အပေါ်ထားရှိသော သူ၏အချစ် များမှာ နေမြင့်လေ၊ အရှုးရင့်လေလေ ဖြင့် သေမတတ် ချစ်စိတ်များ တိုးပွား လာလေတော့သည်။

တစ်နေ့တွင် စိုးမောင်မှာ အခွင့် အရေးကိုစောင့်၍ လူအလစ်တွင် မီမီ ကျင်အား ချစ်ရေးဆိုဖွင့်ဟ၍ ရင်ဖွင့်ရှာ လေသည်၊ ထိုအခါမီမီကျင်သည် သူမ၏ အလှအပတရားကြောင့် ချစ်သူခင်သူ များ ဝိုင်းဝိုင်းလည်နေသူ ဖြစ်ရကား မောင်စိုးမောင်ကဲ့သို့ အညတရ တော သား အလုပ်သမား ဆင်းရဲသားက သူမ ၏ အလှအပနှင့် မတူမတန် ချစ်စကား ပြောရပါမည်လားဟု ဒေါသထား စိတ် ဆိုးပြီး မောင်စိုးမောင်အား ပက်ပက် စက်စက် ရက်စက်စွာပြောပြီး ရန်တွေ့ လေတော့ ပါးရိုက်၍ မောင်စိုးမောင်၏ မျက်နှာအား နစ်ပြားမတန် စော်ကားလေ တော့သည်၊ ထို့အပြင် ဈေးဝယ်ထွက် ရာမှ ပြန်ရောက်လာသော ဦးလှူဝ နှင့် မောင်တင်သန်းတို့ နှစ်ယောက် ကလည်း မတန်မရာ လှမ်းရပါမည်လား ဟု ပြောဆိုကြိမ်းမောင်း၍ ရိုက်မောင်း ပုတ်မောင်း လုပ်ပြန်လေသည်၊ အဘွား အိုကြီး ဒေါ်ခင်ကြည်မှလွဲ၍ တစ်အိမ် သားလုံး၏ ရက်စက်လှသော အပြော အဆိုများအောက်တွင် မောင်စိုးမောင် ခမျာ အသည်းနှလုံးကွဲရရှာပြီး သူ နေ ထိုင်ရာရွာသို့ မျက်ရည်စက်လက်ဖြင့် ပါလာသော အဝတ်ထုပ်ကလေးဆွဲ၍ ပြန်ရရှာလေတော့သည်။

■

ဈေးဝယ်သူများရှေ့တွင် ပါးရိုက် နားရိုက် ဝိုင်းဝန်းပြောဆို ထိုးကြိတ်ခံ ရပြီး အရှက်လည်းကွဲ၊ အသည်းနှလုံး လည်း ကြေမွပျက်စီးသွားရရှာသော မောင်စိုးမောင်သည် ရွာသို့ ပြန်ရောက် သွားသော်လည်း မအိပ်နိုင် မစားနိုင် ဘဝနှင့် ကြိတ်မနိုင် ခဲမရဖြစ်ရင်း အချစ် မီး သောကမီးများနှင့်အတူ ဒေါသမီးများ က ဖိစီးနှိပ်စက်လွှန်းနေပြီ ဖြစ်လေရာ အကောင်းအဆိုး၊ အမှားအမှန် မပိုင်းခြား



www.burmeseclassic.com

www.burmeseclassic.com

မခေခွဲနိုင်တော့၊ သူ့အား ခိုင်းချင်ရာ စေနိုင်း၊ ခွေးတစ်ကောင်လိုဆက်ဆံ၊ ထမင်းနှင့်ဟင်းပင် သူတို့မိသားစုနှင့် တန်းတူမကျွေး၊ ဖလုံနှင့် ဟင်း ထမင်းပုံ၍ကျွေးပြီး မတူမတန်စွာ ဆက်ဆံနိုင်လွန်းသည့် ထိုမိသားစုကိုသာ အံတကြိတ်ကြိတ်နှင့် မျက်လုံးထဲ တရေးရေးမြင်ယောင်နေမိသူမောင်စိုးမောင်၏အဖြစ်မှာသေလျက်နှင့် ရှင်နေသူအဖြစ်နှင့် မခြားပေ။

ဦးလှုဝတို့၏ ကုန်စုံဆိုင်ကြီး ပိတ်ထားရသည်မှာ နှစ်လပင် ပြည့်လုနီးနေပြီ။ ဦးလှုဝ၏ ဇနီးမှာ သောကမီးကြောင့် စိတ်တစဉ်ကလျား ကယောင်ချောက်ချားဖြစ်ပြီး ညဘက်တွင် အသံနက်ကြီးဖြင့်ထပြီး အော်ဟစ်ငိုယိုနေတတ်သည်။ ဝေဒနာရှင် ဒေါ်ကျင်သန်းအား တစ်အိမ်သားလုံး ဂရုစိုက်ပြီး စောင့်ကြည့်နေသည့်ကြားမှပင် တစ်နေ့သော ပျောက်ချင်းမလှ ပျောက်သွားရှာလေတော့သည်။

ဒေါ်ကျင်သန်း ပျောက်ဆုံးသွားသည့် နေ့မှစ၍ ကျန်ရစ်သူ မောင်တင်သန်းနှင့် မိမိကျင်တို့ ပိုင်းဝန်း၍ မအားမလပ် ရှာဖွေကြပါသော်လည်း အစအနပင် ရှာဖွေ၍ မတွေ့နိုင်အောင် ခက်ခဲလွန်းလှပေတော့သည်။ အချိန်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာပြီးနောက် မိုးရာသီတွင် မိုးများသည်းထန်စွာ ရွာသွန်းနေသော တစ်နေ့၌ မီးရထားသံလမ်းဘေးတစ်နေရာ၌ တစ်ကိုယ်လုံးအေးစက်တောင့်တင်းလျက် ဒေါ်ကျင်သန်း၏ အသက်မဲ့ ခန္ဓာကိုယ်မှာ လဲလျောင်းလဲကျနေသည်ကို လူတချို့တွေ့ရပြီး မောင်တင်သန်းတို့ မောင်နှမအား လာရောက်အကြောင်းကြားလေသည်။

ထို့နောက်မောင်နှမနှစ်ယောက်မှာ စားဝတ်နေရေးကြောင့် ကုန်စုံဆိုင်ကလေးအား အနိုင်နိုင် ပြန်ဖွင့်ရောင်းချကြရင်းတစ်နေ့သောအခါမိမိကျင်သည် အိမ်ကြီး၏ နောက်ဖေးမီးဖိုချောင်တွင် ချက်ပြုတ်နေစဉ်...

"မိမိကျင် - မိမိကျင် - မိမိကျင်"

သူမ တစ်ဦးတည်းရှိနေစဉ် သူမ၏ နာမည်အား ထပ်တလဲလဲ ခေါ်နေသံကြောင့် ကြက်သီးမွေးညင်းများ ထောင်ထမတတ် ကြောက်ရွံ့ထိတ်လန့်သွားရလေသည်။ အသံလာရာမှလည်း အိမ်နောက်ဘက်ကဖြစ်လေပြီး အသံရှင်မှာ အစ်ကိုဖြစ်သူနှင့် အဘွားဖြစ်သူတို့၏ အသံ လုံးဝမဟုတ်သည့်အပြင် ခေါ်ထွက်နေသည့်အသံ ကွဲအက်အက် အသံနက်နက်ကြီးဖြင့် ယောကျာ်းတစ်ယောက်၏ အသံဖြစ်သည်။ မိသားစုအားလုံး (၇) ယောက်ရှိသည့်အနက် မိသားစု သုံးယောက်သာ ကျန်တော့သည့် ဤအိမ်ကြီးတွင် အစုလို ညနေမိုးချုပ်စပြုနေသည့်အချိန်တွင် အိမ်နောက်ဖေးမှောင်ရိပ်ထဲကလာနေသော မိမိကျင်ဟု အသံနက်ကြီးဖြင့် ချောက်ချားဖွယ်အော်ဟစ်နေသောအသံရှင်မှာ မည်သူဖြစ်သနည်း။

မိမိကျင်သည် တွေးတောကြည့်နေရင်း ကြောက်ရွံ့ထိတ်လန့်လွန်း၍ ခေါင်းမွေးများပင် ထောင်ထမတတ် ကြက်သီးမျက်စပြုလာ၍ ဆေးကြောလက်စ ပန်းကန်များကိုပင် ပစ်ထားလိုက်ပြီး အိမ်ရှေ့ဘက်သို့ ခြေကုန်သုတ် ထွက်ပြေးလာခဲ့လေသည်။ သူမ၏နာမည်ကို အော်ခေါ်နေသံ ကွဲအက်အက်ကြီးမှာလည်း သူမ၏ နောက်ကျောဘက်မှ ထက်ကြပ်မကွာ လိုက်ပါလာသယောင် နားထဲစွဲဝင်စူးနစ်နေလေတော့သည်။

"မိမိကျင် - မိမိကျင် - မိမိကျင်"

မိမိကျင်သည် သူမ ပြေးထွက်လာရာနောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော သူမ၏အမည်ကို ထင်ထင်ရှားရှား ခေါ်နေသံကို ကြားယောင်ရင်း ဈေးရောင်းနေသော အစ်ကိုဖြစ်သူ၏ ရင်ခွင်ထဲ ကြောက်လန့်အားငယ်စွာဖြင့် တိုးဝင်ငိုယိုပြောပြနေမိလေသည်။

ညီမငယ်မိမိကျင်၏စကားကြောင့် မောင်တင်သန်းသည် ဈေးပင် ဆက်မရောင်းနိုင်တော့လောက်အောင် စိတ်ပျက်လာမိသည်။

မောင်တင်သန်းသည် ဆိုင်ပိတ်၍ ညီမငယ်ကိုဖေးမတွဲခေါ်ရင်းအိမ်အပေါ်ထပ် အဘွားခေါ်ခင်ကြည်ရှိရာသို့ တက်လာခဲ့ကြလေသည်။ အဘွားအိုမှာ သားဖြစ်သူ ဦးလှုဝနှင့် ချွေးမတို့အဖြင် မြေးလေးနှစ်ယောက် သူမ၏ ရှေ့တွင် တဖြုတ်ဖြုတ် ကြွေကျသွားရသည့် အဖြစ်ကြောင့် သွားလေသူများအတွက် မေတ္တာပို့ အမျှဝေရင်း အဘွားအိုကြီး၏ ဘဝ နေဝင်ရပါတော့မည့် အချိန်ကို စောင့်မျှော်နေရှာလေသည်။

ညီမငယ်မိမိကျင်က အဘွားဖြစ်သူကို အကြောင်းစုံ ရှင်းပြနေချိန်တွင် မောင်တင်သန်းသည် စိတ်ဆင်းရဲခြင်းကြီးစွာ တွေ့ရလေးပါး တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညီမငယ်မှာ မိဘမောင်ဘွားများ သူမရှေ့တွင် တဖြုတ်ဖြုတ်နဲ့ သေဆုံးတုန်ကြသဖြင့် ဝမ်းနည်းအားငယ်နေသောစိတ်ကြောင့် ဖြစ်ချင်ရာဖြစ်၊ ကြားချင်ရာကြားနေတာများလားဟု မျက်မှောင်ကျုံ့ပြီး စဉ်းစားနေမိလေသည်၊ ညီမငယ်မှာ မကြာခဏ အိပ်မက် မက်ရင်းအသံနက်ကြီးဖြင့်လန့်၍အော်တတ်သည်၊ အိပ်မက်ထဲတွင် သေဆုံးသူများက သူမ၏ ခြေထောက်ကို အတင်းဆွဲနေကြသည်တဲ့၊

မောင်တင်သန်းသည် သက်ပြင်းတစ်ချက် ချရင်း ညီမငယ်၏ ခေါင်းမှ ဆံစလေးများကိုအသာအယာ သပ်ပေးနေမိသည်၊ သူ၏စိတ်ထဲမှာလည်း ...

"ညီမလေးရယ် - ဘာမှမကြောက်နဲ့ အစ်ကိုကြီးတစ်ယောက်လုံးရှိပါသေးတယ်၊ ညီမလေးနဲ့ အဘွားရယ်လို့ ငါ့ငါသေမင်းဆီကို ဘယ်တော့မှ မပေးဘူး၊ ငါ ယောကျ်ား - သတ္တိရှိရမယ်၊ ရဲရင့်ရမယ်၊ ဘယ်လိုရန်သူတွေက ငါတို့ကို ဒုက္ခပေးနေပါလိမ့်"

မောင်တင်သန်းသည် စိတ်ထဲက ရေရွတ်နေမိရင်း ဒေါသထွက်မိလာသဖြင့် "တက်"တစ်ချက်ကို ပြင်းစွာ ခေါက်မိလေတော့သည်၊

ထို့အတူပင် မောင်တင်သန်းကဲ့သို့ အဘွားအိုကြီး၏ စိတ်ထဲမှလည်း သေဆုံးသူ သူမ၏ သားကြီး ဦးလှုဝကို တိုင်တန်းနေမိလေသည်၊ "သွားလေသူ သားကြီးရေ - မင်းရဲ့မိသားစုတွေ ဒီလို အဖြစ်ဆိုးတွေနဲ့ကြုံတွေ့ခံစားနေရတာ ကို သားကြီး ကြည့်ရက်သလားကွယ်၊ ကျန်ရစ်နေသေးတဲ့ မင်းရဲ့သားကြီးနဲ့ သမီးကို စောင့်ရှောက်ပေးပါကွယ်" အဘွားအိုမှာ သူမ၏သားကြီးဦးလှုဝကို တိုင်တည်ရင်း မျက်ရည်ကျမိရှာလေသည်၊ ညဘက်များတွင်မောင်တင်သန် ခမျာ ကောင်းစွာပင် အိပ်မရရှာဘဲ အိပ်ရေး ပျက်ရရှာလေသည်၊ အကြောင်း ကား တစ်ဦးတည်းသော ကျန်ရစ်သည့် ညီမငယ်၏ အမည်အား နောက်ဖေ ဘက်က အသံနက်ကြီးနှင့် အော်ခေါ် တတ်သည့်အသံကို သူပါ ကြားရသ ယောကျ်ားရင့်မာကြီးတန်မဲ့ ကျော ရလေသည်၊ ညီမငယ် မကြောက်ရေ ရန် အနားသို့ ဓားဆွဲရင်း မိုးလင်းသည့် အထိ ငုတ်တုတ်မေးစက်ရင်း ထိုင်စော

ပေးရှာသည်၊ အိုမင်းနေပြီဖြစ်သည့် အဘွားအိုကြီးမှာလည်း စိတ်ချလက်ချ အိပ်မပျော်နိုင်ရှာ၊ မျက်လုံးပွင့်လာသည်နှင့်ဘုရားစာများကိုရွတ်ဖတ်၍နေရလေတော့သည်၊

■

ညက တဖြည်းဖြည်း နက်လာလေသည်၊ အိမ်အပြင်ဘက် လမ်းမပေါ်တွင် ခွေးများက ဆူညံစွာ အော်ဟစ်၍ အူနေကြသည်မှာ ပတ်ဝန်းကျင်တစ်ခုလုံး ခြောက်မက်ဖွယ် အသံထုက စိုးမိုးနေလေသည်၊ ခွေးများ၏ အူသံမှာ ခပ်ဝေးဝေးဆီမှ ဆွဲငင်အူလာပြီးလျှင် ကုန်စုံဆိုင်ရှေ့တွင်ရပ်သွားခြင်းဖြစ်သည်၊ ထိုအချိန်တွင် ဦးလှုဝတို့ ဆိုင်ပေါ်သို့ "ဖျန်း"ခနဲ အသံထွက်ပေါ်လာလေသည်၊ ထို့အပြင် နောက်ဖေးမီးဖိုချောင်မှ အိုးခွက်များ ပြုတ်ကျသံများကိုပါ ထပ်မံကြားရပြန်လေတော့သည်၊

ထို့ကြောင့်မောင်တင်သန်းမှာ ငုက် တောင်ဓားကို လက်တွင် မြဲမြံစွာ ကိုင်ရင်းအိမ်အောက်ထပ်သို့ သတိ ဆင်းကြည့်လေတော့သည်၊

သို့သော် နောက်ဖေးမီးဖိုချောင်တွင် မည်သည့် ပန်းကန်ခွက်ယောက်မှ ပြုတ်ကျနေသည်ကို မတွေ့ကြရဘဲ နံစော်နေသော အနံ့အသက်ကြီးတစ်ခုကသာ သူ၏ နှာသီးဝသို့ တိုးခွေ့ဝင်ရောက်လာလေသည်၊

ထို့အပြင် အိမ်နောက်ဘက်မှ ငိုညည်းနေသံ ခပ်တိုးတိုးကို ကြားရသည့် အပြင် သူ၏ညီမငယ်၏အမည် မိမိကျင်ဟု အော်ခေါ်နေသံကြီးကိုပါ ထပ်မံကြားနေရပြန်ရာ မောင်တင်သန်းသည် ခေါင်းမွေးများ ထောင်ထလာသည်အထိ ချောက်ချားလာလေသည်၊ အိမ်ရှေ့တွင်လည်း ခွေးများ၏အူသံမောင်သံများ တသောသော ညံနေလေရာ ရွာထဲရှိ လူများက ဦးလှုဝတို့ ကုန်စုံဆိုင်မှာ အခု တခါဘယ်သူ့အလှည့်လဲဟု အိပ်နေရင်း တွေးနေမိကြလေတော့သည်၊ အိပ်ပျော် နေသော မိမိကျင်သည် ဆူညံနေသော ခွေးအူသံများကြောင့်လန့်နိုးလာပြီးလျှင် အနားတွင်ထိုင်၍ဘုရားစာရွတ်နေသော အဘွားကိုဖက်၍ ...

"အဘွားရယ် - မိမိကြောက်တယ် သိပ် - သိပ်ကြောက်တယ် မြေးကို လာ

www.burmeseclassic.com

ခေါ်နေကြပြီ၊ အဘွား ကယ်ပါ၊ မြေးကို ကယ်ပါ၊ ဟီး - ဟီး - ဟီး"

ထိုသို့ဖြင့် ချွေးအူသံ မီမီကျင်၏ ကြောက်လန့်တကြား အော်ဟစ်ငိုသံ မောင်တင်သန်း၏ "တက်" ခေါက်သံ အဘွားအို၏ဘုရားစာရွတ်နေသံတို့ဖြင့် တစ်ညတာ ကုန်ဆုံးပြန်လေသည်၊ ချောက်ချားစိတ်ပျက်စရာ ညများကို ကုန်လွန်လာခဲ့ပြီး တစ်နေ့သော ညနက်နက်တွင် အဘွားအို ဒေါ်ခင်ကြည်သည် ဝတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည့်ကြားမှ လမ်းမကြီးပေါ်ဝယ် တစ်ယောက်တည်း လမ်းလျှောက်နေလေသည်၊ တစ်နေရာအရောက်တွင် မီးအိမ်လေးတစ်ခုကို လက်တွင် ဆွဲကိုင်ရင်း အရှေ့သို့သွားနေသော ခပ်ဝဝယောက်ျား တစ်ယောက်ကိုမြင်ရလေလျှင်စိတ်ထဲမှ သေဆုံးသွားသူ သားကြီး မောင်လှဝဟု ထင်မိလေသည်၊ ထို့ကြောင့် ဝမ်းသာသွားမိပြီး ...

"သား - သားကြီး - လှဝရေ၊ အမေ့ကို စောင့်ပါကွယ်၊ အမေလည်း လိုက်ပါရစေ သားရယ်၊ လမ်းမကြီးက မည်းမှောင်နေတာပဲ၊ အမေ့ကို လမ်းပြပေးပါဦး၊ အမေတစ်ယောက်တည်း ကြောက်လိုက်တာကွယ်" ဟုပြောလိုက်လေရာ ထိုလူသည် ရှေ့ဆက်မသွားတော့ဘဲ တုံ့ခနဲ ရပ်သွားလေသည်၊ အဘွားအိုသည် ဝမ်းသာအားရဖြစ်မိပြီး ထိုရပ်စောင့်နေသော လူအနီးသို့အပြေးအလွှား သွားနေမိသည်၊ ထိုလူဝကြီး အနားသို့ ရောက်ခါနီးတွင် ရုတ်တရက် မည်းမှောင်နေရာမှ အလင်းရောင်များ ထွန်းလင်းတောက်ပလာပြီးလျှင် ထို့နောက် ကျောခိုင်း၍ မီးအိမ်ကိုင်ထားသော လူဝကြီးထံမှ အသံထွက်လာလေသည်၊

"အမေ - အမေနဲ့ အမေရဲ့မြေးနှစ်ယောက် အသက်ဆက်ရှင်တယ်ဆိုရင် ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ ( ) ဆရာကြီးဆီကိုအမြန်သွားပါ၊ ဒါမှအမေ တို့ဘေးဒုက္ခက လွတ်ကင်းမှာပါ၊ အမေ က ဘုရား၊ တရားမြဲပြီး ဗုဒ္ဓမြတ်စွာဘုရား ရဲ့ဂုဏ်တော်တွေကိုအမြဲမပြတ်ရွတ်ဖတ် ပူဇော်နေလို့နတ်ကောင်းနတ်မြတ်ဖြ ... က ကျွန်တော့်ကို လမ်းညွှန်ခိုင်းတာပါ အမေ၊ ကျွန်တော့်ကိုလည်းစိတ်မပူပါနဲ့ ကောင်းရာမွန်ရာ ဘုံဘဝကို ရောက်နေ ပါပြီ၊ အမေ ကျန်းမာအောင် နေပါ၊ အဲ ဆရာကြီးရဲ့လိပ်စာကတော့ ( ) ... ပြောပြီး ပျောက်ကွယ်သွားလေတော့ သည်၊

အဘွားအိုခမျာ အိပ်မက်မက်ပြီးပြီး ချင်း အိပ်ပျော်နေရာမှ နိုးထလာလေ လျှင် ဝမ်းသာဝမ်းနည်းဖြစ်မိပြီး သူ၏ ... မြင်မှ မျက်ရည်များပင်စီးကျလာလေ သည်၊ သေဆုံးသွားပြီဖြစ်သော သား လှဝကြီးက ကောင်းမွန်ရာဘုံတစ်ခုကို ရောက်ရှိနေပြီး ကျန်ရစ်သူမိသားစု အားလုံးအတွက် ဘေးဆိုးမှ လွတ်ကင်း ချမ်းသာစေရန် ကယ်တင်ပေးလေ သည်၊ အိပ်မက်ထဲမှ သားဖြစ်သူ၏ပြော ... သော ဆရာကြီးဆိုသူ၏ လိပ်စာနှင့် ... နည်းတို့ထပ်တလဲလဲရွတ်ရင်း မြေးကြီး ... ဆင်တင်သန်းအား အကြောင်းစုံ ပြော ... လိုက်လေတော့သည်၊

အဘွား ဒေါ်ခင်ကြည် ဦးဆောင်ပြီး ... အဘွားသုံးယောက်သား သွားလေ ... လှဝကြီး အိပ်မက်ပေးထားသည့် ... င်း အဘ ဆရာကြီးထံ စုံစမ်းပြီး ... သွားကြလေတော့သည်၊ ဆရာ ... ည်သီလ၊ သမာဓိနှင့်အလွန်တရာ ... စုံသူဖြစ်ကြောင်း သိရှိရပြီး ငွေ ... ကို အဓိကမထားဘဲ ထိုကဲ့သို့ ... သော ရောဂါဝေဒနာရှင်များကို နိုင်နင်းစွာ ကယ်တင်ပေးနိုင်သူပင် ဖြစ် လေသည်၊

အဘ ဆရာကြီး၏ မျက်နှာမှာ တည်ကြည်လှပြီး အသံမှာလည်း ဩဇာ အပြည့်နှင့် မာန်ပါသော အသံစွမ်းအား ရှိသည့် မျက်လုံးအကြည့်မှာ စူးရှလွန်း၍ အတွင်းစိတ်များကိုပင် ထိုးဖောက်ကြည့် နေသယောင် ထင်ရပြီး အဘွားအိုကြီး တစ်ဦး ဖြစ်နေသည့် ဒေါ်ခင်ကြည့်ပင် မျက်လွှာချလိုက်ရသည့်အထိပင်၊

အဘ ဆရာကြီးသည် အလွန် အရေးကြီးလှသော ရောဂါဝေဒနာသည် မိသားစုဖြစ်နေသည့်အတွက် ရောက် မဆိုက် မနက် (၁၀) နာရီ မထိုးခင်ပင် လိုအပ်သည်များကို ချက်ချင်းပင် ဖြင့် ဆင်လိုက်လေတော့သည်၊ အဘဆရာ ကြီး၏ အနားတွင် ဝိုင်းကူညီသည့် တပည့်လက်သားများ ရှိသဖြင့် အဘွား ဒေါ်ခင်ကြည်အတွက် ကံကောင်းလှစွာ ပင် နေ့မဆိုင်းဘဲ ကုသခွင့်ရလေသည်၊ ဘုရားပွဲနှင့် ဝိဇ္ဇာပွဲများ ပြင်ဆင်ပုံ၊ ကုသ နေပုံ အသေးစိတ်များကို စာရှည်မည် စိုးသဖြင့် ထည့်မရေးသားလိုတော့ပါ၊ စာဖတ်သူများအား အတိုချုံး၍ ရေးသား တင်ပြထားပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

အဘဆရာကြီးသည် ရောဂါခံစား နေရရှာသော မိမိကျင်အား မြတ်စွာဘုရားအား ရှိသေစွာရှိခိုးစေလျက် ငါးပါးသီလ ခံယူစေပြီး သူမ၏ ရုပ်နာမ်နှစ်ပါးအား မြတ်စွာဘုရားထံသို့ အပ်နှံလှူဒါန်းစေလေသည်။ ထို့နောက် ဆရာကြီး တလည်း အဘွားထံမှ မိမိကျင်၏ အသက်နှင့် ခန္ဓာအား အလှူခံလေသည်။

ထို့နောက် မိမိကျင်၏ ဦးခေါင်းပေါ်သို့ အဘဆရာကြီးသည် သူ၏လက်တစ်ဖက်ကို အုပ်မိုးလိုက်ပြီးနောက် ပြုစားထားသူအား မိမိ၏ ပညာများကို ပြန်လည်လာယူစေရန် စေခိုင်းလေတော့သည်။ ထိုအခါ မိမိကျင်၏တစ်ကိုယ်လုံး တုန်ရီလာပြီး နှုတ်မှ …

"ကျွန်တော် လာပါပြီ - အဘ"

ထိုင်ကြည့်နေကြသောလူများအားလုံးမှာ အံ့အားသင့်ကြရလေသည်။ အဘယ်ကြောင့်ဆိုသော် ဤမျှ ချောမောလှပသော မိန်းကလေးတစ်ဦးထံမှ ယောကျ်ားသံ ခပ်ကြီးကြီးထွက်ပေါ်လာသောကြောင့် ဖြစ်လေသည်။ ထိုအခါ အဘဆရာကြီးသည် …

"မင်း - ရောက်လာပြီကိုး" ဟု ပြောပြီး ကြမ်းပြင်သို့ ခပ်ပြင်းပြင်း သူ၏ လက်နှင့် ပုတ်လိုက်ပြီးလျှင် …

"ကဲ - မင်း အခုပဲ ဒီကလေးမတို့ မိသားစုကို ပြုစားထားတဲ့ကိစ္စ ရှင်းပေတော့၊ ဟုတ်ပြီလား။ အားလုံးအကောင်းအတိုင်းပဲ မြင်ချင်တယ်နော်"

"မရှင်းချင်ဘူး - အဘရယ်၊ ကျွန်တော် အရှုက်ကွဲပြီး စိတ်နာခဲ့ရသမျှတွေက အခုထိ စိတ်မပြေနိုင်သေးဘူး။ သူတို့ မိသားစုတွေကို အကုန်သတ်ချင်တယ် အဘရယ်"

"မလုပ်ရဘူးကွယ်၊ မင်းကို စိတ်ဆိုးစိတ်နာအောင် ပြောရုံလုပ်ရုံနဲ့ တစ်မိသားစုလုံး စီးပွားပျက်ရှုံးသွပ်သေကြအောင် လုပ်တယ်ဆိုတော့ လွန်တာပေါ့ကွယ်။ ရန်ကို ရန်ချင်း မတုံ့ပြန်နဲ့လို့ တို့ရဲ့ဘုရားရှင်က ဟောကြားထားတယ် မဟုတ်လားကွယ်၊ ကဲ - ကဲ - အဘပြောတာကို နားထောင်နော်၊ မင်း ငရဲမကျချင်ဘူး မဟုတ်လား။ အခု အသက်ရှင်ပြီး ကျန်နေသေးတဲ့ လူသုံးယောက်ရဲ့ အသက်ကို ကယ်တင်ပေးလိုက်ပါ၊ မင်းရဲ့ပညာတွေကို မင်း အခုပဲ ပြန်ယူသွားတော့၊ မင်းဘယ်လိုမှ တိမ်းရှောင်လို့ မရဘူးဆိုတာကို မင်းသိတယ်နော်၊ ကဲကွာ - အ[…]ခင်း ပညာတွေကို ဆွဲသိမ်းပြီး ကိုယ့်နေရာကိုယ် ပြန်ကွာ"

အဘဆရာကြီးကို အံမတုနိုင်သည့် မောင်စိုးမောင်သည် ဦးလှဝတို့ မိသားစုအား ပြုစားထားသမျှကို ပြန်လည်ယူဆောင်သွားလေတော့သည်။ အချစ်ကြီးကြီး အမျက်ကြီးသူအဖို့မှာ […] နောင်သံသရာတွင် ဘေးဒုက္ခများ […]ရင်ဆိုင်ပေရဦးမည်။

ထိုအချိန်မှစ၍ ဦးလှဝတို့ မိသားစု […]ထဲမှ ကျန်ရစ်သူ သုံးယောက်မှာ အသက်အိုးအိမ်စည်းစိမ်များ ပြန်လည်ချမ်းသာခွင့် ရရှာလေတော့သည်။

(ဤစာမှုဖြင့်တစ်ချိန်က လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားပြီး သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံလှသော ရွှေရင်ကျော်ဂိုဏ်းမှ ဆရာကြီးတစ်ဦးအား မှန်းဆ၍ စာရေးသူက ရှိခိုးကန်တော့လိုက်ရပါကြောင်း)

**အောင်ဇေယျာသာ**

## မြန်မာ့ဆေးမြီးတိုများ

**ဗိုက်ယပ်ရောဂါ**

- ဝှုံးညင်းဆံကို ထန်းလျက်နှင့် ယိုထိုးစားပါ။

**ဗိုက်ယပ် (တျက်)**

- ကြိတ်မှန်ရွက် ယိုထိုးစားပါ။

**ဗိုက်ယပ် (ချည်)**

- မိန္ဒဘော်အမြစ်ပြုတ်ရည်ဖြင့် ချေးထုတ်ခြင်း၊ ရေချိုးခြင်းပြုလုပ်ပါ။

**ဗိုက်ယပ် (ထိမ်)**

- ကြိတ်မှန်ရွက် တစ်ဆယ်သားလောက်ကို ထန်းလျက်နှစ်ကျပ်သားနှင့် ကျိုပြီးသောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာမျိုးနွယ်အပြင်

သောင်းတင့်စိုး (လှိုင်သာယာ)

တစ်ချိန်က နာနာဘာဝ တစ္ဆေသရဲစသည့် မကောင်းဆိုးဝါးများအား ကိုယ်တိုင်ကိုယ်ကျ မမြင်ဘူး၍ မယုံဘူးဟု ကျိန်းဝါးခဲ့သောကျွန်ုပ်သည်ဗေဒင်ဆရာတစ်ဖြစ်လဲ ပယောဂဆရာတစ်ယောက်ဖြစ်မှ ယုံခဲ့ရသည်မှာ မြောက်မြားစွာ ရှိခဲ့လေ၏။ ကျွန်ုပ်ကိုယ်တိုင်လူနာများထံသို့ အမှောင့်ပယောဂများ ဝင်ပူးနေသည့် မကောင်းဆိုးဝါးများနှင့် သူတင် ကိုယ်တင် အပြိုင်နွှဲခဲ့ရသည့် ဇာတ်လမ်းများမှာလည်း ဒုနှံ့ဒေး ရှိခဲ့ပြီ ဖြစ်လေ၏။

ထို ဇာတ်လမ်းများသည် ကျွန်ုပ်ကိုယ်တိုင် ပယောဂကုရာတွင် ကြုံခဲ့ရသည်များရှိသလို ကျွန်ုပ်၏ဆရာသခင်ရာဂျူး၏နောက်သို့ ဆရာသွားရာ အနားမှ ထက်ကြပ်မကွာ လိုက်လံ၍ လေ့လာသင်ယူရင်း ကူညီရင်းမှ ရရှိခဲ့သော အတွေ့အကြုံဇာတ်လမ်းများက ပိုပြီး စိတ်ဝင်စားဖွယ်၊ ထိတ်လန့်ကြောက်မက်ဖွယ်၊ သံဝေဂရဖွယ် ကောင်းလေ၏။ ကျွန်ုပ်သည် ထိုအကြောင်းများအားတစ်စုံ တစ်ယောက်အား ပြောပြချင်သည်မှာ နှစ်အားဖြင့် အတော်လေးကြာပြီဖြစ်သော်လည်း ပြောခွင့်မသာဘဲရှိနေခဲ့သဖြင့်စိတ်ထဲတွင်နိုးလိုးခုလုဖြစ်နေရာမှ ယခုမှ ပြောခွင့်ရပြီဖြစ်သောကြောင့်နှစ်များစွာ တင်းကြပ်နေသော စိတ်သည်လည်း လွတ်လပ်ပေါ့ပါးသွားလေတော့၏။

ထိုအကြောင်းအရာများကို မပြောခင် ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာဖြစ်သူရာဂျူး၏ အကြောင်းအား ပြောပြမိတ်ဆက်ပေးဖို့ရာ လိုပေလိမ့်မည် ဖြစ်၏။ ကျွန်ုပ်၏ ဆရာရာဂျူးသည် အမှန်အတိုင်းအားဖြင့်ဆိုရလျှင်မြန်မာဗုဒ္ဓဘာသာစစ်စစ်တစ်ဦးမဟုတ်ဘဲဘာသာခြားတစ်ဦးဖြစ်ခဲ့၏။ အသက်(၂၀)နှစ်အရွယ်တွင် မုတ်ဆိတ်မွေးကြီးနှင့် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော အဘိုးကြီးတစ်ဦးအား လမ်းတွင်သောက်ရန် ရေလှူမိရာမှ ထိုအဘိုးကြီးက ...

"မင်းဟာ တစ်ချိန်ကျရင် ကျိန်းသေ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး လူတွေကို ကယ်တင်ရဦးမယ်"

ဟုပြောပြီး ပါးစပ်ထဲသို့ မန်ကျည်းစေ့ခန့် အရွယ်မျှရှိသော အရာတစ်ခုကို တွေးခဲ့လေ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်၏ဆရာ ရာဂျူးသည် ပုတီးစိပ်လိုခြင်း၊ မြတ်စွာဘုရားအား ကန်တော့လိုခြင်း၊ ဆွမ်းတပ်လိုခြင်း စသည့်စိတ်များ အလိုလိုပေါ်လာခဲ့လေ၏။ ပေါ်လာသည့်အတိုင်းလည်း လုပ်လေ၏။

နောက်ဆုံးတွင် ဆရာရာဂျူး၏ ပါးစပ်မှပြောသည့် နှုတ်ထွက်စကားသည် ထူးဆန်းစွာတိုက်ဆိုင်လာသဖြင့် ရပ်ကွက်ထဲမှ လူများသည် အထြား အမြင်ရသည်ထင်ပြီး ဗေဒင်လာမေးကြလေ၏။ ဆရာရာဂျူးသည် ထိုအချိန်မှစ၍ ဗေဒင်ဆရာတစ်ဦးဖြစ်မှန်းမသိ ဖြစ်သွားလေတော့၏။ ထိုအပြင် ဆရာရာဂျူး၏နောင်တစ်ချိန် ပြောပြချက်အရ တစ်ခုသော ညလယ်ယံတွင် ထိုမုတ်ဆိတ်မွေးနှင့် ဝတ်ဖြူစင်ကြယ်အဘိုးကြီးသည် ၎င်း၏ အိမ်ပေါ်အထိ ရောက်လာသည်ဟု ဆိုလေ၏။

ထို့နောက် - ခေါင်းရင်းခန်း အခန့်သင့်ခင်းထားသော ဖျာပေါ်တွင် မိန့်မိန့်ကြီး ထိုင်လိုက်ပြီးနောက် ၎င်းအဘိုးကြီးက ...

"မင်းဟာ လွန်ခဲ့တဲ့ ဘိုးတော်မင်းတရားကြီးလက်ထက်က ဗုဒ္ဓဘာသာ ရှမ်းစော်ဘွား သူဌေးကြီးတစ်ဦး ဖြစ်ခဲ့ဖူးတယ်။ အဲဒီတုန်းက ငါဟာ မင်းရဲ့ ဆရာတစ်ယောက်ပဲ၊ နောက်ပြီး - မင်းမှာ သားတစ်ယောက်လည်း ရှိခဲ့ဖူးသေးတယ်။ အဲ့သားဟာ နောင်တစ်ချိန် မင်းအသက် (၃၀)လောက်မှာ တွေ့လာမယ်။ မင်းအား ကိုးရမယ့်မင်းတပည့်အဖြစ် ရောက်လာ





www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်။ (ထိုတပည့်ဆိုသည်မှာ ကျွန်ုပ်အား ရည်ညွှန်း၍ ပြောဆိုခြင်း ဖြစ်ပါသည်) အခု မင်းဆီကို အဘ လာခြင်းက မင်းဟာ သီလ သမာဓိ လေးလည်း အတော်အတန်သင့် ကောင်းနေပြီ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်လည်းဖြစ်သွားပြီ။ ဒါကြောင့် - မင်း မိစ္ဆာတွေနဲ့ တိုက်ပွဲဝင်ရဖို့ပဲ ကျန်တော့တယ်"

ဟု ပြောလိုက်ရာ ဆရာ ရာဂျူးက ...

"အဲဒီမိစ္ဆာတွေက ဒီလိုတိုးတက်နေတဲ့ ခေတ်ကြီးမှာ ရှိသေးတာပဲလား အဘရယ်"

ဟု တအံ့တသြဖြင့် မေးလိုက်ရာ ဝတ်ဖြူစင်ကြယ် အဘက ...

"ရှိသမှ သိပ်ရှိပေါ့ - ငါ့တပည့်ရယ်။ သူတို့တွေ မကြာခင် မင်းနဲ့ ထိပ်တိုက်တွေ့ရလိမ့်မယ်။ ဘာမှမပူနဲ့ - ဟောဒီ ဓာတ်လုံးလေးကို ရသေ့တစ်ဦးက လာပေးတဲ့ ငွေကိုကျိုပြီး လက်စွပ်ကွင်းဝတ်ပေး။ မင်းဟာ အရာအားလုံးကို နိုင်စေ ဗိုင်စေတဲ့ စေပိုင်ဖြစ်လာလိမ့် မယ်။ ဒါပေမဲ့ - တစ်ခုပဲ မင်း အခု အသက်နှစ်ဆယ့်ငါးနှစ်ထဲ ရောက်နေပြီ၊ အသက်ငါးဆယ်တင်းတင်းပြည့်တဲ့နေ့မှာ မင်းဟာ သာသနာဘောင်ထဲကိုရောက်ပြီး အသက်ရှစ်ဆယ်ထိတောင် သာသနာဘောင်ထဲမှာပဲ ဘဝကိုအဆုံးသတ်သွားလိမ့်မယ်"

ဟုပြောပြီး ဆရာ ရာဂျူးအား လက်ထဲသို့ ဓာတ်လုံးတစ်လုံးကို ထည့်ပေးပြီး ပျောက်ကွယ်သွားပါလေတော့၏၊ ထိုအဖြစ်အပျက် ဖြစ်ပေါ်စဉ်က ကျွန်ုပ်၏ ဆရာရာဂျူး၏အသက်မှာ (၂၅) နှစ်သာ ရှိသေး၏၊ ဆရာရာဂျူးနှင့် ဝတ်ဖြူစင်ကြယ်အဘိုးကြီးနှင့် လမ်းတွင် ရေလုပ် မိရာမှ စတင်သိသော အသက်မှာ (၂၀) အရွယ်ဖြစ်၏၊ ပေဒင်ဆရာအဖြစ် ငါးနှစ်တိတိ ကြာပြီးသောအခါတွင်မှ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသည့် ထူးဆန်းသော အဘိုးကြီးသည် ဆရာရာဂျူး၏ အိမ်သို့ ကြွလာကာ ယခုကဲ့သို့ ထပ်မံ၍ ချီးမြှောက်ခဲ့ခြင်းပင် ဖြစ်လေတော့၏၊

ထိုအချိန်တွင် ကျွန်ုပ်၏ အသက်သည်ကား ဆယ်နှစ်ခန့်ပင် ရှိသေး၏၊ နောင်ငါးနှစ်တိတိ ထပ်၍ကြာပြီး ကျွန်ုပ် လူပျိုပေါက်အရွယ် ရောက်သောအခါတွင် ဆရာရာဂျူးနှင့် ကျွန်ုပ်တို့ မိသားစုနှင့် ဆုံခဲ့လေ၏၊ ဆရာ ရာဂျူးနှင့် ကျွန်ုပ်တို့ မိသားစုနှင့် ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသည့် ဇာတ်လမ်း၏ အစသည်ကား ဤသို့ပင် ဖြစ်ပါလေတော့သတည်း၊

■

ကျွန်ုပ်၏ မိဘနှစ်ပါးသည်ကား လက်ရှိနေထိုင်သည့် နယ်မှ အိမ်ကို ရောင်းချပြီးလျှင် အတော်တန်သင့် စည်ကားစပြုနေသော လှိုင်သာယာမြို့၌ မြေချောင်ပြီး တဲသာသာ အိမ်တစ်လုံးပါသည့် ပေခြောက်ဆယ် မြေကွက်တစ်ကွက်ကိုဝယ်ပြီးလျှင် တိုက်ဆောက်လေ၏၊ ဖခင်သည် လိုင်းကားဆွဲရန်အတွက် ဗိုက်ပူကားတစ်စီးကို ဝယ်လေ၏၊

မှတ်ချက်၊ ၊ (အထက်ပါကားများသည် ယခုခေတ်တွင် လုံးဝမရှိတော့ပါ၊ ထိုကားများသည် လွတ်လပ်ရေးခေတ်ဦးကတည်းက ရန်ကုန်မြို့ပေါ်တွင် ပြေးဆွဲနေသောကားများဖြစ်၏၊ ထိုကားအား ကျွန်ုပ်တို့ လူပျိုဘဝက စီးခဲ့ရဖူးသော ကားများ၏၊ ယခု စာရေးသူ၏ အသက်သည် (၃၅) နှစ် ရှိပြီဖြစ်၏)

ထိုခြံမြေကိုဝယ်ပြီး အိမ်ဆောက်ဖို့အတွက်ပြင်ဆင်သည့်နေ့တွင်ပင်ကျွန်ုပ်အမေ၏အစ်မဖြစ်သူကျွန်ုပ်၏ကြီးတော်ကြီးအား မကောင်းဆိုးဝါးတစ်ကောင် ဝင်ပူးကပ်လေ၏၊ မကောင်းဆိုးဝါးသည် ထိုခြံမြေ၏ယခင်အစကပိုင်ဆိုင်ခဲ့သော မြေပိုင်ရှင်ဖြစ်ပြီး သေဆုံးသည်မှာ ငါးနှစ်ကျော် ကြာခဲ့ပြီဖြစ်၏၊ ထိုသေဆုံးသူသည် မကောင်းဆိုးဝါး၏ အနောက်တွင် လူနှစ်ဦးခန့် အိမ်ရှင်အပြောင်းအလဲ ဖြစ်ခဲ့သည်ဟု သိရလေ၏၊

မကောင်းဆိုးဝါးသည် ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့် ခြံထဲမှ အမြန်ဆုံးပြန်သွားရန် ပြောလေလျှင် နို့ထဲက သရဲဆိုလျှင် မယုံကြည်တတ်၊ ခွကျတတ်သော ကျွန်ုပ်၏ ဖခင်က ...

"သွားစရာလားဗျ - သွားစရာရှိရင် ခင်ဗျားက သွားရမှာ၊ အခု ဒီခြံကို ကျုပ် ဝယ်လိုက်ပြီ၊ ကျုပ်မှာ စာချုပ်တွေ အဆင့်ဆင့်ရှိတယ်၊ ခင်ဗျားနဲ့ မဆိုင်တော့ဘူး၊ ခင်ဗျား အရင်ဆိုင်တယ်ဆိုတာ ဟုတ်ချင် ဟုတ်မယ်၊ ဒါပေမဲ့ - အခု မဟုတ်တော့ဘူး၊ ခင်ဗျား အနေ့တတ်မှာ ဒေါ်မိဇာရယ်၊ ဦးဘလွှယ်ရယ်တောင်ဖြန့် ဝယ်ထားသေးတယ်၊ ခင်ဗျား အခု ပိုင်သေးတယ်ဆိုရင်တော့ ခင်ဗျား ပိုင်ဆိုင်ကြောင်း စာချုပ်ပြ၊ ဒါမှမဟုတ်လည်း မှုံ့မှာ စကားပြောပေါ့"

ဟု ခွကျကျပြောလိုက်လျှင် မကောင်းဆိုးဝါးက ...

"အေး - ပိုင်ဆိုင်ကြောင်းတော့ ငါက သရဲဘဝရောက်နေလို့ မပြနိုင်ဘူး၊ အေး - တစ်ခုတော့ ပြောထားမယ်၊ ဒီ ဒေါ်မိဇာရယ်၊ ဦးဘလွှယ်ဆိုတာတို့ ငါ ကိုယ်တိုင် ကုပ်ချိုးသတ်ခဲ့တာပဲ၊ အခု





www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်စလုံးကလည်း ငါ့တပည့်တွေဖြစ်နေပြီ၊ ညဆိုရင် ငါစားဖို့အတွက် သားစိမ်း၊ ငါးစိမ်းတွေ ရှာပေးရတယ်၊ အခုတော့ - နောက်ထပ်အဖော်တစ်ယောက်တော့ ထပ်ရတာပေါ့၊ ဒီတစ်ခါတော့ လူကြီးတွေ မခေါ်တော့ဘူး၊ ခိုင်းလို့ကောင်းအောင် (၁၅) နှစ်အရွယ် ဆယ်တန်းကျောင်းသားလေးကိုပဲ ခေါ်တော့မယ်ဟေ့၊ ဟား - ဟား - ဟား"

ဟု အသံနက်ကြီးဖြင့် အော်ဟစ်ရယ်မောပြီး ပြန်ထွက်သွားလေ၏။ ကျွန်ုပ်၏ဖခင်မှာ ကြောက်လန့်ခြင်းမရှိဘဲ အိမ်ကိုပြီးအောင်ထိ ဆောက်လုပ်လေ၏။ ကျွန်ုပ်၏ မိခင်နှင့်ကြီးတော်မှာမူ ကျွန်ုပ်အတွက် စိုးရိမ်ပူပန်နေကြလေ၏။ ဖခင်က ထိုအကြောင်းအား ကျွန်ုပ်ကို လုံးဝမပြောပြရန်အတွက် အားလုံးမှာထားလေ၏။

ထိုနေ့ ကျွန်ုပ် ကျောင်းမှ ပြန်လာသောအခါတွင် ကြီးတော်က ကျွန်ုပ်အား ဆရာတော်ကြီးတစ်ပါး ရွတ်ဖတ်ပေးထားသော ပရိတ်ကြိုးကို လည်ပင်းတွင် စွပ်ပေးလေ၏။ မည်သည့်အကြောင်းကြောင့် စွပ်ပေးသည်ကို မသိသော ကျွန်ုပ်ကလည်း ကြီးတော်ကို မေးလေရာ ကြီးတော်က ကျွန်ုပ် ထိတ်လန့်မည်စိုး၍ အိပ်မက်တွေမကောင်းလို့ပါဟု အားငယ်တိုးလျှိုးသော လေသံလေးဖြင့်သာပြန်ဖြေလေတော့၏။ တိုက်ဆောက်သည့်အခါတွင် အကြောင်းအမျိုးမျိုးကြောင့် ဆောက်လုပ်ရေးပညာရှင်သုံးဦးထိ ပြောင်းရလေ၏။ ပထမဆုံး ကိုဘချစ်ဆိုသည့် အကြီးအကဲ အဖွဲ့ခေါင်းဆောင်ကြီးသည် ဖောင်ဒေးရှင်း စချသည့်နေ့တွင် အိမ်ပြန်ရာ ကားတိုက်ခံရပြီး ဆေးရုံ၌ သုံးလထိ တက်ရလေ၏။ ဒုတိယဖြစ်သည့် ကိုလှဘော်ဆိုသည့် လူကြီးလည်း လေတစ်ခြမ်းဖြတ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲရပြန်လေ၏။

ဖခင်လည်း နောက်ထပ်တတ်ကျွမ်းသည့် ဆောက်လုပ်ရေးပညာရှင်အား ရှာဖို့ရန် အတော်ခက်နေလေ၏။ ထိုကဲ့သို့ ဖြစ်နေသည့်အကြောင်းများကို သိသူများသည် ရှောင်ရှားကြလေ၏။ နောက်ဆုံးတွင် ဦးမြင့်ဆိုသော လူကြီးတစ်ဦးနှင့် ဆုံလေ၏။ ဦးမြင့်က ...

"ဘာမှမပူနဲ့ - ကျုပ်တို့အဖွဲ့ ပြီးအောင်ကို ဆောက်ပေးမယ်"

ဟုပြောပြီး ရင်းဆောက်သည့်အခါတွင်မှ အဆုံးသတ်လေ၏။ အဆုံးသတ်သော်လည်း အတော်လေးစိတ်အခန့်မသင့်စရာများလည်း များစွာဖြစ်ပေါ်လေ၏။ အုတ်ခဲများ ခေါင်းပြုတ်ကျခြင်း၊ ဦးမြင့်၏ တပည့်တစ်ဦး ခြေထောက်သံ...ခြင်းနှင့် ညညများတွင် အသံနက်ကြီးများ စူးရှစွာ အော်ဟစ်ညည်းညူသံများကိုလည်း ကြားရသည်ဟု ဆိုလေ၏။

တစ်နေ့တွင် ဦးမြင့်က ...

"ကိုမြစိုးအောင်ရေ - ခင်ဗျားဒီကိစ္စကို မယုံတယုံတာ တစ်ပိုင်းထားဗျာ၊ ...များလည်းတတ်ကျွမ်းတဲ့ ဆရာသမားတစ်ယောက်နဲ့ ဒီမကောင်းဆိုးဝါးကိစ္စကို လုပ်ကြည့်ပါလား၊ ကျုပ်မှာ ဆရာတစ်ဦးတော့ ရှိတယ်၊ ကျုပ်လည်း အခုလို ဆောက်ရဲလုပ်ရဲတာ ကျုပ်ဆရာက ကျုပ်ကို အဆောင်လက်ဖွဲ့လေးတွေ စီရင်ပေးထားလို့ပါ၊ ဒါ့အပြင် - ကျုပ်တပည့်တွေဆီမှာ တစ်ယောက်တစ်ခုစီ ရှိတယ်"

ဟု ပြောလိုက်သော်လည်း ကျွန်ုပ်၏ ဖခင်သည် အင်းမလုပ် အဲမလုပ်ဖြင့် နေခဲ့သည်မှာ ကျွန်ုပ်တို့ အိမ်တက်နေ့အထိ ဖြစ်ခဲ့လေ၏။ ကြီးတော်သည် ထိုအိမ်ကြီး၌ နေရမည်ကို လွန်စွာမှ ကြောက်ရွံ့နေသဖြင့် ဆရာပေါင်းစုံမှ အဆောင်များလက်ဖွဲ့များချိတ်၏။ ပရိတ်ရေများဖြင့်လည်း ဖြန်းလေ၏။

ဘုန်းကြီးသုံးပါးကိုလည်း ပင့်ဖိတ်၍ အိမ်တက်မင်္ဂလာ လုပ်လေ၏။ ထိုနေ့ညနေ အန္တရာယ်ကင်းပရိတ်တော်များကိုလည်းဆရာတော်ကြီးများမှ ချီးမြှင့်ခဲ့လေ၏။ အိမ်တက်နေ့တွင် ကြက်သားနှင့် ဒံပေါက်ကို ကျွေးသော်လည်း ရပ်ကွက်တွင်းမှ လာရောက်စားသောက်ကြသူများမှာ အနည်းငယ်သာ ရှိလေ၏။ မည်သည့်အတွက်ကြောင့် မလာကြသည်ကို နောင်တစ်ချိန်မှ ကျွန်ုပ်လည်း သိခဲ့ရပြန်လေ၏။

ထိုညတွင် ကြီးတော်သည် တစ်ယောက်တည်း မအိပ်ရဲသဖြင့် အိမ်အကူ မိမိတင်ကို သူ၏အခန်း၌ ခေါ်၍အိပ်လေ၏။ မိခင်သည် ဖခင်၏ အနားကို သာတိုးကပ်၍ ညည့်ခန်းတွင် ထိုင်နေလေ၏။ ဖခင်သည် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေပြီး ကျွန်ုပ်သည်ကား ညည့်ခန်းတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော မြန်မာဇာတ်ကားတစ်ခုကို ကြည့်နေလေ၏။

ထိုစဉ် အနောက်ဘက် ခေါင်မိုးပေါ်လောက်မှ ဒုန်း - ဒိုင်း - ဂွမ်း - ဂလွမ်းဟူသော အသံကျယ်ကြီးများကို ကြားရလေလျှင် မိခင်က ...

"လာပြီ - ကိုမြစိုးအောင်ရေ၊ သရဲတော့ ခြောက်ပြီထင်တယ်"

ဟု ပြောနေစဉ် ကြီးတော်နှင့် မိမိတင်တို့သည် ကြောက်လန့်တကြား ညည့်ခန်းသို့ ပြေးထွက်လာလေ၏။ ပါးစပ်မှ



www.burmeseclassic.com

www.burmeseclassic.com

လည်း တုန်တုန်ယင်ယင်ဖြင့် ကြီးတော်က ...

"သရဲလား မသိဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က ...

"ကြီးတော်တို့က ဘာဖြစ်နေကြတာလဲ၊ ခေါင်းမိုးပေါ်ကြောင်တက်နေမှာပေါ့ - ကြီးတော်ရယ်၊ လာ - ဒီမှာထိုင်၊ ဘာသရဲမှမရှိဘူး၊ သရဲဆိုတာ လူတွေကြောက်အောင် သက်သက်မဲ့ပြောက်ထားတာ၊ တကယ်မရှိဘူး"

ဟုအကြောင်းအရင်းကို ဘာမှမသိဘဲ ပြောလိုက်လေ၏၊ ထိုစဉ် နာခေါင်းထဲသို့ပုပ်အဲ့အဲ့ စိမ်းရွှေရွှေအပုပ်အနံ့များ တလှိုင်လှိုင် ထသွားလေ၏။

"နံလိုက်တာ - ကြီးကြီးရွှေရယ်၊ ကြောင်တွေ ငါးပုပ်တွေများ ချီလာလားမသိဘူး၊ ကျွန်တော် သွားရှာကြည့်ဦးမယ်"

ဟု ကျွန်ုပ်က ပြောပြီး ထဖို့ပြုစဉ် မိခင်က ...

"ထိုင်နေစမ်း - ဘယ်မှမသွားနဲ့၊ ဒီအိမ်မှာမကောင်းဆိုးဝါးရှိတယ်၊ ဘယ်မှ မသွားနဲ့"

ဟု ပြောလိုက်လျှင် ဖခင်က ...

"ခင် - မင်း - ကလေးကိုလန့်အောင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဘာမှမဟုတ်ဘူး - သား၊ ဒါတွေ ဖေဖေ လုံးဝအယုံအကြည် မရှိဘူး သား၊ ဒါပေမဲ့ - ဘယ်မှမသွားနဲ့၊ ဒီမှာပဲ ထိုင်နေ၊ ဖေဖေ လျှောက်ရှာကြည့်မယ်၊ ကြောင်တွေ သားပြောသလိုငါးပုပ်တွေပဲ ဆွဲလာတာဖြစ်မယ်"

ဟုပြောပြီး အိမ်အနံ့မြအနံ့ ခြောက်လုံးထိုး လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ချောင်ကြိုချောင်ကြားပါမကျန် လိုက်ရှာပါလေတော့၏၊ တစ်အောင့်ကြာလျှင် ကျွန်ုပ်၏ ဖခင်သည် ကြွပ်ကြွပ်အိတ်အထုပ်တစ်ထုပ်ဖြင့် ပြန်လာလေ၏။

"ဒီမှာ မတွေ့ဘူးလား၊ အိမ်ရှေ့မှာ ငါးအပုပ်ထုပ်တွေ ကြောင်တွေ ဆွဲလာတာပဲ ဖြစ်မယ်၊ ခြံရှေ့က အမှိုက်ပုံထဲ သွားလွှင့်ပစ်လိုက်ဦးမယ်"

ဟု ပြောပြီး ခြံရှေ့သို့ ထွက်လွှင့်ပစ်လေ၏၊ တစ်အောင့်မျှကြာလျှင် ကျွန်ုပ်တို့အားလုံး ကိုယ့်အခန်းဆီသို့အသီးသီး ဝင်ကြလေ၏၊ မဝင်ခင် ကြီးတော်ကြီးသည် ကျွန်ုပ်၏ အနားသို့ ကပ်လာပြီးလျှင် ကျွန်ုပ်၏လည်ပင်း၌ ပရိတ်ကြိုးမှီမရှိကို စမ်းကြည့်လေ၏၊ ရှိမှ စိတ်အေးလက်အေး ဖြစ်သွားသောပုံစံဖြင့် ...

"ဘုရားရှိခိုး အိပ်ဦးနော် - သားလေး"

ဟု အထပ်ထပ်မှာပြန်လေတော့၏။

■

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် ကျောင်းသို့ သွားရလေ၏၊ နေ့လယ် ကျောင်းဆင်းသော်လည်း ကျွန်ုပ်သည် အိမ်သို့ ချက်ချင်းမပြန်သေးဘဲ သူငယ်ချင်းဖြစ်သူ အောင်ဇင်၏ အိမ်သို့ လိုက်လည်လေ၏၊ အောင်ဇင်၏ အိမ်သို့ သော်သော်၊ ကျော်ကြီး၊ မိမော်တို့လည်း အတူလိုက်လာသဖြင့် သူငယ်ချင်းများ ရှိကြနေသောကြောင့်အနည်းငယ်မှောင်မှ အိမ်သို့ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လေလျှင် အချိန်မှာ ည (၈) နာရီခန့် ရှိနေပြီ ဖြစ်၏၊ ကျွန်ုပ်သည် ဖခင်အား အောင်ဇင်တို့အိမ်ကို သွားမည်ဟု မနက်ကတည်းက ပြောပြထားသဖြင့်စိတ်မပူသော်လည်းမိခင်နှင့်ကြီးတော်မှာမူ ကျွန်ုပ် အိမ်ပေါ်ရောက်သည့်တိုင်စိတ်ပူနေသောကြောင့်ကျွန်ုပ်အား ...

"သားအိမ်ကိုပဲ ပြန်ရောက်နေပြီ၊ မေမေနဲ့ ကြီးကြီးရွှေက ဘာဖြစ်နေတာလဲ"

ဟု ပြောလိုက်ပြီး မိမိ၏ အခန်းထဲသို့ဝင်လေ၏၊ ကျောပိုးလွယ်အိတ်ကို



ကျွန်ုပ်လည်း ထင်မှတ်မထားသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အနည်းငယ်ထိတ်လန့်မှု ဖြစ်သွားလေ၏။ ကျွန်ုပ် ဝင်လာသည်ကို မြင်သည်နှင့် ရှေးဆုံးမှ ဒွေးနက်ကြီးသည် ကျွန်ုပ်အား မီး၏ အရောင်တဲ့သို့ နီရဲသော မျက်လုံးနီကြီးနှစ်ခုဖြင့် စိမ်းစိမ်းကြီး စိုက်ကြည့်ပြီး ရင်ဘတ်အား ခုန်ဝင်၍ ကုတ်ဖဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

လည်းစာကြည့်စားပွဲတွင်တင်လိုက်လေ၏။ ထို့နောက် အိုက်စပ်စပ်နှင့် နံ့ချိချိဖြစ်နေသော ကိုယ်ကို လန်းဆန်းသွားရန်အတွက် ရေချိုးဦးမှဟု တွေးမိပြီး အဝတ်အစားကိုလဲကာ တံဘက်တစ်ထည်ကို ယူရင်း ရေချိုးခန်းသို့ထွက်ခဲ့လာလေ၏။

ရေချိုးခန်းရှေ့သို့ ရောက်သောအခါ ရေချိုးခန်းထဲရှိ ရေပန်းခရားမှ ရေကျသံများကို ကြားရလေလျှင် ခြေလှမ်းကို ဆောရပ်လိုက်လေ၏။ ဘယ်သူများ ရေချိုးနေတာပါလိမ့်။ ဖေဖေရယ်၊ မေမေရယ်၊ ကြီးကြီးရယ်ကတော့ ဧည့်ခန်းမှာ တွေ့ခဲ့တာပဲ၊ ဒါဆို - မိမိတင် ရေချိုးနေတာပဲ ဖြစ်မယ်ဟုတွေးပြီး တံဘက်ကို ပခုံးပေါ်တင်၍ အိမ်ရှေ့ခန်းသို့ ထွက်လာလိုက်ရာ မိမိတင် အပါအဝင် အားလုံးကို တွေ့လိုက်ရသဖြင့် ...

"မိမိတင် ငါက နင့်ကို ရေချိုးခန်းထဲမှာ အောက်မေ့ပြီး ရေချိုးခန်းမဝင်ဘဲ ထွက်လာတာ၊ ရေပိုက်ကို မပိတ်ဘဲ ဖွင့်ထားခဲ့တယ်၊ သား - ခုနက အခန်းအပြင်တနေ ရေတွေပွင့်နေသံကြားလို့မဝင်ဘဲ ပြန်လှည့်လာတာ၊ နောက်ဆုံး - ရေဘယ်သူချိုးသေးလဲ"

ဟု ပြောလိုက်လျှင် မိမိတင်က ...

"ဟို - ဟို - ကျွန်မပါ ကိုလေးရယ်၊ ညနေတုန်းက ချိုးတာပါ၊ ဒါပေမဲ့ - ကျွန်မ သေသေချာချာ ပိတ်ထားခဲ့ပါတယ်ရှင်"

ဟု အသေအချာပြောလေလျှင် မိခင်နှင့် ကြီးတော်သည် နတ်ကျသည့်အလား ကိုယ်မှာ တဆတ်ဆတ်တုန်နေသည်ကို တွေ့ရလေ၏။ လက်ထဲတွင်လည်း ပုတီးကိုယ်စီဖြင့် ရှိနေကြလေ၏။

"ဟာ - နင် ငါ့ကို မလိမ်နဲ့၊ လာ - အခုလိုက်ကြည့်၊ ငါ့နားနဲ့ကြားတာပါဟ၊ အခန်းထဲမှာ ရေပွင့်နေတဲ့ အသံကြားလို့ ကိုထွက်လာခဲ့တာ၊ လာလာ မယုံရင်နင် အခုလိုက်ခဲ့"

ဟုပြောပြီးရေချိုးခန်းရှိရာသို့ထွက်လာလျှင် အနောက်မှမိခင်နှင့်ကြီးတော်ပါ မိမိတင်နှင့်အတူ လိုက်လာလေ၏။

အခန်းရှေ့ရောက်သောအခါ ရေချိုးခန်းထဲမှ ရေစက်ကြသံကို လုံးဝမကြားရတော့ပေ၊ ကျွန်ုပ်လည်း အခန်းတံခါးကို ဖွင့်ကြည့်ရာ အောက်ခြေကြမ်းပြင်တွင် ကျနေသော ရေစက်များ တစ်စက်မှမရှိသဖြင့် ကြောင်အအဖြစ်ရလေ၏။ ငါပဲ နားကြားမှားတာ ဖြစ်မယ်ဟုတွေးပြီး ရေချိုးခန်းထဲဝင်၍ တံခါးကို ပိတ်လိုက်လေ၏။

"သားလေး - မြန်မြန်ချိုးနော်"

အရှေ့ဘက်သို့ ထွက်မသွားသေးဘဲ အခန်းရှေ့မှ မိခင်က လှမ်းပြောလေ၏။

"ဟုတ်ကဲ့ပါ"

ဟု ကျွန်ုပ်က လှမ်းဖြေရင်း ...

"မေမေက ငါ့ကို အခုထိ ကလေးပဲ ထင်နေတုန်းနော်၊ ရေချိုးတာတောင် လိုက်ပြီးပူနေသေးတယ်"

ဟု စိတ်မှတွေးမိရင်း ရေပန်းခရားကို ဖွင့်လိုက်ရာ အေးစက်နေသော ရေများသည် ကျွန်ုပ်၏ ကိုယ်ခန္ဓာကို လာရောက်ထိရိုက်လေ၏။ တစ်နေ့လုံး သွေးယံချင်းတွေ အပျော်လွန်ပြီး ပင်ပန်းခဲ့သမျှ အခုမှ လန်းဆန်းသွားသလိုလည်း ရှိလေ၏။

"သားရေ - မပြီးသေးဘူးလား"

နောက်တစ်ခါ ပြောသူကား ကျွန်ုပ်၏ မိခင်မဟုတ်တော့ပါ၊ ကြီးကြီး ဖြစ်နေလေ၏။ ကျွန်ုပ်လည်း မဖြေပါ၊ နောက်ထပ် နှစ်မိနစ်မကြာ မိမိတင်ကလည်း ...

"ကိုလေး မပြီးသေးဘူးလား"

ဟု ပြောလာလျှင် ဘာဖြစ်နေကြတာလဲ မသိဘူး၊ ဒီလူတွေ၊ မနေ့ကကော ဒီနေ့ကော တစ်မျိုးကြီးဖြစ်နေကြတယ်ဟု တွေးမိရင်း ...

"ဘာဖြစ်နေကြတာလဲဗျာ၊ ဒီမှာ ရေချိုးနေတာကို အပေါက်ဝမှာ အဲ့သလို မနေကြနဲ့လေ၊ ဘာမှန်းလည်း မသိဘူး ကိုယ့်နေရာကို သွားကြပါလား၊ မသွား ရင် အအေးပတ်ရင် ပတ်ပါစေ ထွက် မလာဘူးနော်"

ဟုခြိမ်းခြောက်ပြောလိုက်မှ အေး အေးပါဟုဆိုပြီး ထွက်သွားကြသည်နှင့် တူ၏၊ အသံတစ်သံမှ မကြားရတော့ ကျွန်ုပ်လည်း ရေမိုးချိုးပြီး အဝတ်အစား လဲခဲ့ကာ အိမ်ရှေ့ထွက်လာသည်နှင့် ကြီးကြီးက ...

"ထမင်းပွဲ ပြင်ရမလား"

ဟု မေးရာ ကျွန်ုပ်ကလည်း အောင် ဖင်တို့အိမ်တွင် ထမင်းစားခဲ့ပြီးပြီ ထမင်းမစားချင်တော့ကြောင်း ပြော လိုက်ရာ ကြီးကြီးသည် ပန်းသီးတို့ခွဲပေး လေ၏၊ တစ်ချိန်လုံး မည်သည့်စကား တစ်ခွန်းကိုမှမပြောဘဲ စာရင်းဇယားများ ဖြင့် အလုပ်ရှုပ်နေသော ဖခင်ဘက်တို့ လည်း မိမိတင်က ကြီးကြီး ခွဲပေးသည့် ပန်းသီးစိတ် တစ်ပန်းကန်ကို ချပေးလိုက် လေ၏။

မိခင်၊ ကြီးကြီးရှေ့နှင့် မိမိတင်တို့ ကျွန်ုပ်၏ ပန်းကန်တွင်းမှ နိုက်စားလေ ၏၊ ကျွန်ုပ်လည်း ဇီဇီယိုရွှေ့ထားသော





www.burmeseclassic.com

www.burmeseclassic.com

စင်များထက်မှ ခွေတစ်ခွေကို အောက်စက်တွင် ထည့်လိုက်ပြီး …

"သရဲကားကြည့်မလား၊ မနေ့ကမှ အသစ်ထွက်တာ"

ထိုသို့ပြောလိုက်လျှင် မေမေက ရာရာသလဲ အမူအရာဖြင့် …

"အမယ်လေး - အမယ်လေး - မကြည့်ဘူး - မကြည့်ဘူး။ လုံးဝ မထည့်နဲ့နော် - မကြည့်ဘူး"

ဟု အကြောက်အကန် ငြင်းလိုက်လျှင် ကျွန်ုပ်က …

"မေမေကလည်း ဘာဖြစ်နေတာလဲ၊ တို့အရင်ကလည်းကြည့်နေတာကို၊ အခုမှ ဘယ်လိုဖြစ်ပြီး ကြောက်နေရတာတုန်း၊ သားတော့ မရဘူး ထည့်မှာပဲ"

ဟု ပြန်၍ပြောပြီး အခွေကိုထည့်ဖို့ လုပ်တိုင်နေစဉ်ကြီးကြီးရွှေကထိုင်နေရာမှ ထလာပြီး အခွေကို လုလေ၏။ ကျွန်ုပ်တလည်း ပြန်လုလေ၏။

"ကြီးကြီးရွှေ - ဘာဖြစ်တာလဲဗျာ၊ ဒါလေးကြည့်တာကို - ဘာဖြစ်တာမှတ်လို့၊ အရင်တုန်းကလည်း ဟံသာဝတီမှာနေတုန်းကလည်း ဒီလိုပဲ ကြီးကြီးရွှေတို့သားနဲ့အတူတူကြည့်တာပဲလေ၊ ဘာလဲ ဒီရောက်မှမကြည့်ရဘူးဆိုတာ ဒီအိမ်မှာ သရဲရှိနေလို့လား - ပြော၊ ရှိနေလည်း ဘာမှမပူနဲ့ သားမှာ သရဲနိုင်တဲ့နည်းတွေကို ဗီဒီယိုထဲကနေ ကြည့်ထားတယ်၊ ကစ်ပစ်လိုက်မယ်"

"ခွမ်း - ဂလွမ်း - ဂလွမ်း"

ထိုစဉ် အိမ်နောက်ဖေးခန်းမှ ပန်းကန်ကွဲသံများ၊ အိုးခွက်လွှတ်ကြသံများကို ကြားရလေ၏။ ထိုအသံများကို ကြားရသည်နှင့် တစ်ပြိုင် မိခင်၊ ကြီးကြီးနှင့် မိမိတင်တို့ထံမှ အာမေဍိတ်အသံများ ကိုယ်စီထွက်လာကြလေ၏၊ စာရင်းလုပ်နေသော ဖခင်သည်ပင် အိမ်နောက်ဖေးသို့ ခေါင်းကိုလည်၍ လှမ်းကြည့်လေ၏။

ကျွန်ုပ်လည်း ဘာဖြစ်တာပါလိမ့်၊ ဘာတွေများ ကျကွဲတာပါလိမ့်ဆိုသော သိချင်ဇောဖြင့် ထ၍ နောက်ဖေးခန်းသို့ ဝင်မည်အပြု ဖခင်က …

"ထိုင်နေစမ်း - ဖေဖေ သွားကြည့်မယ်"

ဟု ပြောပြီးနောက်ဖေးသို့ ဝင်သွားလေ၏။ ကျွန်ုပ်လည်း ထနေရာမှ ပြန်၍ ထိုင်လိုက်လေ၏။ မိခင်၊ ကြီးကြီးနှင့် မိမိတင်တို့သည် တုန်တုန်ယင်ယင်ဖြင့် ကြည့်ရသည်မှာ အချိန်ကျ၍မှ အရက်မသောက်ရသော အရက်သမားများနှင့် တူနေသောကြောင့် ဘာမှန်းလည်း သိ

သာမဟုတ်ဘဲနဲ့ အတော့်ကို ဒီရောက်မှ ကြောက်တတ်တာပဲနော်ဟု စိတ်ထဲ တွေးပြီး ပြုံးမိနေစဉ် …

"အား"

နောက်ဖေးမှ ဖခင်၏ ရူးရူးဝါးဝါး အော်လိုက်သံကို ကြားလိုက်သော ကြောင့် နောက်ဖေးခန်းသို့ စိုးရိမ်စိတ် ဖြင့် ကျွန်ုပ်သည် ထပြီးပြေးဝင်လေရာ ပွေ့အိုင်ထဲတွင်ကားရားကြီးသတိလစ် နေသော ဖခင်ကို တွေ့ရလေ၏၊ ဖခင် နေသောနေရာတွင် ဟင်းအိုးထမင်း များမှာ မှောက်ပြီး သမံတလင်းပေါ် ၌ ဖိတ်စဉ်နေလေ၏၊ ကျွန်ုပ်သည် ခင်ကို ပွေ့ချီလိုက်ပြီး …

"မေမေ - ကြီးကြီးတို့ လာကြပါဦး ဒီမှာ ဖေဖေ ဘာဖြစ်နေတာလဲ မသိ လုပ်ကြပါဦး"

ဟု အဆက်မပြတ် အော်ခေါ်လိုက် အမေတကော စိုးရိမ်ကြီးစွာဖြင့် ပြေးဝင်လာကြလေ၏၊

"အမယ်လေး - ငါ့မောင်လေး သေ မသိဘူး၊ လုပ်ကြပါဦး - ဒါ သရဲ သွားတာလား မသိဘူး၊ ငါ အတန် ပြောပါတယ်၊ ဒီအိမ်မှာနေမယ်ဆို ည်းတာ မနေချင်ဘူးဆိုတာကို သူက သရဲမယုံဘူးတဲ့လေ၊ အခုတော့ ကိုယ်ကျိုးနည်းပါပြီ လုပ်ကြပါဦး"

"အမယ်လေး - ကိုတင် - အသက်တော့ ရှိသေးရဲ့လား မသိဘူး၊ လုပ်ပါဦး - လုပ်ပါဦး၊ သား - သား - နှင့်အဖေကို ကြည့်ပါဦးအသက်ရှိသေးရဲ့လား၊ ကြည့်ပါဦး"

ဟု အားလုံးငိုယိုနေကြလေ၏၊ ကျွန်ုပ်လည်း ဖခင်ကို အဆက်မပြတ် သတိရအောင် လှုပ်နိုးလေ၏၊ သို့သော် ဖခင်သည် လုံးဝကို သတိမရဘဲ ရှိနေလေ၏၊ ဖခင်၏ ရင်ဘတ်တွင် ကြောင်ခြစ်ရာကဲ့သို့ ကုတ်ရာများကိုတွေ့ပြီး အင်္ကျီများမှာ ပေါက်ပြဲပြီး သွေးချင်းချင်းနီနေလေ၏၊ ကျွန်ုပ်လည်း သွေးထွက်လွန်မည်ကို စိုးရိမ်၍ဖခင်အား ချက်ချင်းပင်ထမ်းပိုးကာ လမ်းထိပ်အိမ်မှလေးဘီးကားမောင်းသည့် ဦးခင်ရီ၏ အကူအညီဖြင့် အင်းစိန်ဆေးရုံသို့ ပို့ရလေတော့၏။

ကျွန်ုပ်တို့ မိသားစုအားလုံး ဆေးရုံသို့ ရောက်လျှင် တစ်ယောက်မှလည်း အိမ်မပြန်ရဲအောင် ဖြစ်နေလေ၏၊ တာဝန်ကျသော စခန်းများမှ ရဲအရာရှိများကလည်းအိမ်သို့ဝင်ရောက်စစ်ဆေး နေလေ၏၊ ထမင်းဟင်းအိုးမှာ မှောက်



www.burmeseclassic.com

www.burmeseclassic.com

သည်မှလွဲ၍ မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရကြောင်းဆိုလေ၏။ အကြောင်းစုံသိနိုင်ရန် ဖခင် သတိရလာသောအခါတွင် မေးမြန်းရမည်ဖြစ်သဖြင့် ဖခင်သတိလည်အလာကို စောင့်ရမည်ဖြစ်ကြောင်းပြောပြီး ပြန်သွားလေ၏။ ဖခင်သည် သုံးရက်တိတိကြာသောအခါတွင်မှ သတိလည်လာလေ၏။

သတိရလျှင်ရခြင်း ကျွန်ုပ်တို့၏အိမ်အား ပြီးအောင်ဆောက်ပေးခဲ့သည့် လက်သမားဆရာကြီးကို အထပ်ထပ် ခေါ်ဆိုင်းသဖြင့် ကျွန်ုပ်လည်း ဆေးရုံသို့ ရအောင်ခေါ်ခဲ့ရလေ၏။

"ကိုမြင့်ရေ - ကျွန်ုပ်ကို ခင်ဗျားရဲ့ ဆရာကို ရအောင် ပင့်ပေးစမ်းပါဗျာ။ ဒီသရဲ တော်တော်ဒုက္ခပေးတယ်ဗျာ"

ဟုပြောလိုက်ရာ ဦးမြင့်က ...

"ဘယ်လိုဖြစ်တာတုံး - ကိုတင့်ရဲ့ ဘယ်လိုကြောင့် ဆေးရုံရောက်တာတုံး"

ဟုမေးလေ၏။ ဖခင်က ...

"တစ်ညကျုပ်တို့ မိသားစုတွေအိမ်ရှေ့မှာ အားလုံးရှိနေတုန်း နောက်ဖေးက တစ်ခုခု လွတ်ကျသံတွေကြားလို့ သူတို့ကို ထားခဲ့ပြီး ကျွန်တော် တစ်ယောက်တည်း နောက်ဖေးကို သွားအကြည့်မှာပေါ့ - ကိုမြင့်ရယ်"

ဟု စကားကို စလိုက်ပြီး နောက်ကြောင်းကိုပြန်လေ၏။

■

အားလုံး လန့်မည်စိုးသောကြောင့် ကျွန်ုပ်လည်းတစ်ယောက်တည်းနောက်ဖေးခန်းထဲသို့ ဝင်လိုက်သည်ဆိုရုံဖြင့် ထူးဆန်းသော အဖြစ်အပျက်များကို တွေ့ရလေ၏။ ကျွန်ုပ် တစ်သက်တစ်ခါမှ မမြင်ဘူးသော လွန်စွာမှ ကြီးမားသည့် ခွေးနက်ကြီးသုံးကောင်ကို တွေ့ရလေ၏။ ထိုခွေးနက်ကြီးသုံးကောင်၏ ပါးစပ်တွင်လက်ခလယ်လောက်ရှိမည့်အစွယ်ဖားဖားကြီးနှစ်ချောင်းကိုလည်း ကိုယ်စီ ကိုယ်စီ တွေ့ရသည့်အပြင် သွားရေများမှာလည်း တဖွားဖွားကျနေ၏။

ကြည့်ရသည်မှာ အလွန်တရာကြောက်မက်ဖွယ် ကောင်းလေ၏။ ထိုခွေးသုံးကောင်မှာ ဖိတ်စဉ်လွင့်ကျနေသော အမဲသားဟင်းအိုးမှ ဟင်းများအားလုယက်စားနေကြလေ၏။ ကျွန်ုပ်လည်း ထင်မှတ်မထားသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် အနည်းငယ် ထိတ်လန့်ဖြစ်သွားလေ၏။ ကျွန်ုပ် ဝင်လာသည်ကို မြင်သည်နှင့် ရှေ့ဆုံးမှ ခွေးနက်ကြီးသည် ကျွန်ုပ်အားမီး၏အရောင်ကဲ့သို့နီရဲသော မျက်လုံးနီကြီးနှစ်ခုဖြင့် စိမ်းစိမ်းကြီးစိုက်ကြည့်ပြီး ရင်ဘတ်အား ခုန်ဝင်၍ ကုတ်ဖဲ့လေ၏။

ထို့နောက် ကျန်ရစ်နေသော ခွေးနက်ကြီးနှစ်ကောင်ကလည်း ထပ်မံ၍ ဝင်လာပြီး ကုတ်ဖဲ့ပြန်လေတော့၏။ ကျွန်ုပ်လည်း လုံးဝပြန်လည်ခုခံနိုင်ခြင်း မရှိဘဲ သတိလစ်မေ့မြောသွားလေ၏။ သတိရသောအခါတွင် ကျွန်ုပ်သည် မှောင်မည်းနေသော ကွင်းပြင်ကြီးထဲကို ရောက်နေလေ၏။ ကျွန်ုပ်သည် မိမိအိမ်တွင် ခွေးနက်ကြီးသုံးကောင်၏ရန်မူခြင်းကို ခံနေရာမှ မည်သည့်အတွက်ကြောင့် ကွင်းပြင်ထဲကို ရောက်နေရတာပါလိမ့်ဟု တွေးရင်း ကုန်းထလေ၏။ ရင်ဘတ်တစ်ခုလုံးလည်း ပြင်းပျစွာ နာကျင်နေလေ၏။

သွေးများမှာလည်း ရင်ဘတ်တွင် ...လေ၏။ ကျွန်ုပ်သည် ယိုင်တိယိုင်တိ ...အားယူလှမ်းလျှောက်ခဲ့ရာ အနည်း...လျှောက်မိသည်နှင့် မှိုင်ပျပျမီးလေး ...နေသောတဲအိမ်လေးကို တွေ့လိုက်...ဖြင့် ထိုအိမ်လေးဆီသို့ နုံးချိနေ...ခြေလှမ်းများဖြင့် တစ်လှမ်းချင်း ...င်အားယူပြီး လှမ်းခဲ့လေ၏။ အိမ်...ဘံခါးများမရှိသဖြင့် အထဲသို့ ခွင့်မတောင်းဘဲ ဝင်လိုက်ပြီး ကွပ်ပျစ်သာသာရှိသော ဝါးကြမ်းခင်းပေါ်တွင် ပစ်လှဲချလိုက်လေ၏။ ကြမ်းပြင်တွင် လှဲချလိုက်သောအသံကြောင့် ထင်၏။ အထဲမှ ခပ်ငယ်ငယ် အမျိုးသမီးတစ်ဦး ထွက်လာလေ၏။ ထိုအမျိုးသမီးသည် အထိတ်တလန့်ဖြင့် ကျွန်ုပ်အား ကြောင်တောင်တောင်ကြည့်နေပြီး သတိဝင်သောအခါတွင်မှ ...

"ဘယ်လိုဖြစ်လာတာလဲ - ဘယ်လို ဖြစ်လာတာလဲရှင်၊ တစ်ကိုယ်လုံးလည်း သွေးတွေနဲ့ပါလား"

ဟုမေးသော်လည်း ပြန်မဖြေနိုင်ဘဲ မေ့မြောသွားလေ၏။ သတိရသောအခါ ကျွန်ုပ်၏အနားတွင် အမျိုးသမီးငယ်နှင့် အတူ နောက်ထပ်အမျိုးသားကြီးတစ်ဦးကိုလည်း တွေ့ရလေ၏။ ထိုအမျိုးသားကြီးသည် ကျွန်ုပ်၏ ရင်ဘတ်အား ဆေးများ ထည့်ပေးနေလေ၏။ အမျိုးသမီးသည် ဆီမီးခွက်လေးတစ်ခုကို ကိုင်၍ ဆေးထည့်ပေးနေသော လူကို အကူအညီ ပေးနေရှာလေ၏။

"ဘာမှမပူနဲ့ - ခင်ဗျား သက်သာသွားအောင် ကျွန်တော် လုပ်ပေးထားတယ်။ ဒါပေမဲ့ - ခင်ဗျားကို မကောင်းဆိုး

www.burmeseclassic.com

# ဝေဝေဖြိုးပြန် စေသည် မွေးမြေခါ

ဝါဦးနွန်းဝင်

"ဗုဒ္ဓါနံ ဇီဝိတံ သသ …"

ဓာရကာဝရိတ် ရှတ်ဖတ်နေသော မအေးသန်းအသံကို ပျိုးဝေးဝေးကပင် အတိုင်းသား ကြားနိုင်ပါသည်။ ဘာသာရေး လုပ်ရာတွင် အရိယာသူတော်စင်များမှလွဲ၍ လူအတော်များများမှာ လောကီအကျိုး မျှော်ကိုးကြတာများသည်။ ဥပမာ - ပုတီးစိပ်လျှင် ကံကောင်းစေရန်၊ စီးပွားတက်စေရန်၊ ထူးချွန်စေရန်၊ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန် အစရှိသော လောကီအကျိုးကို မျှော်ကိုးကာ စိပ်တတ်ကြသည်။ ဝုဏ်တော်၊ ပရိတ်ပွားများလျှင်လည်း ဘေးကင်းစေရန်၊ လာဘ်လာဘပေါ်စေရန်၊ စီးပွားတက်စေရန်၊ လူချစ်လူခင်များစေရန်၊ အသက်ရှည်စေရန် စသော လူ့ဘုံလောကအကျိုးကို မျှော်ရည်တတ်ကြသည်။

အားလုံးဟူ၍တော့ မဆိုလိုပါ။ သို့ပေမဲ့ မည်သို့သော ရည်ရွယ်ချက်ဖြင့် အားထုတ်ပါစေ ဘာသာရေးလုပ်ခြင်းသည် အလွန်ကောင်းမွန်သော အလုပ်ဖြစ်ပါသည်။ အရှင်ဆန္ဒာဓိက၏ စာအုပ်တစ်အုပ်တွင် ပါရမီရင့်သန်လာသည့်အခါ မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အားထုတ်လာကြသည်ဟူ၍ ဖတ်ရှုခဲ့ရသည်။ သို့ကြောင့် မည်သို့ပင်ဖြစ်စေ ဘာသာရေးလုပ်ခြင်းသည် အလွန်မွန်မြတ်သော အကျိုးကျေးဇူးကြီးသော အလုပ်တစ်ခုဖြစ်သည်။

ထို့အတူ မအေးသန်းသည်လည်း ပါရမီ မရင့်သန်သေးတာကြောင့် လောကီအကျိုး မျှော်ကိုးစိတ်တစ်ခုဖြင့် ဓာရကာပရိတ်ကို ရွတ်ဖတ်နေရခြင်းဖြစ်သည်။ သူမ၏ မျှော်မှန်းချက်က အနာရောဂါကင်းဝေးစေဖို့၊ အသက်ရှည်စေဖို့။ သို့ပေမဲ့ သူမ၏ အသက်ကို ရှည်စေလိုခြင်းမဟုတ်၊ သူမ၏ ခန္ဓာ၌ အနာရောဂါ ကင်းဝေးစေလိုခြင်း မဟုတ်။

■

ပြည်မြို့ (…)ဌာနရှိ အရာရှိရိပ်သာတွင် ကိုခင်မောင်နှင့် မအေးသန်းတို့ မိသားစု နေထိုင်ကြသည်။ နှစ်ယောက်လုံးတာ ပြည်ဇာတိ မဟုတ်ကြ၊ ဇာတိချက်ကြွေ မွေးရပ်မြေတို့ကို စွန့်ပယ်ကာ ထမ်းနေတာဝန်အရ ပြည်မြို့သို့ ရောက်ရှိနေကြခြင်းသာ၊ ကိုခင်မောင်က ဦးစီးမှူးရာထူးဖြင့် ထို(…)ဌာနတွင် တာဝန်ထမ်းဆောင်နေရသူ ဖြစ်၏။ မအေးသန်းကတော့ နေအိမ်၏ဦးစီးမှူး။ ကိုခင်မောင်ရရှိသော လခမှန်သမျှကို တောင်းယူပြီး အိမ်စရိတ်၊ စားစရိတ်၊ ကလေးတွေ၏ ကျောင်းစရိတ် စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာရသော အိမ်၏ ဦးစီးမှူး အိမ်ရှင်မ…။

ကိုခင်မောင်နှင့် မအေးသန်းတို့၏ ဆယ်နှစ်ကျော်ကျော်တွင် ကလေးသုံးယောက် ထွန်းကားခဲ့ပြီဖြစ်၏။ ကလေးတွေအားလုံး မိန်းကလေးတွေချည်း။ ရွှေပြည်တော် မျှော်တိုင်းဝေးဆိုသလို မျှော်လင့်သည့် အရာက ရောက်မလာသေး၊ မအေးသန်း တောင့်တမျှော်လင့်နေသည်က ရှင်ပြုရဟန်းခံပေးနိုင်မည့် သားယောက်ျားလေး၊ သို့တစေ မအေးသန်း၏ဆန္ဒ မပြည့်ဝခဲ့။ မွေးလာသည့် ကလေးတိုင်းက မိန်းကလေးတွေချည်းရယ်။ သို့ပေမဲ့ - မအေးသန်းကတော့ စိတ်မလျှော့သေးပါ၊ ဘုရားသို့သွားတိုင်း၊ ညောင်ပင်အောက်ရောက်တိုင်း ဒူးတုပ်ထိုင်ကာ သားဆုပန်စမြဲ။ ဟိုလူသည်လူက ဟိုဆရာသည်ဆရာ တော်တယ်ဟု ဆိုလျှင် အပြေးရောက်သွားစမြဲ၊ သားချစ်လှသည့် မအေး၊

■

ညတစ်ည၊ လမိုက် ညတော့ မဟုတ်၊ လခြမ်းကွေးကွေး မင်းသား

www.burmeseclassic.com

လေးကို နံဘေး၌ ကြယ်နှစ်မများက ခစားလျက်ရှိသည်။ မအေးသန်းသည် နတ်မြှာရောင်တောက်ပလျက်ရှိသော တောင်းကင်ပြင်ကြီးကို ငေးကြည့်နေရာမှ ပတ်ဝန်းကျင်ဆီသို့ အကြည့်လွှဲလိုက်သည့်အခိုက်။

"အမလေး"

ရင်ဘတ်ကို ဖိရင်း အမလေး တ,လိုက်မိသည်။ နံဘေးပတ်လည်တွင် အုတ်ဂူထိုးထိုးထောင်ထောင်တွေက ဝိုင်းရံလျက်သား။ အုတ်ဂူတွေက ယခုနောက်ပိုင်းမြင်နေတွေ့နေရသော လက်ဖါးတင်တိုင်တွေ သို့မဟုတ် အင်္ဂတေနှင့် အုတ်ဂူကြီးကြီးတွေလိုမျိုးမဟုတ် ကျောက်သားကို ထုဆစ်ထားသလိုမျိုး။ ဘုရားတည်ရာတွင် ရှေးက အသုံးပြုခဲ့သော အုတ်ချပ်ပြားကြီးတွေဖြင့် ဆောက်တည်ထားသော ပုံစံမျိုးရှိသည်။ ထုထည်ကြီးမားပြီး ခန့်ထည်လှသည်။

အုတ်ဂူအချို့တွင် မအေးသန်း နားမလည်သည့်ဘာသာတစ်မျိုးဖြင့်စာရေးထိုးထားသည်ကို တွေ့ရ၏။ အုတ်ဂူအများစုကတော့ အမည်နာမရေးထိုးထားခြင်း မရှိ။ မအေးသန်းကလည်း ခေသူမဟုတ်ချေ။ ခေတ်ပညာတတ်မိန်းမတစ်ယောက် ဖြစ်တာ ကြောင့် ထိုစာများကိုသေချာကြည့်ရင်းကောက်ချက်ချလိုက်သည်။

"အင်း - ပျူစာတွေလား - မွန်စာတွေလား မသိဘူး"

သချိုင်းက သချိုင်းအိုသချိုင်းဟောင်းကြီး။

မအေးသန်းက ကြောက်တတ်သူမဟုတ်သော်လည်း ညနက်ချိန်လည်းဖြစ်ပြန်၊ သချိုင်းအတွင်းသို့ရောက်ရှိနေခြင်းလည်းဖြစ်ပြန်ဆိုတော့ အနည်းငယ်တုန်လှုပ်ချောက်ချားမိသည်။ ရုတ်တရက် အနောက်ဘက်မှ ချိုးချိုးချွတ်ချွတ်အသံများကို ကြားလိုက်ရ၍ မအေးသန်းလည်း အလန့်လန့်အဖျပ်ဖျပ်ဖြင့် အနောက်ဘက်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ...

"အား" ခနဲ အော်မိမတတ်ဖြစ်သွားခဲ့ရသည်။ မအော်မိအောင် ပါးစပ်ကိုလက်နှစ်ဖက်ဖြင့်ပိတ်လိုက်မိသည်။ မြင်လိုက်ရသည့်မြင်ကွင်းက လရောင်မှိန်တိန်တိန်တွင် ရှင်းရှင်းလင်းလင်းကြီးအကွက်ကျဲကျဲ ပုဆိုးကြမ်းကြီးကို ခပ်တိုတိုဝတ်ဆင်ထားသော ခေါင်းတုံးပြောင်ပြောင်အသားညိုမှောင်မှောင်နှင့် ထောင်ထောင်မောင်းမောင်း လူဘီလူးကြီးတစ်ဦး။

ထွားလိုက်တာမှ (ခင်ပွန်းသည်) ကိုခင်မောင်၏ ကိုယ် (၄) ဆလောက်ရှိမည်ဟု မအေးသန်း တွေးဆမိသည်။ ရုပ်ရည်ကတော့ ဆိုးဆိုးရွားရွားမဟုတ်ဘဲ ရှေးခေတ် စစ်သူကြီးတစ်ယောက်၏ ရုပ်နာပုံပန်းမျိုးရှိသည်။ နှုတ်ခမ်းမွေးစရိုက်၏။ ထိုလူထွားကြီးက တင်းပုတ်လိုအရာတစ်ခုကို ပခုံးတွင် ထမ်းထားရင်း အိမ်ရှိရာဆီသို့ လျှောက်လာသောကြောင့် မအေးသန်းခမျာ ထိတ်လန့်သွားခဲ့ပြီ။

"အမလေး - ငါ့ - ငါ့ကို ထုမလို့လားမသိဘူး"

"မဟုတ်ပါဘူး - အမေ"

မအေးသန်း အမလေး ထပ်တရတော့မလို ဖြစ်သွားသည်။ မအေးသန်းတစ်ယောက်တည်း စကားကိုစိတ်ထဲမှ တွေးတော်မိခြင်းဖြစ်ရာ ထိုစကားကို လူထွားကြီးက ကြားရသည့်အလား ခွန်းတုံ့ပြန်၍ဆိုလေသည်။ သို့သော် - နှုတ်မှ ထုတ်ဖော်ပြောကြားခြင်းမဟုတ်၊ စိတ်ထဲမှပြောခြင်းကို လူထွားကြီးက စိတ်ထဲမှပြန်ဖြေလိုက်ခြင်းဖြစ်သောကြောင့် မအေးသန်း အံ့ဩသွားရသည်။

"နင် - နင် - ဘယ်သူတုံး။ ငါ့ - ငါ့ကို ဘာလုပ်မလို့လဲ"

"အမေ့ကို ချစ်ခင်လွန်းလို့ သားထွက်လာခဲ့တာပါ။ အမေနဲ့ အတူနေချင်လွန်းလို့ပါ။ အမေလည်း သားလိုချင်နေတယ်မဟုတ်လား"

သား - သားနှင့် ကန့်ကလျှ ပြောနေပေမဲ့ ထိုမျှလောက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထွားကျိုင်းသော လူ့ဘီလူးကြီးကို မအေးသန်း အနေဖြင့် မနှစ်မြို့မိတာတော့ အမှန်။ မိမိ၏ သားကို ချစ်စရာ ဖြူဖြူဖွေးဖွေး တစ်တုံး တစ်ခဲလေးပဲ ဖြစ်စေချင်သည်။ သို့ကြောင့်လည်း...

"အေး - သား လိုချင်တာတော့ မှန်ပါတယ်။ နို့ပေမဲ့ နင့်ပုံစံကြီးက ကြောက်စရာ - ရာ"

မအေးသန်း၏ စကားပင် မဆုံးလိုက်။ မြန်ဆန်လွန်းလှသည့်အပြောင်းအလဲကြောင့်မအေးသန်းအံ့ဩငေးမောသွားရပြီ။

အို - ဖြူလို့ - ဥလို့ - နုလို့၊ ဝင်းမွတ်နေသောအသားစိုင်လေးတွေက ဖါ့ခွမ်းစလေးများပမာ။ အပြုံးလေးကလည်း လရောင်ကဲ့သို့ ကြည်လင်ထွန်းပနေသည်။ ပြောင်းလဲသွားသော လူ့ဘီလူးကြီး၏ ပုံသဏ္ဌာန်ကြောင့် မအေးသန်း မငြင်းဆန်နိုင်တော့၊ ခပ်ငုံ့ငုံ့ရယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com

တ နှုံးထောက်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်ကို ကမ်းပေးလိုက်ရင်း...

"အို - သားလေးက ချစ်စရာကောင်းလိုက်တာ၊ လာပါ - သားရယ် မေမေနဲ့ လာနေလို့ ရပါတယ်"

ဟု ခေါ်ငင်လိုက်မိတော့သည်။ (၂) နှစ်သားအရွယ် ထိုဖြူဖြူဖွေးဖွေး ချစ်စရာတလေးလေးက မအေးသန်းဆီသို့ ယိုင်တိယိုင်တိုင်ဖြင့် ပြေးလာပြီး မအေးသန်း၏ ရင်ခွင်ထဲသို့ မှီလှဲချလိုက်သည်။ မအေးသန်းလည်း ကလေးငယ်ကို အားပါးတရ ထွေးပွေ့ထားလိုက်သည်။

■

"တင်"

မအေးသန်းမှာ အိပ်မက်မှ လန့်နိုးလာသူတစ်ယောက်ပမာ ရင်ခွင်ထဲမှ ကလေးငယ်ကို စမ်းသပ်လိုက်သော်လည်း မရှိ၊ ဘာဆိုဘာမျှ မရှိ၊ စောစောတတင် ပွေ့ဖက်လိုက်သော တစ်တုံးတစ်ခဲကလေးလေးက ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ပြီ။ ထိုအခါမှ မိမိ အိပ်မက်မက်ကာ ယောင်ယမ်းနေခြင်းများလားဟု သံသယဝင်သွားမိသည်။

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ အိမ်အနောက်ဘက်ခြမ်းရှိတောင်တုန်းလေးအောက်သို့ မိမိတစ်ယောက်တည်း ရောက်ရှိနေခြင်းဖြစ်ကြောင်း သတိပြုမိလိုက်သည်။ မည်သို့မည်ပုံ ရောက်ရှိလာသလဲတော့ မသိ။ မကြာသေးမီကပင် လူ့ဘီလူးကြီးနှင့် တွေ့ဆုံခြင်း၊ ချစ်စဖွယ် ကလေးငယ်ကို ရင်ခွင်ဝယ် ထွေးပွေ့မိခြင်းတို့သည် အမှန်တကယ် တွေ့ကြုံခဲ့ရခြင်းပေလား၊ အိပ်မက် မက်ခြင်းလားဆိုတာ ခွဲခြားမရသေး။

"အမလေး - အေးရယ်၊ မောင်ဖြင့် ရှာလိုက်ရတာ၊ ဘယ့်နှယ် ညကြီး မင်းကြီး ဒီတောင်ကုန်းအောက်မှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ၊ တော်ကြာ အကောင်ရှည်တွေနဲ့ တွေ့နေဦးမယ်၊ လာ..."

တော်ပါသေးသည်။ ငိုင်တွေနေစဉ်မှာပဲ မိမိ၏အနားသို့ကိုခင်မောင် ရောက်လာသောကြောင့် မအေးသန်း အခက်မကြုံတော့၊ မဟုတ်လျှင် မှောင်ကြီးမည်းကြီးထဲတွင် မိမိတစ်ယောက်တည်း ဘယ်သွားရ၍ ဘယ်လာရမှန်းမသိဖြစ်နေမိမည်မှာ အသေအချာ၊ ထိုနေ့ညက အိပ်မက်ယောင်ရင်း ထိုနေရာသို့ရောက်သွားခြင်းပဲလား၊ တစ်စုံတစ်ဦး၏ ညို့ငင်ခေါ်ယူမှုကြောင့် ရောက်ရှိသွားတာလား ဟူသည်ကိုတော့ မအေးသန်းကိုယ်တိုင် မည်သို့မျှ စဉ်းစား၍ မရခဲ့။

■

"ဟုတ်တယ် - ဟုတ်တယ်၊ အေး ဘယ်လိုလုပ်သိတာလဲ၊ အဲဒီနေရာက သချိုင်းဟောင်းနေရာပဲ၊ အေးတို့ သားအမိတွေ ကြောက်မှာစိုးလို့ မပြောတာ၊ စာရေးမ - မမြင့်မှာ လာပြောပြသွားတာလား၊ ဩော် - ဒီကောင်မလေး ငယ်တယ်ခက်တာပဲ၊ ပြောင်းလာခါစမို့ သချိုင်းနားမှာ နေရတာမှန်းသိရင် အေးတို့ ကြောက်နေမှာစိုးလို့ မပြောဖို့ ဒီကောက်မှာထားရဲ့သားနဲ့"

မအေးသန်း၏ အမေးကို ကိုခင်မောင်က တအံ့တဩဖြေရင်း တစ်ဆက်တည်းမှာပင် ဒေသခံ စာရေးမလေးကို အပြစ်တင်လျက် ရှိသည်။

"မဟုတ်ရပါဘူး မောင်ရယ်၊ မြင့်မှာက ပြောပြတာ မဟုတ်ပါဘူး၊ အေးဘာသာ သိတာပါ"

"အို - မဖြစ်နိုင်တာ၊ ဒီသချိုင်းအကြောင်းကို ဒီဒေသခံလောက်ပဲ သိတာပါ၊ အေးကို မပြောဘဲ အေးက ဘယ်လိုလုပ် သိမှာလဲ"

ကိုခင်မောင်က မယုံကြည်ဘဲ မမြင့်ကိုသာ ဖွတ်စိတ်တိုနေ၍ မအေးသန်းလည်း ညက အိပ်မက်အကြောင်းကို ကိုခင်မောင့်အား ပြောပြလိုက်သည်။

ကြားကြားချင်း ကိုခင်မောင်ခမျာ မျက်စိအဝိုင်းသားနှင့်၊ နောက်တော့ တစ်ချိုးတစ်ဖုံ အတွေးပေါက်ကာ ပျော်ရတော့မလို ဝမ်းနည်းရတော့မလို ဖြစ်သွားသည်။

"ဒါ - ဒါဆို အေးမှာကိုယ်ဝန်ရနေပြီပေါ့ - ဟုတ်လား"

"မသေချာသေးပါဘူး မောင်ရယ်၊ သွေးလေချောက်ချားလို့မက်တာလည်း ဖြစ်ချင်ဖြစ်မှာပါ၊ အေးက သားရှူးရှူးနေတာကိုး၊ သားအကြောင်းပဲ မက်မှာပေါ့"

ထိုစကားက နေ့လယ်အထိသာ ခံလိုက်ပါသည်၊ ညနေ ကိုခင်မောင်ပြန်လာတော့ မအေးသန်း၏ မျက်နှာတပြုံး စိစိ၊ သို့ပေမဲ့ - ကိုခင်မောင် ရေမိုးချိုးလို့ ပြီးသည်အထိ ဘာစကားမှ မဆိုသေး။ ညနေ ထမင်းစားချိန်ရောက်မှ မိသားစုအားလုံး ထမင်းစုရုံးစားနေတုန်း၊

"သိတာနဲ့ကြည်ပြာ သမီးတို့မောင်မောင်လေး မလိုချင်ဘူးလား"

မအေးသန်း၏စကားကြောင့် ဆယ်နှစ်နှင့် ရှစ်နှစ်အရွယ် ကလေးမလေးနှစ်ယောက် ထမင်းငုံ့စားနေရာက ဖျတ်ခနဲခေါင်းထောင်လာပြီး...





www.burmeseclassic.com

www.burmeseclassic.com

"လိုချင်တာပေါ့-မေမေရဲ့ သမီးတို့မှာ ညီမလေးပဲ ရှိတာ မောင်လေးလိုချင်သေးတယ်"

"ဒါဆို သမီးတို့ ဝမ်းသာလိုက်ကြတော့၊ မေမေ့ဗိုက်ထဲမှာ မောင်လေး တစ်ယောက် ရှိနေပြီ"

ကလေးနှစ်ယောက်က ထမင်းစားနေရာမှ ဇေးခနဲထအော်လိုက်ကြသဖြင့် မအေးသန်း ထမင်းခွံ့ကျွေးနေသော သုံးနှစ်အရွယ်ကလေးမလေးမှာ ထမင်းဆက်မစားသေးဘဲ အစ်မနှစ်ယောက်တို့ ဇေးကြည့်နေရှာသည်၊ ထိုအခါမှပဲ ကိုခင်မောင်လည်း အတည်ပြုချက်ကို သိလိုက်ရ၍ ပြုံးရွှင်ဖြစ်သွား၏။ ထမင်းဆက်စားနေရသော်လည်း မဝင်တော့ချေ။ ရင်ထဲတွင် ဝမ်းသာပီတိဖြစ်ခြင်းနှင့် အတူ သောကတစ်ခုက ပိုလို့လာ၍ ရဲရဲမပြုံးနိုင်ဘဲ မချိပြုံးသာ ပြုံးလိုက်နိုင်သည်။ ကလေးတစ်ယောက် စားစရိတ်၊ နေစရိတ်အတွက် ကိုခင်မောင် ပို၍ ရုန်းကန်ရပေဦးမည်။

■

စိတ်မှန်းဖြင့် ဝမ်းသာထားရကျိုးနပ်ပြီ၊ ကလေးလေးက အမှန်ပင် ယောကျ်ားလေး ဖြစ်သည်၊ သို့ပေမဲ့ သာမန်ကလေးများနှင့်မတူဘဲ တစ်မူထူး၍ ထူးခြားနေသည်ဟု မအေးသန်း ထင်မိသည်။ မွေးကတည်းက ပေါင်ချိန် (၁၀) ပေါင်ရှိပြီး ဖအေမည်းမည်း၊ မအေမည်းမည်း အညာနေသူနှစ်ဦးကမွေးပြီး မွေးလိုက်သည်မှာ ဝါဂွမ်းစလေးလို ဝင်းအိဖြူလွှဲလို့ နေသည်။ မွေးစဉ်ကတည်းက အခြားကလေးများလို မျက်လုံးပိတ်ခြင်း နာခေါင်းပိခြင်း မရှိ၊ ပကတိချောမွေ့ အဆင်ပြေသောမျက်နှာပိုင်ရှင်လေးဖြစ်သည်။

"သားသားလေးက ချောလိုက်တာကွယ်၊ အခုခေတ်စားနေတဲ့ မန္တလေးက မင်းသား ကျနေတာပဲ"

မအေးသန်းက သူမ သဘောကျနှစ်မြို့က်သည့် ဇာတ်မင်းသားနှင့် ဆင်တူကြောင်း ချီးမွမ်းဖွဲ့ဆိုသည်ကို ကိုခင်မောင်က မနှစ်မြို့ဟန်ဖြင့် ...

"အို - ကွာ - ဇာတ်မင်းသား အခြောက်နဲ့ ငါ့သားကို မနှိုင်းစမ်းပါနဲ့၊ ငါ့သားက ဘုန်းကြီးဝတ်မည့် ရဟန်းလောင်းလျာလေးကွ၊ ဆရာတော်ကြီး ဖြစ်မှာ"

"မေမေ-မောင်မောင်လေးက ချစ်စရာကောင်းလိုက်တာ၊ အရပ်လည်း အရှည်ကြီးပဲနော်၊ ဖူးဖူးလေးမွေးတုန်းကတောင် ဒီလောက်ချစ်စရာမကောင်းဘူး"

အကြီးမသီတာကအငယ်ဆုံးသမီးလေးဖူးဖူးကိုကြည့်ရင်း သားလေးကို ချီးကျူးလိုက်သည်၊ ထိုအချက်ကို အလတ်မက သဘောမတူ။

"အစ်မ နင်ကလည်း၊ ဖူးဖူးမွေးတုန်းက နီနီထွေးထွေး ဝဝတုတ်တုတ်နဲ့ ချစ်စရာကောင်းပါတယ်"

"ဟယ်-ငါက ချစ်စရာမကောင်းဘူး မပြောပါဘူး၊ ဒါပေမဲ့ မောင်မောင်လေးက ပိုချောတာ အမှန်ပဲ"

"ဖူးဖူးက ပိုချစ်စရာကောင်းတာပါဟာ"

သူတို့နှစ်ယောက်က အသက် (၂) နှစ်သာကွာ၍ သူငယ်ချင်းလို ဖြစ်နေကြ၍ ထိုကဲ့သို့မကြာခဏအငြင်းသန်တတ်ကြသည်၊

"အားလုံးက အမေ မွေးထားတာချည်းပဲဟာ၊ အားလုံး ချောတာပေါ့၊ ဘယ်သူမှမပိုဘူး ဟုတ်ပြီလား"

သမီးနှစ်ယောက်အငြင်းပွားနေကြ၍ မအေးသန်း ဝင်ဖြေရှင်းရသေးသည်၊ ...တော့လည်းဟုတ်သည်၊ သူနာပြု ...ကပင် သားလေးကို တောင်းယူချီရ ...ကောင်ကို သားလေးက ချစ်စရာကောင်းနေသည် မဟုတ်ပါလား၊ ...နေတ ကလေးမွေးလိုက်ရသည်မှန်သော်လည်း မအေးသန်းမှာ မောသည်၊ ပန်းသည်၊ နာသည်၊ ကျဉ်သည်ပင် မခံစားရ၊ အပျော်များဖြင့် ကြည်နူးသာယာနေမိသည်၊

ခြောက်လဟူသောကာလသည် ခဏတာသာ ကြာမြင့်လိုက်သည်ဟု ထင်ရ၏။ ယခုအခါတွင်တော့ခြောက်လအရွယ် သားငယ်လေးသည် တီတီတာတာ မဆိုတတ်၊ မပြောတတ်သေးသော်လည်း ချစ်စရာကောင်းလွန်းနေသည်၊ ပြည်မြို့၏ ပူအိုက်လှသည့် နွေရာသီကြောင့် အိမ်ရှေ့သရက်ပင်ကြီးအောက် ကွပ်ပျစ်အနီးတွင် ပုခက်ဆင်ထားတာ နေ့ခင်းဘက်တွင် သားငယ်လေးကို မအေးသန်း သားချော့တေးဆိုတာ သိပ်နေကျ၊

(၄)နှစ်အရွယ် သမီးလေးက တစ်ဖက်၊ (၆)လသားအရွယ် သားငယ်လေးက တစ်ဖက်ဖြင့် မအေးသန်း လုံးလည်ချာလည်လိုက်နေပေမဲ့ သားသမီးတွေအတွက်ဖြစ်လို့ မမောနိုင်မပန်းနိုင်၊ အရွယ်ကလည်း လေးဆယ်နားကပ်နေပြီမို့ သားငယ်လေးအတွက် နို့သိပ်မထွက်တော့သည်ကြောင့် နွားနို့ ဝယ်တိုက်ရသည်ကလည်း အလုပ်တစ်ခု၊ သို့ပေမဲ့ - မည်မျှမောမော သားငယ်

www.burmeseclassic.com



မြင်လိုက်ရသည့်အရာက
မအေးသန်းကို သွေးပျက်သွားစေ၏။
တစ်ကိုယ်လုံးရှိ ကြက်သီးမွေးညင်း
ရှိသမျှ ထောင်ထသွားစေသည်။
မြင်တွေ့နေရသည့် မြင်ကွင်းအပေါ်
မအေးသန်း မယုံရဲ။ အိပ်မက် မက်နေ
တာများလားဟု ကိုယ့်ကိုယ်ကိုယ်
ပြန်မေးနေမိသည်။ ကိုယ့်အသား
ကိုယ် ပြန်ဆိတ်ကြည့်ဖို့လည်း
သတိမရ။ အံ့သြလွန်း၍ ကြက်သေ
သေနေမိသည်။

လေး၏အပြုံး၊ သားငယ်လေး၏မြူကလူမှုများအောက်တွင် အားလုံးမေ့ပျောက်သွားစမြဲ၊ သားသမီးများက မအေးသန်းအတွက် ခွန်အားများပင် မဟုတ်ပါလား။

■

"အမလေး-မောင်ရေ၊ လုပ်-လုပ်ပါဦး၊ ဒီမှာ သားလေး တက်-တက်နေတာထင်တယ်"

မအေးသန်း၏ အလန့်တကြား အော်သံကြောင့် ကိုခင်မောင် ထိတ်လန့်သွားမိသည်၊ စားနေသော ထမင်းလုတ်ကို ပစ်ချထားခဲ့ပြီး ကမန်းကတန်း လက်ဆေးကာ အိပ်ခန်းထဲသို့ ပြေးဝင်လာလိုက်သည်၊ မှန်ပါ၏၊ မျက်ဆံနှစ်ခု အထက်သို့ လန်ကာ တက်နေသော သားငယ်နှင့် ထိတ်ထိတ်ပျာပျာ ခြေမကိုင် လက်မကိုင်ဖြစ်နေသော မအေးသန်းကို မြင်လိုက်ရ၍ အခြေအနေကို တွေးဆပြီး ဆေးရုံသို့သွားရန် ပြင်ဆင်တော့သည်။

ညနေကတည်းက သားလေး နေထိုင်မကောင်းဟု ကြားရသော်လည်း ဤလောက်ဖြစ်လိမ့်မည် မတွေးမိခဲ့၊ အအေးမိရုံထင်သဖြင့် ပါရာစီတမော အရည်လေး တိုက်ပြီး မအေးသန်း ချော့သိပ်နေတာကြောင့် ကိုခင်မောင် ထမင်းစားနိုင်ခြင်းဖြစ်သည်၊ ယခုလို မြန်မြန်ဆန်ဆန် တက်မတတ်၊ ချက်မတတ်ဖြစ်သိမ့်မည် မထင်ထား၊ ယခုများကျတော့ သားငယ်လေးအတွက် နောက်ပင်ဘူနေပြီလားဟူ၍ စိုးရိမ်တုန်လှုပ်သွားမိသည်၊

တော်ပါသေး၏၊ ဆေးရုံရောက်သည်နှင့် သားလေး သတိပြန်ရလာသည်၊ ဆရာဝန်များကပင် မအေးသန်းတို့ လင်မယား၏ အစိုးရိမ်လွန်မှုအပေါ် ရိုရှန်ကောဟူသောသဘောဖြင့် အပြစ်တင်ကြ၏၊ မတတ်နိုင်ပါ၊ မအေးသန်းအဖို့ သည်သားလေးဟာ အသက်ဆိုလည်း မမှား၊ အသွေးအသားဆိုလည်း မှားနိုင်၊ သားလေးကို လက်လွှတ်လိုက်ရမှာ အလွန်ကြောက်၍ ယခုလို အစိုးရိမ်လွန်နေမိခြင်းဖြစ်သည်၊

နောက်ပြီး သားလေးကိုယ်တိုင်ကလည်း နေအိမ်မှာရှိနေစဉ်က မျက်ဆံကြီးနှစ်လုံး အထက်သို့လန်ကာ တက်နေခဲ့သည်ပဲကို၊ မစိုးရိမ်ဘဲ ဘယ်နေနိုင်မလဲ၊ သို့သော် ထိုစဉ်က ဆေးရုံသို့ရောက်လျှင်ရောက်ချင်း မျက်လှည့်ပြသတဲ့သို့ ချက်ချင်းလက်ငင်း ရောဂါပျောက်ကင်းသွားသည့် အဖြစ်ကို သံသယ မဝင်မိကြ၊ သို့လောသို့လော မတွေးမိကြ၊ သားလေးသက်သာသွားပြီဟူ၍သာတွေးပြီး ဝမ်းသာကြည်နူးခဲ့ကြသည်၊

မကြာပါ၊ ရက်ပိုင်းမျှသာ ခြားမည်၊ နောက်တစ်ခါ တက်ပြန်သည်၊ ယခင်အခေါက်ကအတိုင်း မအေးသန်းတို့ စိုးရိမ်မှုပန်ကာ ဆေးရုံသို့ ပြေးကြသည်၊ ဆေးရုံသို့ ရောက်သည်နှင့် ရောဂါလက္ခဏာက သူမဟုတ်သလို ပျောက်ကွယ်သွား၍ ဆရာဝန်များက ကလေးအတွက် စိတ်မပူဘဲ မိဘများကိုသာ အစိုးရိမ်လွန်ရန်ကောဟူသောအတွေးနှင့် သည်းသည်းနိုင်လွန်းဟူ၍ အပြစ်တင်ကြသည်၊ ဆေးရုံသို့ ကလေးကို ခဏခဏ ခေါ်မလာနဲ့ဟုလည်း သူနာပြုဆရာမများက ဆူပူကြသည်။

ကိုခင်မောင်တို့က ဆရာဝန်များ မဟုတ်သဖြင့် ဘာတတ်နိုင်ပါ့မလဲ၊ အိမ်မှာတုန်းက တစ်ကိုယ်လုံး ကောက်တွေး မတတ်တက်နေသည့်အကြောင်းရှင်းပြပါသော်လည်း ဆရာဝန်များက ရောဂါကို စမ်းသပ်ရှာဖွေ၍ မတွေ့သဖြင့် ကိုခင်မောင့်စကားက အပိုသာဖြစ်သွားခဲ့သည်၊ နားလည်ရခက်လှပါဘိ၊ အိမ်မှာတုန်းက တက်နေသည့် သားလေးတ

www.burmeseclassic.com

ဆေးရုံရောက်သည်နှင့် ပြုံးရွှင်ကြည်လင်သွားသည်၊ ဆရာဝန်များ၏အမြင်၌ အတောင်းပကတိ ဖြစ်နေ၏။

တတိယမြောက်အကြိမ်မှာတော့ အခြေအနေ ပြောင်းလဲသွားခဲ့ပြီ၊ သားလေးက ဆေးရုံ ရောက် သည့် တိုင် အတက်က ကျမသွားဘဲ တစ်ကိုယ်လုံး တောက်တွေးတာ အကြောဆွဲလျက်ရှိရာ မအေးသန်းခမျာ စိတ်ပူလွန်းသဖြင့် ရင်ထဲမှ အသည်းနှလုံး၊ အပြင်ဘက်သို့ ခုန်ထွက်လာမတတ် သောကပွေနေလေ၏။ ထိုအခါမှပဲ ဆေးရုံရှိ ဆရာဝန်များလည်း သူတို့အလွန်ကို သူတို့ဘာသာ သူတို့ ဆင်ခြင်မိကြသည်၊ စိတ်မကောင်း ဖြစ်ကြသည်၊ ကလေးကို သတ်သာပျောက်ကင်းသွားအောင် တုသပေးပါမည်ဟု မအေးသန်းအား ကတိအထပ်ထပ် ပေးကြ၏၊ သို့သော် အမှန်မှာတော့ ကလေး၏အခြေအနေ တရှော်လင့်ချက်ကင်းမဲ့နေပြီမှန်း သူတို့မသိမဟုတ်။

"မောင်ရယ် - သားလေး ဘာမှ မဖြစ်ပါဘူးနော် - ဟင် - မောင်၊ ဟုတ်တယ် မဟုတ်လား"

ဆေးရုံရောက်လို့ စမ်းသပ်ကုသနေသည့်အချိန်ထိ သားငယ်လေးက သတိပြန်မလည်လာသေးပေ၊ မအေးသန်းက မျက်ရည်စက်လက်ဖြင့် မေးလိုက်သောအမေးကို ကိုခင်မောင် ပြန်ဖြေဖို့ရာ အဖြေကား မရှိ။

ဆေးရုံအုပ်ဆရာဝန်ကြီးကိုယ်တိုင် အမြေးရောင်ပိုးက ဦးနှောက်ထဲသို့ ရောက်ရှိသွားပြီဖြစ်သောကြောင့် အခြေအနေစိုးရိမ်ရကြောင်း၊ အတတ်နိုင်ဆုံး ကြိုးစားထားသော်လည်း သတိပြန်လည် လာ၊ မလာကိုတော့ ကံတရားမို့ စောင့်ကြည့်ရမည်ဖြစ်ကြောင်း ကိုခင်မောင် သိထားသည်၊ ဟုတ်တာပေါ့၊ (၆)လသားအရွယ် သည်ကလေး၏ ဦးနှောက်က အမြေးရောင်းရောဂါပိုးဆိုတာကြီးက ခံနိုင်ရည် ရှိပါ့မလား၊

ထို အကြောင်းကို မအေးသန်း မသိသေး၊ သိများ သိသွားလျှင် မအေးသန်းတစ်ယောက် မပဋာမြေလူး အရူးမီးပိုင်းသလို ခံစားရမည်ကို ကိုခင်မောင် သိနားလည်၍ ဖွင့်မပြောရဲ၊ သို့ပေမဲ့ - "ကောင်းသွားမှာပါ" ဟုလည်းသူ့နှုတ်က ပြောမထွက်၊ သူ့တွင် နှစ်သိမ့်ရန် စကားလုံးမရှိ၊ အမှန်တကယ်တော့ ယောက်ျား ဖြစ်နေသောကြောင့် ကိုခင်မောင်တစ်ယောက် မျက်ရည်မကျဖြစ်သော်လည်း ထပ်တူထပ်မျှ ပူပင်သောကရောက်နေရသည်၊ သားပဋ္ဌင်း - မောင်ဘုန်းကြီးကို နူးမြော်ချင်သောကိုခင်မောင်၏ဆန္ဒ ပျောက်ပျက်သွားရတော့မည်လားဟူ၍ ကြောက်ရွံ့ထိတ်လန့်နေမိသည်၊

■

ဆေးရုံ ညလရောင်က ဆေးရုံ နံဘေး တစ်ဖက်ဝရန်တာဆီသို့ ဖြာကျလျက်ရှိသည်၊ မအေးသန်း အိပ်၍ မရ၊ ရင်ခွင်တစ်ခုလုံး လှုပ်ခါယမ်းနေကာ အသည်းစိုင်းတို့ဟာလည်း ထုရိုက်ခံထားရသလို နာကျင်အောင့်စူးနေသည်၊ ညနေ (၆) ခွဲကတည်းက သတိလစ်သွားသောသားလေးမှာ ယခု ည (၉) နာရီခွဲပြီးသည်အထိ သတိတစ်ချက်ပြန်လည်လာသေး၊ မအေးသန်း၏ စိုးရိမ်ပူပင်မှုက အထွတ်အထိပ်သို့ ရောက်ရှိနေပြီ၊ သားလေး တစ်သက်လုံးများ သတိပြန်လည်လာတော့ရင်ဟူသော အတွေးက မအေးသန်း၏နှလုံးကို ဓားနှင့်ထိုးဆွလိုက်သလိုမျိုး စူးစူးရှရှ ခံစားသွားစေသည်၊

အားငယ်ချောက်ချားစိတ်ဖြင့် သားသားလေး၏ မျက်နှာကို မအေးသန်း ငေးကြည့်နေမိသည်၊ ဖြူဖြူဖွေးဖွေး အသားအရေနှင့် ချစ်စဖွယ်သားကလေး မအေးသန်း တစ်ယောက်တည်း ငေးကြည့်ရင်း အိမ်က သမီးသုံးယောက်တို့လည်း သတိရသွားမိသည်၊ ကိုခင်မောင်နှင့် သမီးလေးတို့ အဆင်မှပြေရဲ့လား၊ အငယ်ဆုံးဖူးဖူးလေးက မအေးသန်းချော့သိပ်မှ အိပ်တတ်သူမို့ ပို၍ ပူမိသည်၊ သို့ပေမဲ့ - ကျန်သမီးနှစ်ယောက်က အရွယ်နှင့်မလိုက်အောင် သိတတ်သူတွေမို့ အဆင်ပြေမှာပါလေဟု တွေးကာ သားငယ်လေးအတွက် တစ်ခုခုပြုလုပ်ပေးဖို့ စဉ်းစားလိုက်သည်၊

အခက်အခဲကြုံမှ အမိတတတ်သော လူ့စရိုက်အတိုင်း သားသားလေး၏ အနာရောဂါ ကင်းဝေးစေဖို့ အသက်ရှည်စေဖို့ ဘုရားစာရွတ်ရန် အားထုတ်လိုက်သည်၊ ငယ်စဉ်ကတည်းက မအေးသန်း တစိုက်မတ်မတ် ရွတ်ဖတ်လာခဲ့သည့် ဓာရဏပရိတ်ကို သားလေးအတွက် ရည်မှန်းပြီး မြတ်ဘုရားကို အာရုံပြုကာ နှုတ်မှ တတွတ်တွတ် ရွတ်ဖတ်နေမိသည်၊ တဖြည်းဖြည်း ညဉ့်နက်လာသည်နှင့်အမျှ မအေးသန်းမှာ ရွတ်ဖတ်သရင်းရှာယ်ရင်း အိပ်ငိုက်လာတော့သည်၊

"ရှဲ - ရှဲ - ရှဲ - ရှဲ"

မြက်ပင်ရှည်များကြား တရှိုးတိုက် ပြေးလွှားနေသောအသံများကြောင့်





www.burmeseclassic.com

www.burmeseclassic.com

မအေးသန်းတစ်ယောက် မေ့စက်အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ နိုးပုံကဆန်း၏။ ရေခဲရေနှင့် ပက်ဖြန်းခံလိုက်ရသလို ကြက်သီးဖြန်းခနဲ ထပြီး လန့်နိုးလာရခြင်းဖြစ်သည်။

"ဟင်"

မအေးသန်း အံ့ဩသွားမိသည်။ မိမိရောက်ရှိနေသည့်နေရာက ဆေးရုံထဲတွင်မဟုတ်ဘဲ မိမိ၏ နေအိမ်အိပ်ခန်းလေးထဲတွင် ဖြစ်နေသည်။ နံဘေးမှာလည်းသားငယ်လေးကလဲလျောင်းအိပ်စက်လို့နေသည်။ သားလေးကတော့ စောစောကအတိုင်း မလှုပ်မယှက်ဖြင့် သတိလစ်နေသည့်ပုံစံ။ မအေးသန်း သတ်ပြင်းမှုန်မှုန်ကိုချရင်း အသံလာရာဆီသို့စောင့်ငဲ့ကြည့်လိုက်မိသည်။ အသံကား ခုတင်ဘေးရှိ သံဆန်ကာ - ကာရံထားသော ပြတင်းပေါက်၏ တစ်ဖက်မြတ်ဖင်ရှည်များကြားမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"အမလေး"

မြင်လိုက်ရသည့်အရာက မအေးသန်းကိုသွေးပျက်သွားစေ၏။ တစ်ကိုယ်လုံးရှိကြက်သီးမွေးညင်းမှန်သမျှထောင်ထသွားစေသည်။ မြင်တွေ့နေရသည့် မြင်ကွင်းအပေါ် မအေးသန်း မယုံရဲ၊ အိပ်မက်မက်နေတာများလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိသည်။ ကိုယ့်အသားကိုယ် ပြန်ဆိတ်ကြည့်ဖို့လည်း သတိမရ၊ အံ့ဩလွန်း၍ ကြက်သေသေနေမိသည်။

မြက်ပင်ရှည်များကိုတွန်းတိုက်ပြေးဝင်လာသော ထွားကျိုင်းသန်မာသည့် မိန်းမကြီးတစ်ဦး၊ ထိုမိန်းမကြီးလေအဟုန်ဖြင့် ပြေးဝင်လာသည့်မျိုး၊ ကြောက်ခမန်းလိလိ လျင်လွန်းမြန်လွန်း သန်မာထွားကျိုင်းလှပါ၏။ မအေးသန်း ငေးကြည့်ကြည့်နေစဉ်ပင် သံဆန်ကာအနီးသို့ ရောက်ရှိလာပြီး သံဆန်ကာကို လက်နှစ်ဖက်ဖြင့် ချိုးဖဲ့ဖြဲရဲကာ ဖျက်ဆီးပစ်လိုက်သည်။

ခိုင်ခိုင်မာမာ ကာရံထားသော တိုင်ငယ်များက တစ်စစီ ထိုးထိုးထောင်ထောင်ဖြစ်ကုန်ပြီ၊ သူက အဲဒီကနေ တိုးဝင်လာ၏။ မအေးသန်းလည်း ကြောက်အားလန့်အားဖြင့် ကလေးကောက်ပွေ့လိုက်သည်။ မိမိ၏ အန္တရာယ်ပြုသော်ကိစ္စမရှိ၊ သားလေး ဒုက္ခပေးမည်ကို စိုးကြောက်နေမိသည်။

"ရှင် - ရှင် - ဘယ်သူလဲ၊ ကျွန်မအိမ်ထဲကို ဘာလို့ ဖျက်ဆီး ဝင်လာရတာလဲ"

သံဆန်ကာများကို ကျူပင်လေးများတဲ့သို့ ချိုးဖဲ့ဝင်ရောက်လာသော လူဘီလူးမကြီးကို မအေးသန်း ကြောက်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်မေးမြန်းရင်း ရင်ခွင်ထဲ၌လည်း သားငယ်လေးကို တင်းတင်းကြပ်ကြပ် ပွေ့ပိုက်ထားမိသည်။ သားလေးကတော့ လှုပ်ရှားခြင်းမရှိ ငြိမ်ဝပ်တိုးတိတ်နေ၏။

"ငါက သချိုင်းစောင့်ပဲ၊ နင့်လက်ထဲက ကလေးက ငါ့အပိုင်၊ ငါ့ကို ခွင့်တောင်းဘဲ သူထွက်သွားလို့ငါပြန်လာခေါ်တာ၊ အဲဒီအကောင်လေး ငါ့ကို ပေးစမ်း"

"အို - မ - မပေးနိုင်ပါဘူး၊ သားလေးကို ကျွန်မ ဘယ်လိုမှ မပေးနိုင်ဘူး"

ထိုမိန်းမကြီးကို ကြောက်ရွံ့မိသည်မှန်သော်လည်း သားလေးကိုတော့ အထိမခံနိုင်၊ မိမိ၏အသက် ထိခိုက်ချင်ထိခိုက်ပါစေ၊ သားလေးကိုတော့ အပွန်းအပဲ့ မခံနိုင်ပါ၊ မအေးသန်း တွားတွားခါးခါး ငြင်းလိုက်တော့ ထိုမိန်းမကြီး၏ မျက်နှာသည်ပို၍ရှုံ့တွနည့်ညိုမည်းလာပြီး မျက်လုံးတွေသည်းပို၍ပို၍နီရဲလာကာ မီးဝင်းဝင်းတောက်လာသည်။

"အောင်မာ - ငါတ လာတောင်းတာမျိုးထင်နေလား၊ ရအောင် လာယူမှာ၊ နင်မပေးရင် ငါ လုယူမှာပေါ့"

သူ့စကားကိုကြားသည့်အခါမှာ မအေးသန်း အားကိုးရာမဲ့သွားသည်။ သွေးပျက်ချောက်ချားစွာဖြင့် နောက်သို့ ခပ်ရွံ့ရွံ့ဆုတ်လိုက်မိသည်။ ထိုမိန်းမကြီးက အနားသို့ တိုးကပ်လာပြီး သားလေးကို လုယူရန် လက်ပြင်လိုက်လေပြီ။ သူသာ အမှန်လုမည်ဆိုလျှင် မပါစရာအကြောင်းမရှိ၊ ဘုရားဟောဇာတ်တော်ထဲက ဘီလူးမနှင့် သားသည်မိခင်လိုပဲ မိမိသည်လည်း သားလေး နာကျင်မည်စိုး၍ လွှတ်ပေးလိုက်မိမှာ အမှန်၊ မအေးသန်းအဖို့ ကူကယ်ရာမဲ့ချေပြီ။

တစ်စုံတစ်ယောက်ကို အော်ဟစ်အကူအညီတောင်းလိုသော်လည်း အိမ်တွင် ဤကိစ္စကို ကူညီဖြေရှင်းပေးနိုင်မည့်သူ မရှိမှန်း မအေးသန်း သဘောပေါက်မိသည်။ အကူအညီတောင်းခါမှ ကျန်အိမ်သားများပါ ထိခိုက်တုန်လှုပ်ရမည်။ ဘီလူးမက အနားရောက်လာပြီ၊ သူက မအေးသန်းတွင် ကူကယ်ရာမဲ့နေမှန်းသိ၍ အေးအေးဆေးဆေးလုပ်နေသည်။ မအေးသန်း၏ နှလုံးသားတို့ညှဉ်း၍ ခွဲနေသည်။ ဖြည်းဖြည်းအေးအေး တိုးကပ်လာရင်း သူ့လက်တစ်ဖက်က သားလေး၏ခြေထောက်ကို ထိကိုင်မိတော့မည်၊ ထိုစဉ် မအေးသန်း တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိ၏။

www.burmeseclassic.com

“လာကြစမ်း – လာကြစမ်း”

မအေးသန်း၏နှုတ်က ထိုသို့ အော်ဟစ်လိုက်မိသည်။ ဘာကိုရည်ရွယ်ခေါ်ဝင်သလဲဆိုတာကိုတော့ မအေးသန်း အသိဆုံး။ ထိုသို့ အော်ဟစ်ခေါ်ယူလိုက်သည်နှင့်တစ်ပြိုင်နက် ကလေးငယ်ကို မအေးသန်း၏လက်ထဲမှလုယူရန် ဖွတ်အတင်းထိုးတပ်လာသော ထိုလူ့ဘီလူးမကြီး၏ လက်များသည် တွန့်ခနဲဖြစ်ကာ နောက်ပြန်ရုတ်သွားသည်။

မိခိုးမှုဖမ်းမရတော့၍ တော်တော်ဒေါသထွက်သွားပုံရသည်။ ကြိတ်မနိုင်ခဲမရ အမူအရာဖြင့် မအေးသန်းကိုပါ ရန်မူရန် လက်ပြင်လိုက်ပေမဲ့ မိန်းမကြီး၏ လက်က မအေးသန်းကို ရိုက်မရ၊ မည်းမှောင်ဝင် ကြိုးတကြိုးစား တစ်စုံတစ်ခုသော အာသယစ်ရုပ်တ ထိုမိန်းမကြီးကို တားဆီးချုပ်နှောင်ထားပုံ ရသည်။ ထိုအဖြစ်အပျက်ကို မြင်သည့်အခါ မအေးသန်း အားတက်လာကာ ဓာရဏပရိတ်ကို အသံကျယ်ကျယ်ဖြင့် ရွတ်ဖတ်လိုက်သည်။

“အား”

နက်ရှိုင်းကျယ်လောင်လှသည့် အော်သံကြီးနှင့်အတူ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားသော ထိုကြောက်စဖွယ်လူ့ဘီလူးမကြီးကို အမှောင်ရိပ်ထဲ၌ မအေးသန်း ဝိုးတဝါး မြင်တွေ့လိုက်ရပါတော့သည်။

■

ချက်ချင်းပင် မအေးသန်း အိပ်မက်မှ လန့်နိုးလာသည်။ အိပ်မက် – အိပ်မက်ဟုဆိုပေမဲ့ လက်တွေ့ကြုံဆုံခံစားခဲ့ရသည့်အလား မအေးသန်းမှာ ရင်တုန်လိုက်မောလျက် ရှိသည်။ သချိုင်းစောင့်ဟုဆိုပြီး သားလေးကို လာလုသော ထွားထွားကျိုင်းကျိုင်း လူ့ဘီလူးမကြီး။ သားလေးက သိုက်မှ လာလေသလား။ အကြီးအကဲကို ခွင့်မတောင်းခဲ့၍များလား။ မအေးသန်း မတွေးတတ်တော့။ သားလေး ပျောက်ကွယ်သွားမည်ကိုသာ အကြောက်ကြီးကြောက်နေမိ၍ သား၏ လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်း ဓာရဏပရိတ်ကို ဆက်လက်ရွတ်ဖတ်နေမိသည်။ စိတ်ဝိညာဉ်တလည်း သားလေးသတိပြန်လည်လာပါစေ၊ အသက်ရှည်ပါစေဟု ဆုမွန်ခြွေတောင်း ဆိုနေမိ၏။

“ဟင် – ဒေါက်တာ – ဒေါက်တာတို့ လာ – လာကြပါဦး”

မအေးသန်း ကော်ရစ်တာဆီသို့ ပြေးထွက်သွားပြီး အော်ဟစ်အကူအညီတောင်းသဖြင့် တာဝန်ကျဆရာဝန် တစ်ဦး ခပ်သုတ်သုတ် ရောက်လာသည်။

“ကျွန် – ကျွန်မ သားလေး – ကျွန်မ သားလေး သတိရလာပြီလား မသိဘူး ဒေါက်တာ”

ဆရာဝန်က နားကျပ်ဖြင့် ဟိုစမ်းသည်စမ်းပြုလုပ်နေစဉ် မအေးသန်းက သားသားလေးအတွက် ဓာရဏပရိတ်ကို ခပ်တိုးတိုးရွတ်ဖတ်ပေးနေမိသည်။ အတယ်၍ အိပ်မက်ထဲ၌ ထိုမိန်းမကြီးသာ သားငယ်လေးကို လုယူသွားနိုင်ခဲ့လျှင် ယခုအချိန်မှာ သားသားလေးဟာ အသက်မှ ရှိပါဦးတော့မလား။ အင့်ခနဲ အသက်ထွက်သွားမှာလား။ မအေးသန်း မတွေးဝံ့တော့။

စောစောက အိပ်မက်ထဲ၌ “လာကြစမ်း – လာကြစမ်း” ဟု မအေးသန်း အော်ခေါ်လိုက်သည်က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မဟုတ်ဘဲ မိမိ၏ သက်တမ်းတစ်လျှောက်လုံး ရွတ်ဖတ်လာခဲ့သော ဓာရဏပရိတ်၏ အစွမ်းသတ္တိများကို အစွာပြုပြီး အားကိုးတကြီး ခေါ်ဝင်လိုက်သော သဘောဖြစ်၏။ ဓာရဏပရိတ်၏ အစွမ်းကြောင့် သချိုင်းစောင့်ဘီလူးမ၏ လက်မှ သားလေးကို ပြန်လည်လုယူထားနိုင်ခဲ့ပြီ မဟုတ်ပါလား။ သားငယ်လေးကိုတစ်ဖန် မွေးဖွားခွင့်ရလိုက်ပြီဟု မအေးသန်း ယုံကြည်နေမိသည်။

■

မနက်စောစော ဒေါ်အေးသန်း ဓာရဏပရိတ်ရွတ်ဖတ်နေသံကို အဝေးကပင် အတိုင်းသား ကြားရနိုင်သည်။ အသံနေအသံထားမှန်မှန်၊ ဌာန်ကရိုဏ်းကျကျ၊ အနက်အဓိပ္ပာယ်ပါပါ ရွတ်ဖတ်တတ်သည်။ တွေ့ကြုံသမျှလူတိုင်းကိုလည်း ဘာသာတရားကိုင်းရှိုင်းဖို့ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ဖို့ ဤဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို ပြောပြကာ ဆုံးမသွန်သင်တတ်သည်။ သမီးတွေ အားလုံးလည်း အိမ်ထောင်ရက်သား ကျသွားကြပြီမို့ ဦးခင်မောင်နှင့် ဒေါ်အေးသန်းတို့ လင်မယား ပူပန်စရာမလိုတော့။

ဥပုသ်နေ့ဆိုလျှင် ထွမ်းရှိုင့်ဆွဲကာ သီလယူရန် ဘုန်းကြီးကျောင်းဆီသို့ ထွက်လာခဲ့ကြပြီ။ ဆရာတော်ထံမှ သီလယူပြီးသည်နှင့် ဦးခင်မောင်က ဇရပ်တစ်ခုပေါ်သို့တက်ကာ ပုတီးစိပ် တရားထိုင်သည်။ ဒေါ်အေးသန်းကတော့ ကျောင်းဝန်းအတွင်းမှ ကွပ်ပျစ်

www.burmeseclassic.com

တစ်ခုတွင်ထိုင်ကာကျောင်းတလင်းပြင်တွင် ဆော့ကစားနေကြသော ကလေးတစ်သိုက်ကို ငေးကြည့်ရင်း ဓာရဏပရိတ်ကို ရွတ်ဖတ်နေမိသည်၊ ထိုကလေးများထဲတွင် အသက်အားဖြင့်ကြီးရင့်နေသော်လည်း ကလေးများနှင့်ရောနှောဆော့ကစားနေသော ဘုန်းကြီးကျောင်းသားမကာကပ္ပိယမကျဦးနောက်အနည်းငယ် ချို့ယွင်းနေသူတစ်ယောက်ကိုလည်း တွေ့ရတတ်သည်၊

ထိုသူနှင့်ပတ်သက်ပြီး "သိုက်အကြောင်းကို ဖော်မည်စိုး၍ သူ့အထက်လူကြီးသိုက်စောင့်က နှုတ်ချုပ်ထားလိုက်ခြင်းဖြစ်မည်ဟူ၍လည်းကောင်း၊ စိတ်နောက်အောင်ပြုလုပ်ထားခြင်းဖြစ်သည်ဟူ၍လည်းကောင်း တတ်သိသူများက ပြောကြားကြသော်လည်း ဒေါ်အေးသန်း နားမလည်ပါ၊ ဘာသာရေးနှင့် ဆက်နွယ်၍ ဒေါ်အေးသန်း သဘောပေါက်လိုက်သည်က သားလေး၌ဝင်ကြွေးပါလာ၍ဖြစ်မည်ဟု၊ မည်သို့ပင်ဖြစ်ပါစေ - သားလေးကို အသက်ရှင်လျက် တွေ့နေရရုံဖြင့် ဒေါ်အေးသန်း ကျေနပ်ပါပြီ၊ သားပဋ္ဌင်းကို ဖူးမြော်ခွင့်မရပေမဲ့ ပြေးလွှားဆော့ကစားနေသည့်သားလေးကိုကြည့်ရင်း သားလေး အတွက် ရည်စူးပြီးပရိတ်တရားရွတ်ပွား ပေးနေရရုံမျှဖြင့် ဒေါ်အေးသန်း အကျေ နပ်ကြီး ကျေနပ်နေပါပြီ၊ အိမ်မက်ထဲ၌ လာရောက်လုယူစဉ်က အပြင်တွင် သားကလေး အသက်ပါမသွားခဲ့သည် ကိုပင် ဒေါ်အေးသန်း ဝမ်းသာလှပါပြီ၊

ထိုသူ့ကို ငေးကြည့်ရင်း ဒေါ်အေး သန်း ဓာရဏပရိတ်ကို ရွတ်ဖတ်နေမိ သည်၊ အသက်ရှည်ရန်၊ အနာရောဂါ ကင်းဝေးရန်၊ ဝဋ်နာကံနာတို့မှ ကင်း လွတ်ရန်ဖြစ်၏၊ သို့ပေမဲ့ သူမ၏အသက် ရှည်စေရန် မဟုတ်၊ သူမ၌ အနာရောဂါ ကင်းဝေးစေရန် မဟုတ်၊ ထိုသူ အသက် ရှည်စေဖို့၊ ထိုသူ အနာရောဂါ ကင်းဝေး စေဖို့ ဘဝအဆက်ဆက် ယခုကဲ့သို့ အသိဉာဏ်ချို့ယွင်းသူမဖြစ်စေဖို့၊ ထိုသူ့ ကိုငေးကြည့်ရင်း ဒေါ်အေးသန်း ဓာရဏ ပရိတ်ကို ထပ်ခါထပ်ခါ ရွတ်ဆိုပွားများ နေမိပါတော့၏၊

(ဖြစ်ရပ်မှန်အကြောင်းအရာတစ်ခု ကို အခြေခံ ရေးဖွဲ့ထားပါသည်)

စေတနာရှေ့ထားလျက်...

ဂါဦးနွ


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒီဇွဲပျောက်ကင်းစေရမည်။)

## ခရုသင်း(သမင်ဖြူ)

**LEUCODERMA**

ခရုသင်း(ထမင်ဖြူ)၊ ဖြူ၊ နီ၊ နုတ်တွတ်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ခွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

**LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.**

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)

အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၆၆၄၇၈ ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ခွဲ

အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြားအောင်ဈေးမှုရပ်၊ မန္တလေးမြို့ ဖုန်း - ၀၂၂၂၅၁၅

www.burmeseclassic.com

www.burmeseclassic.com





သိပ္ပံပညာ၏ အဆုံးသည် ဝိဇ္ဇာပညာ၏ အစပင်ရှိသေးသည်ဟူသော စကားရှိသည်။ နယူတန်၏ကမ္ဘာဆွဲငင်အား၊ အိုင်းစတိုင်း၏သီအိုရီလောက်နှင့်သာ ကျေနပ်ရောင့်ရဲနေကြသော သိပ္ပံပညာအဖို့ ဝိဇ္ဇာပညာ၏ ထူးဆန်းတွေလာ မည်သည့်နည်းပညာနှင့်မျှ တိုင်းတာခံနိုင်သောကိစ္စရပ်များသည် ကမ္ဘာမြေလောကတွင်မြောက်မြားစွာ ရှိနေသေးသည်။ သိပ္ပံပညာနှင့် တိုင်းတာ၍မရသောကိစ္စရပ်တွေ ရှိနေသေးပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရေထူးရေးဆန်းတစ်ပေါက်

ခင်းဘုန်းသိန်းသူ

ဖြစ်ရပ်မှန်တွေ ရှိခဲ့သည်၊ နောင်လည်း ရှိလိမ့်မည်၊ ကိုယ်နှင့် လက်လှမ်းမမီသမျှတိုင်း အံ့ဘွယ်ရာဟု ခေါ်၍မရ၊ ခရစ်တော် ပေါ်ထွန်းလာသည်၊ ဂေါတမဗုဒ္ဓ ပွင့်တော်မူခဲ့သည်၊ ဗုဒ္ဓဖြစ်တော်စဉ်တွေတို့ အံ့ဘွယ်ရာဟု ခေါ်၍ မရ၊ ဘီစီ(၆) ရာစု၊ (၅) ရာစုတို့တွင် တရုတ်ပြည်၌ နိုင်ငံတော် ပြိုကွဲကာ ငြိမ်းချမ်းရေးအတွက် လောင်ဇု၊ ကွန်ဖြူးရှပ်၊ ပညာရှင်တွေ ပေါ်ပေါက်ခဲ့သည်၊ ကမ္ဘာက စံပြုရလောက်သည့်လူတွေ၏ လောဘ၊ ဒေါသ၊ မောဟ စိတ်တွေကို တည့်မတ်ပေးမည့် မြင့်မြတ်သော ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာခဲ့သည်၊

လောကမှာ မဖြစ်နိုင်တာမရှိ၊ မဖြ... သေးတာတွေပဲ ရှိသေးသည်၊ ၁၈၆၈... ဒယ်နီယမ်ဒေါက်ကလပ်စ်ဟုမ်း ဆို... သည် မီးကျီးခဲရဲရဲတောက်နေသော မီး... ရှေ့တွင် ဒူးထောက်ကာ မီးပုံထဲသို့ နှ... ဝက်ကြာမျှ မျက်နှာအပ်ပြခဲ့သည်၊ ဘာ... မဖြစ်ပေ၊

သူတော်စင် စိန့်ဂျိုးဇက်သည်... တနင်္ဂနွေတစ်ရက်တွင် ဘုရားဝတ်ပြု... ကျောင်းပေါ်သို့ ရှာန်ပျံတက်ဖူးသည်...

၁၉၃၆ တွင် အိန္ဒိယမှ ယောဂီဆူဗာသာပူလာဗာသည် ရေမျက်နှာပြင်အထက် နှစ်ပေခန့်အကွာတွင် လေထဲ၌ ထိုင်နေခဲ့သည်၊ ရှာန်ပျံခြင်းကို လူထုရှေ့သတ်အလယ်ရှေ့တွင် လေးမိနစ်ကြာမျှ ပြုလုပ်ပြခဲ့ဖူးလေသည်၊

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်ကာလများတွင် ဘရားဇီးနိုင်ငံတွင် အာရီဂိုဆိုသူ ပေါ်ပေါက်လာသည်၊ တရားဝင်ဆေးလက်မှတ်မရှိဘဲ ဆေးကုသနေသူဖြစ်သည်၊ ခေတ်ပညာပင် တတ်ပုံမည်လားဆိုး၊ သူသည် ငါးနှစ်အတွင်း လူပေါင်းထောင်သိန်းခန့်မျှကို ခွဲစိပ်ကုသခဲ့သည်၊ သူ့ဆီလာသမျှသည် လောကတွင် ဆက်လက်အသက်ရှင်ရန် မဖြစ်နိုင်တော့သည့် ရောဂါကြီးထွားလူနာများ၊ ရောဂါသည်းနေသူများသာ ဖြစ်သည်၊

တစ်နေ့ ပိုလန်အမျိုးသမီးတစ်ယောက်သည် အူလမ်းကြောင်းပိတ်ကင်ဆာရောဂါဖြင့် သူ့ဆီ ရောက်လာသည်၊ ဆရာဝန်များက လက်လျှော့ထားရသူလည်း ဖြစ်သည်၊ အာရီဂိုသည် ထိုအမျိုးသမီးကို တစ်ချက်မျှစိုက်ကြည့်ကာ ...

"ရော့ – ဒီဆေးတွေ သွားဝယ်ပြီးရင် သောက်"

ဆေးစာရေးပေးသည့် ဆရာဝန်တွေက ဆေးစာကိုကြည့်ကာ "ဒီဆေးတွေသောက်ရင် တစ်ချက်တည်းနဲ့ ကိစ္စပြတ်ပြီ၊ သေမှာပဲ" ဟု အထင်သေးစကားပြောကြသည်၊ သို့သော် လူနာက အာရီဂိုပြောသည့်အတိုင်းသောက်ရာ တစ်ပတ်အတွင်း ရောဂါသက်သာလာလေသည်၊ ဒုတိယအကြိမ်တွင် ဆေးစာနှစ်စောင်ရေးပေးသည်၊ တတိယအကြိမ်တွင် အာရီဂိုက "ခင်ဗျား ရောဂါတွေ ပျောက်သွားပြီ" ဟု ပြောလေသည်၊ သို့သော် – အမျိုးသမီးကြီးက မယုံကြည်၍ ခွဲစိတ်စမ်းသပ်သောအခါ ကင်ဆာနှင့် ပတ်သက်၍ ရောဂါလက္ခဏာ တစ်စုံတစ်ခုမှ မရှိတော့ပေ၊

အာရီဂိုမှာ ၁၉၇၁ တွင် ကွယ်လွန်ခဲ့ရှာသည်၊ ထူးဆန်းစွာ ရရှိလာသော သူ၏ စွမ်းပကားများ ပြည့်ဝကုံလုံစွာ မည်သည့်အကြောင်းကြောင့် ရရှိလာသည်ကို ရှင်းမပြနိုင်၊ သူကတော့ ခရစ်တော်၏ ကျေးဇူးတော်ဟုသာ တဖွဖွ ပြောခဲ့တတ်သည်၊ သူ့ဘာသာသူလည်း တန်ခိုးစွမ်းအင် မည်သို့ရှိသည်ကို မသိခဲ့ပေ၊


လောကတွင် ထူးဆန်းဖွယ်ရာတွေ မြောက်မြားစွာ ရှိသေးသည်၊ ဖော်ပြ၍ ကုန်နိုင်မည်မထင်၊ မြန်မာပြည်တွင်





www.burmeseclassic.com

www.burmeseclassic.com



မြို–ဗျစ်ဗျစ်မြည်သံကြီးနှင့်အတူ မာမွတ် ဆွဲယူလိုက်သော စောကြာရိုး၏ လက်ကြီးတစ်ဖက်က ပြုတ်၍ ပါလာလေသည်။ မာမွတ်သည် လက်မောင်းအရင်းမှ ပြုတ်ပါလာသော လက်ပြတ်ကြီးကို အယောင်ယောင် အမှားမှားဖြင့် အထိတ်တလန့် ဆွဲကိုင်ထားကာ တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဇောချွေးတွေ ရှတ်ခြည်းပြန်လာသည်။

တာဝန်ယူဆောင်မည့် ပြကွက်လုပ်ငန်းအတွက် ယုံကြည်ပြတ်သားတိကျခြင်း၊ ရဲရင့်ခြင်းတို့ဖြင့် ထုံမွမ်းထားသဖြင့် မာန်ဝင့်နေသည်ဟု ထင်မှတ်ရပေသည်။

စောကြာရိုး ရှောင်းစပ်သို့ ဝင်ရောက်လာသည်နှင့် ပရိသတ်က လမ်းဖယ်ပေးကြသည်။ သူသည် ပရိသတ်ဘက်သို့လှည့်ကာ ဦးညွှတ်အရိုအသေပေးလိုက်သည်နှင့် ...

“ရှီး–ဖျောင်း–ဖျောင်း”

“ဝေး–ဟေး–ဟေး–”

“ကြာရိုးတဲ့ဟေ့ – ကြက်ရိုးဆိုကိုက်စားပစ်မယ်”

သူနှင့်ရွယ်တူတွေက နောက်ပြောင်အော်ဟစ်ကြသည်၊ ကလေးတွေက လက်ခုပ်လက်ဝါးတီးကာ၊ လက်ခေါက်မှုတ်ကြပြန်သည်၊

စောကြာရိုးသည် ပရိသတ်ဆီသို့ လက်ပြနှုတ်ဆက်ကာ ရှောင်းရေစပ်နှုံ့ထဲသို့ ဆင်းလိုက်သည်၊ ထို့နောက် လှေရှိရာသို့ စိုက်ငေးကြည့်ရှုကာ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းထုတ်လိုက်လေသည်၊

“ကဲ–အားလုံးပဲငြိမ်ငြိမ်သက်သက်ကြည့်ရှုကြပါနော်၊ ကျွန်တော်ခုပြမှာက မျက်လှည့်မဟုတ်ပါဘူး၊ လှေတစ်စင်းလုံးကို ကျွန်တော့်ဗိုက်ထဲကို မျိုချပြမယ့် ပြကွက်ပဲဖြစ်ပါတယ်၊ ကျွန်တော် မလိမ်မညာတတ်ပါဘူး၊ ကဲ–သေသေချာချာ ကြည့်ကြပါ”

သူသည် ပြောပြောဆိုဆို ကမ်းပါးဘက်သို့ တစ်ချက်လှည့်ကြည့်ကာ ...

“ကျောက်ဒိုးရေ–လှေကို ကမ်းဘက် ဆွဲပေးပါဦး၊ ရေနက်ထဲ ရောက်နေပြီ”

ကျောက်ဒိုးဆိုသော လူငယ်တစ်ယောက်က လူအုပ်ကြားမှထွက်လာရာ လတာပြင်ကမ်းပေါ်သို့ ဆင်းသွားကာ လှေရှိရာသို့ရေထဲမှဖြတ်သွားပြီးလှေကို တမ်းစပ်ဆီသို့ ဆွဲယူလိုက်သည်၊ ကမ်းစပ်မှာပင် ရေက တော်တော်နက်နေပေပြီ၊ ခါးအထိရောက်နေပြီဖြစ်သည်၊

စောကြာရိုးသည် ရေပြင်သို့ တဖြည်းဖြည်းဆင်းကာ လှေဦးရာဇတိုင်နှင့် ပါးစပ်တစ်တန်းတည်းဖြစ်အောင် တော်တတ်ရပ်လိုက်လေသည်၊ ထို့နောက် လက် အုပ်ချီမိုးကာ လှေဦးနှင့် နဖူးကို ထိကပ်ထားလိုက်သည်၊

“ဥုံ...”

စောကြာရိုးသည် ဂါထာမန္တန်ကို အသံနေအသံထားမှန်မှန်ဖြင့် ကျယ်လောင်အောင်မြင်စွာ စတင်ရွတ်ဖတ်လေတော့သည်တကား၊ တမ်းစပ်မှ ပရိသတ်၏အသံသည် ငြိမ်ချက်သားကောင်းကာ တုတ်တုတ်မျှ မလှုပ်ပေ၊ သူတို့အားလုံး၏အာရုံသည် စောကြာရိုးနှင့် လှေကလေးဆီသို့သာ လွင့်ပါးနေကြပေသည်၊

လှေဦးထိပ်စွန်းရှိ ရာဇတိုင် ဝန်းကနုတ်လေးကို လက်အုပ်ချီမိုးရင်း ဂါထာမန္တန်ကိုရွတ်ဆိုလိုက်သည်၊ တုတ်တုတ်မျှ မလှုပ်ရှား၊

“တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရှောင်းစောင့်နတ်၊ မြစ်စောင့်နတ်များတို့ ကျွန်ုပ် တိုင်တည်ကန်တော့ပါသည်၊ ကျွန်ုပ်၏ လှေမျိုခြင်းတိစ္ဆအား ကူညီဆောင်ရွက်ပေးတော်မူကြပါ”

တိုင်တည်ခြင်းအမှုကိစ္စပြီးသည်နှင့် လက်အုပ်ချီထားရာမှ လက်တို အောက်ချလိုက်ပြီး လှေကို ဆွဲယူလိုက်သည်၊ လှေသည် အနည်းငယ်ရွေ့လျားသွားသည်၊ လှုးလွန့်သွားသည်၊

ထိုအချိန်တွင် လှေဦးရာဇတိုင်နှင့် ပါးစပ်ပေါက် တစ်တန်းကြီးကျအောင် ကြိုးစားလိုက်သည်၊ ပါးစပ်နှင့် နီးကပ်သွားသည်နှင့် ပါးစပ်ကို ခပ်ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com

တလိုက်ကာ လှေဦးရာဇတိုင်ကို ပါးစပ်ထဲသို့ ဆွဲသွင်းလိုက်လေသည်။

စောကြာရှိး၏ မေးကြောကြီးများ ထောင်ထလာသည်။ ထို့နောက် လှေနံနှစ်ဖက်ကို လက်ဖြင့် မိမိရရကိုင်ကာ ဟထားသောပါးစပ်ထဲသို့တဖြည်းဖြည်း ဆွဲသွင်းလေသည်။

"တာ"

"တင်"

"အလိုလေး"

"အံ့ဩစရာပဲဟေ့"

ငြိမ်သက်နေသောလူအုပ်ဆီမှ အာမေဋိတ်သံတွေ အလျှိုလျှိုထွက်ပေါ်လာသည်။ ပရိသတ်သည် တုတ်တုတ်မျှမလှုပ်၊ ငြိမ်သက်စွာ စူးစိုက်ကြည့်နေကြသည်။ ရွာဦးကျောင်းမှ ကိုရင်ငယ်တေဇနန္ဒသည် အံ့ဩခြင်းကြီးစွာဖြင့် ပါးစပ်ဖြဲကာ မျက်လုံးကြီးပြူး၍ကြည့်နေသည်။ သွားရည်တွေက ပါးစောင်မှ စီးကျနေသည်။

"လှေဦးရာဇတိုင် ပါးစပ်ထဲဝင်ပြီး ပျောက်သွားပြီ - ဟီ - ဟီ - ဟီ"

ကိုရင်ငယ်သည် အံ့ဩစွာဖြင့် ရေရွတ်နေသည်။ ကမ်းပေါ်မှ လူတွေအားလုံး သတိလက်လွတ်ဖြစ်ကာ မေ့ဆေးပေးထားသောလူနာတွေ မလှုပ်မယှက် ငြိမ်သက်။

စောကြာရှိးသည် လှေနံနှစ်ဖက်ကို လက်ဖြင့်ကိုင်ကာ ဦးပိုင်းမှစ၍ တဖြည်းဖြည်း မျိုချနေသည်။ ပါးစပ်ထဲသို့ တဖြည်းဖြည်း ဆွဲသွင်းနေခြင်း ဖြစ်သည်။

"ဟာ"

"ဟုတ်တယ်ဟေ့ - လှေက ပါးစပ်ထဲ ဝင်ပြီး ပျောက်သွားပြီ"

ဆူညံသံတွေ တဖြည်းဖြည်း ကျယ်လောင်လာသည်။ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံတွေ ညံစီလာသည်။ ထူးခြားဆန်းကြယ်လှသော ပြကွက်ဆန်းတစ်ခုပေတကား။

သည်လိုနှင့် နှစ်ယောက်စီး (၁၀) ပေကျော်ခန့်သာ ရှည်လျားသည့် လှေကလေးသည် စောကြာရှိး၏ပါးစပ်တွင်းမှာပင် တဖြည်းဖြည်း ဝင်ရောက်ပျောက်ကွယ်သွားလေပြီတကား။

"အောင်မယ်လေး - ထူးဆန်းတယ်ဟေ့"

"ဟုတ်ပါရဲ့၊ စောကြာရှိးပါးစပ်ထဲ လှေကလေး တဖြည်းဖြည်းဝင်သွားတာ ပျောက်သွားပြီဟေ့"

"လှေကလေး မရှိတော့ဘူး"

"ဝေး - ဟေး - ဟေး"

"ဖြောင်း - ဖြောင်း - ဖြောင်း"

မယုံကြည်လောက်ဖွယ် ထူးဆန်းသောဖြစ်ရပ်ကား လူထုပရိသတ်အပေါင်းများစွာ ရှေ့မှောက်မှာပင် မျက်မြင်လက်တွေ့ ဖြစ်ပေါ်သွားခဲ့ပေပြီတကား။

စောကြာရှိးသည် လှေကလေး ပျောက်သွားအောင် ဝါးမျိုလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ရေစိုကြီးဖြင့် မော်ဟိုက်စွာ တက်လာလေသည်။

"ဒါမှ တို့ရွာသား စောကြာရှိးကွ"

သူသည် မည်သူ့ကိုမှ နှုတ်ဆက်အား ပြောဆိုခြင်းမရှိဘဲ ရွာလယ်လမ်းမအတိုင်း နေအိမ်ဆီသို့ အေးအေးဆေးဆေးပင် လျှောက်သွားတော့သည်။

"စောကြာရှိးကွ - ဝေး - ဟေး - ဟေး"

■

စောကြာရှိးတို့မိသားစုသည် တစ်သက်တာစ်နိုင်မွေးမြူရေးအဖြစ် ဝက်နှင့်ဆိတ်များကို မွေးမြူရေးထားတတ်သည်။ ဝက်စာကျွေးခြင်း၊ ဆိတ်ကျောင်းခြင်းလုပ်ငန်းများကို စောကြာရှိး၏ ဇနီးနော်အေးမူက လုပ်ကိုင်သည်။ သားအကြီး သူက ဆိတ်ကျောင်းသည်က များသည်။ ဝက်ခြောက်ကောင်နှင့် ဆိတ်စာကိုနော်အေးမူက နေ့စဉ် ဝတ္တရားမပျက်အောင် လုပ်ကိုင်ရသည်။ တစ်နေ့ ရွာသို့ ဆိတ်ဝယ်သောကုလားမာမွတ် ရောက်လာသည်။ မာမွတ်သည် နွားနှင့်ဆိတ်ကို ရွာသို့မကြာခဏလာ၍ဝယ်ယူတတ်ပေရာ ရွာသားများနှင့် ရင်းနှီးကျွမ်းဝင်နေပေပြီ။ ယခုလည်း ရွာသို့လာကာ ဆိတ်ဝယ်ရန် စုံစမ်းနေလေသည်။

စောကြာရှိးတွင် အိမ်မွေးဆိတ်ဆယ်ကောင်ခန့်ရှိသည်။ သူတလည်း ဆိတ်တစ်ကောင်တော့ရောင်းလိုသည်။ ယခုတော့ ဆိတ်ဝယ်သည့်လူ လာလေပြီ။ ထိုစဉ် သားကြီးက အိမ်ပေါ်သို့ ပြေးတက်လာသည်။

"အဖေ - ဆိတ်ဝယ်တဲ့လူ ရောက်နေပြီ၊ ဆိတ်ရောင်းမလားတဲ့"

စောကြာရှိးသည် ချက်ချင်းမဖြေသေးဘဲ အနည်းငယ် စဉ်းစားလိုက်သည်။

"ရောင်းမယ်ပြောလိုက် - ဗိုးဘး"

"ဘယ်နကောင်လဲ - အဖေ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ကောင်တည်းပါကွာ"

သားကြီး အပြေးအလွှား ပြန်ဆင်းသွားပြန်သည်။ သည်လိုနှင့် စောကြာရှိးသည် အိမ်အောက်သို့ဆင်းကာ ဆိတ်ခြံထဲဝင်သည်။ ထို့နောက် ပြန်ထွက်လာသည်။

ခဏကြာလျှင် သားကြီးနှင့်အတူ ဆိတ်ဝယ်ကုလားရောက်လာသည်။ စောကြာရှိးက ခြံထဲသို့ ဆိတ်ကုလားကို ခေါ်သွားသည်။

"ကဲ - မာမွတ် - နင် ကြိုက်တဲ့ အကောင် ရွေးယူသွား"

ဆိတ်ကုလားက အကောင်ကြီးကြီး တစ်ကောင်ကို ရွေးချယ်ယူလိုက်သည်။ အချိန် (၃၀) ခန့်ကျော်သော ဆိတ်တစ်ကောင်ကို ငွေဒင်္ဂါး (၁၀) ပြားနှင့် ချေလိုက်သည်။

"ကျေနပ်ပြီနော်"

"ကျေနပ်ပြီ"

"ကိုယ် ကြိုက်တာ ကိုယ်ယူတာနော်၊ ကျုပ်ရွေးပေးထားတာမဟုတ်ဘူး၊ နောက်မှ ဘာဘာညာညာလာမပြောနဲ့ မာမွတ်"

"စိတ်ချ - နာသိတယ်၊ နာသိတယ်၊ နင့်ထက်နာသိတယ် - ကြာရှိး"

"ကြာရှိးပါကွ..."

မာမွတ်ကုလားက ဆိတ်ကို ခြေလက်တွေတုပ်ကာ တပည့်တစ်ယောက်အကူအညီနှင့် လှည်းပေါ်တင်သည်။ စောကြာရှိးက ဆိတ်လည်ပင်းကို စာတစ်ကြောင်း၊ နှစ်ကြောင်းရေးကာ ကြိုးနှင့် ချည်ပေးလိုက်သည်။ မာမွတ်ကုလားသည် သည်နေ့ အရှုံးရှင်နေပုံရသည်။

လှည်းပေါ် လှမ်းကြည့်လိုက်တော့ စုစုပေါင်း ဆိတ်ငါးကောင်ခန့်ဖြစ်သည်။ စောကြာရှိးဆိတ်နှင့်ပေါင်းမှ ငါးကောင်ဖြစ်ကာ ဆိတ်များသည် ကြိုးတုပ်လျှက် ခံထားရသဖြင့် ကြောက်လန့်ကာ တဝဲဝဲ အော်ဟစ်ကြလေသည်။ အချို့အကောင်များက ရုန်းကန်ကြသည်။ အချို့ကုန်းရုန်း ထကာ ခြေထောက်နှင့် ကန်ကြသည်။ မာမွတ်သည် ဆိတ်များကို ကြိမ်လုံးနှင့် တဖြန်းဖြန်း ရိုက်သည်။

"ငြိမ်ငြိမ်နေကြစမ်း - ငြိမ်ငြိမ်နေကြစမ်း - ရှောင်း - ရှောင်း - ရှောင်း"

"ကဲ - သွားတော့ - မာမွတ် - ငါ တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်"

မာမွတ်ကုလားသည်လှည်းနောက်မြီးမှ နောက်ပြန်ထိုင်ကာ ရွာလမ်းအတိုင်း ထွက်ခွာသွားသည်။ ရွာပြင်လမ်းမသို့ထွက်ရန် အချိန်တော်တော်လိုသေးသည်။ သဘောဆိပ်ထိ သွားမည်။ ထိုမှတစ်ဆင့် ဆိတ်တွေကို သဘောပေါ်တင်ရမည်။

ဆိတ်ငါးကောင်၊ လှည်းတစ်စီးဖြင့် ကုလားမာမွတ်သည် နေ့တွက်စီသွား … ဖြင့် လေကလေးတချွန်ချွန် ကုလားသီချင်းကလေးတစ်ပုဒ်ကို သီဆိုကာ စိတ်လွတ်ကိုယ်လွတ် ပါလာလေသည်။

သည်လိုနှင့် ရွာပြင်သဘောဆိပ် … အလေးဆီသို့ ရောက်လာသည်။ သည် … ခါတော့ ဆိတ်လှည်းပေါ်မှ ဆိတ် … တွေ ငြိမ်ကျက်သားလှပါပကော။

မာမွတ်ကုလားသည် ဆိတ်တွေ … ငြိမ်သက်လွန်းမက ငြိမ်သက်စွာ လိုက်ပါ … ခြင်းကို အနည်းငယ် မသင်္ကာဖြစ် … ကာ လှည့်ကြည့်လိုက်မိသည်။

မှန်ပေသည်၊ ဆိတ်တွေ ငြိမ်သက် … လိုက်ပါလာကြခြင်းဖြစ်သည်၊ ဒါပေမဲ့ … ဆိတ်တွေကို တစ်ကောင်ချင်း ရေ … ကြည့်လိုက်မိသည်၊ ရေတွက်ပြီး … နှင့် မျက်မှောင်ကြုတ်လိုက်မိပြန် … ။

"ဘယ်လိုဖြစ်တာလဲ"

ရွာထဲမှနေ၍ လှည်းပေါ်တင်လာ … ဆိတ်ငါးကောင်တိတိ၊ ခုဆိတ် … လေးကောင်တည်း ဖြစ်နေပါပကော … တုံးလုံးလဲနေသောဆိတ်လေး … အလယ်တွင် ခနိပေါင်ကြီးတစ် … သာ ရှိသည်။

မာမွတ်သည် ဖုန်းခနဲ နောက်ပြန်လှည့်ကာ ခနိပေါင်ကြီးကို ကြည့်လိုက်သည်။

"ဟာရှိ - ကြည့်စမ်း၊ ဒါ ဆိတ်လည်ပင်းကို စာဆွဲလိုက်တဲ့ ကြာရှိးရဲ့ စာနဲ့ လက်ရေးပါလား၊ ဆိတ်ကနေ ဘယ်လိုလုပ် ခနိပေါင်ဖြစ်သွားရတာလဲ၊ တော်ဝီ - နာတော်ဝီ - လိမ်ရောင်းလိုက်တာ ခံလိုက်ရပြီ - မသာရှိး"

မာမွတ်သည် အယောင်ယောင်အမှားမှားဖြစ်ကာ လှည်းကို ချက်ချင်းရပ်ခိုင်းလေသည်၊ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

"ပြန်သွား - ပြန်သွား - ရွာထဲ ပြန်သွား"

လှည်းဆရာကလည်း ဘုမသိဘမသိဖြင့် လှည်းကိုပြန်လှည့်ကာ ရွာထဲ ပြန်မောင်းပေးသည်။ လှည်းဆရာသည် အငှားလိုက်လာသောလှည်း ဖြစ်ရာ လှည်းပေါ်ဆိတ်ဘယ်နှကောင်ပါလာသည်ကိုပင် သိရှိရိပ်မိဟန် မတူပေ။

"အံ့ရောပါလားဟဲ့ - ဘယ်က ခနိပေါင်ကြီး ရောက်လာပါလိမ့်"

မာမွတ်သည်ဆိတ်လေးကောင်ကို ကြည့်လိုက်၊ ခနိပေါင်ကြီးကိုကြည့်လိုက်ဖြင့် တအံ့တဩဖြစ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

သူသည် စောကြာရိုးအိမ်ကို တန်းတန်းမတ်မတ် မောင်းလာခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် စောကြာရိုးသည် အိမ်ရှေ့ဘုရားကျောင်းဆောင်အောက်တွင် စောင်တစ်ထည်ကို ခေါင်းမြီးခြုံကာ ငြိမ်သက်စွာ အိပ်နေပေပြီ။ ဟောက်သံပင်ထွက်နေသည်။ မာမွတ်သည် လှည်းပေါ်မှ တမန်းတတန်းဆင်းကာ အိမ်ပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်လာလေသည်။

"ဟေ့-ကြောရိုး-ကြောရိုး"

အိမ်ပေါ်တွင် မည်သူမျှမရှိ။ စောင်ခေါင်းမြီးခြုံတစ်ယောက်သာ ရှိသည်။ ကျယ်လောင်သော အော်ခေါ်သံဖြစ်သော်လည်း စောကြာရိုးသည် တုတ်တုတ်ပင်မလှုပ်။

"ထဦး-ထဦး-ဒီမှာ ဒွတ်ခရောက်နေပြီ ဒွတ်ခ-ဒွတ်ခ"

အော်ခေါ်၍မနိုးတော့ ခန္ဓာကိုယ်ကို လှုပ်၍နှိုးသည်။ စောကြာရိုးသည် တုတ်တုတ်မျှမလှုပ်။

"ဒွတ်ခပါပဲ၊ နင် အိပ်ချင်ယောင်ဆောင်နေတာ နာသိတယ်၊ နာသိတယ်၊ ခွေးသား မသာရိုး"

မာမွတ်သည် လှုပ်နှိုး၊ အော်နှိုးရာမှ စိတ်မရှည်ဖြစ်ကာ ဒေါသထွက်လာသည်။ ထို့ကြောင့် စောင်ကို အသာလှပ်ကာ လက်ဖြင့်စမ်းကြည့်လိုက်ပြီး လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ အားဖြင့် ဆောင့်ဆွဲပြီး ဆွဲထူသည်။

"ထ-ထ-နင်-လူလိမ်ပဲကိုး-နာသိပီ-ဒွတ်ခနော်"

စောကြာရိုးသည် အသေကောင်လို ငှက်ပျောတုံးကြီးလို တုတ်တုတ်မျှ မလှုပ်တော့ပေ၊ မာမွတ်သည် နှုတ်မှလည်း ဗျစ်တောက်ဗျစ်တောက်ပြော စောကြာရိုး၏ လက်တစ်ဖက်ကိုလည်း အိမ်အထက် ဆင့်တန်းကို ခြေကန်ကာ လက်နှစ်ဖက်ဖြင့် အားရပါးရ ဆောင့်ဆွဲကာ ဆွဲထူလေသည်။

"ဗြိ-ဗြိ-ဗျစ်-ဗျစ်"

"အားလားလား-အားလားလား"

ဗြိဗြိ-ဗျစ်ဗျစ်မြည်သံကြီးနှင့်အတူ မာမွတ် ဆွဲယူလိုက်သော စောကြာရိုး၏ လက်ကြီးတစ်ဖက်က ပြုတ်၍ပါလာလေသည်။ မာမွတ်သည် လက်မောင်းအရင်းမှ ပြုတ်ပါလာသော လက်ပြုတ်ကြီး အယောင်ယောင်အမှားမှားဖြင့် အထိတ်တလန့်ဆွဲကိုင်ထားကာ တုန်တုန်ယင် ဖြစ်နေသည်။ ချွေးတွေ ရွှဲခြည်းပျံ့လာသည်။ ထို့နောက် လက်ပြုတ်ကြီး ကိုင်ထားလျက်က နောက်ပြန်လန်ကာ လဲကျသွားလေတော့သည်။

"အား-အလာ-အလာ"

မာမွတ်သည် ကြက်သေသေကာ အတင်းကုန်းထပြီး လက်ထဲမှ အယောင်ယောင်အမှားမှား ကိုင်ထားသောလက်မောင်းပြုတ်ကြီးကို ရုတ်တရက်လွှတ်ချလိုက်လေသည်။ ထို့နောက် လုံချည်ပင် နိုင်အောင်ပြန်မဝတ်နိုင်ဘဲ ကွင်းသိုင်းကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းဖြစ်အောင် အိမ်ပေါ်မှ ဒိန်းချွတ်လှေကားအဆင့်တွေကိုပင် နင်းတော့ဘဲ ကျော်လွှားကာ ပြေးဆင်းသွားလေသည်။

"တရဲ-တရဲ-တရဲ"

ထိုအခါမှ စောကြာရိုးသည် ရုတ်တရက်ထထိုင်ကာ ခွက်ထိုးခွက်လန် အားရပါးရ ရယ်မောလေသည်။

"ဟား-ဟား-ဟား-ဟား"

"ဟီး-ဟီး-ဟီး-ဟီး"

■

နေညိုညိုမှာ လေပြိုချိန်ဖြစ်သဖြင့် ရွာတလေး၏ အနောက်ဘက်မနီတောအစပ်တွင် သူကြီးဦးတုတ်ဖြိုး၏ သား ရောင်းချသော မနီရည်ဆိုင်ရှိသည်။ အမြည်းစုံလင်ကာ ယမကာစုံလင်ဖြင့်ညနေဆို လူစုံလေပြီ။ အဓိက တမနီရည်ကို ဦးစားပေး ရောင်းချနေသော ဆိုင်ဖြစ်ရာ ပြဿနာမရှိလှ၊ ပြီးတော့ သူကြီး၏ သားကိုယ်တိုင် ရောင်းချနေသော ဆိုင်ဖြစ်ရာ ပြဿနာမရှိလှပေ။

စောကြာရိုးသည် မာမွတ်ဆီမှ ဆိတ်တစ်ကောင်၏ တန်ဖိုးအရ ငွေအားဆယ်ပြား အချောင်နီးနီးရရှိလိုက်ပေရာ အဆင်ပြေနေပေသည်။ မာမွတ်သည် ကြောက်လန့်တကြားဖြစ်တာ ဘိုကလေးမြို့ပေါ်မှာပင် မရှိတော့ဘဲ ရန်ကုန်မြို့ပေါ်အထိ ထွက်ပြေးရလောက်အောင် အကြောက်လွန်သွားခဲ့ပေရာ တစ်ရွာလုံး ပြောစမှတ်တွင်သွားခဲ့ပေပြီ။

ငွေစကလေး သင့်တင့်လျှောက်ပတ်စွာ ရှင်နေပြီဖြစ်သော စောကြာရိုးသည် မနီရည်ဆိုင်ကလေးထဲ အနောက်ဘက်ထောင့်ကျကျတွင် အေးအေးလူလူ ထိုင်ကာ လယ်ကြွက်ကြော်၊ မနီရည်ခွက်နှင့် စည်းစိမ်ကြီးလျက် ရှိသည်။ သူ့ရှေ့တွင် ဝါးကျည်တောက်နှင့်ထည့်ထားသော မနီရည်ခါးခါးက အမြှုပ်ပင် မသေချင်သေး။

အခန်းကလေးထဲတွင် စားပွဲခုံလေးငါးလုံးခန့် ချထားရာ အားလုံး မနီရည်သမားတွေနှင့် ပြည့်နေပြီဖြစ်ကား စောကြာရိုးကို အားလုံးက သိကြပြီ သူများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည်၊ အချို့က လှမ်း၍ စကားပြောသည်၊ အချို့က အထင်ကြီးလေးစားဟန်ဖြင့် အကဲခတ်သလို စောင့်ကြည့်နေကြသည်၊

စောကြာရှိးသည် ကြွက်ကြော်တစ်ခုံ၊ ဓနိရည်တစ်ကျိုက်နှင့် တိတ်ဆိတ်ငြိမ်သက်စွာ သောက်လာခဲ့သည်မှာ အမှောင်ဘက်သို့ပင် ရောက်လုပေတော့မည်၊ ဓနိရည်လည်း သိပ်မကျန်တော့၊ ကြွက်ကြော်လည်း ကုန်လုပေပြီ၊ ရေချိန်လည်း ကိုက်ပြီ၊ ထိုအချိန်တွင်...

"အစ်ကိုကြီး - စောကြာရှိး"

အခန်းထောင့်တစ်နေရာမှ သုံးယောက်ဝိုင်းထိုင်နေသော စားပွဲဝိုင်းမှ အသံဖြစ်သည်၊ လူငယ်သုံးယောက်၏ မျက်လုံးများသည် စောကြာရှိးကိုအထင်ကြီးလေးစားဟန်ဖြင့် ငေးကြည့်နေကြသော်လည်း မျက်ဝန်းများက ဓနိရည်တန်ခိုးဖြင့် ရီဝေဝေ မှုန်ကုပ်ကုပ်တွေ...

"ဘာလဲကွ - ဖိုးထောင်"

"ဒီလိုပါ - အစ်ကိုကြီး"

"ဘယ်လိုတုံး"

ဖိုးထောင်သည် စောကြာရှိးရှိရာ စားပွဲသို့ ထလာသည်၊ ထိုအချိန်တွင် အားလုံး၏ မျက်ဝန်းများက သူတို့နှစ်ယောက် ဆီသို့ စုပြုံကျရောက်နေသည်၊

"ဒီလိုပါ - ကျွန်တော်တို့ကို ပြကွက်ဆန်းတစ်ခုလောက် ပြပါခင်ဗျာ"

"ဟာကွာ - မင်းတို့ကလဲ"

"လုပ်ပါ - အစ်ကိုကြီး၊ တစ်ကွက်တည်းပါ"

စောကြာရှိးသည် တစ်ချက်မျှ ညည်းညူလိုက်သည်၊

"ဟိုတစ်လောက လေ့ကိုမျိုပြတာ မင်းတို့ မကြည့်လိုက်ရဘူးလား"

ဖိုးထောင် ခေါင်းခါသည်၊

"မကြည့်လိုက်ရဘူး၊ မိန်းမလုကျွန်းဘက် ထင်းသွားတိုက်နေလို့ လွဲသွားတယ် အစ်ကိုကြီးရာ၊ ပွဲကြီးပွဲကောင်း လွဲသွားတာပါ"

စောကြာရှိးသည် နောက်ဆုံးလက်ကျန် ဓနိရည်ကို တစ်ကျိုက်တည်း မော့၍ပစ်လိုက်ပြီး နှုတ်ခမ်းစတွင် ပေနေသော ဓနိရည်ကို လက်ခုံဖြင့် သုတ်သည်၊

"ကဲကွာ - တစ်ကွက်တော့ ပြခဲ့မယ်၊ ခု ငါသောက်ထားတဲ့ ကြွက်ကြော်နဲ့ ဓနိရည်ဖိုး မင်းတို့ရှင်းမလား"

"စိတ်ချ - ရှင်းမယ် အစ်ကိုကြီး"

ဖိုးထောင်သည် ခပ်သွက်သွက်ပင် ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်၊

စောကြာရှိးသည် ခပ်သွက်သွက်ပင် တစ်ချက်ပြုံးလိုက်ပြီး -

"ဟုတ်ပြီ - ဒါမျိုးမှ ကြိုက်တာ၊ ဒီလို ဝါးကျည်တောက်ဓနိရည်ခွက်ကြီးထဲကို ငါကိုယ်လုံးဝင်ပြီး ပျောက်ပြမယ်၊ ကျေနပ်ပြီလား - ပြော"

"ကျေနပ်ပါတယ် ခင်ဗျ"

"ပြပါ ကျေနပ်ပါတယ် ဦးကြာရှိး"

ဓနိရည်ဆိုင်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်၊ စောကြာရှိးသည် လုံချည်ကို ဝတ်ထားခြင်းဖြစ်သည်၊ ထိုစဉ်ဆိုင်ထဲသို့ လူ တဖြည်းဖြည်း များလာသည်၊ စောကြာရှိး ပြကွက်ဆန်းတစ်ခုကို ပြသတော့မည်ဆို၍ ထူးခြားသောသတင်းထူးတစ်ပုဒ်ပမာ လျင်မြန်စွာ ပြန့်နှံ့သွားခြင်းဖြစ်ရာ လူစုလူဝေး ဖြစ်လာခြင်းပင်၊

စောကြာရှိးသည် လုံချည်ကို ခါးတောင်းမြှောင်နေအောင် ကျိုက်လိုက်သဖြင့် ဖြူဖွေးသောအသားအရည်၊ ဘုတ်ခိုင်သောခန္ဓာကိုယ်က ပေါ်လာသည်၊ သူသည် ဓနိရည်ထည့်သော ဝါးကျည်ကြီးကို စားပွဲအလယ်သို့ ရွှေ့လိုက်ပြီး နှုတ်မှ ဂါထာတစ်ပုဒ်ကို စတင်ရွတ်ပွားလေတော့သည်၊

"ဥုံ..."

နှစ်မိနစ်ခန့်ကြာသွားသည်၊ ထို့နောက်...

"ကဲ - အားလုံးကြည့်ကြတော့၊ ကျုပ်က ဟောဒီဝါးခွက်ထဲ ဝင်ပြမယ်"

သူသည် ညာခြေကို စတင်ကာ ဝါးကျည်တောက်အဝပေါ် တက်နင်းလိုက်သည်နှင့် ဒူးဆစ်မြုပ်အထိ ကျည်တောက်ထဲသို့ ခြေတစ်ချောင်းလုံး လျှောခနဲဝင်သွားသည်၊ ဆိုင်ထဲမှလူအားလုံး "ဟာ" ခနဲ "ဟင်" ခနဲ ဖြစ်သွားသည်၊ ဝါးကျည်တောက်အဝ ကျဉ်းကျဉ်းကလေးထဲသို့ ခြေတစ်ချောင်းလုံး ဝင်သွားရာမယုံကြည်နိုင်စရာ မဟုတ်လား၊

သို့သော် နောက်ထပ်ခြေတစ်ချောင်းထပ်ထည့်လိုက်သည်၊ တဖြည်းဖြည်းကျုံ့ဝင်သွားကာ ဒူးဆစ်မြုပ်၍ ပျောက်သွားသည်၊

အားလုံး စကားမပြောနိုင်၊ အံ့ဩတကြီးကြောင်ကာ ငေးကြည့်နေမိကြသည်၊ ထို့နောက် တဖြည်းဖြည်း နိမ့်ဆင်းဝင်သွားရာ ခါး၊ ခါးမှ ရင်ညွန့်၊ တဖြည်းဖြည်း နိမ့်ဆင်းဝင်ရောက်သွားသည်၊

"အံ့ဩစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ထူးဆန်းလိုက်တာ"

စောကြာရှိး၏ ခန္ဓာကိုယ်သည် ဝါးတချည်တောက်တွင်းသို့ နှံနစ်သကဲ့သို့ တဖြည်းဖြည်းဝင်ရောက်သွားရာ ရင်ညွန့်မှတစ်ဆင့် လည်ပင်းသို့ရောက်လာသည်။ ထိုအချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပျောက်သွားကာ ဦးခေါင်းတစ်လုံးသာ ဝါးကျည်တောက်ပေါ်တွင် သွားအဖြဲသားနှင့် တန်းရစ်နေသည်၊ ခေါင်းပြတ်ကြီးတစ်လုံး တင်ထားသကဲ့သို့ဖြစ်ကာ ကြည့်နေရင်းမှာပင် မြင်ကွင်းထဲမှ ဖျတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

"တာ - ပျောက်သွားပြီဟေ့"

"တစ်ကိုယ်လုံး ပျောက်သွားပြီကွ၊ လိုက်ရှာကြဟေ့"

ထိုအခါမှ ဖိုးထောင်နှင့် သူငယ်ချင်းတစ်စုသည် အသက်ဝင်လာသလို နေရာမှထကာ ခနီရည်ကျည်တောက်ကို တိုင်ကြည့်ကြ၊ လှန်ကြည့်ကြ၊ အလုပ်ရှုပ်သွားကြတော့သည်။

"ဦးစောကြာရှိး - မရှိတော့ဘူး"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားမဆိုနိုင်ကြောင်အငေးမော ရင်သပ်ရှုမော အံ့သြ။

"ရှာမှရှားတဲ့ ဦးစောကြာရှိးပဲဟေ့"

"တစ်လောကလုံးမှာ တစ်ယောက်ပဲ"

"တစ်ကိုယ်လုံး ပျောက်သွားတာ"

အတန်ကြာမှ အသက်ဝင်လာကာ တစ်ယောက်တစ်ခွန်း ပြောလာကြခြင်းဖြစ်သည်၊ ထိုအချိန်တွင် အလင်းရောင်ပျောက်စပြုလာလေပြီ။

■

သည်လိုနှင့် လပေါင်းအနည်းငယ်ကြာသွားသည်၊ စောကြာရှိးသည် ရွာ့မိတ်ဆွေအချို့နှင့်မြို့ပေါ်တက်လာသည်။ လှေတစ်တန် ခြေကျင်တစ်တန်နှင့် ချောင်းအသွယ်သွယ် တောလမ်းအချို့ကို ဖြတ်သန်းလာရခြင်းဖြစ်သည်၊ ယနေ့ခေတ်လို ရေလမ်းခရီး တွင်တွင်ကျယ်ကျယ် မရှိသေးသောကာလ၊ ကားလမ်းခရီးဆို လျှင် မစဉ်းစားဝံ့ သေးသောကာလဖြစ်သည်၊ စောကြာရှိးနှင့် မိတ်ဆွေနှစ်ယောက်သည် လက်ခတ်လှေကလေးတစ်စီးဖြင့် ဘိုကလေးမြို့ပေါ်သို့ လယ်ယာထွက်ကုန်များ တက်ရောက်ဝယ်ယူကြခြင်း ဖြစ်သည်၊

စောကြာရှိးသည် သူ၏ ဘဝသက်တမ်းတစ်လျှောက် ဤအကြိမ် မြို့ပေါ်သို့ တက်ရောက်လာခြင်းသည် တတိယအကြိမ်ပင်၊ သည့်အတွက် သူ့အတွက် ကြီးမားသော ဆုလဒ်ကြီးတစ်ပါးဟု ဆိုက မှားမည်မဟုတ်ပေ၊ သူသည် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်ကာ လယ်ယာထွက်ကုန်ပစ္စည်းတွေဝယ်၊ လှေပေါ်တင်ပြီး အချိန်အားလျှင် မြို့လယ်ရုပ်ရှင်ရုံတွင် ရုပ်ရှင် ဝင်ကြည့် လိုက်သေးသည်၊ ဆရှတ်ခေါက်ဆွဲ ဆိုင်မှာ အရက်ဝင်သောက်၊ ခေါက်ဆွဲကြော်စားလိုက်သေးသည်၊

တနင်္ဂနွေနေ့ လည်းဖြစ်သဖြင့် ကျောင်းပိတ်၊ ရုံးပိတ်ရက်ဖြစ်ကာ စည်ကားကားဖြစ်နေသည်၊ ဘိုကလေးသင်္ဘောဆိပ်သည်လည်း ဆိပ်ကမ်းမြို့ဖြစ်သည့်အလျောက် စည်ကားလှသည်၊ တစ်မနက်ခင်းလုံး လည်ပတ်မွှေနှောက်ပြီး စောကြာရှိးသည် မြို့လယ်ကောင် အောင်စကြာဘုရားပေါ် တက်ဖူးသည်၊

ဘုရားပေါ်မှ ပြန်ဆင်းလာတော့ နွမ်းလှဲ့ပေပြီ၊ သူ ဘယ်သွားရလျှင် ကောင်းမည်လဲဟု တွေးနေမိသည်၊ သူ့နှင့်အဖော်နှစ်ယောက်ကတော့ တစ်နေရာသို့ ထွက်သွားပြီ၊ တစ်ခုခုစား သောက်ပြီး လှေဆိပ်သို့ဆင်း၍ နားနေလျှင် ကောင်းမည်ဟု ဆုံးဖြတ်ကာ လှေဆိပ်သို့ ထွက်လာသည်၊

မြို့ကလေးသည် တောတ်တောက နေရောင်ခြည်အောက်တွင် ဣန္ဒြေရရှာ ငြိမ်သက်နေသည်။ မြို့ကလေးလှေဆိပ်နှင့် သူလျှောက်လှမ်းနေရာ တောလမ်းမသည် အတန်ငယ် ရှင်းလင်းလှသည်၊

ထိုစဉ် သူ၏ ရှေ့တူရူဆီမှ လူအုပ်စုတစ်စု မျက်နှာချင်းဆိုင် လျှောက်လာသည်၊ သူ့လိုပဲ ကရင်လူမျိုးတွေ ဖြစ်ပုံရသည်၊ နည်းနည်းတော့ စကားစမြည်ပြောကြည့်လေမှ၊ မိတ်ဆက်လေမှ၊

အနားရောက်တော့ ကရင်လူမျိုးတွေ ဖြစ်ပုံရသည်၊ ခေါင်းပေါင်းပေါင်းထားသော မိန်းမကြီးတစ်ယောက်လည်း ပါသည်၊ အားလုံး လူလတ်ပိုင်းတွေချည်း၊ မျက်နှာချင်းဆိုင်မိတော့ နှုတ်ဆက်စကားပြော၊ ခင်မင်လိုဟန်ရှိသဖြင့် စောကြာရှိး ဝမ်းသာသွားသည်၊

သူတို့ကို ပညာစွမ်းတစ်ခုခုပြလေမှပဲ၊ ပြကွက်ဆန်းတစ်ခုခုပေါ့၊

စောကြာရှိးသည် ထိုအုပ်စုနှင့် မျက်နှာချင်းဆိုင်မိလိုက်သည်နှင့် —

"ဝေး - နင်တို့ ဘယ်က လာသလဲဝေ့"

ကရင်သံနှင့် အော်ပြောလိုက်တော့၊

တစ်ယောက်က ...





www.burmeseclassic.com

www.burmeseclassic.com

"ဝေး - ဘုရားကျောင်းက ဝတ်ပြု ပြီး လာသဝေး"

ယောက်ျားကြီးတစ်ယောက်က ဝင် ဖြေသည်။ မျက်နှာချင်းဆိုင်ကာ ဆက် မသွားကြတော့ဘဲ ပြုံးစေ့စေ့ဖြင့် ရပ်နေ ကြခြင်းဖြစ်သည်။

"ဟုတ်လား - ဝတ်ပြုပြီးပြန်လာကြ တာပေါ့။ ဒီလိုဆို နင်တို့ဘုရားက ဘယ် မှာ နေတာတုံး၊ ပြောပြပါလား - ငါ သိ ချင်တယ်"

လူရည်လည်လည် အသက်ကြီး ကြီးတစ်ယောက်က ...

"ဟိုး - ကောင်းကင်ဘုံမှာဝေ့"

မိုးပေါ်ကို လက်ညှိုးညွှန်ပြသည်။

"ဒါဆို နင်တို့ဘုရားက လူအရှင် လတ်လတ်တနေ ကောင်းကင်ဘုံကို ခေါ်နိုင်ဘူးလား"

ဘုရားကျောင်းမှ ပြန်လာသော အုပ်စုသည် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ ဇဝေဇဝါကြည့်ကာ အဖြေရ ခက်နေကြကုန်သည်။ အုပ်စု ထဲမှတစ်ယောက်တော့ ဖြေသည်။

"အရှင်လတ်လတ် ဘယ်လိုလုပ် ခေါ်နိုင်မှာတုံး"

စောကြာရှီးသည် တစ်ချက်ပြုံး လိုက်သည်။

"အေး - ငါတို့ဗုဒ္ဓဘာသာဘုရား ကတော့ ခကောင်းကင်ဘုံကို အရှင်လတ် လတ်ကြီးကို ခေါ်နိုင်သဟေ့၊ ကြည့်ကြ မလား"

တစ်ဖက်အုပ်စုသည် တစ်ယော မျက်နှာ တစ်ယောက် ကြည့်ကြကု သည်၊ အားတက်သရော မျက်နှာရိ များဖြင့် တပြုံးပြုံးဖြစ်သွားကြကာ ...

"ကြည့်မယ်"

"ကြည့်မယ်ဟေ့"

"အေး - ကောင်းကင်ဘုံကိုတက် စမ်းဝေ့"

ရိုးစင်းသောကရင်လူမျိုးများ ရိုးသားစွာပင် ကတိအတိုင်း ပြန်ဖြေ လေ၏။

စောကြာရှီးသည် မျက်နှာကိုတည် တည်လုပ်ပစ်လိုက်သည်။

"ဒီအတိုင်း တက်လို့မဖြစ်ဘူး ကောင်းကင်က နတ်မင်းတွေကို ပူဇော် ရဦးမှာ။ ဒီတော့ ငှက်ပျောသီးမှည့် ကောင်းကောင်း သုံးဖီး၊ ပိုက်ဆံငွေ သုံးပြား ပေးရမယ်၊ ပူဇော်ရမယ်။ တော့ ကောင်းကင်ပေါ်ကိုတက်ဖို့ ကောင်းကောင်းရှည်ရှည်တစ်ချော ရှာခဲ့ကြ၊ ကြိုးရှည်ရှည်နော်"

"အေး - ဟုတ်ပီ၊ ပြောတဲ့အတို နော်၊ သေသေချာချာ လုပ်ကြပါ"

"ကောင်းပါပြီ - ရှာခဲ့ပါ"

ကရင်အုပ်စုထဲမှ ယောက်ျားနှစ် ယောက်ထွက်သွားသည်၊ စောကြာရှီး သည် ကျန်ရှိသည့် ကရင်လူမျိုးများနှင့် ဆက်လက်စကားလက်ဆုံကျရင်း ကျန် ရစ်ခဲ့သည်။

နေရောင်ခြည်သည် တဖြည်းဖြည်း ဖြိုးလင်းစပြုလာသည်။ ပတ်ဝန်းကျင် သည် တောရိပ်၊ လယ်ရိပ်ဖြင့် တိတ်ဆိတ် ငြိမ်သက်လျက်၊ မြို့၏ ဈေးနှင့်နီးသဖြင့် လူသွားလူလာတော့ရှိသည်။ လူမပြတ် ပေ၊ နာရီဝက်ခန့်ကြာသောအခါ ထွက် သွားသောလူနှစ်ယောက် ပစ္စည်း စုံစုံ လင်လင်နှင့် ပြန်ရောက်လာလေသည်။ သူ လိုချင်သမျှ ပစ္စည်းပစ္စယများကို လိုလားယုံကြည်စွာ ရှာဖွေဝယ်ယူလာ ကြခြင်း ဖြစ်သည်။

"ဟုတ်ပြီ - ကြိုးရှည်ရှည်နော်"

စောကြာရှီးသည် အုန်းဆံကြိုးခွေ ကြီးကိုကိုင်ကာ လက်ဖြင့် ဆကာဆကာ ကြည့်ရင်း ...

"ကဲ - ကောင်းကင်ပေါ်တက်တော့ မယ်"

ထို့နောက်ငှက်ပျောဖီး၊ အုန်းသီးနှင့် ပိုက်ဆံ ငါးမတ်ကို လွယ်အိတ်နက်ကြီး ထဲ စုထည့်ကာ လွယ်ပိုးပြီး လက်အုပ်ချီ တန်တော့၊ ဂါထာမန္တန်တွေ ရွတ်ဖတ်



လက်ထဲမှာ ဆုပ်ကိုင်ထားသော
နားရွက်တစ်ဖက်ကို
ဖျာပေါ် အသာချလိုက်၏။
နားရွက်ပြတ်ကြီးသည် သွေးမထွက်ဘဲ
သွေးတစ်စက်မျှ မစွန်းပေဘဲ
ဖျာပေါ်မှာ တဖျပ်ဖျပ်ခုန်၍
နေလေသည်။
ပိုက်ကွန်ထဲမှ ငါးတစ်ကောင်လို
ခုန်နေခြင်းပင်တည်း ...

www.burmeseclassic.com

ရလာတော့သည်၊ တစ်ဖက်အုပ်စုသည် တုတ်တုတ်မျှမလှုပ်၊ ငြိမ်သက်အကဲခတ်လျက်၊ သည်လိုနှင့် လမ်းသွားလမ်းလာတွေ တဖြည်းဖြည်း စုဝေးလာကြသည်၊ စိတ်ဝင်စားလာကြသည်၊

ငါးမိနစ်ခန့် ရှိုးပွဲဖော်ပြီးသောအခါ ရပ်တန့်လိုက်သည်၊ ထို့နောက် အုန်းဆံကြိုးခွေကိုဖြေကာ မိုးပေါ်သို့ ပစ်တင်လိုက်သည်၊ အုန်းဆံကြိုးအစများသည် အပေါ်သတ်မှ လူတစ်ယောက် ဆွဲတင်လိုက်သတဲ့သို့ ဖြောင့်ဖြောင့်မတ်မတ် ထတ်သွားလေသည်တကား၊

"ဟာ"

"တင်"

"အိုး - မိုင်ဂေါ့"

အုန်းဆံကြိုးတစ်ခွေလုံး ဆုံးသွားပြီး နောက်ဆုံး လက်တချန်အဖျားစလေးသာ စောကြာရိုး၏ ရင်ညွှန့်နှင့် တစ်တန်းတည်းမျှသာ ကျန်တော့သည်၊ ကြိုးစသည် လေထဲတွင် တန်းလန်းဖြစ်နေတာ ကျန်သည့်ကြိုးစသည် ကောင်းကင်ပြာပြာ၊ မိုးတိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်နေတော့သတည်း။ နေရောင်ခြည်သည် ကြိုးစကို တောက်ပစွာ ထိန်းလျက်၊

"အံ့သြစရာပဲကွယ့်"

ကရင်အဖိုးကြီးသည် ကွမ်းပင် ဆက်မဝါးနိုင်၊ အံ့သြတကြီးဖြင့် ကောင်းကင်းကို မော့ကြည့်နေသည်၊ ဘာသာခြားများ အံ့သြတကြီး၊ ပါးစပ်အဟောင်းသား စကားပင် မဆိုနိုင်ကြပဲ ကြိုးစဆုံးရာ ကောင်းကင်ဆီသို့ ငေးမောကြည့်နေကြသည်၊ တိမ်ထဲတွင် ထိုးဖောက်ဝင်ရောက်သွားသောကြိုးစသည် လေအဝေးတွင် ဇော့ယမ်းနေပေသည် တကား၊

"ကြည့်ကြ - မိတ်ဆွေများတို့၊ ကောင်းကင်က ဘုရားကို ဘာများ မှာကြားကြဦးမှာလဲ - ပြောကြ - ပြောကြ"

တစ်ယောက်တစ်ခွန်း ရှုည်းသွားကြပြန်သည်၊

"ဩော် - ဩော် - နေပူလာပြီဗျ - ထီးကလေးဆောင်းဦးမှ"

ပြောပြောဆိုဆို ပစ္စည်းထည့်ထားသော လွယ်အိတ်အနက်ကြီးကို လွယ်၊ ဖိနပ်ကိုချွတ်၊ ထီးဆောင်းကာ စောကြာရိုးသည် လက်တစ်ဖက်က ကြိုးစကို ဆွဲကာဆွဲကာ ကြိုးအတိုင်းကောင်းကင်ပေါ်သို့ သွက်လက်လျင်မြန်စွာ တက်သွားလေသည်၊

"ဟေး"

"ဝေး - ဝေး -"

"လူထူးလူဆန်းပဲဟေး -"

"အာဂလူ - အာဂလူ -"

"ဝမ်းဒါးဖူးလ်"

"အိုး - မိုင် - ဂေါ့"

ပခုံးတစ်ဖက်က ပစ္စည်းထည့်ထားသော လွယ်အိတ်ကြီး၊ တစ်ဖက်က ထီးနက်ကြီးကို ဆောင်းကာ ကြိုးစအတိုင်း ကောင်းကင်သို့ လျင်မြန်စွာ တက်သွားသောစောကြာရိုးကို အောက်မှ ညာသံပေးကာ ဝိုင်းဝန်းအော်ဟစ်ကြကုန်သည်၊ သူတို့အားလုံး လေဖြတ်သူတွေလို၊ အံ့သြတုန်လှုပ်စရာ မြင်ကွင်းကြီးတစ်ခုကို မြင်လိုက်ရသူတွေလို ငေးကြောင်သူကြောင်၊ မှင်တက်သူတက်နှင့် ရှပ်သုက်ခတ်သွားခြင်း ဖြစ်ပေသည်၊ တကား၊ သူတို့၏ဘဝတစ်လျှောက်တွင် လေဟာပြင် ဗလာကျင်းသော နေရာ၏ ကောင်းကင်ပြင်ထဲတွင် အတွယ်အတာမရှိ ကြိုးတစ်ချောင်းတင်နေပြီး ထိုထိုသောကြိုးအတိုင်း လူတစ်ယောက် ကောင်းကင်ဘုံကိုတက်သွားသည့်ကိစ္စသည် ဖြစ်တောင့်ဖြစ်ခဲကိစ္စတစ်ခုပင်၊

"ဝေး - ဟေး - ဟေး -"

"ဖြောင်း - ဖြောင်း - ဖြောင်း"

စောကြာရိုး၏ ကိုယ်လုံးကလေးသည် တဖြည်းဖြည်းတဖြေးဖြေး တိုးတက်သွားရာမှ နောက်ဆုံးတွင် မိုးတိမ်တွေကြားထဲသို့ဝင်ရောက်ကာ လုံးဝပျောက်ကွယ်သွားလေသည်၊ သူ၏ ခန္ဓာကိုယ် မိုးတိမ်ကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက်တည်းမှာပင် အုန်းဆံကြိုးတစ်ချောင်းလုံးသည် တက်သွားသောနေရာဆီသို့အခွေလိုက် အပုံလိုက် ပြန်ကျလာလေသည်၊

"ဟုတ်တယ်ဟေ့ - ကြိုးကြီးကျလာပြီ"

"လူက မရှိတော့ဘူး"

"ဘုရားကယ်တော်မူပါ"

အောက်ဘက်တွင် လူတွေတဖြည်းဖြည်း များလာလေသည်၊ သူ့ထက်ငါ အလုအယက် ငြင်းခုန်ပြောဆိုကြကာ ကြိုးခွေကို ကိုင်ကြည့်သူကြည့် ကောင်းကင်ကို မော့ကြည့်သူကြည့်နှင့် ရှုပ်ယှက်ခတ်သွားတော့သည်၊

ထိုစဉ် ရှုည်ပွက်လောရိုက်တာ ငြင်းခုန်နေသောနေရာဆီသို့ ငှက်ပျောသီးတစ်ဖီး ကိုင်ထားသော လူတစ်ယောက် ရောက်လာသည်၊ ထိုသူသည် စုစုဝေးဝေးပြောဆို ငြင်းခုန်နေသောအုပ်စုကိုကြည့်ကာ ပြုံးစေ့စေ့ဖြင့် -

"ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲ"

www.burmeseclassic.com

လူအုပ်ထဲမှ တစ်ယောက်က ...

"လူတစ်ယောက် ကြိုးတစ်ချောင်းနဲ့ တွယ်တက်ပြီး ကောင်းကင်ပေါ်တက်သွားလို့ဗျ။ တိမ်တွေကြားထဲကို ဝင်သွားတာမှ ပျပျကလေး ထင်ထင်ရှားရှားပဲဗျာ - အံ့ပါရဲ့"

ထိုအခါမှ ငှက်ပျောသီးကိုင်ထားသူသည် ဟက်ဟက်ပက်ပက်ရယ်မောလေတော့သည်။

"အဲဒီလူ - ကောင်းကင်ပေါ်က ပြန်ဆင်းအလာကို ခင်ဗျားတို့ကို စောင့်နေကြတာလား"

"ဟုတ်တယ်ဗျို့"

"မစောင့်နဲ့တော့ဗျ...သူ အိမ်ပြန်သွားပြီ"

အားလုံးအံ့သြကာ ကြောင်စီစီဖြစ်သွားကြသည်၊ ထိုသူထံဆီသို့ အကြည့်စူးစူးတွေ ရောက်လာသည်၊

"ကျုပ်ပြောတာကိုယုံပါ၊ သူ့နာမည် စောကြာရှီးလို့ခေါ်တယ်၊ သူက ထူးဆန်းတဲ့လူထူးလူဆန်းတစ်ယောက်၊ သူ့မှာ စွမ်းရည်ထူးတွေရှိတယ်၊ သူ ရွာကို ပြန်သွားပြီ၊ ဒီမှာ သူပေးသွားတဲ့ ငှက်ပျောသီးတစ်ဖီး၊ သူက ကျွန်တော်တို့ရွာသားပါ၊ သူက လူတွေကို ထူးထူးဆန်းဆန်းလေးတွေလုပ်ပြတတ်တယ်။ မကြာခဏ လုပ်ပြလေ့ရှိတယ်၊ သူ လူတွေကို လှည့်စားပြီး မကြာခဏ လုပ်ပြလေ့ရှိတယ်၊ သူ ခင်ဗျားတို့ကိုခု - လှည့်စားပြီးကျီစယ်သွားတယ်၊ လူလိမ်မဟုတ်ဘူးနော်၊ ခုဆို လှေဆိပ်တောင် ရောက်လုပြီပေါ့"

အားလုံး တအံ့တသြ ဖြစ်သွားကြသည်၊ ရင်သပ်ရှုမော...

"ဟာ"

"ဟင်"

"လူထူးလူဆန်းပဲဗျို့"

"ကျုပ်တို့ရှေ့တင် ကောင်းကင်ပေါ်ကို တက်သွားတာ၊ ကြိုးနဲ့ခိုပြီး တက်သွားတာ မယုံနိုင်စရာပဲ"

"ဟုတ်တယ် - လမ်းမှာ ကျွန်တော်နဲ့တွေ့လို့ ခင်ဗျားတို့ပေးလိုက်တဲ့ ငှက်ပျောဖီး၊ ကျွန်တော့်ကို ဟိုလူတွေကိုသွားပြီး ရှင်းပြလိုက်ပါဆိုလို့ လာရှင်းပြတာ၊ ကဲ - ကျုပ်လည်း ဈေးဝယ်ဖို့ သွားလိုက်ဦးမယ်ဗျို့"

■

နွေနှောင်းကာလ ရာသီတစ်ရက်၊ ဘိုကလေးခရိုင်မှ ဌာနာအုပ် စိန်ရောင်နှင့် အဖွဲ့သည် ကွမ်းသီးချောင်းရွာကလေးဆီသို့ ရောက်လာကြသည်၊ ပုလိပ်အဖွဲ့သည် မီးသွေးခိုးဖုတ်သော အဖွဲ့ကိုလာရောက်စုံစမ်းရင်း ရွာကလေးသို့ဝင်ရောက်လာခြင်းဖြစ်ပေရာ သူကြီးကအိမ်ရှင်ပီပီမနေသာတော့၊ ဧည့်ခံပြုစုရတော့သည်၊ ဌာနာအုပ်နှင့်အတူ ပုလိပ်အဖွဲ့သားငါးယောက်တိတိသည် သူကြီးနှင့်တွေ့သည်နှင့် အရက်၊ အပျော်အပါး၊ အစားအသောက်စီရင်ရန်သာ ဦးစွာတောင်းဆိုသည်၊ ဤသည်မှာ ကိုလိုနီပုလိပ်တို့၏ အကျင့်ဆိုးပင် ဖြစ်သည်၊ အရက်ကလေးတမြမြနှင့် ရေချိန်ကိုက်လာပြီဆိုလျှင် ရွာထဲမှ မိကောင်းဖခင်သားသမီးများကို အရက်ခိုးဝေနေသော တဏှာရာဂမျက်လုံးဖြင့် ခပ်ရိုင်းရိုင်းကြည့်တတ်သူများ ဖြစ်သည်၊

သူကြီးဦးသာခေါင်းအိမ်ပေါ်သို့ ဌာနာအုပ် စိန်ရောင်ရောက်သည်နှင့် သည်တစ်ခါတော့ တော်တော်ထူးခြားသည်ဟု ဆိုရမည်၊ ခါတိုင်းလို အရက်၊ မိန်းမ၊ လာဘ်လာဘမတောင်း၊ ထို အချက်က ထူးခြားသည်၊ သည့်အတွက်လည်း သူကြီးအဖို့ စိတ်စနိုးစနောင့်ဖြစ်စရာပင်၊

"သူကြီးရေ..."

"ဘာလဲ - ကိုစိန်ရောင်"

"ခင်ဗျားတို့ရွာမှာ လူထူးလူဆန်း တစ်ယောက် ရှိတယ်ဆိုဗျ"

သူကြီး၏မျက်နှာသည် အနည်းငယ်ပြေလျော့သွားသည်၊ ပုလိပ်များသည် ခါတိုင်းလို ဒုက္ခမျိုးစုံပေးရန် ရောက်လာတတ်ပေရာ သည်တစ်ခါတော့ နည်းနည်းထူးခြားသည်ဟု ထင်ကာ စိတ်သက်သာရာ ရသွားခြင်းသာဖြစ်သည်၊

"ကိုကြာရှီးကိုပြောတာ ထင်ပါရဲ့ စောကြာရှီးလား"

ဌာနာအုပ်စိန်ရောင်သည် အရက်ခွက်ထဲမှ လက်ကျန်ကို မော့လိုက်ပြီး နှုတ်ခမ်းကို လျှာဖြင့် ပွတ်လိုက်သည်။

"ဟုတ်တယ် - ဟုတ်တယ် - စောကြက်ရှီးလား - စောကြာရှီးလားတော့ မသိ"

သူကြီးသည် အနည်းငယ် ပြုံးစေ့စေ့ဖြစ်သွားသည်၊ ဌာနာအုပ်သည် ကြက်ကင်တစ်ဖတ်ကို အားရပါးရ ကောက်ကာမြည်းသည်၊

"ဒီလူ - ခု ဒီရွာမှာ ရှိသလား"

"ရှိပါတယ် - မနက်ကတောင်ရွာထဲမယ် တွေ့လိုက်သေးတယ်ဌာနအုပ်"

"တွေ့ချင်သေးတယ် ခေါ်ပေးဗျာ"

"ရပါတယ်"

www.burmeseclassic.com

သူကြီးသည် နေရာမှထကာ ခပ်လှမ်းလှမ်းတွင် ရပ်နေသော လူငယ်တစ်ယောက်ကို လှမ်းခေါ်လေသည်၊

"ရွှေအိုးရေ - စောကြာရှိးကို ခဏသွားခေါ်ကွာ၊ ငါ ခေါ်နေတယ်လို့"

"ဟုတ်ကဲ့ - အဘ"

လူငယ်ကလေးက သွက်လက်စွာထွက်သွားသည်၊ ဌာနာအုပ်နှင့် ပုလိပ်သားအဖွဲ့သည် ရှည်စွာသောက်စားရင်းစောင့်ဆိုင်းနေခဲ့သည်၊

ခဏကြာတော့ လူငယ်ကလေးနှင့်အတူ စောကြာရှိး ပါလာသည်၊ စောကြာရှိးသည် လုံချည်တိုတိုဝတ်ကာ မြဲထဲတွင် အလုပ်လုပ်နေဟန် ရှိသည်၊ သူကြီးက အရေးတကြီးရှိသဖြင့် ခေါ်ရာအလျှင်းစားယားလိုက်လာခြင်းဖြစ်ရာသည်ရောက်တော့ ပုလိပ်အဖွဲ့ကို တွေ့၍ တစ်ချက်မျှ မျက်မှောင်ကြုတ် ကြည့်လိုက်မိသည်၊

သူကြီးသည် စောကြာရှိးကို မြင်မျှင်မြင်ချင်းပင် ...

"လာဟေ့ - စောကြာရှိး၊ ဒီမှာ မင်းတို့ ဌာနအုပ်က တွေ့ချင်လို့တဲ့"

စောကြာရှိးသည် အရက်ဝိုင်းရှေ့တွင် ရုတ်တရက်ရပ်လိုက်သည်၊ ဌာနအုပ်က စောကြာရှိးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ထိုင်ပါဦး - နည်းနည်းပါးပါးသောက်ပါဦးဟုပင် လောကဝတ်ပင်မပြုဘဲ ...

"မင်းက စောကြာရှိးဆိုတာလား"

"ဟုတ်တယ် - စောကြာရှိးဆိုတာ ကျုပ်ပဲ"

သူကြီးသည် စောကြာရှိးကိုတစ်လှည့်၊ ဌာနာအုပ်ကိုတစ်လှည့်စီကြည့်ကာ စိုးရိမ်ပူပန်နေဟန်တူသည်၊ စောကြာရှိး၏ မဟုတ်မခံ၊ ဆတ်ဆတ်ကြဲစိတ်ကိုလည်း သိနေသည် မဟုတ်ပါလား၊

ဌာနာအုပ်သည် မာဆတ်ဆတ်ပြောလိုက်သော စောကြာရှိးကိုမျက်လုံးတစ်ချက် စောင်းစွေကာ အရက်မိုးဝေသော ပမာခန့်အကြည့်နှင့် ပြောသည်၊

"မင်းကတော့ သတင်းတော်တော်ကြီးနေတာပဲကွ"

"ဘာသတင်းလဲဗျ"

"မင်းရဲ့ ထူးခြားဆန်းကြယ်တဲ့ ပြကွက်ဆန်းကြောင့်ပေါ့ကွ"

စောကြာရှိး ဆက်မပြော၊

"အဲဒါတွေက တကယ်ပဲလား၊ လိမ်ဆင်တွေလား"

စောကြာရှိး မျက်နှာတစ်ချက် တင်းသွားသည်၊ ကျေနပ်ပုံမရ၊



"ကျုပ် ကရင်လူမျိုး၊ မဟုတ်တာမလုပ်ဘူး၊ ဗမာတွေလို ကလိမ်ကကျစ်မဟုတ်ဘူး၊ ဒီပညာတွေကို ကျုပ်သင်ကြားခဲ့တာလည်းမဟုတ်ဘူး၊ ကျုပ်ပြချင်ရင် ပြချင်စိတ်ရှိရင် အလိုလိုဖြစ်ပေါ်လာတဲ့ စိတ်တန်ခိုးတွေ၊ ပြချင်စိတ်မရှိ ရင် ဘယ်လိုမှ ပြလို့မရဘူး၊ လူလိမ်မဟုတ်ဘူး ခင်ဗျ"

ဌာနာအုပ်လက်ထဲမှ ကြက်ကင်တစ်ဖတ်သည် ရုတ်တရက် ပြုတ်ကျသွားသည်၊ ကျန်ပုလိပ်သားအုပ်စုသည် အစာချောင်းနေသော မြေခွေးများ၏ မျက်လုံးဖြင့် စောကြာရှိးကို လှမ်းကြည့်ကြသည်၊ မာဆတ်ဆတ်အပြောကို ကျေနပ်ပုံမရ၊ ဒါပေမဲ့ ဌာနာအုပ်က မျက်နှာကြီးတစ်ချက် နီရဲသွားသော်လည်း တိုယ်ရှိန်သတ်လိုက်သည်၊ "ဟဲ" ခနဲတစ်ချက်ရယ်သည်၊ သူကြီးသည် မျက်စိမျက်နှာပျက်ကာ ထရံကိုမှီ လျက်အရုပ်ကြီးတစ်ရုပ်လိုပြူးကြောင်ကြောင်လှုပ်မယှက်ထိုင်နေသည်၊

ဌာနာအုပ်၏မျက်နှာသည် နီရဲရာမှ ညည်းပုပ်ပုပ်ကြီးဖြစ်လာကာ...

"မင်းရဲ့ အစွမ်းအစတစ်ခုကို ကြည့်ချင်မြင်ချင်လို့ပဲ၊ မင်း - အခု ပြနိုင်မလား"

စောကြာရှိးသည် စားလက်စအစားအသောက် စုံစုံလင်လင် အခင်းအကျင်းကို တစ်ချက်ငေးစိုက်ကြည့်လိုက်သည်၊

"ပြနိုင်ပါတယ်"

ဌာနာအုပ်သည် ပေစောင်းစောင်းဖြင့် မျက်လုံးတစ်ချက် လှန်ကြည့်သည်၊

"ဒါဖြင့် - တစ်ကွက်ပြကွာ - လုပ်"

စောကြာရှိးသည် အပြုံးတစ်ချက်ကို သိပ်သည်းစွာ ပြုံးလိုက်သည်၊ လောကဝတ်တစ်ချက်မျှပင်မရှိသော ဌာနာအုပ်ပုလိပ်ကို တစ်ချက်စိုက်ကြည့်လိုက်သည်၊

"ကျုပ်ကို အရက်တစ်ခွက်တိုက်"

ဌာနာအုပ်သည် မျက်လုံးတစ်ချက် လှန်ကြည့်သည်၊ ပုလိပ်သားတစ်ကောင်က အံ့ကြိတ်သည်၊ တစ်ယောက်က လက်သီးကို ဆုပ်ထားသည်၊ သူကြီးသည် ဖင်တကြွကြွဖြင့် ဖြစ်နေပြီ၊ သို့သော် ဌာနာအုပ်သည် တည်ငြိမ်စွာဖြင့် ပင်ပန်းကန်လုံးအလွတ်ဖြင့် အရက်တစ်ခွက်ငုံ့ထည့်ပေးပြီး လှမ်းပေးသည်၊ သို့သော် စောကြာရှိး မယူ...၊

"ဒီပန်းကန်လုံးနဲ့ မသောက်ဘူး၊ ခင်ဗျားသောက်တဲ့ ပန်းကန်လုံးနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ပုလိပ်သားတစ်ယောက်၏ "ဟာ ကွာ..." ဟုသောအသံ၊ နောက်တစ်ယောက်၏တောက်ခေါက်သံပြိုင်တူထွက်လာသည်၊ ဗွာနာအုပ်သည် နီရဲသောမျက်နှာပြကြီးကို တစ်ချက်ယမ်းခါလိုက်တာ ပါးရမိကြီးစွာ သည်းခံခြင်းတရားဖြင့် သောက်လက်စခွက်ထဲသို့ အရက်အပြည့်ထည့်တာ လှမ်းပေးသည်။

စောကြာရှိုးသည် လှမ်းယူကာ တစ်ကျိုက်တည်း မော့သောက်လိုက်၏။

"ကျွန်ုပ် ဝင်ထိုင်မယ်"

"ထိုင်ဝါ"

စောကြာရှိုးသည် ဗွာနာအုပ်နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်ကာ ဖန်ခွက်ကို အသာအယာပင် ချလိုက်သည်။ ဗွာနာအုပ်မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး ...

"ကျွန်ုပ် ခင်ဗျားရဲ့နားရွက်ကို ကိုင်မယ်နော် - ကျေနပ်ရဲ့လား"

ဗွာနာအုပ်သည် လိုလိုလားလား ပင်ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ တချို့ပုလိပ်သားများက စောကြာရှိုး၏ အပြုအမူကို မျက်တောင်မခတ် စိုက်ကြည့်နေကြလေပြီ၊

စောကြာရှိုးသည် ဗွာနာအုပ်ညာဘက်မှ အဆီပြန်နေသော နားရွက်ပြောင်ပြောင်ကြီးကို သူ့လက်တစ်ဖက်ဖျစ်ကာ ကိုင်လိုက်သည်။

"အား..."

ဗွာနာအုပ်၏အသံ၊ စောကြာရှိုးက ဆုပ်ထားသောလက်ကို ပြန်ရုတ်လိုက်၏။

"ကဲ - ခင်ဗျားနားရွက်ကို ပြစမ်းကြည့်လိုက်စမ်း"

ဗွာနာအုပ်သည် အယောင်ယောင်အမှားမှားဖြင့် သူ့နားရွက်ကို ပြန်စမ်းကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ရုတ်တရက် လန့်ဖျပ်ကာ...

"ဟင် - အမလေးဗျာ - ကယ်ပါဦး"

ဗွာနာအုပ်၏ညာဘက်နားရွက်ကြီး မရှိတော့၊ နားရွက်ပြတ်ကြီး၊ သွေးလည်း မထွက်၊ ငုတ်တိတိကြီး ပြတ်နေခြင်းပင်တည်း။

"ဟော့ကောင် - ငါ့နားရွက်တစ်ဖက်ကော - ပြန်ပေး"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့အားလုံး၏မျက်နှာတွင် လွှမ်းမိုးစွာ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်း၊ လေဖြတ်သူတွေလို ကြောင်ငေးငေးဖြစ်ကာ ဗွာနာအုပ်၏ နားရွက်တစ်ဖက်ပြတ်နေသောနေရာကြီးကို ကြည့်ကာ စကားမပြောနိုင်ကြ၊

စောကြာရှိုးသည် အောင်နိုင်သူအပြုံးမျိုးဖြင့် တစ်ချက်ပြုံးကာ -

"ဟောဒီမှာ - ခင်ဗျားနားရွက်"

လက်ထဲမှာ ဆုပ်ကိုင်ထားသော နားရွက်တစ်ဖက်ကို ဖျာပေါ် အသာချလိုက်၏။ နားရွက်ပြတ်ကြီးသည် သွေးမထွက်ဘဲ သွေးတစ်စက်မျှ မစွန်းပေဘဲ ဖျာပေါ်မှာတဖျပ်ဖျပ်ခုန်၍ နေလေသည်။ ပိုက်ကွန်ထဲမှငါးတစ်ကောင်လို ခုန်နေခြင်းပင်တည်း။

"အမလေးဗျာ - ကယ်ကြပါဦး"

ဗွာနာအုပ်သည် အစာနင်နေသော ကြက်ဖအိုကြီးတစ်ကောင်၏ အစ်တစ်တစ်အသံမျိုးကြီးဖြင့် ...

"ဟော့ - ဆရာ၊ ငါ့နားရွက်တစ်ဖက် ပြန်ပေးပါကွာ"

အားလုံးက ဖျာပေါ်မှာခုန်နေသော နားရွက်ပြတ်ကြီးကို အံ့ဩတကြီး ငေးကြည့်နေကြလေသည်၊ ထိုအခါမှ စောကြာရှိုးသည် နားရွက်ပြတ်ကြီးကို ဆတ်ခနဲကောက်ယူကာ -

"ကဲ - လာ ကျုပ်ပြန်တပ်ပေးပါ့မယ်"

စောကြာရှိုးက နားရွက်ပြတ်ကြီးကို ပြန်ဆက်ပေးရန် လက်ရွယ်ရင်း လက်ဝါးထဲမှ ဖြန့်ပြလိုက်၏။ နားရွက်ပြတ်ကြီးသည် လက်ဝါးထဲမှာပင် တဆတ်ဆတ် ခုန်နေသေးသည်၊ စောကြာရှိုး ဗွာနာအုပ်၏ နားရွက်ကို ပြန်တပ်ဆင်ပေးလိုက်သည်။

"ကဲ - ရပြီ - စမ်းကြည့်လိုက်ပါဦး"

ဗွာနာအုပ်က သူ့နားရွက်သူ ပြန်စမ်းကြည့်သည်၊ သို့သော်...

"ဟ - ပြောင်းပြန်ကြီး"

စောကြာရှိုး တပ်ဆင်လိုက်သော နားရွက်ကိုပြန်ကြည့်လိုက်မိသည်။ ရယ်ချင်စိတ်ကို မနည်းချုပ်တည်းထားရသည်၊ မှန်ပေသည်၊ နားရွက်ခွက်က ရှေ့ကို လှည့်ရမည့်အစား အနောက်ကို လှည့်နေသည်၊ ပြောင်းပြန်ကြီး ဖြစ်နေခြင်းပေတည်း၊ သူကြီးသည် ရယ်ချင်စိတ်ကို မျိုသိပ်ထားနေရသည်။

စောကြာရှိုးသည် အားရပါးရရယ်လေတော့သည်။

"ဟား - ဟား - ဟား - ဟီး - ဟီး - ဟီး - ပြောင်းပြန်ကြီး တပ်မိပြီ"

"ဟော့ - ဆရာ ပြန်တပ်ပေးဦး"

စောကြာရှိုးကို ဆရာတွေဘာတွေ ပင်ခေါ်သည်၊ စောကြာရှိုးသည်ရယ်မောလျက်ပင်၊

"အေး - ပြန်တပ်ပေးမယ်ကွာ - ဒါ ထမင်းပြန်စားလိုက်ဦးမယ်၊ ငါထမင်း

www.burmeseclassic.com

စားမယ်လုပ်တုန်း လာခေါ်လို့လိုက်လာတာ၊ငါတို့မိသားစု ငါးကလေးအိုးကပ်ရယ်၊ ငါးပိရည်ပျစ်ပျစ်ဖျော်ပြီး လက်ဆုံစားဖို့ ပြောထားကြတာ၊ ခု - နင်တို့အင်္ဂလန်ကေရာဇ်ရဲ့ထမင်းပွဲ လာစားပါစိတ်တောင် ငါ လိုက်မစားနိုင်ဘူး၊ သွားမယ်၊ ပြီးရင် ငါ ပြန်လာခဲ့မယ်၊ စိတ်ချ - တား - ဟား - ဟား - ဟေး - ဟေး - ဟိုး - တိုး - "

စောကြာရှီးသည် တုန်တုန်ယင်ယင် တယောင်ကတမ်း ဖြစ်နေသော ဌာနာအုပ်ကို လှောင်ပြောင်ရယ်မောတာ အိမ်ပေါ်မှ ဆင်းသွားလေသည်၊ ဌာနာအုပ်၏ နားရွက်ပြောင်းပြန်ကြီးကိုကြည့်ကာ သူကြီးသည် ရယ်ချင်စိတ်ကို ထိန်းချုပ်ခြင်းငှာ မစွမ်းသာတော့ဘဲ ခွက်ထိုးခွက်လှန် ရယ်မောလေတော့သည် တတား။

■

ယခုအချိန်မှာတော့ လူထူးလူဆန်း စောကြာရှီးသည် မရှိတော့ပြီ၊ ၁၉၈၀ ခုနှစ်၊ အသက်ရှစ်ဆယ်အရွယ်တွင် သူ ချစ်သော ကွမ်းသီးချောင်းရွာကလေးတွင် ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ပေပြီ၊ ခေတ်ပညာမတတ်သော မည်သည့်ဆရာကောင်းနှင့်မျှ မတွေ့ဆုံခဲ့ရလေသော စောကြာရှီးသည် ဤထူးဆန်းသော အတတ်ပညာများကို မည်သည့်နည်းနှင့်တတ်မြောက်ခဲ့ပေသနည်း။ ဒါမှမဟုတ် မွေးရာပါ ပါရမီရှင်တစ်ယောက်ပေလော။

အချို့ကလည်း စောကြာရှီးကို ရက္ခစိုးမှော်အောင်ထားသည်၊ ဘဝအဆက်ဆက် ဆည်းပူးခဲ့သော ပါရမီရှင်ဖြစ်သည်၊ ဘိုးတော်တစ်ယောက် ဖြစ်သည်၊ပျောက်စေဆရာဖြစ်သည်စသည်ဖြင့် ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြသည်။

ဥပမာအားဖြင့် လှေကို မျှော်ချသည့် ပြကွက်တွင် တချို့မြင်သည်က လှေကို ပါးစပ်ထဲ ငုံးမျိုလိုက်တာ မြင်ရသကဲ့သို့ တချို့ကလည်း တကယ်ပါးစပ်ထဲ ဝင်သွားတာမဟုတ်ဘဲ လှေကို ဆွဲယူပြီး အနောက်ဘက်သို့ ပို့လိုက်သည်ကို မြင်သူက မြင်သည်ဆိုသည်။

အရက်ဆိုင်ထဲတွင် ခနီရည်ကျည်တောက်ထဲသို့ တစ်ကိုယ်လုံးဝင်ရောက်ပျောက်ကွယ်သွားသည့် ပြကွက်တွင်လည်း အမှန်တကယ် ကျည်တောက်ထဲသို့ ဝင်သွားတာမဟုတ်ဘဲ စားပွဲအနောက်ဘက်ရှိ ပြတင်းပေါက်မှ ခုန်ထွက်သွားသည်ကို မြင်လိုက်ရသူကဆိုသည်၊ ဤသို့ဆိုလျှင် ခနီပေါင်မှ ဆိတ်ဖြစ်သွားသည့်ဖြစ်ရပ်၊ကောင်းကင်ပေါ်ကြိုးဖြင့်တက်သွားသည့်ကိစ္စ၊ ပုလိပ်ဌာနာအုပ် နားရွက်ပြတ်သွားသည့် ဖြစ်ရပ်ဆန်းကြယ်ကရော သင် မည်သို့ယူဆမည်နည်း၊ ထိုကိစ္စများသည် လွယ်လွယ်ကူကူကြိုတင်စီမံထား၍ရကောင်းလေသော အရာများမဟုတ်ဟု ထင်သည်၊ သည်လိုဆို မည်သို့ ယူဆလေမည်နည်း။ ပျောက်စေဆရာလော၊ မျက်လှည့်ဆရာလော၊ စောကြာရှီးကတော့ သူသည် မည်သည့်မျက်လှည့်လက်လှည့်အတတ်ပညာမျှ မတတ်မြောက်ပါဟု ဝန်ခံခဲ့ဖူးသည်၊ သူကိုယ်တိုင်ပဲ သိပေလိမ့်မည်။

လောကတွင် ဆန်းကြယ်သော ကိစ္စရပ်များသည် မြောက်မြားစွာရှိသည်၊ ကျွန်တော်တို့ တွေးခေါ်ယူဆချက်များသည် ဉာဏ်မမီပါ၊ ထူးဆန်းသောကမ္ဘာလောကပင် ဖြစ်ပါသည်။

**မင်းဘုန်းသိမ်ချ**

## မြန်မာ့ဆေးမြီးတိုများ

**မီးယပ် (ထိမ်)**

- ကြက်မှန်ရွက်ငါးကျပ်သား၊ အုန်းသလွန်မြစ်တစ်ကျပ်သား၊ ချင်းစိမ်းတစ်ကျပ်သား၊ နုဝေါင်းထောင်း၍ ထန်းလျက်တစ်ကျပ်သားထည့်၊ ရေတစ်ဝလင်းခွဲနှင့်ကျို၊ သုံးပုံတစ်ပုံ ကျန်လျှင်ချူဆားမြက်မြက်ရောပြီး လက်ဖက် ရည်အောက်ခံပန်းကန်တစ်ဝက်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးပါ။ (ပိန်သူအတွက် ချင်းစိမ်းလျှော့ပါ)

**မီးယပ် (မူမြန်)**

- ကြက်မှန်ရွက် (၂၅)ကျပ်သားကို ပျားရည် (၁၅) ကျပ်သားနှင့်တျိုသောက်ပါ။

**မီးနေသည်လန့်ချောင်**

- ဆီးယိုကိုစားပါ၊ ဆီးမြစ်ကိုသွေး၍သောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




# မကြုံစဖူး အဖြစ်ထူး

အောင်ထိန်

၁၉၆၅ ခုနှစ်များဆီက ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် သိပ္ပံတန်း ကျောင်းသားတစ်ယောက် ဖြစ်၍ တက္ကသိုလ်အဆောင်မနေသော နေ့ကျောင်းသားဖြစ်ပါသည်။ ကျွန်တော်က မြေလတ်ပိုင်း ဥပစာကောလိပ်တစ်ခုမှ အင်တာဘီ(ယခုအခေါ် ဒုတိယနှစ်) အောင်မြင်ပြီး မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်သို့ တက်ရောက်ရာမှ ကျောင်းပြောင်းခွင့် တောင်းခံ၍ ရန်ကုန် ရောက်နေခြင်း ဖြစ်ပါသည်။

ခိုင်လုံသောအကြောင်းပြ၍ မန္တလေးမှ ရန်ကုန်သို့ ကျောင်းပြောင်း ရွှေ့ခြင်းကို လက်ခံခွင့်ပြုသော်လည်း အဆောင်နေခွင့် မလျှောက်ထားပါဟု ဝန်ခံကတိပြုခဲ့၍ ကျွန်တော်သည် ရန်ကုန် တက္ကသိုလ်၏ နာမည်ကြီးကျောင်းသားအဆောင်များတွင် နေခွင့်မရဘဲ ပြင်ပအဆောင်တွင်နေ၍ နေ့ကျောင်းသားအဖြစ် ကျောင်းတက်ရခြင်းဖြစ်ပါသည်။

ပြင်ပဆောင်ဆိုသည်မှာ ထိုစဉ်က တက္ကသိုလ်နှင့်အနီးတစ်ဝိုက် [illegible]

www.burmeseclassic.com

စံရိပ်ငြိမ်၊ ဝဋ္ဋိ စသော ရပ်ကွက်များတွင် ဘော်ဒါဆောင်များ အဆင်သင့်ရှိနေ၍ ကျောင်းသားတစ်ယောက် တစ်လ ၂၀ိ/ - ၂၅ိ/ - ခန့်သာ လခပေးရပါသည်။ ၃၀ိ/ - ၃၅ိ/ - တန်အဆောင်ဆိုလျှင် တော်တော်အဆင့်မြင့်မြင့် အဆောင်ဖြစ်၍ သိပ်ကြေးမများသူ ဖြစ်သလိုနေမည်ဆိုလျှင် တစ်လ ၁၅ိ/ - သာ ပေးရသော အဆောင်များလည်း ရှိပါသည်။ များသောအားဖြင့် ပြင်ပအဆောင်များမှာ တက္ကသိုလ်ကျောင်းသားများမဟုတ်၊ စာရေးဝန်ထမ်းများ၊ ကျောင်းဆရာများအပြင် နယ်မှလာ၍ အောင်မြင်ဖို့ ကြိုးပမ်းနေသော ပန်းချီဆရာ၊ ဂီတဆရာ၊ စာရေးဆရာ စသူများပါ နေထိုင်ကြ၍ အချိုးအစား စုံလင်လှပါသည်။

ထိုအခါ စရိုက်မျိုးစုံ၍ မိမိကိုယ်ကို မိမိ မထိန်းနိုင်ဘူးဆိုလျှင် ပျက်စီးရာ ပျက်စီးမှုလမ်းကြောင်းပေါ်သို့ ရောက်သွားတတ်ပါသည်။ ကျွန်တော် နေခဲ့သော ဘော်ဒါဆောင်ကလေးမှာ အပေါ်ထပ်နှစ်ခန်း၊ တစ်ခန်း လူ (၂)ယောက်နေရ၍ လူ (၈)ဦးသာဆန့်သော အဆောင်ဖြစ်၍ အဆောင်လခတစ်လ ၁၅ိ/ - သာ ပေးရပါသည်။ လူနည်းသဖြင့် စရိုက်မျိုးမစုံလှသောကြောင့် တချို့အဆောင်များနှင့် နှိုင်းစာလျှင် နာမည်ဆိုး မထွက်လှဟု ဆိုရပါမည်။

မည်သို့ပင်ဖြစ်စေ ဘော်ဒါဆောင်မှန်လျှင် အနည်းဆုံးအားဖြင့် ဖဲဝိုင်းတော့ ရှိစမြဲဖြစ်ပါသည်။ အချို့မှာ ကြေးကြီးဝိုင်းများဖြစ်၍ ဘော်ဒါဆောင်နယ်မြေကို ရဲများလည်း မလာသဖြင့် ပင်မတက္ကသိုလ် အဆောင်များမှ ကျောင်းသားများပင် လာရောက်ကစားတတ်ကြပါသည်။ (တက္ကသိုလ်ကျောင်းအဆောင်များမှာမူ စည်းကမ်းလည်း ထုတ်ပြန်ပြီး ကြီးကြပ်မှုလည်းရှိသောကြောင့်မလွတ်လပ်ပါ) ကျွန်တော်နေသောအဆောင်မှာမူ လူဦးရေနည်းပြီး တစ်ယောက်နှင့် တစ်ယောက် သိကျွမ်းခင်မင်နေကြ၍ စီးပွားဖြစ် စီးပွားပျက်မဟုတ်ဘဲ ပြင်း ဘော်ဒါဆောင် ပီသရုံကလေးမျှ ပိုက ဝိုင်းကလေးတစ်ဝိုင်းသာရှိပြီးအရှုံးအနိုင် ၅ိ/ - ၁၀ိ/ - မျှ နိုင်သူလက်ဖက်ရည် တိုက်ကြေးသာ ဖြစ်ပါသည်။

ထိုနှစ်များက လက်ဖက်ရည်တစ် ခွက်တစ်မတ်(၂၅ ပြား)ခေတ်ဖြစ်၍ ၅ိ/ - ၁၀ိ/ - ဆိုလျှင် လူလေးငါးယောက် ကောင်းကောင်း ထိုင်နိုင်ပါသည်။ ပြ ကြိုက်၍ဖော်ပြရလျှင် ကျွန်တော်တို့ ပြင်ပဘော်ဒါဆောင်တွင် နေရုံသာ မဟုတ်၊ ထမင်းဟင်းလည်း ကိုယ်တိုင် ချက်စားကြပါသည်။ ရေနံဆီတစ်ပုလင်း တစ်မတ်(၂၅ ပြား)သာပေးရ၍ ရေနံဆီ မီးစာမီးဖိုများ၊ ရေနံဆီလေထိုးမီးဖိုများ ဖြင့် ချက်ပြုတ်ကြပါသည်။

ဝက်သားတစ်ပိဿာ ၆ ကျပ်မို့ အစိတ်သားဝယ်လျှင် ရေလွတ်မိုးလွတ် ဝက်သားတစ်ကျပ်ခွဲဖိုးကို ခုတ်ပိုင်း ရေ ဆေး ဆားနယ် မီးဖိုပေါ်တင်ထားလျှင်ပင် ဝက်သားမှ ဝက်ဆီထွက်၍ သူ့ဆီနှင့် သူ ကြော်ပြီး ကျက်ပြီး ဖြစ်တော့သည်။ ဝက် သားကျော်ကို ပါးပါးလှီး၊ ကြက်သွန်နီ၊ ချက်သီးစိမ်းနှင့် ရောက်ရည်ညှစ်လျှင် ဝက်သားသုပ်ဖြစ်ပြီး သို့မဟုတ် ပဲပင် ပေါက်၊ ပဲပြား၊ ဘဲဥသွေး အထမ်းသည်များ ထံမှ ပဲပင်ပေါက် ပဲပြားနှစ်မျိုးပေါင်း နှစ် ဆယ့်ငါးပြားဖိုးဝယ်လျှင် ညစာနံနက်စာ ချိုင်မကုန်နိုင်အောင်ရသည့်ကာလဖြစ် ၍ ထိုပဲပင်ပေါက်ပဲပြားကို ဝက်သားနှင့် ကြော်လို ကြော်ပါသည်။

အကောင်းဆုံးဆန်တစ်ပြည် တစ် ကျပ်ခွဲသာပေးရ၍ ထမင်းတစ်လုံး ချက် ပြီး ဟင်းမချက်လိုပါက မည်သည့် ထမင်းဆိုင်မှာမဆို အခေါက်ကင် ပွဲ ၂၅ ပြား၊ အသားကင်တစ်ပွဲ ၂၅ ပြား အသားသုပ်တစ်ပွဲ ၂၅ ပြား အနက်ကြိုက်ရာတစ်မျိုးမျိုး ဝယ်စားလျှင် ထမင်း တစ်နပ်ကိစ္စပြီးနိုင်သောခေတ် ဖြစ်ပါသည်။

တစ်ဖက်ကပြောရလျှင် ပစ္စည်းပေါ ပြီး ငွေရှားသောခေတ်ဖြစ်၍ ၁၉၇၀ တွင် ကျွန်တော် နိုင်ငံ့ဝန်ထမ်းအလုပ်ဝင် သောအခါ လခရငွေမှာ ၁၃၀ိ/ - တိတိ သာဖြစ်ပြီး သူ့ခေတ်မှာ သူ့ကုန်ဈေးနှုန်း နှင့် တစ်ကိုယ်ရေကောင်းကောင်း ရှုလုံခဲ့ ပါသည်။

စောစောက ဖော်ပြခဲ့သကဲ့သို့ ကျောင်းတက်ရင်း ပြင်ပဘော်ဒါဆောင် မှာနေ ကိုယ့်ထမင်းကိုယ်ချက်စား၊ အား လပ်ချိန်မှာ အတူနေသူများနှင့် ဖဲစုရိုက် စသည်ဖြင့် နေထိုင်ခဲ့ရာမှာ ကျွန်တော် က အဆောင်အတူနေ မိတ်ဆွေများကို (ရှစ်ယောက်တည်းရှိတာဖြစ်၍) ကောင်း ကောင်းမှတ်မိနေပါသည်။ သူတို့တ ကျောင်းဆရာနှစ်ဦး(တစ်ဦးက အထက် တန်းပြ၊ ကျန်တစ်ဦးက အလယ်တန်းပြ ဖြစ်သည်)၊ သင်္ဘောသားတစ်ဦး(ခရစ် ယာန်ဘာသာဝင်အိန္ဒိယလူမျိုး)၊ သမိုင်း ဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ယူရန် ကျမ်း ပြုစုနေသူတစ်ဦးနှင့် ကျွန်တော်အပါ အဝင် ရန်ကုန်တက္ကသိုလ်အဆောင်ခရ ကျောင်းသားလေးဦးတို့ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စုစုပေါင်း ရှစ်ဦးရှိရာတွင် သဘော်သားအမည် မစ္စတာဂျက်စ်မင်တစ်ဦးသာ ပဲခူးဇာတိဖြစ်ပြီး ကျန်သူများမှာ အညာမြေလတ်သားများဖြစ်ကြ၍ လူရှစ်ဦး ရှစ်မျိုး ဆိုရပါမည်။ ကျွန်တော်က ချက်တာ၊ ပြုတ်တာ အစားအသောက်ဝါသနာပါ၍ နံနက်စာ ဘယ်လိုချက်မည်၊ ညနေ ဘာနှင့် စားမည်၊ ဘယ်သူ့အိမ်က ပို့လိုက်သော ဘာလချောင်ချဉ်တို လိုက်ဖက်ညီမည့် သီးစုံခဲထင်း ဘယ်ပုံချက်မည်၊ တစ်ခါတစ်ရံ ရေခေါင်းခဲပိုင်းမှာ ဖမ်းနိုင်ခဲ့လျှင် အဆောင်သားများတို့ခေါ်၍ မြေနီတုန်း ညဈေးသို့ မဟုတ်လေဟာပြင်ဈေးသွားပြီးဘာတွေမှာ၍ ဘယ်လိုမြုံစုမည် စသည့်စီမံကိန်းများဖြင့် အလုပ်ရှုပ်နေတတ်သလို မဟာဝိဇ္ဇာလောင်းကြီးက ချက်အရက်ပုလင်းသေးမှာရှု အကြမ်းပန်းကန်ကလေးထဲထည့်ငုံပြီး ရေနွေးကြမ်းသောက်သလို ဆတ်ခနဲမော့ချ၍ "မီးချောင်းခေါင်း" တံဆိပ် လျက်ဆားထုပ်ကလေးဖွင့်ကာ လက်ညှိုးနှင့်တို့၍ တပျပ်ပျပ်လျက်ပြီး ဆေးပေါ့လိပ်တိုကလေး တဖွာဖွာနှင့် ပေါက်ကာရာမအရပ်မှ တူးဖော်တွေ့ရှိရသည့်ကျောက်စာတစ်ပိုင်းပြတ်တွင် တမွည်းထိုးထားသည့် ဘုရားဒကာ၏ အမည်သည်မှုလဘုရားဒါယကာဖြစ်နိုင်ခြေ ရှိ/မရှိကို အတွေးနှင့် အရေး ပေါင်းစပ်၍သရုပ်ဖော်ပြီးအလယ်တန်းပြဆရာကတော့ ဝါသနာတစ်မျိုးဖြစ်၍ လခထုတ်လျှင် ဖောက်သည်အိမ်မှာ ကြွေးဟောင်းကိုအကြေပေးဆပ်ပြီးကြွေးသစ်မှတ်လေ့ ရှိပါသည်။

ကျန်သော တက္ကသိုလ်ကျောင်းသားကြီးများကတော့ သူလိုကိုယ်လိုဖဲဝိုင်းရှိလျှင် ဖဲဝိုင်းထိုင်၊ စာမေးပွဲနီးလျှင် စာကြည့်၊ တစ်ခါတစ်ရံတော့ ကျွန်တော့်ထမင်းဝိုင်းမှာ လက်ဆုံကျတတ်ပါသည်။ တစ်ယောက်တလေကတော့ အလယ်တန်းပြကြီးနှင့် ပူးပေါင်းပြီး ကြုံခဲ့ရသည့်အတွေ့ကို စားမြုံ့ပြန်ဖောက်သည်ချ၍ တဟီးဟီးတဟားဟား နေကြပါသည်။ သဘော်နားနေသည့် သဘော်သားကြီး မစ္စတာဂျက်စမင်ကတော့ (သူ့တစ်ကိုယ်လုံး ဂျက်စမင်နှင့်တူတာဆို၍ ဖွေးဖွေးဖြူသောသွားများသာရှိပြီး တစ်ကိုယ်လုံးမည်းမည်းတူးနေရာ သူ့မိဘထအရွဲ့တိုက်လျက် နာမည်မှည့်ခေါ်တန်တူသည်)သဘော်သားရုံးသို့ သွားသည်ဆိုကာ တစ်နေ့လုံး ပျောက်နေတတ်ပြီး ညနေစောင်းမှပြန်လာကာ သူ့ခုတင်မှာ တခေါခေါဟောက်၍စက်တော်ခေါ်တတ်ပါသည်။ သူက ကျွန်တော်နှင့် တစ်ခန်းတည်း အတူနေသူ ဖြစ်ပါသည်။

တစ်မူထူးခြားသူကား အထက်တန်းပြဆရာ အညာသားကြီးဖြစ်၍ ထောင်ထောင်မောင်းမောင်း ဗလတောင်းကောင်းနှင့် စကားပြောလျှင် ဘယ်တော့မှ တိုးတိတ်ငြင်သာ မပြောတတ်သူ ဖြစ်ပါသည်။ သူမို့ အလုပ်က (ကျောင်းက)ပြန်လာပြီဆိုလျှင် လမ်းထိပ်ကစ၍ သူ့အသံကို ကြားရပါသည်။ အသံသာကျယ်သလား မဟုတ်ပါ။ ခြေလှမ်းခြေနင်းကြမ်း၍ သူ့ဗလကြီးနှင့် အဆောင်ပေါ်တက်လာလျှင် ကျွန်တော်တို့၏ လေးခန်းပေါင်းအဆောင်ကလေးမှာ ပြိုကျတော့မတတ် သွက်သွက်ခါ၍ သွားလေ့ ရှိပါသည်။

အိပ်ပျော်နေသူပင် လန့်နိုးလောက်အောင် ခြေနင်းကြမ်းတတ်ပါသည်။ ညင်ညင်သာသာလျှောက်လှမ်းမို့ ပြောကြတော့ ဒါ အငြင်သာဆုံးပဲဟု ပြောပါသည်။ ဟုတ်ပုံလည်းရ၏။ သူသည် မြေကြီးပေါ်ကိုပင် တဒုန်းဒုန်းမြည်အောင် ခြေနင်းကြမ်းသူ ဖြစ်ပါသည်။ သူက ၁၅/တန် အဆောင်မှာနေသူ ဖြစ်သော်လည်းခေသူမဟုတ်၊ အထက်အညာမှာ ဆီစက်ပိုင်သူဌေးသားဖြစ်၍ ရန်ကုန်မှာ



တံခါးဝတွင် ဟာလာဟင်းလင်း ဘယ်သူတစ်ဦးမျှ မရှိပါ။ ထိုအခါမှ အားလုံးပင် အံ့အားသင့်တုန်ကြပါတော့သည်။ ကျွန်တော်က ရုတ်တရက် ထ၍ အခန်းအပြင်ကို ခေါင်းပြူကြည့်ပါသည်။ စင်္ကြံလမ်းမှာ ဘယ်သူမှ မရှိပါ။ အဖြစ်အပျက်တာ ရှိုးရှိုးလေးနှင့် ဆန်းပါသည်။ ခြေသံတဒုန်းဒုန်းကို အားလုံးကြားရပြီး "ဆရာကြီး" ခြေသံဟုလည်း အားလုံး သိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းလာနေပြီး ဘွဲ့ရသည့်အခါ ရန်ကုန်မှာပင် ကျောင်းဆရာ ဝင်လုပ်နေကြောင်း အင်္ဂလိပ်စာတော်၍အားကစား (ဘတ်စကက်ဘော)၊ ထူးချွန်သူဖြစ်ကြောင်း အိမ်ထောင်မရှိ၊ လူပျိုကြီး (အသက် သုံးဆယ် ကျော် ပြီး) ဖြစ်ကြောင်း မိဘများက အိမ်ထောင်ချပေးရန် သုံးလေးကြိမ် ကြိုးစားစပ်ဟပ်ပေးသော်လည်း အနအရွအလှအပကလေးများက ခြေနင်းတာ ဒီလောက်ကြမ်းတာ အိမ်ထောင်ဘက်လို့ ဟိုသင်းပြုရင်တော့ "အခယ်လေးလေး" ဟု တွေးတော ကြောက်လန့်ကြပြီး အင်၊ အို၊ နီးကြခြင်းကြောင့် ကျွန်တော်တို့ဆရာကြီးမှာ နဖူးတာရွာအလည်လွန်၍ ယခုအထိ မစွန့်သေးတာဖြစ်ကြောင်းများကို သိရပါသည်။ သူ၏ဝိသေသအထူးမှာ စောစောကပြောခဲ့သလို ခြေနင်းကြမ်းခြင်းနှင့် စကားတိုးတိုး မပြောတတ်ခြင်းတို့ဖြစ်ကြောင်း ရင်းနှီးသိရှိရပါသည်။

အဆောင်နေသူများအကြောင်း ဖော်ပြပြီး ယခု ကျွန်တော်တို့ဘော်ဒါဆောင်၏ တည်နေရာကို ဖော်ပြပါဦးမည်၊ ဘော်ဒါဆောင်တွင် လှလှပပ နာမည်နာမ မရှိပါ၊ ရန်ကုန်မြို့ပြည်လမ်းမှ ခွဲသော နာနတ်တော်လမ်းတွင်ရှိ၍ အဆောင်၏ရှေ့တည့်တည့်တွင် နာနတ်တော - ခရစ်ယာန်သင်္ချိုင်း (ထိုစဉ်က) တည်ရှိပါသည်။

နာနတ်တောခရစ်ယာန်သင်္ချိုင်းမှာ ကြံ့တောသုသာန်သည် ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံတို့၏သင်္ချိုင်းကွန်ပေါင်းကြီးဖြစ်ရာ ဟံသာဝတီလမ်းမှ မြန်မာ့အသံ၏နောက်ကျောတစ်ခုလုံးနှင့် စိုက်ပျိုးရေးဌာန နောက်ကျောတစ်ခုလုံးတို့ ကျော်လွန်ကာ ကျွန်တော်တို့ နာနတ်တောလမ်းအထိ သုသာန်ဝင်းကြီးဖြစ်ပြီး နာနတ်တောလမ်းကို ကျော်၍ ယခု သိမ်ရတနာလမ်း(ထိုစဉ်က အာတီးယားလမ်း)နောက်ကျောအထိ သင်္ချိုင်းဝင်းကျယ်ကြီး(တရုတ်သင်္ချိုင်း)လည်းရှိနေရာ တည့်တည့်ပြောရလျှင် ကျွန်တော်တို့ဘော်ဒါဆောင်သည် သင်္ချိုင်းပေါင်းစုံ၏ အလယ်တွင် တည်ရှိ သလို ဖြစ်နေတော့သည်။

သာမန်အားဖြင့် သင်္ချိုင်းဆိုလျှင် များ ဝေးဝေးကရှောင်ကြမည်ဖြစ်သော်လည်း ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် ခရစ်ယာန်သင်္ချိုင်းမှာ ခရစ်ယာန်သင်္ချိုင်း တို့၏ထုံးစံအတိုင်းသန့်ရှင်းသပ်ရပ်သော ကြွေပြား၊ ကျောက်ပြားစီအုတ်ဂူများ ဥယျာဉ်တစ်ခုသဖွယ် ပြုစုစိုက်ပျိုး သော ပန်းအလှပင်များနှင့်မို့ ပန်းခြံတစ်ခုနှင့် နှင်လား ငါလား ဆိုရမလောက် သန့်ရှင်းသပ်ရပ်လှပါသည်။

ယုတ်စွအဆုံး သင်္ချိုင်းစောင့်နေအိမ်ကပင် အုတ်ကျွတ်မိုး၊ အုတ်နံရံကာ မှန်ပြတင်းပေါက်များနှင့်မို့ ကျွန်တော်တို့ အဆောင်ထက် အများကြီး သာသေးသည်ဖြစ်ရာ ကျွန်တော်တို့သည်လည်းကောင်း၊ ရပ်ကွက်သူရပ်ကွက်များသည်လည်းကောင်း သင်္ချိုင်းကို ပန်းခြံတစ်ခုသဖွယ် သဘောထား၍ အုတ်ဂူများပေါ်တွင် ရပ်ကွက်နေ အိမ်ရှင်မတချို့က ငါးခြောက်ငါးခြမ်းလှန်းခြင်း၊ ထမင်းခြောက်လှန်းခြင်း၊ လသာသော ညများတွင်ရပ်ကွက်နေကလေးများအုတ်ဂူကြီးအုတ်ဂူကြားများ ပြေးလွှားဆော့ကစားခြင်း၊ ကျွန်တော်တို့ကိုယ်တိုင်ပင် ထိုအုတ်ဂူကြီးငယ်များကိုပန်းခြံတွင် ထိုင်ခုံသဖွယ် အသုံးပြုအနားယူခြင်းတို့ဖြင့် သူသေမြှုပ်သည့် သုသာန်မြေဆိုခြင်းကို မေ့လျော့နေကြပါတော့သည်။

ထိုအဆောင်တွင် ကျွန်တော်သည် သီပွဲ (၂)နှစ်နှင့် ဘွဲ့ရပြီး အလုပ်ရှာ (၁) နှစ် စုစုပေါင်း သုံးနှစ်ခန့်နေထိုင်ခဲ့ရာ ဤသုသာန်နှင့်ပတ်သက်၍ သူရဲတစ္ဆေခြောက်လှန့်ခြင်း တစ်စုံတစ်ရာကို ကိုယ်တိုင်လည်း မကြုံဖူး သူတစ်ပါးပြောသံလည်း မကြားခဲ့ဖူးပါ၊ သို့ပင်ဖြစ်သော်လည်း လွန်ခဲ့သော နှစ်ပေါင်းများစွာက မှတ်မှတ်ရရကြုံခဲ့ဖူးသည်ကို ယနေ့တိုင် မေ့မရ မမေ့နိုင် စဉ်းစားသည့်အခါတိုင်း မိမိရရဖြစ်ပေါ်လာသည့်ဖြစ်ရပ်တစ်ခုက ထိုအဆောင်တွင် ဖြစ်ပွားခဲ့ဖူးတဲ့ ဖါဝင်သူအားလုံး (တချို့လည်း ကွယ်လွန်ရှာပြီး)သတိရကြောင်း လူချင်းဆုံတိုင်း အမှတ်တရဖြစ်ကြသည့်ဖြစ်ရပ်မှာတာ။

တစ်နေ့သားတွင် မှတ်မှတ်ရရ ထိုနေ့ တနင်္ဂနွေဖြစ်၍ အဆောင်မှာ တစ်ဦးတည်းပုဂ္ဂိုလ်မှအပ အားလုံး လူစုံရှိနေကြသည့် ပျက်ကွက်သူတစ်တော့ အထက်တန်းပြဆရာကြီးဖြစ်၍ ကျန်သူများက အားနေသည့်အလျောက် ထုံးစံအတိုင်း ပိုကာဝိုင်းကြပါသည်။

ဤနေရာတွင် ကျွန်တော်တို့ အဆောင်၏ ဖွဲ့စည်းတည်ဆောက်ထားပုံကို ဖော်ပြရဦးမည်၊ ခြံဝင်းထဲတွင် ပိုင်ရှင်မိသားစုနေအိမ်နှင့် ကျွန်တော်တို့ အဆောင်မှာ သေးချင်းကပ်တည်ရှိ၍ ပိုင်ရှင် မိသားစုနေအိမ်မှာ ဆင့်ခံတစ်ထပ်ပျဉ်ထောင်သွပ်မိုး နှစ်ထပ်ဖြစ်သည်။ အဆောင်ပေါ်တက်လိုက်လျှင် ပါတ် (၁) ခေါ်ရမည့်အခန်းကို တွေ့ရပါသည်။

www.burmeseclassic.com

ထိုအခန်းကို မဝင်လိုဘဲ ဘေးဘက်စင်္ကြံ အတိုင်း နောက်သို့ဝင်သွားလျှင် နံပါတ်(၂)ခေါ်ရမည့်အခန်းသို့ ရောက်ပါသည်။ နံပါတ်(၂)အခန်းကို မဝင်လိုဘူးဆိုလျှင် နောက်ပြန်လှည့်ရန်သာ ရှိပါသည်။ ထိုစင်္ကြံလမ်းကို တစ်ဖက်စွန်းမှာ ပျဉ်ကာ၍ အသေပိတ်ထားပါသည်။

နံပါတ်(၂) အခန်းရှေ့ စင်္ကြံထိပ်မှာ လှေကားကျဉ်းကျဉ်းမတ်မတ်ကလေး ရှိ၍ ထိုလှေကားမှတက်လျှင် နံပါတ်(၄) အခန်းသို့ရောက်ပါသည်။ ထိုအခန်းဘေး စင်္ကြံလမ်းကလေးဖြင့် ရှေ့ဘက် နံပါတ်(၃)အခန်းကို သွားနိုင်ပါသည်။ ထိုနံပါတ်(၃)အခန်းမှာ ကျွန်တော်နှင့် သဘော်သားမစ္စတာဂျက်စမင်တို့ နေပါသည်။ ကျွန်တော်တို့အခန်းရှေ့မှာ (၃) ပေခန့် ရှေ့ကိုထုတ်ထားသော ဝရန်တာကလေး ရှိ၍ စင်္ကြံလမ်း နောက်ဘက်အဆုံးမှာ အောက်ထပ်ကကဲ့သို့ ပျဉ်ဖြင့်ပိတ်ကာထားပါသည်။

အောက်ထပ်အခန်း(၁)မှာအထက်တန်းပြကြီးနှင့် တက္ကသိုလ်ကျောင်းသား တစ်ယောက်နေ၍အခန်း(၂)မှာကျောင်းသားနှစ်ယောက် နေသည်။ အခန်း(၂) ပေါ်က အခန်း(၄)မှာ မဟာဝိဇ္ဇာလောင်းကြီးနှင့် အလယ်တန်းပြဆရာနေ၍ အခန်း(၃)က ကျွန်တော်နှင့် သဘော်သားကြီး နေသည်။ မဟာဝိဇ္ဇာနှင့် အလယ်တန်းပြက အထက်အညာမှ တစ်ရွာတည်းသားများဟု သိရပါသည်။

ယခုပြောပြသည့်အခါ အခန်းများကို နံပါတ်နှင့်ပြောသော်လည်း တကယ်တမ်း ဘယ်အတန်းမှာမှ ဘာနံပါတ်မျှ မရှိပါ။ အဆောင်နာမည်လည်းမရှိ၊ လက်ရှိတွင် ဆက်နေဦးမည်ဆိုလျှင် အိမ်ရှင်၏ အိမ်ပေါ်တက်၍ ၁၅/ပေး လိုက်ရုံမျှသာ ဖြစ်သည်။ ညှိစာရင်း မှတ်ပုံတင် စသည်ဖြင့်လည်း စစ်စစ် ဆေးဆေး ရှိလှသည်ဟု မမှတ်မိပါ။

ဖော်ပြခဲ့သည့်အတိုင်း ထိုနေ့က အားလပ်ရက်လူစုံ၍ ထုံးစံအတိုင်း ဖဲ ကစားကြပါသည်၊ ဖဲဝိုင်းကအခန်း(၂) ဟု ခေါ်ရမည့်အခန်းမှာဖြစ်၍ ခုတင် (၂)လုံးကိုအလယ်တွင် စပ်ခင်းပြီး ဆယ့် သုံးချပ်ပိုကာ ငါးအိမ်ဖွင့် ကစားခြင်းဖြစ် ပါသည်၊ သဘော်သားကြီးက အဆောင် တွင်ရှိသော်လည်း နံနက်ပိုင်းက အပြင် သွားပြီး (ဘုရားကျောင်းသွားသည်ဟု ပြောပါသည်၊) အပြန်မှာ ရန်ကင်း သင်း၍ အခန်းထဲဝင်ပြီး တရှူးရှူး တမော ခေါ်ဟောက်၍ အိပ်နေပါသည်၊ အထက် တန်းပြကြီးက မရှိပါ၊ ကျန်လူ ၆ ယောက် တွင် မဟာဝိဇ္ဇာလောင်းကြီးက သူ့ပုလင်း တလေးဘေးမှာချ၍ တစွတ်စွတ် သောက်ရင်း လက်ထဲရှိ ဖဲချပ်များကို ကျောက်စာ အပိုင်းအစများ ဆက်သည့် ပုံစံ၊ အမြီးက ဆက်လိုက်၊ ခေါင်းက ဆက် လိုက် လုပ်နေသည်၊ အလယ်တန်းပြကြီး တတော့ဘာအစီပွားယ်လဲမသိ၊ "ကုလား မကွာ အလာနောက်ကျလိုက်တာ" ဟု ခပ်ညည်းညည်း ဆိုသည်၊ ကျန် တက္ကသိုလ်ကျောင်းသား (၃)ဦးက ဖော ငွေတွေ ပုံနေကြပြီး ဂျိုကာမျှော်၍ မော နေကြပုံပေါ်သည်၊ ကျွန်တော်ကား ဝိုင်း ကျွန် ဖြစ်၍ ရေနွေးကြမ်းပြေးတည်လိုက်၊ အကြော်ပြေးဝယ်လိုက်နှင့် ညနေ ၄ နာရီ ခွဲ စခဲ့သည့်ဝိုင်းမှာ တစ်စတစ်စ မှောင်ရီ ချိန်း၍ (၈)နာရီ ဒေါင်ဒေါင်ထိုးပါတော့ သည်။

ကျွန်တော်က ဝေယျာဝစ္စဝိုင်းကျွန် ဖြစ်၍အဝင်အထွက်လွယ်စေရန် အခန်း တံခါးနှင့် အနီးဆုံးတွင် ထိုင်နေပြီး အခန်း တံခါးကိုတော့ အိမ်ရှင်၏ သိသာသိစေ မမြင်ပါရစေနှင့်ဆိုစကားကြောင့် ဆွဲစေ့ ပိတ်ထားပါသည်၊ ကန့်လန့်မချထားပါ၊ တစ်ညနေလုံး ရှုံးနေရသည့် ဖဲဝိုင်းမှာ "ဘုတ်"မပြတ်၍ "အလယ်ပုံ"ကြီးက တော်တော်မက်လောက်စရာဖြစ်နေချိန် တွင် ကျွန်တော့်ရှေ့မှာထိုင်သည့် မဟာ ဝိဇ္ဇာလောင်းကြီးမှာ "တုတ်ချိန်"နေဆဲ၊ ဝေပါဂျိုကာနှစ်ကောင်နှင့် သူ့ဟာသူ ရှာရှာလည်နေသည်ကို နောက်တကျွန် တော် ကကြွေ့မရ၍ အားလုံး ရိပ်မိနေကြ ပြီ၊ သို့သော် ထိုင်ကြတာလည်း ကြာပြီ ဖြစ်၍ မဟာဝိဇ္ဇာလောင်းကြီးနှင့်ဝင် တုတ်ပြတ်စေချင်ကြပြီ၊ ပြီးလျှင် လမ်း ထိပ်ကမာရွတ်(ထိုစဉ်က)အဝိုင်းကြီး ဘေး "ရွှေဗဟိုရ်"ခေါက်ဆွဲဆိုင်သွားကြ ဖို့ စိတ်ကူးကိုယ်စီ ရှိနေကြပြီ။

ထိုအချိန်တွင် မြေကြီးကို တဒုန်း ဒုန်း နင်းသံ၊ ထို့နောက် ဆင့်လှေကားသုံး ထစ်ကို တဒိုင်းဒိုင်းနင်းသံ၊ ထို့နောက် စင်္ကြံလမ်းအတိုင်း ဖဲဝိုင်းခန်းဆီသို့ လျှောက်လှမ်းလာသည့် ခြေသံတစ္ဆန်း ဝုန်းကိုကြားရပြီး အခန်းဝတွင် တိခနဲ ရပ်သွားပါသည်၊ ဘယ်သူမျှ မအံ့ဩပါ၊ လူတိုင်းက ဒါအထက်တန်းပြကြီး ပြန် လာတာ သူ့အခန်းဖော်မရှိလျှင် နောက် ဘက်အခန်းမှာ (လုပ်နေကျ) ဖဲဝိုင်းသို့ လာပြီး အခန်းဖော်ထံမှ သော့တောင်း ခြင်း၊ ဝိုင်းထဲဝင်လိုက်၍ တုတ်ပြတ်ချိန် အပြင်ထွက်စားသောက်လျှင် သူလည်း လိုက်မည်ဆိုခြင်း၊ တစ်ခုခုပြောပိမ့်မည် ထင်ထားကြသည်၊ သို့သော် ဝိတ်ထား





www.burmeseclassic.com

www.burmeseclassic.com

သောတံခါးရှေ့မှာ ခြေသံရပ်သွားပြီး အခန်းထဲ သူ ဝင်မလာတော့။ တံခါးနှင့် အနီးဆုံးကျွန်တော်က "ချောင်းကြည့်နေနဲ့ဆရာကြီး ဝင်ခဲ့တော့၊ ဒီမှာ တုတ်ခြတ်တော့မှာ" ဟု ပြောပြောဆိုဆို စေ့ထားသောတံခါးကို ဆွဲဖွင့်လိုက်သည့်အခါ အားလုံးတလည်း တံခါးဝကို လှမ်းကြည့်နေကြပါသည်။

တံခါးဝတွင် ဟာလာဟင်းလင်း ဘယ်သူတစ်ဦးမျှ မရှိပါ။ ထိုအခါမှ အားလုံးပင် အံ့အားသင့်ကုန်ကြပါတော့သည်။ ကျွန်တော်က ရုတ်တရက်ထ၍ အခန်းအပြင်ကို ခေါင်းပြူကြည့်ပါသည်၊ စကြ်လမ်းမှာ ဘယ်သူမှ မရှိပါ။ အဖြစ်အပျက်က ရိုးရိုးလေးနှင့် ဆန်းပါသည်၊ ခြေသံတဒုန်းဒုန်းကို အားလုံးကြားရပြီး "ဆရာကြီး" ခြေသံဟုလည်း အားလုံး သိကြပါသည်။ အခန်းဝတွင် ခြေသံပျောက်သွားပြီး နောက်ချင်ပြောင်ချင်၍ ပုန်းကွယ်စရာလည်း နေရာမရှိပါ၊ ရှေ့သို့ထွက်သွား၍လည်းမရ၊ စကြ်လမ်းက အဝိတ်ဖြစ်ပါသည်၊ နောက်သို့လည်း သူသည် ခြေသံမကြားအောင် ပြန်လျှောက်သွားနိုင်သူ မဟုတ်ပါ၊ ကျွန်တော်တို့အားလုံး အခန်းအပြင်ထွက်၍ လည်းကောင်း ခြံဝထွက်၍လည်းကောင်း၊ ရှာကြည့်သော်လည်း ဆရာကြီး၏ အရိပ်အယောင်မျှမတွေ့ရပါ၊ ခြေသံတဒုန်းဒုန်းကိုမူ ကျွန်တော်တို့အားလုံးသာမက အိပ်နေသော သဓော်ကြီးပါ ကြားသိချင် "ဒမ်" တွေ "ဘလပ်ဒီ" တွေ ရေရွတ်ကာ အိပ်ရာက ထလိုက်ပြီး သူလည်း တအံ့တဩ ဖြစ်နေပါသည်။ ဖဲနိုင်ငွေကလေးဖြင့် မဟာဝိဇ္ဇာလောင်းကြီးက ကျွန်တော်တို့ကိုပြုံးပြီး ပြန်လာ၍ ထိုညတစ်ညလုံး ဆရာကြီးပြန်မလာသည့်အခါ သူ့အခန်းဖော်က ထိုအခန်းတွင် မအိပ်ရဲဘဲ ဖဲဝိုင်းကျင်းပသည့်အခန်းထဲဝင်၍ ကတ်သီးကတ်သတ် အိပ်ပါသည်။

ထိုညတစ်ညလုံး၊ နောက်တစ်နေ့ လုံး ဆရာကြီးပြန်မလာဘဲ တနင်္လာနေ့ ညနေ ကျောင်းဆင်းချိန်မှသာ ဆရာကြီးက သူ့ဟန်မပျက် နဂိုခြေသံတဒုန်းဒုန်း တဒိုင်းဒိုင်း နင်းကြမ်းပြန်လာသည့်အခါ ကျွန်တော်တို့တစ်တွေမှာ သူ့ကို တအံ့တဩ ဝိုင်းမေးရသည်။ မနေ့က ညနေ ပြန်လာသလား၊ တစ်နေ့နှင့်တစ်ည ဘယ်သွားနေသလဲဆိုတော့ တနင်္ဂနွေ ကျောင်းပိတ်သည့်နေ့က သူတစ်ဦး ကလေးတစ်ယောက်၏ နာရေးကိစ္စ ကြည့်မြင်တိုင် တစ်ဖက်ကမ်းကို သွား ကြောင်း၊ ထိုမှာပင် ညအိပ်(ဖဲရိုက်)နေ ပြီး နောက်တစ်နေ့မှာ ကျောင်းဖွင့်တော့ ကျောင်းကိုသွားကြောင်း ယခု ကျောင်းဆင်း၍ ပြန်လာခဲ့တာဖြစ်ကြောင်းများ ပြောပါသည်။

ကျွန်တော်ပြောပြခဲ့သည့် ယခုအဖြစ်အပျက်သည် ထိုအခါက အမှန်တကယ်ဖြစ်ခဲ့သည့်ဇာတ်လမ်းဖြစ်၍ ပါဝင်သူအားလုံး အမှတ်ထင်ထင် သတိရနေကြပါသေးသည်၊ လူအများ၏ နားမျက်စိအောက်မှာ ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှာ "သချိုင်း" မြေနှင့် မည်သ ဆက်စပ်သည်၊ "ဆရာကြီး" လိုက်သွ သည့်တစ်ဖက်ကမ်းမှ သူ့ဥာပည့်တလေ ၏ နာရေးနှင့် မည်သို့ဆက်စပ်သည် ခြင်းတို့ကိုမူ ယနေ့တိုင် အဖြေထုတ် သည့် ပဟေဠိတစ်ပုဒ် ဖြစ်ပါကြောင်း။

**ဘောက်ထိ**

## မြန်မာဆေးမြီးတိုများ

**မီးလောင်နာ**


- ငရုတ်ကောင်းမှုန့်ကို နှမ်းဆီနှင့် ပျစ်ပျစ်ဖျော်၍ လူးပါ။
- ဖန်ခါးသီးခြောက်မှုန့်ကို အုန်းဆီနှင့်စပ်၍ အသာအယာ လိမ်းပေးပါ။
- ငှက်ပျောအူကို အရည်ညှစ်၍ လောင်းပေးပါ၊ အပူသက်သာသည်။

**မျက်ခမ်းစပ်ရောဂါ**

- ကြိတ်မှန်ရွက်ယို ဆေးစားပါ။

**မျက်စိစွန်**

- ခဲပဲချိုအရွက်စိမ်းအရည်ညှစ်၍ ခတ်ပါ။ လိမ်းပေးပါ။




# အမှောင်ထဲက သနားစရာ ဝိညာဉ်

ဗီဗီး

နင်းမြတ်မွန်သည် မူလတန်းပြဆရာမတစ်ဦးဖြစ်သည်။ ကောလိပ်ဆင်းကတည်းက ကန်သာယာရွာရှိ မူလတန်းကျောင်းလေးတွင် တာဝန်ထမ်းနေခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်သည်။ သူမသည် အသင်အပြကောင်းပြီး တပည့်များအား လိမ္မာယဉ်ကျေးစေရန် နွေးစဉ် ဆုံးမလေ့ရှိသည်။ အသက်ကလည်းငယ်၊ ရုပ်ရည်ကလည်း ချော၊ စိတ်သဘောထားကလည်း ကောင်းမွန်သောကြောင့် တစ်ရွာလုံးက ချစ်ခင်ရှိသေကြသည်။ သူမသည်လည်း ဤကန်သာရွာလေးတွင် အစစအရာရာ အဆင်ပြေပြီး နေသားကျနေပြီဖြစ်သည်။ သို့သော် ဒီနှစ်တွင်ပဲ သူမ တခြားကျောင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည်ဟု အထက်က စာပို့လာသည်။ ထိုသတင်းသည် တစ်ရွာလုံးသို့ မြန်မြန်ဆန်ဆန် ပျံ့နှံ့သွားသည်။ ရွာမှ ကလေးများရော လူကြီးများပါ သူမ ပြောင်းရွှေ့ရတော့မည်ဆိုသောကြောင့် ဝမ်းနည်းကြသည်။ သူမကို ကန်သာယာရွာလေးမှ ထွက်မသွားစေလိုကြချေ။ သူမလည်း ဒီရွာလေးတွင် တစ်သက်လုံး နေသွားစေချင်သော်လည်း

www.burmeseclassic.com



…ဘာခံ့တစ်ခုကို အတူအညီ တောင်းနေ
…တန်ဖြင့် ပြောနေသော မျက်နှာလေး
သည်လည်း ရုတ်တရက် မာကျော
…ဘတ်ထန်သွားကာ သူမအား ဒေါသ
ထွက်သောပုံစံဖြင့် ကြည့်နေသည်။
ထို့နောက် သူမလက်ကို ဆုပ်ကိုင်ထား
သော ကောင်မလေး၏ လက်မှ
တဖြည်းဖြည်း ကြမ်းတမ်းလာပြီး
လက်သည်းရှည်ကြီးများ
ထွက်လာသည် ...

"ပျော်ရာမှာမနေ တော်ရာမှာနေ"ဟူသော စကားပုံအတိုင်း ကျောင်းအသစ်သို့ သူမ ပြောင်းရွှေ့လာခဲ့သည်။

သူမ ပြောင်းရွှေ့လာခဲ့သော ကျောင်းသည် နယ်မြို့လေးပေါ်တွင် တည်ရှိသည်။ အထက်တန်းကျောင်းဖြစ်ပြီး အုတ်များဖြင့် အခိုင်အမာ တည်ဆောက်ထားသည်။ ကျောင်းဝန်းကြီးသည်လည်း ကျယ်ဝန်းပြီး သစ်ပင်ကြီးများဖြင့် အေးချမ်းလှသည်။ နံနက်ပိုင်းတွင် အထက်တန်းများတက်ရပြီး နေ့လယ်ဘက်မှစ၍ အလယ်တန်းနှင့် မူလတန်းများတက်ရသော ၂ ချိန် ကျောင်းဖြစ်သည်။ သူမသည် ထိုနယ်မြို့ပေါ်ရှိ ကျောင်းသူတစ်ဦး၏ အဘွားအိမ်တွင် နေထိုင်သည်။ ထိုအိမ်သည်ကျောင်းနှင့် မဝေးလွန်းသောကြောင့် သူမအတွက် အဆင်ပြေလှသည်။

ထိုကျောင်းသို့ရောက်သည့်အချိန်မှစ၍ စတုတ္ထတန်းကို စသင်ရသော်လည်း (၂)လလောက် ကြာသောအခါ ၃တန်းအတန်းကိုသင်နေသော ဆရာမ (၂)ယောက်မှာ အကြောင်းအမျိုးမျိုးကြောင့် ခွင့်ကိုယ်စီယူသွားကြသဖြင့် တတိယတန်းအခန်းသို့ သူမပြောင်းပြီး စာသင်ရသည်။ တတိယတန်းအခန်းသည် ကျောင်းဝန်းကြီးထဲတွင် နောက်ဆုံးအဆောင်ဖြစ်ပြီး ထောင့်ကျသည်။ ဘေးတွင်လည်းသန့်စင်ခန်းသာရှိတော့သည်။ တတိယတန်းမှာ ၂ ခန်းရှိသည်။ အေအတန်းကိုတော့ ဆရာမဒေါ်သန္တာ သင်ကြားပြီး ဘီအတန်းကိုတော့ သူမက အဓိကသင်ကြားရသည်။

တတိယတန်းအခန်းကို သင်ပြီး လေးရက်မြောက်နေ့တွင် ကျောင်းဆင်းသွားသော်လည်း သူမက အဓိက သင်ကြားရသည်။ စာအုပ်များကို အမှတ်ထိုင်ခြစ်နေသည်။ အရှေ့ဆုံးအဆောင်ရှိ ဆရာမကြီးရုံးခန်းထဲမှ မီးရောင်းကိုလှမ်းမြင်နေရသော်လည်း သူမရှိနေသော နောက်ဆုံးအဆောင်နှင့် အလွန်လှမ်းလှသည်။ သူမလက်မှ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်တော့ ညနေ (၆)နာရီ ထိုးတော့မည်ဖြစ်သည်။ ကျောင်းဝန်းထဲတွင် အမှောင်ထု ဖုံးလွှမ်းလာသော်လည်း စာအုပ် (၃)အုပ်လောက်ပဲ အမှတ်ခြစ်ရန် ကျန်တော့သောကြောင့် မီးချောင်းအလင်းရောင်အောက်တွင် အမှတ်ဆက်ခြစ်နေလိုက်သည်။ ထိုအချိန်တွင်

"ဒုန်း…"

ကျယ်လောင်သောအသံကြီးကို ရုတ်တရက်ကြားလိုက်ရ၍ သူမ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားသည်။ ဘေးတွင်ရှိသော ပြတင်းပေါက်တံခါးသည် လေလုံးဝမတိုက်ဘဲ သူ့အလိုလို အရှိန်နှင့် ပိတ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ထိုင်နေရာမှထကာ ပြတင်းပေါက်တံခါးကို ပြန်ဖွင့်ပြီး သစ်သားတုံးလေးဖြင့် ခုထားလိုက်သည်။ ထို့နောက် စားပွဲသို့ပြန်သွားကာ ထိုင်ခုံပေါ်တွင် ထိုင်ပြီး အမှတ်ဆက်ခြစ်နေလိုက်သည်။ နောက်ဆုံးစာအုပ်ကိုခြစ်ပြီးသောအခါ စာအုပ်များကို စီစီရီရီထပ်ပြီး လက်တွင်ပိုက်ကာ ထိုင်ခုံမှ ထလိုက်သည်။ ထိုစဉ်

"ဒုန်း - ဒုန်း - ဒုန်း"

"အမလေး"

လန့်ဖျပ်ပြီး သူမ အော်လိုက်မိသည်။ ခုနတုန်းက သူမပြန်ဖွင့်ထားခဲ့သော ပြတင်းပေါက်ရော နောက်ပြတင်းပေါက်အားလုံးပါ သူ့အလိုလို အရှိန်ဖြင့် ပိတ်သွားသည်။ သစ်သားတုံးခုပြီး သူမ သေချာပြန်ဖွင့်ထားခဲ့သော ပြတင်းပေါက်သည် သူ့အလိုလို ပြန်ပိတ်သွား၍ ကြောင်ပြီး ရပ်ကြည့်နေမိသည်။ သူမ စိတ်ထဲတွင် ကြောက်စိတ်အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်လာသော်လည်း ထိုကြောက်စိတ်များကိုပြန်ဖျောက်၍မီးပိတ်ကာ စာသင်ခန်းထဲမှာ ထွက်လာခဲ့လေတော့သည်။

■

တာမေးပွဲကလည်းနီးလာပြီးစာသင်ခန်းတွေကလည်း မပြတ်သေးသောကြောင့် ဒီရက်ပိုင်းအတွင်း သူမအားစိုက်သင်နေရသည်။ ထို့ကြောင့် ဟိုနေ့ညနေက သူမ ကြုံတွေ့ခဲ့ရတာတွေကို မေ့နေပြီး ဘယ်သူ့ကိုမှလည်းပြန်မပြောဖြစ်။ ဒီအတိုင်း မေ့မေ့ပျောက်ပျောက်သာ ဖြစ်သွားသည်။

တစ်နေ့တွင် သူမ စာသင်လို့ တောင်းနေတုန်းကျောင်းဆင်းရန် ခေါင်းလောင်းတီးသံကို ကြားလိုက်ရသည်။ အချိန်တွေကလည်း ကုန်တာမြန်လိုက်တာဟု သူမစိတ်ထဲတွင် တွေးရင်း ...

"ကဲ - သားတို့၊ သမီးတို့ ဒီကျောက်သင်ပုန်းပေါ်က စာကိုပြီးအောင်ကူးပြီးမှ ပြန်ကြနော်၊ နောက်နေ့ နောက်သင်ခန်းစာတစ်ခု ထပ်သွားမှာ"

ဟု ပြောပြီး ဆွဲခြင်းထဲသို့ ထမင်းချိုင့်ထည့်ကာ သိမ်းဆည်းစရာရှိ သိမ်းဆည်းနေသည်။ ကျောက်သင်ပုန်းပေါ်ရှိ စာများကို ကူးပြီးသွားသော ကျောင်းသူကျောင်းသားများသည်လည်း တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြသည်။ စာသင်ခန်းထဲ၌ သူမနှင့် ကလေး ၆ ယောက်လောက်ပဲ ကျန်တော့သော အချိန်တွင် ဒုတိယတန်းအတန်းပိုင် ဆရာမ ဒေါ်မြစိန်ရောက်လာပြီး ...

"ဆရာမ... ဒီမှာ သိပ်အကြာကြီး မနေနဲ့နော်၊ ကလေးတွေကိုလည်းပြီးရင် ပြန်ခိုင်းလိုက်တော့၊ နောက်နေ့မှ ဆက်ကူးလို့ရတာပဲ၊ တော်ကြာ မမြင်သင့် မမြင်အပ်တာတွေ မြင်သွားဦးမယ်"

ဟုပြောကာ ထွက်သွားသည်။ သူမသည် ထိုဆရာမ၏စကားကြောင့် စိတ်ထဲတွင် မသိုးမသန့်ကြီး ဖြစ်လာပြီး ကြက်သီးများတဖြန်းဖြန်းထသွားသည်။ ထို့နောက် ...

"သားတို့၊ သမီးတို့ သိမ်းလိုက်ကြတော့၊ မနက်ဖြန်မှ စောစောလာကူးကြပေါ့"

ဟုပြောပြီးကလေးတွေကိုပြန်ခိုင်းလိုက်သည်။ ကလေးများ စာသင်ခန်းထဲမှ ထွက်သွားပြီးနောက် သူမလည်း မီးများကိုစစ်၍ အခန်းတံခါးပိတ်ကာ ထွက်လာခဲ့တော့သည်။ ထိုညက သူမ တော်တော်နှင့် အိပ်မပျော်၊ ဟိုနေ့ထက် က သူမကြုံတွေ့ခဲ့ရသောအဖြစ်အပျက်ကို ပြန်သတိရလာမိပြီး ဒီနေ့ ဒုတိယတန်းအတန်းက ဆရာမပြောသွားသော စကားနှင့် ဆက်စပ်မိပြီး ပြန်စဉ်းစားနေမိသည်။

မနေ့ညတုန်းကညနက်မှအိပ်ပျော်သွားသောကြောင့် ဒီမနက် နောက်ကျမှ နိုးလာခဲ့သည်။ ထို့ကြောင့် အိပ်ရာပေါ်မှ သူမ ကမန်းကတန်းထလိုက်ပြီး ရေမိုးချိုး ထမင်းချိုင့်အတွက် ဟင်းနည်းနည်းချက်ကာ ကျောင်းသို့ ထွက်လာခဲ့သည်။ ကျောင်းသို့အရောက်တွင် ရုံးခန်းထဲ၌ လက်မှတ်ထိုးပြီး ဆရာမကြီးက ...

"အတန်းပြောင်းသင်ရတာ ဆရာမ အဆင်ပြေရဲ့လား" ဟု သူမအား စတင်မေးလိုက်သည်။

"ပြေပါတယ် - ဆရာမကြီး"

"ဆရာမ ကြိုးစားပြီး သင်နေတာ တွေ့တော့ ဆရာမကြီးလည်း ဝမ်းသာပါတယ်"

ဆရာမကြီး၏ ချီးကျူးစကားကြောင့် သူမ တစ်ချက်ပြုံးလိုက်ပြီး ...

"စဉ်ဆက်မပြတ် အတန်းတင်ပေးစနစ် ဆိုပေမယ့်လည်း ကျွန်မက ကလေးတွေကိုပြီးပြီးရော မအောင်သွားစေချင်ပါဘူး၊ တစ်နှစ်တစ်တန်းကို စာကြကြနဲ့ အောင်သွားစေချင်တာပါ"

"ဆရာမရဲ့စေတနာတွေကို သိရတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်၊ ကျွန်မတို့ကျောင်းမှာလည်း ဆရာမလို ဆရာမမျိုးရှိတဲ့အတွက် ဂုဏ်ယူလို့မဆုံးပါဘူး"

နှင်းမြတ်မွန်သည် ဆရာမကြီးနှင့် စကားပြောပြီးနောက် စာသင်ခန်းထဲသို့ ဝင်လာခဲ့သည်။ တပည့်များအား (၁) နာရီခွဲလောက်ကြာအောင် စာသင်ပြီးနောက် သန့်စင်ခန်းသွားချင်၍ လျှောက်လာခဲ့သည်။ သူမ သန့်စင်ခန်းထဲသို့ ရောက်နေချိန်တွင် ဘေးချင်းယှဉ်ရပ် အခန်းထဲမှ ငိုသံကြားလိုက်ရသည်။

"ဟီး - ဟီး - ဟီး -"

ရုတ်တရက် သူမ ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားသည်။ အပေါ့သွားပြီးသောအခါ ချက်ကို အသာလေးပြန်ဖွင့်၍ သန့်စင်ခန်းထဲမှ ထွက်လိုက်သည်နှင့် စောစောက ကြားနေရသော ကောင်မလေးတစ်ယောက်၏ ငိုသံသည်လည်း ချက်ချင်းတိတ်သွားသည်။ ထို့ကြောင့် နားကြားမှားတာဖြစ်မည်ဟု သူမတွေးကာ လက်ဆေးဘေစင်ဆီသို့ သွားရန် ဘေးသို့ ချိုးလိုက်သည်။

"အောင်မလေး"

နဂိုထဲက ကြောက်စိတ်များလွှမ်းနေသော နှင်းမြတ်မွန်သည် သူမကို

www.burmeseclassic.com

တော့ာပေးပြီး ရပ်နေသောကောင်မလေး တို့ တွေ့လိုက်ရသောအခါ လန့်ဖျပ်ကာ အော်လိုက်မိသည်။ ကောင်မလေးသည် သူမ၏အော်သံကြောင့် သူမရှိရာ အနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်၊ အဖြူအစိမ်း ဂါဝန်လေးဝတ်ထားသော ကျောင်းသူတစ်ယောက်ဖြစ်သောကြောင့် သက်ပြင်းတစ်ချက်ချလိုက်တာ သေစင်ဆီသို့ သူမ လျှောက်လာခဲ့သည်။

"သမီး - အရင်ဆေးလေ၊ ဆေးပြီးသွားပြီလား"

ထိုကောင်မလေးသည် ပါးစပ်က ဘာမှပြန်မပြောဘဲ ခေါင်းခါပြကာ ဘေးဖယ်ပေးသောကြောင့် သူမလည်း ဘာမှဆက်မမေးတော့ဘဲ ဘုံပိုင်ကိုဖွင့်၍ လက်ဆေးလိုက်သည်၊ သူမလက်ဆေးနေသည်ကို ဘေးတွင်ရပ်နေသော ကောင်မလေးက စိုက်ကြည့်နေသည်။ စိုက်ကြည့်နေရင်း ကောင်မလေးခမျာ မျက်ဖြူကြီး လန်လန်ထွက်သွားသည်၊ ဒါတွေကို နှင်းမြတ်မွန်တစ်ယောက် ဂရုမစိုက်မိ၊ ထိုအချိန်တွင် ဘုံပိုင်ထဲမှကျနေသောရေများသည် တဖြည်းဖြည်း ပူနွေးလာသည်။ ထို့နောက် သွေးညှီနံ့များ သူမနှာခေါင်းထဲသို့ တိုးဝင်လာသည်၊ ဘေးကကောင်မလေးသည်သူမ၏ထိတ်လန့်နေသောပုံကို ကြည့်၍ ပြုံးနေသည်၊ ထိုစဉ် ဘုံပိုင်ထဲမှ သွေးများ ဒရဟော စီးကျလာသည်။

"အား - သွေးတွေ - သွေးတွေ"

နှင်းမြတ်မွန်သည် ကြောက်လန့်တကြားအော်ပြီး ဘေးနားက ကောင်မလေးကို ကြည့်လိုက်သည်၊ ကောင်မလေးသည် သူမအား နားမလည်သောပုံစံဖြင့် ပြန်ကြည့်နေသည်၊ ထို့ကြောင့် သေစင်ဆီသို့ ပြန်ကြည့်လိုက်ရာ ဘုံပိုင်မှရေတွေသာ ကျနေသည်ကိုတွေ့လိုက်ရသောကြောင့် သူမကိုယ်တိုင် သူမ နားမလည်နိုင်အောင် ဖြစ်သွားရသည်၊ ထို့နောက် တုန်နေသောလက်များဖြင့် ဘုံပိုင်ကိုပြန်ပိတ်ကာ သန့်စင်ခန်းထဲမှ ထွက်လာခဲ့သည်၊ သူမမျက်နှာမှာတော့ ကြောက်လန့်မှုများ ဖုံးလွှမ်းလျက်ရှိကာ စာသင်ခန်းဘက်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။

■

မုန့်စားဆင်းပြီးသောအခါ တတိယတန်း အေအတန်းကို အဓိကသင်နေသော ဆရာမဒေါ်သဇ္ဇာသည် သူမ၏ အမေ နေမကောင်းဖြစ်နေသောကြောင့် ကျောင်းမှ စောစောပြန်သွားသည်။ ထို့ကြောင့် နှင်းမြတ်မွန်သည် အေအတန်းရော ဘီအတန်းကိုပါ သင်ရသည်၊ ဘီအတန်းကို စာရေးခိုင်းထားပြီးနောက် အေအတန်းကို စာသင်ရန် သူမ ဝင်လာခဲ့သည်၊ သမိုင်းဖတ်စာအုပ်ထဲမှ ဒေါ်သဇ္ဇာခိုင်းထားသော စာပိုဒ်ကိုရှင်းပြ၍မေးခွန်းဟောင်းထဲက ကွက်လပ်ဖြည့်လေးတွေ ဖြေကြည့်ရန် ကလေးအားလုံးကို မေးခွန်းစာရွက်များ လိုက်ဝေလိုက်သည်။

"ကဲ - ဒါက မင်းတို့ ဆရာမ ဖြေခိုင်းသွားတဲ့ ကွက်လပ်ဖြည့်လေးတွေ။ အဲဒါတွေကို (၁၀)မိနစ်အတွင်းမှာ ဖြေထားကြည့်ကြ၊ ဘီအတန်းကို စာသင်ပြီးရင် ပြန်လာခဲ့မယ်"

ကလေးများသည် သူမပြောသောအားကို ငြိမ်ငြိမ်သက်သက် ဖြေနေကြသောကြောင့် ဘီအတန်းကို စာပြန်သင်ရန် အတန်းထဲမှ ထွက်လာခဲ့သည်၊ ဘီအတန်းကိုလည်း စာမြန်မြန်ရှင်းပြပြီး (၁၀)မိနစ်ကြာသောအခါ အေအတန်းအား ပေးထားသောအချိန် စေ့ပြီဖြစ်သောကြောင့် အေအတန်းထဲသို့ပြန်ဝင်လာခဲ့သည်။ အများစုမှာ ဖြေ၍မပြီးသောကြောင့် ဆရာမ စားပွဲတွင် သူမ ဝင်ထိုင်လိုက်သည်၊ ကလေးများဖြေနေတာကို ထိုင်ခုံတွင် သူမထိုင်ကြည့်နေစဉ် နောက်ဆုံးတွင် တစ်ယောက်တည်း ထိုင်နေသော ကောင်မလေးကို သတိပြုမိသွားသည်၊ ထိုကောင်မလေးသည် မနက်က သန့်စင်ခန်းထဲတွင်တွေ့ခဲ့သောကောင်မလေးပဲ ဖြစ်သည်၊ စားပွဲပေါ်တွင် စာအုပ်တစ်အုပ်မှ ထုတ်မထားဘဲ တောင့်တောင့်ကြီးထိုင်နေ၍စာသင်ခန်းအရှေ့ကျောက်သင်ပုန်းအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသော ကောင်မလေးကိုသူမကြည့်နေရင်း "စောစောတုန်းက ဝင်လာတော့ ဒီကောင်မလေးကို မတွေ့ခဲ့ပါဘူး၊ ခုမှ ဘယ်လိုရောက်နေတာလဲ" ဟု စိတ်ထဲတွင်တွေးကာ ကောင်မလေးထိုင်နေသောနောက်ဆုံးခုံဆီသို့ လျှောက်လာခဲ့သည်။

"သမီး"

သူမသမီးဟုခေါ်လိုက်သော်လည်း ကောင်မလေးသည် လှည့်မကြည့်သောကြောင့်ကောင်မလေးဘေးတွင်ဝင်ထိုင်လိုက်ကာ "သမီး" ဟုနောက်တစ်ခါထပ်ခေါ်လိုက်သည်၊ ဒီတစ်ခေါက်မှ ကောင်မလေးသည် သူမဘက်သို့ လှည့်ကြည့်သည်။ ထို့ကြောင့် သူမသည်ပြုံးပြလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"သမီး - မေးခွန်းစာရွက် မရသေးဘူးလား"

ဟုမေးလိုက်သည်။ ကောင်မလေးသည် မဖြေသေးဘဲ အတန်ကြာအောင် သူမအား စိုက်ကြည့်နေပြီး နောက်မှ ခေါင်းလေးကိုသာ အနည်းငယ် ခါပြသောကြောင့် ...

"ဒါဆို ဆရာမသွားယူပေးမယ်နော်၊ နောက်ဆို စာရွက်မရသေးရင် ချက်ချင်းပြောနော်၊ ကြားလား"

ဟုပြောကာ ထိုင်နေရာမှ ထလိုက်သည်။ သူမခေါင်းထဲတွင် "မေးခွန်းစာရွက်တွေကို ငါ တစ်ခန်းလုံးကို ဝေခဲ့တာပဲ ဘာလို့ဒီကလေးတစ်ယောက်က မရတာလဲ" ဟု တွေးပြီး ဇဝေဇဝါဖြစ်နေသည်။ ထိုအချိန်တွင် သူမ၏ လက်ကို တစ်စုံတစ်ယောက်က ကိုင်လိုက်သောကြောင့် လက်ကို ချက်ချင်းငုံ့ကြည့်လိုက်သည်။ ဘေးက ကောင်မလေးက သူမလက်ကို ဆုပ်ကိုင်ထားခြင်းဖြစ်သည်။

"သမီး - ဘာဖြစ်လို့လဲ"

မေးခွန်းမဖြေဘဲ သူမကိုသာ မျက်နှာငယ်လေးဖြင့် စိုက်ကြည့်နေသည်။ ရုတ်တရက် ကောင်မလေး၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာကာ နှုတ်ခမ်းများသည်လည်း ပြာနမ်းလာသည်။ ထို ပြာနမ်းနေသော နှုတ်ခမ်းများဖြင့် သူမကို တတွတ်တွတ် ပြောနေသော်လည်း ကောင်မလေး ဘာပြောနေမှန်း သူမ နားမလည်။ ထိုစဉ် ကောင်မလေး၏ မျက်လုံးလေးသည် တဖြည်းဖြည်းအဖြူသို့ပြူးထွက်လာကာ သွေးများဒရဟော စီးကျလာပြီး အဖြူအစိမ်းဂါဝန်လေးပေါ်သို့ ပေကျံသွားသည်။ အစက မျက်နှာငယ်လေးနှင့် တစ်စုံတစ်ခုကို အကူအညီတောင်းနေဟန်ဖြင့် ပြောနေသော မျက်နှာလေးသည်လည်း ရုတ်တရက် မာကျောခက်ထန်သွားကာ သူမအား ဒေါသထွက်သောပုံစံဖြင့် ကြည့်နေသည်။ ထို့နောက် သူမလက်ကို ဆုပ်ကိုင်ထားသော ကောင်မလေး၏လက်မှာ တဖြည်းဖြည်း ကြမ်းတမ်းလာပြီး လက်သည်းရှည်ကြီးများ ထွက်လာသည်။ ထို့ကြောင့် အလွန်ကြောက်လန့်သွားပြီး ...

"အား - လွှတ် - လွှတ်"

ဟုအော်လိုက်သည်။

"ဆရာမ - ဆရာမ - ဘာဖြစ်တာလဲ"

သူမ အော်သံကြောင့် သူမနားသို့ ကလေးတွေအားလုံး ရောက်လာကာ သူမကို အထူးတဆန်း ကြည့်နေကြသည်။ ဘေးသို့ ပြန်ကြည့်လိုက်ရာ စောစောက ကောင်မလေးမရှိတော့၊ သူမကိုယ်တိုင် တအံ့တဩဖြစ်သွားပြီး ကြက်သီးများ တဖြည်းဖြည်း ထလာတာ ...

"ဆရာမဘေးမှာ ခုနကထိုင်နေတဲ့ ကောင်မလေး ဘယ်ရောက်သွားတာလဲ"

ဟု အနီးရှိ ကျောင်းသူတစ်ဦးကို မေးလိုက်သည်။ ထိုကျောင်းသူလေးသည် သူမကိုတစ်လှည့် သူမဘေးကို တစ်လှည့်ကြည့်ပြီး ...

"ဒီနေရာမှာ ဘယ်သူမှ မထိုင်ဘူး ဆရာမ၊ သီဂီတင်တို့ထိုင်တဲ့ အတန်းတပဲ မိန်းကလေးတွေထဲမှာ နောက်ဆုံးလေ"

ဟု သူမအား ပြန်ဖြေသည်။ ထိုကောင်မလေးစကားကြောင့် ပိုကြောက်သွားသည်။ ထိုအချိန်တွင် ဆရာမကြီးနှင့် ဆရာမ (၃)ယောက် အတန်းထဲသို့ ဝင်လာပြီး ...

"ဆရာမ - ဘာဖြစ်တာလဲ"

ဟု စိုးရိမ်တကြီး မေးကြသည်။ ထို့ကြောင့် တွေ့ကြုံခဲ့ရသမျှကို အစကနေ အဆုံးထိ ရှင်းပြလိုက်ရာ ဆရာမကြီးသည် မျက်နှာတော်တော်ပျက်သွားသည်။ အတန်းထဲရှိ ကလေးများကိုလည်း ကြောက်မည်စိုးသောကြောင့် သူမအား ဆရာမ နားနေခန်းဆီသို့ ခေါ်လာခဲ့သည်။

ထိုနေ့က သူမ လုံးဝ စာမဆက်သင်နိုင်တော့ပါ။ နောက်ပိုင်း အချိန် (၂)ချိန်ကို တခြားဆရာမတွေ ဆက်သင်ပေးမည်ဆိုသောကြောင့် အိမ်သို့ စောစောပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သောအခါ ထိုအိမ်မှ အဘွားကြီးသည် သူမပြောသမျှကို သေချာနားထောင်ကာ သူမအား အကြောင်းစုံ ရှင်းပြလေသည်။

"ဆရာမ တွေ့ခဲ့တဲ့ကောင်မလေး နာမည်က သဲထက်စံတဲ့။ အဘွားသမီး အကြီးမနဲ့ အတန်းတူတွေပေါ့၊ အဲ့ကောင်မလေးက စာအရမ်းတော်တယ်။ တစ်နေ့မှာတော့ အိမ်သာသွားရင်း သူ့သူငယ်ချင်းတွေက စနောက်ပြီး အိမ်သာအပြင်ကနေ သူ့ကို ပိတ်သွားတယ်၊ ကလေးတွေဆိုတော့လည်း အန္တရာယ်ကို နားမလည်ဘဲ စနောက်ချင်တဲ့စိတ်နဲ့ပဲပေါ့။ ဒါပေမဲ့ - သူ့ကို ပြန်ဖွင့်ပေးဖို့ မေ့သွားကြတယ်။ သူ အပိတ်ခံရတာက သောကြာနေ့ဆိုတော့ ကြားမှာ ပိတ်ရက် (၂)ရက်ပါ ခံသွားတယ်။ ဟိုတနင်္လာနေ့

www.burmeseclassic.com

မှာမှ ဆရာမတစ်ယောက်က အိမ်သာတံခါးကို ဖွင့်လိုက်တော့ သေနေတာကို တွေ့ရတာ၊ အိမ်သာကလည်း အုတ်နဲ့အခိုင်အခံ့ ဆောက်ထားပြီး စာသင်ဆောင်ရဲ့ အပြင်မှာဆိုတော့ သူအော်တာတို့ စာသင်ခန်းထိ မကြားနိုင်ဘူးလေ၊ အဲဒီကောင်မလေးက တော်တော်သနားစရာကောင်းပါတယ် ဆရာမရယ်၊ ဆရာမ အရှေ့မှာလည်း တချို့ဆရာမလေးတွေ ဆရာမလိုပဲ ကြုံဖူးကြတယ်၊ ကျောင်းအုပ်ဆရာမကြီးလည်း အမျှတွေ ဘာတွေ ဝေပေးတာပဲ၊ ဒါပေမဲ့ - သူ့အဖို့ပါလို့အခုထိဒီဘဝကနေ မကျွတ်နိုင်သေးတာနဲ့ တူပါတယ်"

အစတ နှင်းမြတ်မွန် အရမ်းကြောက်နေခဲ့သော်လည်း အသွားကြီးရှင်းပြသောစကားကြောင့် ကောင်မလေးကိုသနားသွားသည်၊ ထိုညကသူမ တော်တော်နှင့် အိပ်မပျော်၊ မျက်စိကိုမှိတ်ပြီး အိပ်ပျော်ရန် အတင်းကြိုးစားသော်လည်း ကောင်မလေး၏ မျက်နှာလေးကိုသာ အာရုံထဲတွင် မြင်ယောင်နေမိသည်၊

■

နောက်နေ့မနက်တွင် နောက်ကျမှနိုးလာသော်လည်း ညက တော်တော်ညဉ့်နက်မှအိပ်ပျော်ခဲ့သောကြောင့်အိပ်ရေးမပြည့်သလိုဖြစ်ကာ ခေါင်းထဲတွင်နောက်ကျိကျိဖြစ်နေသည်၊ ကျောင်းသို့ရောက်သောအခါ မုန့်စားဆင်းချိန်ထိ ဒေါ်သဉ္ဇာက အစားပြန်သင်ပေးမည်ဆိုသောကြောင့် ဆရာမနားနေခန်းထဲတွင်ပင် သူမ နေလိုက်သည်၊ တခြားအတန်းက ဆရာမတွေလည်း မနေ့တုန်းကအဖြစ်အပျက်ကို သူမအား အသေးစိတ်မေးကြပြီး ...

"ကျောင်းတို့ရုံးတို့ဆိုတာ အများပိုင် နေရာတွေဆိုတော့ မမြင်ထိုက်တဲ့အရာတွေ အနည်းနဲ့အများတော့ ရှိကြတာပါပဲ၊ ဘုရားတရားသာမှန်မှန်လုပ်ပြီး သူတို့ကို အမျှဝေပေးပေါ့ ဆရာမရယ်"

ဟု ပြောကြသည်၊ ထို့နောက် မုန့်စားဆင်းချိန်ပြီးသောအခါ ဘီအတန်းထဲသို့ စာသင်ရန် အနောက်ဆောင်သို့လာခဲ့သည်၊ မနေ့တုန်းကကောင်မလေး၏အကြောင်းကို အကုန်သိထားပြီး၍ သနားသော်လည်း ဘဝခြားနေပြီဖြစ်သော အသိကြောင့် သူမ စိတ်ထဲသို့ ကြောက်စိတ်များ ပြန်လည်ဝင်ရောက်လာသည်၊ အတန်းထဲသို့ ရောက်သောအခါစာသင်ရန် အာရုံစူးစိုက်၍မရသော်လည်း ကလေးများအား ကြောက်ကြောက်ဖြင့်ပင် စာသင်ပေးခဲ့သည်၊ နောက်ဆုံးချိန်ထိ သင်ပြီးသောအခါ ကလေးများပြန်သွားသည်နှင့် ယခင်လို အတန်းထဲတွင် တစ်ယောက်တည်း မနေရဲတော့ဘဲ အမှတ်ခြစ်ရမည့်စာအုပ်များကိုပိုက်၍ အရှေ့ဆောင်ရှိ ဆရာမကြီး ရုံးခန်းဆီသို့ သွားလိုက်သည်၊ ဆရာမကြီးသည် သူမ ဝင်လာသောအခါ သူမအား ပြုံးပြ၍ ...

"ဟိုစားပွဲမှာထိုင်ပြီးအမှတ်ခြစ်ပေါ့၊ ကျွန်မလည်း ရှိနေတာပဲ၊ မကြောက်ပါနဲ့တော့၊ စိတ်အေးအေးထားပြီး လုပ်စရာရှိတာလုပ်ပါ"

"မကြောက်ပါဘူး - ဆရာမကြီး၊ ကောင်မလေးကို သနားတာပါ"

ဟု ပြောလေသည်၊ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး အမှတ်ခြစ်နေသည်မှာ မည်မျှ ကြာသွားသည် မသိ၊ ကျောင်းစောင့်၏မိန်းမအသံကြားမှာ သူမစာအုပ်တွေကိုအမှတ်ခြစ်နေရာမှ ခေါင်းမော့ရပ်လိုက်သည်၊

"ဆရာမကြီးရေ - ဆရာမကြီးရဲ့ ဧည့်သည် ရောက်နေတယ်"

"ဘယ်က ဧည့်သည်လဲ"

"ဆရာမကြီးတူမလို့ ပြောတာပဲ"

"ကြော် - ဟုတ်သားပဲ၊ သူ ဒီနေ့ ပါ့ဆီလာမယ်လို့ ပြောထားတာပဲ"

ဆရာမကြီးသည် ပြောပြောဆိုဆိုဖြင့် ရုံးခန်းထဲမှ ထွက်သွားသည်၊ ဝတ်ဝန်းကျင်သည် မှောင်မည်းနေပြီး သူမ တစ်ယောက်တည်းရုံးခန်းတွင်ကျန်ရစ်ခဲ့သည်၊ နာရီကိုကြည့်လိုက်တော့ ညနေ (၆) နာရီကျော်နေပြီဖြစ်သည်၊ သူမ လက်ဖက်ရည်တစ်ငုံစာ မော့သောက်လိုက်ရင်း စာအုပ်များကို အမှတ်ဆက်ခြစ်နေလိုက်သည်၊

"ရှပ် - ရှပ် - ရှပ် - ရှပ် -"

ရုတ်တရက် ရုံးခန်းအပြင်တော်ရှော်တာမှ တစ်စုံတစ်ယောက် လမ်းလျှောက်နေသံကို ကြားလိုက်ရသည်၊ ခြေသံမှာ ရှေ့သို့ ဆက်မသွားဘဲ ရုံးခန်းအရှေ့တွင်သာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသောအသံဖြစ်သည်၊ ထို့ကြောင့် ထိုနေရာမှထကာ အခန်းဝသို့သွား၍ တော်ရစ်တာတစ်လျှောက်ကို လှမ်းကြည့်လိုက်သည်၊ ဘယ်သူမှမရှိ၊ သို့သော် ခြေသံကို ကြားနေရဆဲဖြစ်သည်၊ သူမသည် အခန်းဝတွင် ရပ်နေရင်း ကြောက်လာသဖြင့် ရုံးခန်းထဲသို့ ပြန်ဝင်လာကာ ရုံးခန်းတံခါးကို ပိတ်လိုက်ပြီး အမှတ်ဆက်ခြစ်ရန် စားပွဲသို့ ပြန်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ထိုစဉ် မပိတ်ထားသော ပြတင်းပေါက်များမှ တစ်ဆင့် လေအေးများ တိုးဝင်လာသည်၊ သူမကျောထဲအေးစိမ့်သွားပြီး ခြေအစုံကို ရပ်တန့်လိုက်သည်၊

"ရှပ် - ရှပ် - ရှပ်"

ခြေသံသည် ထပ်မံထွက်ပေါ်လာသည်၊ ဒီတစ်ခါတွင်တော့ ခြေသံသည် အခန်းပြင်မှမဟုတ်၊ သူမအနီးအနားမှ ဖြစ်သည်၊ ရုတ်တရက် စာကျက်နေသံလိုအသံညင်းညင်းလေးကိုလည်းကြားလိုက်ရသည်၊ စားပွဲပေါ်က သူမအမှတ်ခြစ်နေသောစာအုပ်ကိုလည်း တစ်စုံတစ်ယောက်က စာရွက်များကို လှန်နေသတဲ့သို့ တစ်ရွက်ချင်းစီ လှန်နေသည်၊ နှင်းမြတ်မွန်သည် တစ်ကိုယ်လုံးတွင် ကြောက်စိတ်များ ဖုံးလွှမ်းနေပြီး ကြောင်ကြည့်နေမိသည်၊ ထိုစဉ် ...

"ဟီး - ဟီး - ဟီး - "

ငိုသံကြီးတစ်သံ ထွက်လာသောကြောင့် အခန်းအပြင်သို့ ပြေးထွက်ရန် ခြေထောက်ကို လှမ်းလိုက်သည်၊ သို့သော် ခြေထောက်မှာ ရွေ့လို့မရတော့၊ တစ်ကိုယ်လုံး တုန်နေပြီး နဖူးတွင် ချွေးများဖြင့် စိုစွတ်နေသည်၊ ထိုစဉ် သူမခြေထောက်များ ရုတ်တရက်အေးစက်လာသောကြောင့် လန့်ဖျပ်ပြီး သူမ ငုံ့ကြည့်လိုက်ရာတွင် ဖြူဖွေးနေသော လက်တစ်စုံက သူမခြေထောက်များကို တင်းတင်းကြပ်ကြပ် ဆွဲဖမ်းထားသည်၊ ထိုဖြူဖွေးနေသော လက်ကြီးသည် ရေခဲသဖွယ် အေးစက်နေသည်၊ သူမမှာ ဘယ်လိုမှ မရုန်းနိုင်ဘဲ ထိုလက်များကိုသာ ကြည့်နေမိသည်၊ ထိုစဉ် သူမ ခြေထောက်နှစ်ချောင်းကြားမှ ခေါင်းကြီးတစ်လုံးထွက်လာသည်၊ ထို့နောက် ထိုခေါင်းကြီးသည် တဖြည်းဖြည်းမော့လာပြီး သူမကို ကြည့်လိုက်သည်၊

"အား..."

နှင်းမြတ်မွန် အလွန်လန့်ဖျပ်ပြီး အသားကုန်အော်ဟစ်လိုက်သည်၊ ထိုမျက်နှာကြီးသည် သေသွားသော ကောင်မလေးသဲထက်စံ၏ မျက်နှာကြီးဖြစ်သည်၊ ကောင်မလေး၏ မျက်နှာမှာ ယခင်ကထက် ပိုပြီးရုပ်ပျက်ဆင်းမှုတ်ဖြစ်နေကာ ကြောက်မက်ဖွယ် ကော်တော်ကောင်းလှသည်၊

"ဟား - ဟား - ဟား - ဟား"

ထို ကောင်မလေးသည် သူမကြောက်နေသောပုံစံကိုကြည့်၍ ဝက်ပက်စက်စက် ရယ်မောနေသည်၊ သူမအော်သံကိုလည်း ဘယ်သူမှကြားမရ၊ သူမခြေထောက်ကို ကောင်မ... လက်မှ လွတ်ရန်အတွက် အားကုန်သုံး၍ ရုန်းချလိုက်သည်၊ ထို့နောက် ခြေထောက်များ ပြန်ပြီး ရွေ့လို့ရသွားသည်၊ ကြောက်ကြောက်ဖြင့်ပင် အောက်ကို ပြန်ငုံ့ကြည့်တော့ ကောင်မလေးမရှိတော့၊ ပတ်ဝန်းကျင်သည်လည်းအလွန်တိတ်ဆိတ်နေသည်၊ သူမအနောက်မှ တစ်စုံတစ်ယောက်က သူမကို စူးစိုက်ကြည့်နေသည်ဟု စိတ်ထဲတွင် ထင်သောကြောင့် အနောက်သို့ ဖြည်းဖြည်းချင်းလှည့်ကြည့်လိုက်သည်၊ ဘာမှမရှိတော့သောကြောင့် သူမစိတ်သက်သာရာ ရသွားသည်၊ သို့သော် ရုံးခန်းထဲမှာ ဆက်မနေသင့်တော့ဘူးဟုတွေး၍ ရုံးခန်းထဲမှထွက်ရန် ရှေ့သို့ ပြန်လှည့်လိုက်သည်၊

"အား - သရဲ - သရဲ"

သူမ၏ အရှေ့မျက်နှာကြက်တွင် ချိတ်ဆွဲထားသော လေးပေမီးချောင်းကြီးကို ခြေထောက်နှစ်ချောင်းဖြင့် ချိတ်ထား၍တွဲလောင်းကြီး ဇောက်ထိုးကျနေပြီး သူမကို ကြည့်နေသည်၊ ဆံပင်ရှည်ကြီးသည်လည်း လေထဲတွင် ဝဲနေကာ သူမ မျက်နှာပေါ်သို့ လာလာထိသည်၊ သူမသည် ထိုမြင်ကွင်းကို ကြည့်နေရင်း အသက်ရှူကြပ်လာပြီး မျက်လုံးပြာဝေလာကာ နေရာတွင်ပင် လဲကျသွားလေတော့သည်၊

■

နောက်ဆုံးချိန်ဖြစ်၍ ကလေးများသည် လွယ်အိတ်ထဲသို့ စာအုပ်များကို ကြို့သိမ်းထားကြပြီး စာရေးစားပွဲ ခုံအောက်ထဲသို့ ဝင်ကာ ဆော့ကစားနေကြသည်၊ ဆရာမသည် စာအလွတ်ဆိုနေသော ကလေးများ စာဆိုနေသည်ကို နားထောင်ပေးနေသည်၊

"သားတို့၊ သမီးတို့ရေ - တိုးတိုးဆော့ကြ၊ ဒီမှာ သူများတွေ စာဆိုနေကြတယ်"

"ဟုတ်ကဲ့ - ဆရာမ"

ဆရာမစကားကို "ဟုတ်ကဲ့" ဟုပြန်ပြောကြသော်လည်း ကလေးတွေ သဘာဝအတိုင်း ဆော့မြဲသာ ဆော့နေကြသည်၊ သို့သော် ကောင်မလေးတစ်ယောက်သည် မဆော့ဘဲ ဖတ်စာအုပ်ဖွင့်ကာ အိမ်စာတွေကို ကျောင်းမှာ ထစ်ခါတည်း ရေးနေသည်၊ နှင်းမြတ်မွန် ထိုကောင်မလေးနားသို့ သွားထိုင်ကာ ပြုံးပြီး ကြည့်နေမိသည်၊ အနည်းငယ်ကြာသောအခါ ကောင်မလေးနှစ်ယောက် ရောက်လာပြီး ...

www.burmeseclassic.com

"သဲထက်စံ - ငါတို့ အိမ်သာသွား ချင်တယ်၊ အဖော်လိုက်ခဲ့ပေးပါ"

"အေး - ငါလည်း ခုပဲ အိမ်သာသွား မလို့"

တုပြောပြောဆိုဆိုဖြင့် စာအုပ်များ တိုလွယ်အိတ်ထဲသို့ထည့်သိမ်းလိုက်ပြီး ဆရာမကို ခွင့်တိုင်ကာ စာသင်ခန်းထဲမှ ထွက်သွားသည်၊ နင်းမြတ်မွန်လည်း ကောင်မလေး သုံးယောက် သွားတဲ့ နောက်သို့ လိုက်လာခဲ့သည်၊ ကောင် မလေးနှစ်ယောက်က အိမ်သာထဲသို့ အရင်ဝင်သွားသည်၊ အတန်ကြာသော် ပြန်ထွက်လာပြီး ခုနက စာရေးနေသော ကောင်မလေးတစ်ယောက်တည်း အိမ် သာထဲသို့ ဝင်သွားသည်၊ အပြင်တွင် စောင့်နေသော ကောင်မလေးနှစ် ယောက်သည် တစ်ယောက်နှင့်တစ် ယောက် တတွတ်တွတ် ပြောနေကြ သည်၊

"အပြင်ကနေ ချက်ချလိုက်တယ်၊ အဲဒါဆို သူကြောက်ပြီးငိုနေမှာ၊ နောက် (၅)မိနစ်လောက်နေမှသူ့ကိုလာပြန်ဖွင့် ပေးလိုက်မယ် - ဟီး - ဟီး"

ကောင်မလေးတွေသည်သူမအား တွေ့ပုံမပေါ်၊ သူတို့၏သူငယ်ချင်းဖြစ်သူ ကို နောက်ချင်သောစိတ်လေးတစ်ရ ထဲကိုသာ ရှေ့တန်းတင်၍ အပြင်မှ ဂျက် ချပြီးထွက်သွားသည်၊ နင်းမြတ်မွန်သည် ထိုမြင်ကွင်းကိုကြည့်နေရင်း သူမခေါင်း ထဲ၌တစ်စုံတစ်ခုကိုအမှတ်ရလာသည်၊ ထိုစဉ်...

"ဒုန်း - ဒုန်း - ဒုန်း - ဒုန်း -"

အိမ်သာထဲမှ တံခါးကို ကျယ် လောင်စွာထုနေသောအသံကို ကြား လိုက်ရသည်၊ အရာအားလုံးကို သူမ ပြန်သတိရကာ အပြင်မှချက်ကို ဖွင့်ပေး ဖို့ သူမကြိုးစားသော်လည်း မရ၊ ထိတွေ့ လိုက်သည့်အရာအားလုံးသည်လေဟာ နယ်လိုဖြစ်နေကာ ဘာတစ်ခုကိုမှ သူမ ကိုင်တွယ်လို့မရ၊ ထို့ကြောင့် အခြားလူ တွေကို သွားရောက်အကူအညီတောင်း ရန် သန့်စင်ခန်းထဲမှအပြင်သို့ပြေးထွက် လာသည်၊ အပြင်သို့ရောက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ ကာ ချမ်းစိမ့်နေသည်၊ ဘယ်လိုဖြစ်ပြီး မြန်မြန်ဆန်ဆန်ဖြင့် ညဘက်ကြီး ဘယ် ရောက်သွားတာလဲဆိုတာကိုတော့ သူမ နား မလည်နိုင်တော့၊ အိမ်သာတံခါးကို ထုရိုက်နေသောအသံမှာလည်း ပိုမို ကျယ်လောင်လာသည်၊ သူမ ဘယ်လို လုပ်ရမလဲဟု စဉ်းစားနေတုန်းဟု စော စောက သူမလက်သည် အိမ်သာတံခါး ထဲ ဖြတ်ဝင်သွားခဲ့တာကို သတိရသွား သည်၊ ထို့ကြောင့် အိမ်သာအရှေ့ဆီသို့ ပြန်ထကာ ခန္ဓာကိုယ်တစ်ခုလုံးအိမ်သာ ထဲဆီသို့ ဖြတ်ဝင်လိုက်သည်၊

"မေမေရေ - ဟီး - ဟီး - မီးမီး ကြောက်တယ် - ဟီး"

သဲထက်စံဆိုသော ကောင်မလေး သည် အိမ်သာထဲတွင်ထိုင်ကာ ငိုယိုနေ သည်၊ ငိုထားတာ အတော်ကြာပြီဖြစ် သောကြောင့် အလွန်အမင်းရှိုက်ကာ ငိုနေသည်၊ မျက်လုံးတွေကလည်း ဖောင်းအစ်နေပြီးအသံများသည်လည်း ဝင်နေသည်၊ ထိုအဖြစ်ကို သူမ ကြည့် နေရင်း ရင်ထဲမှာ ဆို့နစ်လာသည်၊ ထို ကောင်မလေး၏လက်ကို ကိုင်လိုက် သော်လည်း မရ၊ သူမ ဘာမှမလုပ်နိုင် ဘူးဆိုတာကိုသိပြီး ကောင်မလေး ငိုယို နေတာကို ကြည့်နေရင်း သူမပါ ထိုင်ငို နေမိသည်၊ ကောင်မလေးသည် သူမ တစ်ယောက်တည်း အိမ်သာထဲမှာ ဖြစ် နေ၍လည်း အလွန်အမင်း ကြောက်နေ သည်၊ နောက်ဆုံးတွင် ငိုယိုနေရင်း လည်း ကျသွားလေတော့သည်၊

"သမီး - သမီးလေး - ဘာဖြစ်သွား တာလဲ"

သူမသည် ကောင်မလေး လဲကျ သွားသောကြောင့် ဘေးကနေ အော် ပြောနေသည်၊

ကောင်မလေးကိုလည်း ဘယ်လိုမှ ထိမရ၊ သူမ မျက်နှာကို လက်ဖြင့်အုပ် ရင်း ငိုနေမိသည်၊ ထိုအချိန်တွင် တစ်စုံ တစ်ယောက်သည် သူမ၏လက်များကို ဆုပ်ကိုင်၍ သူမ မျက်နှာပေါ်မှ ဖယ်လိုက် သောကြောင့် နင်းမြတ်မွန်သည် မျက်စိ ကို မှိတ်ထားရာမှ ပြန်ဖွင့်လိုက်သည်၊ သဲထက်စံသည် သူမအား ပြုံးပြီး ကြည့် နေကာ

"သမီး - စာသင်ချင်တယ်၊ စာသင် ချင်တယ် - ဟီ - ဟီ - ဟီ"

ဟု ငိုရင်းပြောလေသည်၊ သူမ သည်လည်း ထိုကောင်မလေးကို ဖက် ထားလိုက်ပြီး ပြုံးတူငိုနေမိသည်၊

■

"ဆရာမ - ဆရာမ - သတိရလာပြီ လား"

ဘေးကအသံများကြောင့်နင်းမြတ် မွန်မျက်လုံးများကို ယူပြီး ဖွင့်ကြည့်လိုက် သည်၊ ဆရာမကြီး ဒေါ်သန္တာနှင့် အခြား ဆရာမနှစ်ယောက်တို့သည် သူမအား ဝိုင်းကြည့်နေကြသည်၊

"ဟို ကောင်မလေးရော - ဘယ် ရောက်သွားပြီလဲ"

www.burmeseclassic.com

"ဘယ်ကောင်မလေးကိုပြောတာလဲ - ဆရာမ"

"ဟို - သဲထက်စံ"

"ဆရာမရယ် - အခုဒါတွေမေ့လိုက်ပါတော့၊ သူဆုံးတာလည်း တော်တော်ကြာနေပြီ၊ ဆရာမ သတိမမေ့နေတာလည်း တစ်ရက်ကျော်ရှိပြီ၊ ဆရာမကြီးလည်း ကျောင်းမှာ ဘုန်းကြီးတွေကို ပင့်ပြီး ပရိတ်ထပ်ရွတ်ပြီးပြီ၊ ဆရာမကို နောက်ထပ် ခြောက်တော့မှာ မဟုတ်ပါဘူး"

ဆရာမဒေါ်သဥ္စာ၏ ပြောစကားကြောင့် နင်းမြတ်မွန် ဘာတစ်ခွန်းမှထပ်မပြောတော့ဘဲ မျက်စိကို ပြန်မှိတ်ထားလိုက်သည်၊ စိတ်ထဲမှာတော့ သဲထက်စံဆိုသော ကောင်မလေးအကြောင်းကို ပြန်တွေးကာ ဝမ်းနည်းစိတ်များဖြင့် ဖုံးလွှမ်းနေသည်၊ သတိလစ်သွားစဉ် မက်ခဲ့သည့်အိပ်မက်လိုလို တကယ်လိုလို အရာရာကို လည်း သတိရနေမိပြန်သည်၊

ဒီနေ့ ဒီကျောင်းမှာ စာသင်ခဲ့တာ နောက်ဆုံးနေ့ဖြစ်သည်၊ ကျောင်းဆင်းတော့ ဆရာမကြီးနှင့် တခြားဆရာမတွေကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်၊ ကော်ရစ်တာတွင် သူမ လမ်းလျှောက်လာရင်း ဒီကျောင်းမှာ ကြုံတွေ့ခဲ့ရသော အမှတ်တရများကို တွေးနေမိသည်၊ ထိုစဉ် သူမအနောက်မှ "ဆရာမ" ဟု ခေါ်သံလိုလို ကြားလိုက်ရ၍ ...

"ဆရာမ"

အနောက်သို့ ရုတ်ချင်းလှည့်ကြည့်လိုက်သည်၊ ကြည့်နေသော သဲထက်စံလေးကို တွေ့လိုက်ရသည်၊ ထို့နောက် ကြမ်းပြင်ပေါ်တွင် သူမကို ကန်တော့ပြီး -

"ဆရာမ - သမီးကို မေ့မသွားရဘူးနော်"

ဟု ပြောလေသည်၊ နင်းမြတ်မွန်လည်း ပြန်ပြုံးပြကာ မီးခိုးငွေ့သဏ္ဍာန်ဖြင့် ရုတ်ခြည်းကွယ်ပျောက်သွားလေသည်၊

"ဆရာမက သမီးလေးကို ဘယ်တော့မှ မမေ့ပါဘူး"

ပြီး



www.burmeseclassic.com

# သူစုန်း ကိုယ်စုန်း အမုန်းဖက်တော့

ဝင်းခိုင် (မကွေး)

သူစုန်း
ကိုယ်စုန်း
အမုန်းဖက်တော့
အိမ်ထောင်လည်းပျက်၊
အသက်လည်း ထွက်သွားကြရတဲ့
အကြောင်းပါ။

ကျွန်တော့်ရဲ့ ချစ်တဲ့ စာဖတ်ပရိသတ်ကို ကျွန်တော်က များသောအားဖြင့် အဖြစ်မှန်များကို အကြောင်းခံပြီး ရေးသားခဲ့ခြင်းဖြစ်ပြီး (ဆောင်)စရာရှိတာ(ဆောင်)၊ (ရှောင်)စရာရှိရာ (ရှောင်) ကြဖို့ သင်ခန်းစာပေး ဆောင်းပါးတွေ များပါတယ်။

အခု စာဖတ်ပရိသတ်ရှေ့မှောက် ရောက်နေတဲ့ (သူစုန်း၊ ကိုယ်စုန်း၊ အမုန်းဖက်တော့) ဝတ္ထုစာမူကလည်း တကယ့်အဖြစ်မှန်ဖြစ်လို့ ကျွန်တော့်သူငယ်ချင်း၊ စာရေးဖော်ရေးဖက်ဖြစ်တဲ့ စာရေးဆရာ၊ သတင်းထောက်(မျက်လုံး)ရဲ့နာမည်ကလွဲပြီး တခြားအမည်များကို လွှဲပြောင်းထားပါတယ်။

ကျွန်တော့်သူငယ်ချင်းက ဘဝစုံတယ်။ ဗိန္ဓောဆရာ၊ အထက်လမ်းဆရာ၊ ဗေဒင်ဆရာ၊ တည်းခိုခန်းမန်နေဂျာ၊ ဝက်သတ်လိုင်စင်ရပုဂ္ဂိုလ်၊ စာရေးဆရာ သတင်းထောက်၊ တိုင်းရင်းမြန်မာဆေးဆရာတစ်ယောက်ပါ။

တည်းခိုခန်းမှာ မန်နေဂျာလုပ်ခဲ့တော့ ဟောတစ်ယောက်၊ ဟောတစ်ယောက် အိမ်ထောင်ပြုခဲ့သူလည်း ဖြစ်ပါတယ်။

သူက ပျက်စီးစဖြစ်တဲ့ ကောင်မလေးတွေကို ကယ်ချင်လို့ တရားဝင်လက်ထပ်ပြီး ယူခဲ့ပေမယ့် (မြဲခုန်နေကျ နွားမြီးကို ခုန်တာပဲ) ဆိုသလိုပဲ၊ ကောင်မလေးတွေက ထားထားသွားခြင်း ခံရသူပါ။ သူ့အမည်က (ကံဇော် (ခ) သိန်းမောင်(ခ)မျက်လုံးလို့ ခေါ်ပါတယ်) သူ့ကိုတော့ တစ်ခုလပ်လို့ ခေါ်ရမလား၊ ရာခုလပ်) လို့ပဲ ခေါ်ရမလားတောင် မသိတော့ပါဘူး။ မိန်းမယူတာ မရေတွက်နိုင်တော့ဘူး။

နောက်ဆုံး အိမ်ထောင်ပြုရာမှ သူကြုံတွေ့ခဲ့ရတာလေး ဖောက်သည်ချရမယ်ဆိုရင်...

■

"ဝုန်း"

"အမေရေ–ကယ်ပါဦး၊ ဒီမှာ သမီး အိပ်နေတာကို ခုတင်ပေါ်ကနေ ဆွဲချနေတယ်"

"ဒုန်း"

"ခွမ်း"

"အမေရေ–အမေရေ"

"ဒုန်း"

အပေါ်ထပ်မှာ ဆူညံနေလို့အောက်ထပ်မှာ အိပ်နေတဲ့ မေမေဒေါ်လှအိမ်တမီးတွေဖွင့်ပြီး အိမ်ပေါ်ကို ပြေးတက်လာခဲ့တယ်။

ဒေါ်လှအိမ် အပေါ်ထပ်ရောက်တော့ သူ့သမီးဖြစ်သူ မယ်စိန်တစ်ယောက် ခြုံစောင်ကြီး ထွေးလုံးရစ်ပတ်ဖြစ်လျက် ကြမ်းပြင်ပေါ်မှာ ရုန်းကန်နေတာ တွေ့ရတယ်"

"သမီး – သမီး ဘာဖြစ်နေတာတုံး"

"အမေ လူတစ်ယောက်က သူ့လက်တစ်ဖက်ပြန်ပေးဖို့ တောင်းနေတယ်"

"ကျွန်မက ဘယ်က လက်တုံး၊ ကျွန်မ မသိဘူးလို့ပြောတော့ နင်သိလျက်သားနဲ့ ညာနေတာဆိုပြီး ကျွန်မကို ခုတင်ပေါ်က ဆွဲချတော့တာပဲ"

လို့ မယ်စိန်က ပြောတယ်။

"နင့်အစ်ကိုတော့ ငါတို့မသိအောင် ဘာတွေလုပ်လာပြန်တယ် မသိဘူး။ သူ့အခန်းထဲ သွားကြည့်ရအောင်"

လို့ ပြောပြီး အောက်ထပ်မှာရှိတဲ့ သူ့သားရဲ့ စတိုခန်းကို ထွက်ခဲ့တယ်။

စတိုခန်းကို ဖွင့်လိုက်တာနဲ့ "ဗျောင်း" "ဗျောင်း"နဲ့ မြည်ပြီး မီးတွေ ပျက်သွားတယ်။ တစ်အိမ်လုံး မီးမှောင်ကျသွားတယ်ဆိုရင်ပဲ၊ အခန်းထဲကနေ

www.burmeseclassic.com

"ငါ့လက်ပြန်ပို့"

"ငါ့လက်ပြန်ပေး"

"ငါ့လက်ပြန်ပို့"

ဆိုတဲ့ အသံနက်ကြီး စတိုခန်းထဲက အော်သံကြားရတာ သားအမိနှစ်ယောက်လန့်ပြီး တစ်ယောက်နဲ့တစ်ယောက် မလွှတ်တမ်း ဖက်ထားမိကြတယ်။

ဒေါ်လှက မကြောက်ဘူး။ မယ်စိန်တတော့ ကြောက်လိုက်တာမှ သေးတောင် တဖျန်းဖျန်းထွက်ကျတယ်။ အမေ့ကိုလည်း မလွှတ်တမ်း ဖက်ထားတော့တာပဲ။

"အောင်မယ်လေးတော့"

"ဒုန်း"

"ရှောင်း"

"ရှလောင်း"

"ဒုတ်"

တစ်ယောက်ယောက်က ပစ်လိုက်သလို ဖြူဖြူဖွေးဖွေးအရောင်ရှိတဲ့ တစ်ပေခန့်ရှိတဲ့ အချောင်းကြီးတစ်ချောင်း ဒေါ်လှခြေထောက်နား ကျရောက်လာတော့ မကြောက်ပါဘူးဆိုတဲ့ ဒေါ်လှအောင် လန့်အော်တယ်။

"ငါ့လက်ပြန်ပို့"

"ငါ့လက်ပြန်ပေး"

"ငါ့လက်ပြန်ပို့"

မှောင်မှောင်မည်းမည်း အခန်းထဲက အသံနက်ကြီးနဲ့ အော်နေတုန်းပဲ"

"ဟဲ့ - ဘာကြီးတုံး"

ဒေါ်လှက သူ့ခြေထောက်နားက ဖြူဖြူအချောင်းကြီး ကောက်ယူကြည့်လိုက်တော့ လမ်းဘေးဓာတ်တိုင်အလင်းရောင်ကြောင့် လူသေအလောင်းရဲ့ လက်ဖျံရိုးတစ်ချောင်းဖြစ်နေတာ တွေ့ရတယ်။

"ရော့ - နင့်လက်၊ နင့်ဘာသာပြန်ယူ"

"ဝုန်း"

"ဂျလောင်း"

ဒေါ်လှက လက်ဖျံရိုးကြီးကို အခန်းထဲက အော်နေတဲ့အကောင်ဆီ ပြန်ပစ်ပေါက်လိုက်တယ်။

"နင်က ငါ့ဆီတော့ ပစ်ပေးနိုင်ပြီး နင့်ပစ္စည်း နင့်ဘာသာ နင်ပြန်ယူသွား"

"အရေးထဲ အမေကလည်း သရဲနဲ့ ရန်ဖြစ်နေတယ်"

"သွား - လက်နှိပ်ဓာတ်မီးနဲ့ ဘုရားကျောင်းဆောင်ပေါ်က ပရိတ်ရေယူခဲ့"

"သွားရဲပါဘူး - အမေ လိုက်ခဲ့"

"မလုပ်နဲ့၊ မလုပ်နဲ့။ ငါ့လက်ပြန်ပေး။ ငါ့လက်ပြန်ပို့" "ပရိတ်ရေနဲ့ မပက်နဲ့"

"သောက်သရဲ ပရိတ်ရေတော့ ကြောက်ပါလား။ ဟဲ့အကောင် - သချိုင်းနဲ့ ဒီနေရာက နှစ်မိုင်ဝေးတယ်ဟဲ့။ အခုချိန်ကြီး ဘယ်လိုမှသွားလို့မရဘူး၊ မနက်မှ ပို့ပေးမယ်။ နင် ငြိမ်ငြိမ်နေတော့ မနေရင် ပရိတ်ရေနဲ့ ပက်မယ်"

ဒေါ်လှက ငြိမ်းချမ်းရေးစကား ဆိုသည်၊ သူရဲက ပြောမရ၊

ကိုကံဖော်ရဲ့အိမ်က သိင်္ဂါဂီရိရပ်ကွက် ဘုရားသုံးဆူရဲ့ တတိယဘုရား၊ သ.န.က (၁) စစ်တပ်ရဲ့ခြံစပ်မှာနေတာ၊ တော်တော်ခေါင်တဲ့နေရာ၊ သိင်္ဂါဂီရိရပ်ကွက် မြောက်ဘက်ဆုံးအိမ်တန်းဖြစ်တယ်။ သူ့ဟိုဘက်မှာ ဘာအဆောက်အအုံမှ မရှိတော့ဘူး။

သချိုင်းက မကွေးနတ်မောက်လမ်း (ခွေးထိုင်ရိုး)လို့ခေါ်တဲ့ မြို့အထွက်မှာ ရှိတာ၊ အဲဒီပတ်ဝန်းကျင်က ဘာအဆောက်အအုံမှ မရှိဘူး၊ သွားဖို့လာဖို့ ခက်တယ်၊ ဒါပေမဲ့ အခုတော့ မကွေးမြို့ဘုရား ကျော်လူတွေကို အဲဒီသချိုင်းမှာ နေရာချပေးလိုက်တာ မြို့အလယ်ကောင် ဆတ်တောင်မှ စည်ကားနေပါပြီ၊

"ငါ့လက်ပြန်ပို့"

"ငါ့လက်ပြန်ပေး"

"ငါ့လက်ပြန်ပို့"

ဒေါ်လှက ပြန်ပို့ပါမယ်လို့ ပြောမယ့် လက်ပိုင်ရှင်သရဲက လက်မခံဘူး နားမချမ်းသာအောင် အော်နေတော့တာပဲ။

"ဟဲ့ - ဟဲ့ - မိစိန် - ငါတို့ ဒီသရဲတို့ လက်လျှော့လို့ မရတော့ဘူး။ (သတ်တံခါး) ဆရာတော်ကြီး ကျင့်ကြံအားထုတ်ရင်သုံးတဲ့ ဂါထာကို ရွတ်ကြစို့မဲ့ ဘုရားကိုအာရုံပြု၊ ငါက ရှေ့ကတိုင်မယ်၊ နင်က နောက်ကလိုက်ပြီး ရွတ်ဆိုပေတော့"

"အရဟံ - သိဒ္ဓိ"

"ဘဂဝါ - အောင်"

"ငါ့လက်ပြန်ပို့"

"ငါ့လက်ပြန်ပေး"

"အရဟံ - သိဒ္ဓိ"

"ဘဂဝါ - အောင်"

"ငါ့လက်ပြန်ပို့"

"ငါ့လက်ပြန်ပေး"

"အရဟံ - သိဒ္ဓိ"

"ဘဂဝါ - အောင်"

ဒေါ်လှတို့သားအမိကလည်း (သတ်တံခါး) ဆရာတော်၊ လှိုင်သာယာရပ်ကွက်၊ ရန်ကုန်ဆရာတော်ကြီး (စီးပွားတိုး၊ ရန်မျိုးအောင်) ဂါထာကြီးကို မပြတ်တမ်း ရွတ်ဆိုနေသလို၊ သရဲကလည်း



www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ပြန်ပေးဖို့ တောင်းနေရာက ထရှည်ဖြည်းနဲ့ သရဲရဲ့ဆိုသံက ပျောက်သွားပြီး ဒေါ်လှတို့သားအမိအိမ် (စီးပွားတိုး-ရန်မျိုးအောင်)ဂါထာ အသံကသာ ထစ်ညတာ လွှမ်းမိုးသွားလေတော့သတည်း။

■

"ကံဖော်ရေ-ကံဖော်"

"ဝုန်း-ဝုန်း"

"ကံဖော်-ဟေ့ကောင် ကံဖော်"

"ချောင်း-ချောင်း-ချောင်း-"

"တဲ့-အိမ်ရှေ့က ဘယ်သေနာတောင်လဲ၊ စောစောစီးစီး အလိုက်မသိ၊ သူများအိမ်က တံခါးကို လာပြီးဖျက်ဆီးနေကြတယ်"

ကျွန်တော်က ကံဖော်ကို ခေါ်မရတော့ စိတ်မရှည်ဘဲ ကံဖော်တို့ရဲ့ ဝင်းထရံတံခါးမကြီးကို တချုန်းချုန်းမြည်အောင် လုပ်ပြီး နှိုးမိတယ်၊

အဲသလိုလုပ်တော့ အိမ်ထဲကနေပြီး ဒေါ်လှ ထဘီမနိုင် ပဝါမနိုင်နဲ့ ထွက်လာပြီး သူ့ထုံးစံအတိုင်း ကြိမ်းတော့တာပါပဲ၊ အဲ-ကျွန်တော့်ကို မြင်လိုက်တော့ ဒေါ်လှက ...

"ဟဲ့-နင်-ညီစိမ့်မဟုတ်လား၊ ရန်ကုန်မှာနေတာဆို"

လို့ အားရဝမ်းသာ မေးလာပါတယ်။

"ဟုတ်တယ်၊ အဒေါ် ကျွန်တော် ဒီနေ့ မနက်ငါးနာရီက ရောက်တယ်၊ ကံဖော်ကို တွေ့ချင်လို့"

"အောင်မယ်လေး-နင့် ကံဖော်၊ ဝင်းမြင့်အိမ်မှာ ကျွန်သွားခံနေတယ်လေ"

"ဗျာ-မကွေးဝင်းမြင့်အိမ်မှာလား"

"ဟုတ်တယ်လေဟယ်"

မကွေးဝင်းမြင့်ဆိုတာ (အုန်းမှုတ်ခွက်နင်းရောဂါကင်း)ဆေးစာအုပ်နဲ့ မြန်မာနိုင်ငံကျော် စာရေးဆရာဖြစ်သွားတာလေ၊

"ဒါဆို ကျွန်တော် အဲဒီလိုက်သွားဦးမယ်"

"ဟဲ့-ဟဲ့-နင် သူ့ဆီသွားမှာဆိုရင် သူလုပ်ထားတဲ့ အရှုပ်အထုပ်ကြီးကို ယူသွားပြီး သူ့ကို ပေးလိုက်စမ်းပါ"

ပြောပြောဆိုဆိုနဲ့ ဒေါ်လှအိမ်ထဲ ပြေးဝင်သွားပြီး ငါးမိနစ်လောက်တောင် မကြာလိုက်ဘူး၊ လူ့သေလက်ဖျံရိုးကြီး တစ်ချောင်း ကိုင်လာပြီး ကျွန်တော့်ကို ပေးတယ်၊

"ဒါကြီး ဒုက္ခပေးနေလို့ ညက တစ်ညလုံး မအိပ်ရဘူး၊ ဒါကြီးက အိမ်မှာ သောင်းကျန်းနေတယ်၊ ယူလာတဲ့နေ... မြန်ပို့ပေးလိုက်ပါလို့ သူ့ကို ပြောလိုက်ပါ"

လို့ပြောပြီး ကျွန်တော့်ကို ပေးတော့ ...

"ဒီကောင် ဒါတွေလုပ်နေတုန်းတိုး"

"ပြော-မပြောချင်ပါဘူးဟယ်၊ သမားယောင်ယောင် ခွေးယောင်ယောင်နဲ့ ယောင်ခြောက်ဆယ်လုပ်နေတယ်လေ၊ ဘာမှလည်း ဒီနေ့ထိ ဖြစ်လာဘူး"

"ဒါနဲ့-နင့်အကောင်၊ မိန်းမတစ်ယောက်ကို ကောက်ယူလိုက်ပြန်ပြီ"

"ဗျာ"

"အေးဟယ်-ပြောမပြောချင်ပါ... ဝင်းမြင့်က သူ့သားမက်နဲ့ သူ့သား...မီးတွေက သုံးမရတော့ နင့်သူငယ်...င်းကံဖော်ကို လခပေးပြီး ငှားထားတာ..."

"ဘာအလုပ်တုံးဗျ"

"ရှောက်ပေါင်းရည် ချက်ပေးရတာ..."

"ဪ-သိပြီသိပြီ၊ အရက်ဖြတ်... ရှောက်ပေါင်းရည်လား၊ အဲဒီဆေး...တော်တော်အောင်မြင်တယ်ဗျ၊ နို့...ပါဦး၊ အဲဒီရှောက်ပေါင်းရည်ချက်တဲ့စက်ရုံက ဘယ်နားမှာလဲဗျ"

"တရားသူကြီး ဦးကျော်လှတိုက်၊ ဟို-မဲထီးလမ်းပေါ်က တိုက်လေတား၊ အဝေးပြေးကားဂိတ်ကြီးအနောက်ဘက်ကတိုက်"

"သိတယ်ဒေါ်ဒေါ်"

"အေး-အဲဒီမှာ နေတယ်"

"ဒါဖြင့် ကျွန်တော် လိုက်သွားလိုက်ဦးမယ်"

■

ကျွန်တော်လည်း သူပေးတဲ့လူ့သေလက်ဖျံရိုးကြီးယူပြီး ကံဖော်ရှိတဲ့ တရားသူကြီးဦးကျော်လှရဲ့တိုက်ကို မော်တော်ဆိုင်ကယ်အားကိုးနဲ့ အပြေးထွက်ခဲ့တယ်၊

ကံဖော်က သဘောကောင်းတယ်၊ သူ ဝက်လိုက်စင်ကိုင်စဉ်ကဆိုရင် စာရေးဆရာတွေက ဟင်းစားသွားတောင်းကြတယ်၊

လူဦးရေများတဲ့ အိမ်ထောင်စုဆိုရင် တစ်ပိဿာပေးပြီး အိမ်ထောင်စုနည်းရင် ငါးဆယ်သားပေးတယ်၊ အဲဒီတုန်းက မကွေးစာရေးဆရာက လက်ချိုးရေလို့ရတယ်၊ အားလုံးပေါင်းမှ...ယောက်ပဲရှိတယ်၊ ဒီတုန်း... စာရေး

www.burmeseclassic.com

ဆရာတွေက သတင်းလည်းရေးတယ်၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းပန်းချီလည်း ဆွဲကြတယ်၊

တကယ့်ကိုစာကိုချစ်လို့စာရေးကြ တာ အတြဲအဖန်သမား မပါဘူး၊ အခု မကွေးမှာရှိတဲ့ စာရေးဆရာလက်သစ် တွေကတော့အဲသလိုမဟုတ်တော့ဘူး။ (သတင်းချောက်)တွေ၊ စာရေးဆရာ (ချောက်)တွေ ဖြစ်ကုန်ကြပြီ၊

တရားလိုဘက်ကို သွား၊ ခင်ဗျား သတင်းရေးပေးမယ်၊ ခင်ဗျား ဘယ်လို ခံရသလဲဆိုတာ သတင်းစာထဲပါတော့ ခင်ဗျား နိုင်နိုင်တာပေါ့ဆိုပြီး(ခြင်္သေ့ ဆယ်ကောင်)လောက် တောင်းတယ်၊

နောက်တစ်ခါ အဲဒီတရားလိုဘက် သွားတဲ့ သတင်းထောက်စာရေးဆရာ ပဲ၊ တရားခံဘက် သွားပြီး"ခင်ဗျား သတင်းကို ကျွန်တော် ရေးလိုက်ရင် ခင်ဗျား ဘာဖြစ်သွားမယ်ထင်သလဲ၊ မရေးစေချင်ရင် ခြင်္သေ့ဆယ့်ငါးကောင် ပေး"ဆိုပြီး နှစ်ဖက်ခွတတ်တယ်၊

နောက်ပြီးမှ ဒီသတင်းကို မိန်းမ နာမည်၊ သမီးနာမည်၊ သားနာမည်တွေ နဲ့ ရေးတယ်၊ ဒီနေ့သတင်းထောက်နဲ့ စာရေးဆရာတွေက တရားလိုတရားခံ နဲ့ ရန်ကုန် - မန္တလေးက မီဒီယာတွေ သတင်းစာပိုင်ရှင်တွေဆီကပါ ပိုက်ဆံ ရအောင်တောင်းတယ်၊

အခု သူတို့သားတွေ သမီးတွေဆီ မှာလည်း စာရေးဆရာနဲ့ သတင်း ထောက်ကတ်တွေနဲ့(Shadow)စာရေး ဆရာတွေ ဖြစ်နေကြပြီ၊

မကွေးက သတင်းထောက်အား လုံးကိုတော့ မဆိုလိုပါဘူး၊ ဒါပေမဲ့ အား လုံးနီးနီး ဒီလိုပဲ လုပ်နေကြတယ်၊ (ဒီ စာဖတ်ပြီး လုပ်တဲ့လူ နာပေါ့၊ မလုပ်တဲ့ လူ မနာနဲ့)မကွေးမှာ စာလည်း တစ် ကြောင်းမှ မရေးဖူးဘူး၊ ဘာသတင်းမှ လည်း မရေးဖူးဘဲနဲ့ သတင်းထောက် သက်ကြီးပူဇော်ပွဲမှာကန်တော့ခံနေတာ တွေ့ရတော့ ကျွန်တော် ကြိတ်ပြီးရယ်မိ တယ်၊ သူ့ကို ထောက်ခံလိုက်တဲ့ ဥက္ကဋ္ဌ သတင်းထောက် ဘယ်လောက်များ ရသလဲမသိဘူး။

ကံဖော်ကျတော့ လူတစ်မျိုး၊ စာကို ချစ်တယ်၊ စာရေးဆရာတွေကို ချစ် တယ်၊ စာရေးဆရာတွေက ငွေလိုရင် သူ့ဆီပဲ သွားသွားပြီး ဒုက္ခပေးကြတယ် သူကလည်း မငြင်းဘူး ပေးတယ်၊

ဆိုးတာက ဒီလူက သူလုပ်ချင်တာ လုပ်တယ်၊ အခုကြည့် လူသေရဲ့လက် ကြီးကို အိမ်မှာ ယူထားတယ်၊ အိမ်မှာ



သူရှိနေရင်တော့ ကိစ္စမရှိဘူး၊ သူက တစ္ဆေနိုင်တယ်၊

ကျွန်တော် သိသလောက်ကတော့ သူ့ရဲ့ကိုယ်ပိုင်အခန်းထဲမှာ ဇိန္နော်ဆရာ၊ ဗေဒင်ဆရာ၊ အောက်လမ်းဆရာတွေရဲ့ ဦးခေါင်းခွံတွေ ရှိတယ်၊

အဲဒီလူတွေသေရင် မြှုပ်တဲ့နေရာ မှတ်ထားပြီး ခြောက်လလောက်ရှိရင် သွားဖော်ပြီး ယူထားတယ်၊ သူ့အခန်းထဲ ကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ အဝင် မခံဘူး၊ သူ့အမေနဲ့ အစ်မကိုတောင် အဝင်မခံဘူး၊

သူ့အမေနဲ့ သူ့အစ်မကလည်း ကံ ဖော် ဘာလုပ်နေနေ ဂရုမစိုက်ဘူး၊ အကြောင်းမရှိဘဲ သူ့အခန်းထဲ မဝင်ဘူး၊ ဒီခေါင်းတွေ ဘာဖြစ်လို့ယူထားသလဲလို့ မေးတော့ ဘယ်ရောဂါဆိုရင် ဘယ်လို ကုရတယ်၊ ဘယ်စုန်းတိုက်ဆိုရင် ဘယ် လိုလုပ်ရမယ်ဆိုတာ သူတို့ကို ခေါ်ပြီး မေးရသတဲ့ဗျား၊

တကယ်ရှုပ်တဲ့ပွေတဲ့လူ ဒီလိုနဲ့ ကျွန်တော် ကံဖော်အိမ်ကို ရောက်သွား တယ်၊

အိမ်ကဆောက်ပြီးစနှစ်ထပ်တိုက်၊ ကျွန်တော် တိုက်ထဲဝင်သွားတော့ ဧည့် ခန်းထိပ်တည့်တည့်မှာ အပေါက်ကြီး ဖြစ်နေတာ တွေ့ရတယ်၊ ဒါနဲ့ ကျွန်တော် က သူ့ကို မေးကြည့်မိတယ်၊

"ဟကောင် - ကံဖော်၊ ဒီအပေါက် ကြီးက ဘာဖြစ်လို့မပိတ်ဘဲ ထားတာလဲ ကွ"

"အဲဒါ လှေတံခါးတပ်ဆင်ဖို့ ထား တာကွ"

"မင်းဥစ္စာက လူတွေတောင် တက် နေနေပြီ၊ ဘာဖြစ်လို့ လှေတံခါး မတပ် တတ်သေးတာလဲ"

"အဲဒီလှေတံခါးတပ်ပြီးတဲ့နေ့မှာ တို့အိမ်ကလူတစ်ယောက် သေရမှာတဲ့၊ ဒါကြောင့် မတပ်ပဲထားတာ"

"ဟေ - ဘာလဲ ငါနားမလည်ပါ ဘူး"

"အေး - ဒါဂမ္ဘီရတွေပဲကွ၊ အိမ် ဆောက်တုန်းက ဆောင်ရန်ရှောင်ရန် တွေ ဂရုမစိုက်ဘဲ ပြီးပြီးရော လုပ်ခဲ့မိလို့ လေ"

"မင်းတစ်ယောက်လုံးရှိတာ၊ ဒါ တွေ မင်း မသိဘူးလား၊ မင်း သတိမပေး ဘူးလား"

"ဟကောင် - သောက်ရမ်းအမြစ် တင်မနေနဲ့၊ ဒီတိုက်က ငါနဲ့မယူခင် ကတည်းက ဆောက်ထားတာ၊ ငါ ရောက်မှ တွက်ချက်ကြည့်ပိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကိစ္စသိလို့ ရယ်ထားတာ၊ အခုတော့ သူနဲ့ငါနဲ့အိမ်ထောင်ရေး အဆင်မပြေဘူးကွ၊ ဘယ်သူသေသေ ဒီတစ်ပတ်အတွင်း ဒီလေ့တံခါးကို ငါ တပ်လိုက်တော့မှာ"

"မင်းဟာက ဘာစကားကြီးလဲ"

"အေး - သူငယ်ချင်း၊ မကြာခင်ရက်ပိုင်းမှာ ငါ သေရတော့မယ်ကွ"

"ဗွ - လွဲစေ - ပယ်စေ - မင်း ဘာတွေ ပြောနေတာလဲ ကံဇော်"

"ငါစိတ်ဆိုးဆိုးနဲ့ သောက်ရေအိုးကို ရိုက်ခွဲမိလိုက်တယ်ကွ၊ သူက ဒီသောက်ရေအိုးအောက်ခြေမှာ ဘီလူးချုပ်ထုပြီး ကျိန်စာတိုက်ထားတယ်၊ ဒီသောက်ရေအိုးကို အကြောင်းမရှိအကြောင်းရှာပြီး ပျက်စီးအောင်လုပ်ပါတာ သောက်ရေအိုးနဲ့ထပ်တူ ပျက်စီးပါစေသားလို့ ဆုတောင်းပြီး အင်းချထားတယ်"

ကျွန်တော်တို့ မကွေးမှာက မိုင်လေးဆယ် နီးပါးဝေးတဲ့(ကုတ္တိုပွ)ရွာက မြေရေအိုးကို သောက်ရေအိုးအဖြစ်အသုံးများတယ်၊

ကုတ္တိုပွရွာဆိုတာက အမျိုးသမီးကြီးစိုးတဲ့ ပန်ထွာဘုရင်မနယ်မြေလေ၊ ထွေး၊ တောင်တွင်းသွားတဲ့အခါ လမ်းပေါ်မှာရှိတဲ့ ပန်ထွာဘုရင်မနေတဲ့နေရာကို ကုတ္တိုပွရွာကနေ ခြေကျင်သွားလို့ရတယ်၊

ကံဇော် ခရီးက အဲဒီမြေအိုးလုပ်တဲ့နေရာကို ကိုယ်တိုင်သွားပြီး စိတ်ကြိုက်ရွေးပေးကာ အထူးစီစဉ် ထားတဲ့သောက်ရေအိုး ဖြစ်တယ်၊

"အဲဒါ ဖြစ်နိုင်မလား ကံဇော်ရယ်"

"ဟဲ - ဟဲ - သူငယ်ချင်း၊ ငါ့မိန်းမကို အထင်မသေးနဲ့၊ သူက မွေးရာပါစုန်းကွ၊ သူ့ကို မထိရင် ဘယ်သူ့မှ ဘာမှမလုပ်ဘူး၊ သူ့ကို ထိလာရင်တော့ ဆက်သွယ်မှုပြင်ပရောက်အောင် ကိစ္စတုံးလုပ်တာ သူငယ်ချင်း"

"အေး - မကြာခင် ငါ သေရတော့မယ်"

"ဒါတွေသိရက်နဲ့ မင်း အဲဒီကိစ္စပြေပျောက်အောင် မလုပ်နိုင်ဘူးလား"

"နောက်ကျသွားပြီ - သူငယ်ချင်း အစကတည်းက ဒီသောက်ရေအိုးကို ဖယ်ပြီး အစားထိုးထည့် ထားရမှာ ဒီသောက်ရေအိုး ရိုက်ခွဲပြီးကတည်းက ငါသေလူဖြစ်သွားပြီ"

"ဒီကိစ္စ - မင်းက ဘယ်လိုသိတာလဲ"

"သူ့ကိုယ်တိုင်က ငါ့ကိုပြောမှ ငါသိတာ၊ သူ့အရင် ယောက်ျားတွေကလည်း ဒီလိုပဲ ရန်ဖြစ်တော့ သောက်ရေအိုးကို ရိုက်ခွဲခဲ့လို့ သေရတာပဲ၊ ငါကတော့ ငါတတ်တဲ့ပညာနဲ့ ထိန်းထားလို့ မသေသေးတာ၊ ငါ စစ်တောင်းစတ္တုစက်က ငါ့အစ်ကိုနဲ့ သွားတွေ့လိုက်ဦးမယ်၊ ကျိုက်ထီးရိုးဘုရားကိုလည်း ဖူးလိုက်ဦးမယ်၊ ငါ မင်းလက်ပေါ်မှာ သေမယ်သူငယ်ချင်း"

"မင်းဥစ္စာက မဟုတ်သေးပါဘူး၊ မင်းတို့အိမ်ထောင်သက်က ဘယ်နရက်ရှိသေးလို့လဲ"

"သုံးလရှိပြီ သူငယ်ချင်း"

"မင်းဒေါ်ပွရတဲ့ ကိစ္စက"

"ဒီလို သူငယ်ချင်းရေ - မကွေးဆက်သွယ်ရေးရုံးက ငွေ့ခွေးကို မင်းသိတယ်မဟုတ်လား"

"အေး - သိတယ်"

"အဲဒီကောင်က သူ့တို့ရွာသား၊ သူ့ရဲ့ငယ်ချစ်၊ ဒီကောင်က သူ့ကိုမယူဘဲ တခြားမိန်းမ ကောက်ယူသွားတာ၊ အခုမှ ဒီကောင်က သူမှားပါတယ်ပြောပြီး ဒီမှာ ငါမရှိတုန်း အချောင်လာလာအိပ်နေတာလေ၊ တစ်နေ့ငါနဲ့မျက်ပင်းတွေ့တော့ ထိုးကြိတ်ကြရင်းက ငါ သောက်ရေအိုးနဲ့ ခွဲပေါက်လိုက်တာပဲကွ"

"ဟာ - မင်းကလဲကွာ စိတ်လိုက်မာန်ပါလုပ်ရတယ်လို့၊ ငါတို့ သူငယ်ချင်းစာရေးဆရာ၊ မကွေးမြင့်သန်းက တရားရုံး အသိအမှတ်ပြုရှေ့နေပဲကွ၊ သူနဲ့ တိုင်ပင်ပြီး တရားစွဲလိုက်ရင် ပြီးတာပဲ တိုတို ကွာ"

"ဒီကောင်မြင့်သန်းကလည်း အလကားကောင်ကွ၊ ငါ့မိန်းမဘက်က ပါတာပဲ၊ ငါ သူနဲ့ သွားပြီး တိုင်ပင်တော့ ဘာပြောတယ်မှတ်လဲ"

"ဘာပြောတုံး"

"မင်းယူလာတာ မိန်းမတွေ ရေတောင် မရေနိုင်ဘူးတဲ့၊ မင်းမိန်းမက တခြားတစ်ယောက်တည်းပဲအောက်ပြားသေးတာ ခွင့်လွှတ်လိုက်၊ တရားရုံးအလုပ်မရှုပ်စေနဲ့တဲ့ကွ၊ ဆက်ပေါင်းနိုင်ပေါင်း၊ မပေါင်းရင် ကွာလိုက်တဲ့၊ ဘယ်လောက်အားကိုးရသလဲ" လို့ပြောပြီး တဟားဟား ရယ်ပါတော့တယ်၊

"ဒါဖြင့် - မင်း ဘာဆက်လုပ်မလဲ" လို့ ကျွန်တော်လည်း မေးမိတယ်၊

"ငါသေတဲ့နေ့ သူလည်းသေရမယ် သူငယ်ချင်း"

"ဟေ - မင်းက လူသတ်မလို့လား"

"အေး - သူ့လိုပဲ ငါလည်း တတ်တယ်ဆိုတာ သူ သိအောင် ပညာပြမှာလေ သူငယ်ချင်း"

"ဒီမယ်ကြည့်သူငယ်ချင်း"

www.burmeseclassic.com

တ်ဖော် သတင်းစာစက္ကူနဲ့ ထုပ်ထားတဲ့ မြေမှုန့်သုံးမှုန့်ကို ကျွန်တော့်ကို ပြတယ်၊

"ဒါတ ဘာတွေလဲ"

လို့မေးတော့ ...

"ဒါတ သင်္ချိုင်းမြေ"

"ဒါတလမ်းလေးခွလမ်းဆုံကမြေ"

"ဒါက တန်ခိုးကြီးဘုရားက မြေ၊ ဒီမြေသုံးမြေကိုပေါင်းပြီး ကိုယ်ဖျက်ဆီးလိုတဲ့ အိမ်ဝိုင်းထဲသာ ပစ်ထည့်ထားလိုက်၊ အဲဒီအိမ်ဝိုင်းထဲမှာနေတဲ့လူတွေ တစ်ဦးတစ်ဦး ခိုက်ရန်ဖြစ်ပွားပြီး စီးပွားတွေပျက်၊ သေပွဲတွေ ဝင်ကြရမှာပဲ သူငယ်ချင်း"

"ဟော - ကြည့်၊ ဟောသလိုရော ရတယ်၊ ဟောသလိုပက်ရတယ်"

ဟုပြောကာ ကျွန်တော့်ကိုပြတဲ့ သဲတွေကို စုပေါင်းနယ်လိုက်၊ အိမ်ရှေ့ အိမ်ဝိုင်းထဲကို ပက်ကြဲနေတာ တွေ့ရတော့တာပါပဲ၊

သူ့မိန်းမက မကွေးဈေးကြီးထဲမှာ စက်ချုပ်တာဆိုတော့ နံနက် (၆) နာရီ တနေ ည (၆)နာရီထိ အိမ်မှာမရှိဘူး၊ တနင်္ဂနွေနေ့တစ်နေ့ပဲ အိမ်မှာရှိတာလေ၊ ဒီတော့ ဒီအိမ်မှာ သူလုပ်ချင်တိုင်း လုပ်နေတော့တာပေါ့၊

သူ့အရင်ယောက်ျားနဲ့တုန်းကလည်း ဒီဆက်သွယ်ရေးက ကောင်နဲ့ မိပြီး ဒီသောက်ရေအိုးနဲ့ပဲ ပစ်ပေါက်ခဲ့လို့ သေရတာလို့ နောက်မှသိတယ်၊

မြေသောက်ရေအိုးတွေ ဘယ်လောက်များ စီစဉ်ထားသလဲဆိုတော့ မသိနိုင်အောင်ပါပဲ၊

"ဩော် - ဟေ့ကောင် - ငါ မင်းဆီလာတာ မင်းကိုတွေ့ချင်တာကတစ်ကြောင်း၊ ဒီဟာကြီးက မင်းအိမ်မှာ သောင်းကျန်းနေလို့ မင်းကို လာပေးတာ"

လို့ပြောပြီး လူလက်ဖျံရိုးကြီးကို သူ့ကိုပေးပြီး သိချင်တာလဲ မေးမိတယ်၊

"ဒါကြီး - မင်း ဘာလုပ်ဖို့အိမ်ကိုယူထားတာလဲကွ" လို့ မေးမိတယ်၊

"ဟကောင် - ဒါက ဝမ်းတွင်းကင်ဆာတွေ ကုတဲ့ဆေးကွ၊ ဒါကြီးကို အမှုန့်ကြိတ်၊ ပျားရည်နဲ့ရောနယ်၊ မန်းကျည်းစေ့အရွယ်အလုံးတွေလုံး၊ ဝမ်းတွင်းကင်ဆာသမားတွေကို နံနက်(၃)လုံး၊ နေ့လယ် (၃)လုံး၊ ညအိပ်ရာဝင် (၃)လုံးကျွေး၊ အဲဒါဆို ဝမ်းတွင်းကင်ဆာပျောက်တယ်၊ သတိထားရမှာက ဒီဆေးက ပူတယ်၊ ရေများများသောက် ရေများများ ချိုးပေးရတယ်ကွ"

လို့ သူက ပြောတယ်၊ ဒါနဲ့ - ကျွန်တော် သူနဲ့ လက်ဖက်ရည်ဆိုင်သွား အာလာပသလ္လာပစကားတွေပြောပြီး ပြန်ခဲ့တယ်၊

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ပညာချင်းပြိုင်နေတဲ့ ဒီလင်မယားကိစ္စကို ကျွန်တော် မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရန်ကုန်ကို ပြန်ခဲ့ပါတော့တယ်၊

■

၁၉၈၉ ခုနှစ် တစ်ရက်သော နံနက်ခင်းမှာ ကျွန်တော့်ဆီ ဖုန်းလာလို့ကိုင်လိုက်တော့ ...

"ဟေ့ကောင် - ညိုစိမ့်၊ ငါ ကံဖော်ပါကွ"

လို့ နှုတ်ဆက်သံကြားလို့ ကျွန်တော် အားရဝမ်းသာ ဖြစ်မိတယ်၊

ဒီကောင် မသေသေးဘူးပဲလို့ ဝမ်းသာပီတိ အားရအောင်ပင် မဖြစ်ရဘဲ ဖုန်းထဲကဆက်ပြီး "ငါ ရန်ကုန်မြောက်ဥက္ကလာပက ဘုန်းကြီးကျောင်းမှာ ရောက်နေတယ်၊ ငါသေရတော့မယ်၊ မင်းလက်ပေါ်မှာ သေချင်တယ်၊ အခု အမြန်လာခဲ့ပါ၊ ငါ စစ်တောင်းစက္ကူစက်က ပြန်လာတာ ညကပဲ ရောက်တယ်" လို့ပြောပြီး ဖုန်းချသွားတယ်၊

ကျွန်တော်လည်း ကားငှားပြီး ချက်ချင်းပြေးခဲ့တယ်၊ သူ့ဆီ ကျွန်တော် ရောက်တော့ အသက်ငင်နေပြီ၊

ကျွန်တော် ရောက်သွားတော့ သူ အားရဝမ်းသာဖက်ပြီး အကြောင်းမရှိဘဲ ရယ်နေတယ်၊ စက္ကန့်ပိုင်းအတွင်းမှာပဲ အသက်ထွက်သွားရှာပါတယ်၊

ကျွန်တော်လည်း မြောက်ဥက္ကလာပဆေးရုံမှာရှိတဲ့ ရေခဲတိုက်ထဲမှာ လှလှပပ အလောင်းကို ပြင်ဆင်ထားပြီး မကွေးက သူ့မိတ်ဆွေတွေကို စောင့်ပြီး ဆွေမျိုးစုံမှ ချလိုက်တယ်၊

သူ သေပြီး တစ်ပတ်အတွင်း သတင်းကြားရတာတော့ သူ့မိန်းမလည်း ရန်ကုန်က မကွေးအပြန် အိမ်ရောက်တော့ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် သေဆုံးသွားတယ်ဆိုတဲ့ သတင်းကြားရတာပါပဲ၊

"သူ့စုန်း
ကိုယ်စုန်း
အမုန်းဖက်တော့
အိမ်ထောင်လည်း ပျက်
အသက်လည်း ထွက်ကြရပါတကား"

သဗ္ဗေ အနိစ္စ သင်္ခါရ ...

**ဝင်းခိုင် (မကွေး)**



www.burmeseclassic.com

www.burmeseclassic.com

သားနဲ့ သမီးနဲ့၊ ဆွေနဲ့မျိုးနဲ့၊ ပစ္စည်းဥစ္စာတွေနဲ့ မသေခင် ပြုံးပျော်နေသလောက်
သေခါနီး အိပ်ရာညောင်စောင်းထက်မှာ မျက်ရည်ကျကြရလိမ့်မယ်။
ကိုယ့်ကိုယ်ကိုယ် သနားလျှင် ဝိပဿနာလုပ်ကြ...။
ကိုယ့်ကိုယ်ကိုယ် မသနားရင် သားရေး၊ သမီးရေး စီးပွားရေး လုပ်၏။
အသက်ကြီးလေ ကံမဲ့၊ ဉာဏ်မဲ့လေလေမှတ်။
ကံမဲ့တာ အရေးမကြီးဘူး။
ဉာဏ်မဲ့၊ ဉာဏ်ထုံထိုင်းရင် နိဗ္ဗာန် မရနိုင်ဘူး။

ကျေးရွာတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး





# နန္ဒဝင်းကျော်ခေါင်

www.burmeseclassic.com

www.burmeseclassic.com

# အစွဲကြီးသူများ

## နန္ဒဝင်းကျော်ခေါင် (ခေတ္တလှူပြည့်)

ညောင်ရွာဆိုတာ ဒညင်းကုန်းကားမှတ်တိုင်ကနေ မြောက်စူးစူးကို ဆက်သွားရင် သာမုကန်ဘုရား၊ ရွှေပြည်သာတို့ကို ရောက်၏။

တဖန် ဒညင်းကုန်းကနေပဲ အရှေ့စူးစူးသွားပြန်သော် မင်္ဂလာဒုံဥယျာဉ်တို့၊ ကျိုက်ကလို့၊ ကျိုက္ကလဲ့ဘုရားများဘက်သို့ ရောက်၏။

တဖန် တညင်းကုန်းကားမှတ်တိုင်တနေ အနောက်ဘက်စူးစူးကို ဆက်သွားပြန်သော် လှိုင်မြစ်ကြီးကို ရောက်ပြန်လေ၏။ လှိုင်မြစ်ကြီးကို ရောက်တာနဲ့ ရွှေပြည်သာတံတားကြီးကိုမလွဲမသွေ တွေ့ရပါလိမ့်မယ်။ ရွှေပြည်သာတံတားကြီးပေါ်ရောက်တာနဲ့ တံတားကြီးရဲ့ မြောက်စူးစူးကို လှမ်းမျှော်ကြည့်လိုက်ပါက ရွှေရောင်တဝင်းဝင်းနဲ့ လွန်စွာသပ္ပာယ်ကြည်ညိုဖွယ် ရွှေပင်လယ်ဘုရားကြီးကို မြစ်ကြီးရဲ့အနောက်ဘက်ကမ်းမှာ ထီးထီးကြီး ဖူးမြော်ကြည်ညိုနိုင်၏။

ရွှေပင်လယ်ဘုရားကြီးကိုကျော်၍ တံတားကြီး၏အနောက်ဘက်မှစပြီးရပ်မယ့်ကားမှတ်တိုင်က မိုင်နစ်ဆယ် ကားမှတ်တိုင်ဖြစ်၏။ မိုင်နစ်ဆယ် ကားမှတ်တိုင်ကို ကျော်ဖြတ်လိုက်တာနဲ့ အလယ်ရွာကြီးမှတ်တိုင်၊ အဝိုင်းနဲ့ အနောက်ပိုင်းတက္ကသိုလ်ရောက်ပါလေ၏။

အဲဒီအနောက်ပိုင်းတက္ကသိုလ်ကို ကျော်လွန်ခဲ့ရင်တော့ ဘယ်ကားမှ မရောက်တော့ပါ။ ကားလမ်းမရှိ၍ ဖြစ်၏။ ဒါပေမဲ့ လှည်းလမ်းရှိ၏။ ထိုလှည်းလမ်းမှပင် မော်တော်ဆိုင်ကယ်များ သွားကြ၏။ လာကြ၏။ သို့သော် - ဖုန်တထောင်းထောင်း ထ၏။

ဤ၌ အိမ်ခြေတစ်ထောင်ကျော်ရှိသော ရွာကြီးတစ်ရွာရှိ၏။ ညောင်ရွာဟု ခေါ်လေ၏။

ၚင်းရွာကြီး၌ လွန်စွာကြွယ်ဝိုး ကြွယ်ဝရှိသော တောသူဌေးမိသားစုနစ်စုရှိ၏။ တစ်စုသည် ရွာမြောက်ပိုင်းတွင်ရှိ၍ တစ်စုမှာ ရွာတောင်ပိုင်းတွင် ရှိလေ၏။ ရွာတောင်ပိုင်းနှင့်မြောက်ပိုင်းကို ညောင်ရွာချောင်းကြီးက ကြီးကြီးမားမား ပိုင်းခြားထားလေ၏။ ထိုချောင်းကြီး ပိုင်းခြားထားမှုကြောင့်ပင် တောင်ပိုင်းညောင်ရွာနှင့် မြောက်ပိုင်းညောင်ရွာဟူ၍ ရွာကြီးနှစ်ရွာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၏။

ထိုတောင်ပိုင်းညောင်ရွာနှင့် မြောက်ပိုင်းညောင်ရွာတို့သည် ဓမ္မကာရာမဟူသော ဘုန်းတော်ကြီးတစ်ကျောင်းတည်းကိုသာ ကိုးကွယ်ကြ၏။ ဘုန်းတော်ကြီးကျောင်းမှာလည်း တစ်ကျောင်းတည်းသာ ရှိလေ၏။

ထိုဓမ္မကာရာမဘုန်းတော်ကြီးကျောင်းတွင်လည်း ကျမ်းတတ်ပေတတ်ဆရာတော် ဘဒ္ဒန္တကောဝိဒအမည်ရှိ ဆရာတော်နှင့် ခန်းနေဦးဇင်းများ ကိုရင်များ၊ ကျောင်းသားများ၊ ကပ္ပိယကြီးဦးသော်တာတို့ ရှိကြလေ၏။

ညောင်ရွာချောင်းကြီး၏ တောင်ပိုင်းညောင်ရွာတွင် ကျွန်ုပ် စာရေးသူရေးသားတင်ပြမည့် အစွဲကြီးသူများဟု အမည်တပ်၍ရသော သစ္စာမသိဘဲ အနစ်တစ်ရာ အသက်ရှည်၍ ကြီးပွားချမ်းသာချင်သူများဟု ပြော၍ရသော လူမိုက်မိသားစုတစ်စုအကြောင်းကို ကျွန်ုပ် စာရေးသူ၏ဘဒ္ဒေးတော်စပ်သူ ဆရာတော်ဘဒ္ဒန္တကောဝိဒမှ ယခုပြောပြမည့် အဖြစ်ဆိုးမျိုးသည် မြန်မာပြည်အနှံ့အပြားတွင် ဗုဒ္ဓဘာသာဖြစ်ရဲ့သားနဲ့ ဆန့်ကျင်ဘက်ပြုကာ အစွဲအလန်းကြီးမားကြ၍ အကျိုးမဲ့ပျက်စီးရပုံကို ကျွန်ုပ် စာရေးသူအား ရေးသားတင်ပြနိုင်ရည် အတွက် အမျိုးကောင်းသား အမျိုး-



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး လင်မယားရှင်၊
တစ်လတစ်ကြိမ် အမဲသားတစ်ပိဿာနဲ့
အမဲတလီစာ တစ်ယောက်ကို
တစ်ပိဿာစီ ကျွေးမွေးပါ့မယ်၊
နေ့စဉ် သူဌေးကြီးတို့ နေထိုင်ခဲ့သော
ခြံကြီးနှင့် အိမ်ကြီးအား
စောင့်ရှောက်ကြည့်ရှုရန် ဖြစ်ပါတယ်။
သော ကျွန်မပြန်လျှင် ကျွန်မနှင့်အတူ
ပြန်လိုက်ခဲ့ကြပါရှင် ...

ကောင်းသမီးတို့ သင်ခန်းစာ ယူနိုင်ကြစေရန် ရည်သန်၍ ရေးသားတင်ပြပေးလိုက်ရပါကြောင်း၊

■

ညောင်ရွာတစ်ရွာလုံး ဆူညံပွက်လောရိုက်၏၊

တစ်ရွာလုံးဆိုသည်ထက် ညောင်ရွာတစ်ပိုင်းလုံးဆိုက ပို၍မှန်၏၊ ပဇာကြောင့်နည်းဆိုသော် ညောင်ရွာတောင်ပိုင်း တောသူဌေးကြီးလင်မယားကြီးနှင့် မော်တော်ဆိုင်ကယ်ဖြင့် လိုက်ပို့သော ဆိုင်ကယ်သမားထူးကျော်တို့ သုံးယောက် ရွှေပြည်သာတံတားအတက် မိုင်နှစ်ဆယ်ကားမှတ်တိုင်မရောက်မီ ဆယ်ဘီးကားကြီးကို ဖြတ်ကျော်အတက်၊ တစ်ဖက်အလယ်အူကြောင်းမှ ကပ်၍မောင်းလာသော ဆယ်ဘီးကားကြီးတစ်စီးဖြင့် ထပ်မံဆုံတွေ့လိုက်မိကြလေတော့၏၊

ဤ၌ ဆိုင်ကယ်မောင်းသူရော၊ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူ၊ ညောင်ရွာတောသူဌေးကြီးဦးထွန်းပေါ်နှင့် ဒေါ်နှင်းစိန်တို့လင်မယားနှစ်ယောက်စလုံး ပွဲချင်းပြီး သေဆုံးရလေ၏၊

သူဌေးလင်မယား သေဆုံးခြင်းသတင်း ညောင်ရွာသို့ မရောက်မီပင် သူဌေးလင်မယား၏ သမီးကြီးနှင့် သမီးငယ်တို့နှစ်ယောက်စလုံးမှာ အနောက်ပိုင်းတက္ကသိုလ်ရှိ အကျီချုပ်ဆိုင်သို့ ရောက်ရှိနေလေ၍ မိခင်ဖခင်တို့၏ သတင်းကိုပထမဆုံးကြားသိကာ မေ့သူကမေ့၏၊ မျက်ရည်ပေါက်ကြီးငယ်ကျ၍ ယူကျုံးမရ ကြီးစွာဖြစ်ကာ ရင်ပတ်စည်တီးဖြစ်သူဖြစ်၏၊

ယာဉ်ထိန်းရဲနှင့် သက်ဆိုင်ရာရဲတို့ စစ်ဆေးကြ၏၊

စစ်ဆေး၍ပြီးသော် သမီးနှစ်ယောက်တို့မှာ ငွေကြေးများစွာ အကုန်အကျခံ၍ ဖခင်ဖြစ်သူအလောင်းနှင့် မိခင်ဖြစ်သူအလောင်းတို့ကို ညောင်ရွာသို့ပြန်၍သယ်၏၊ သို့သော် မျက်နှာကြီးအသုဘဖြစ်သော်လည်း အလောင်းနှစ်လောင်းကို ရွာတွင်း အသွင်းမခံချေ၊ ရွာပြင်တွင်ပင် အလောင်းများကို ခေါင်းသွင်းကာ ဘုရားဒကာ၊ ကျောင်းဒကာများဖြစ်လေ၍ ရွှေထီးမိုးကာ အစောင့်အကြပ်နှင့် ထားလေ၏၊ ငါးရက်တိတိထားကာ ညောင်ရွာထိပ်သချိုင်းတွင်ပင် ဂူသွင်းသဂြိုဟ်ရန် စီစဉ်ထားကြလေ၏၊

တောင်ပိုင်းညောင်ရွာ၏ မျက်နှာကြီးအသုဘမို့ ငါးရက်မျှသောအချိန်ပိုင်းအတွင်း လွန်စွာစည်ကားလေ၏၊

ညပိုင်းတွင် ဖဲဝိုင်းများဖြင့် အုန်းတချိမ့်ချိမ့်စည်၏၊ နေ့ပိုင်းတွင်လည်း သတင်းမေးသူ၊ အသုဘကူငွေလှူဒါန်းသူတို့ဖြင့် ခြေချင်းလိမ်၏၊ သို့သော် - သူဌေးကြီး၏ သမီးနှစ်ယောက်တို့မှာ အမိမဲ့သား ရေနည်းငါး၊ အဖမဲ့သား ရေနည်းငါးပမာ ဖြစ်နေကြလေ၏၊

သို့သော် - မိခင်၊ ဖခင်များ အသေဆိုးဖြင့် သေဆုံးခဲ့ကြသော်လည်း သမီးနှစ်ယောက်တို့မှာ မိဘများ ရှာဖွေစုဆောင်းထားသည့် ရွှေငွေပစ္စည်းတို့ဖြင့် သိန်းပေါင်းများစွာ ကြွယ်ဝချမ်းသာဖြစ်စွာ ကျန်ရစ်ခဲ့လေ၍ စားဝတ်နေရေးမှာ ပူပင်သောကဖြစ်စရာမရှိချေ။ လယ်ယာမြေတို့ပင် ဧကများစွာ ကျန်ရစ်လေ၏၊

ထိုဥစ္စာပစ္စည်းတို့တို ထိန်းသိမ်းစောင့်ရှောက်ဖို့အရေးသာ အခက်တွေ့နေရလေ၏၊

ဤ၌ သူဌေးကြီး လင်မယား အသက်မသေစင်က အိမ်တွင်းနတ်တို့မှန်သမျှ အခါတော်ပေး၊ တင်မြှောက်ပသပေးလေ့ရှိသော နတ်စင်တော်ခေါ်

www.burmeseclassic.com

မှာ ထူးထူးဆန်းဆန်းအကြံတစ်ခု ပေးလေတော့၏။

သူဌေးကြီး၏သမီးအကြီးမှာ တောသဘာဝအရ မိနန်းဟုခေါ်၍ နာမည်အပြည့်အစုံမှာ ခင်နန်းမှုံ ဖြစ်၏။

သူဌေးကြီးနှင့် သူဌေးကတော် သမီးအငယ်မမှာလည်း ခင်နန်းသုံဟု ခေါ်တာ အရှားဆွတ်၍ မိသုဟု ခေါ်ကြပြန်၏။

မိနန်းနှင့် မိမှုံတို့ညီအစ်မမှာ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ကြသော်လည်း ဘုရားကျောင်းဆောင်ကို ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဆွမ်းမုန့်မုန့်ကပ်ကြသော်လည်း အမည်ခံဗုဒ္ဓဘာသာများသာဖြစ်လေ၍ နတ်ကတော်ဒေါ်မှုန် အကြံပေးသည့် ထူးထူးဆန်းဆန်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

ထိုရက်များ၌ မိနန်းနှင့် မိမှုံတို့၏ မိခင်၊ဖခင်တို့၏အသုဘမှာလည်း မြေချခြင်းမရှိသေးချေ။

နတ်ကတော်ဒေါ်မှုံပေးသည့်အကြံဉာဏ်မှာ...

"သမီးတို့ ဘာမှအားမငယ်ကြနဲ့၊ သမီးတို့ကို အမေမှုံ အကြံဉာဏ်တစ်ခု ပေးချင်တယ်"

သူဌေးကြီးတို့၏ သမီးနှစ်ယောက်တို့မှာ နတ်ကတော်ဒေါ်မှုံ ပြောမယ့်စကားကို ငံ့လင့်နားထောင်နေကြ၏။

"ဟုတ်ကဲ့ - ပြောပါ - အမေ"

"ဒါလည်း - ညည်းတို့နှစ်ယောက်နဲ့ သေတစ်ပန် သက်တစ်ဆုံး နေမပေးနိုင်ဘူး၊ ဒါ့မှာလည်း ဒါ့ယောက်ျားနဲ့ ဒါ့သားသမီးတွေနဲ့အေ"

"သမီးတို့နားလည်ပါတယ် အမေ"

"နားလည်ပါတယ်ဆိုရင် ညည်းတို့နှစ်ယောက် ညည်းတို့ အဖေအရင်း၊ အမေအရင်းတွေနဲ့ အတူတူမနေချင်ကြဘူးလား"

"ရှင်"

သူဌေးကြီးလင်မယား၏ သမီးနှစ်ယောက်တို့မှာ ကြားလိုက်ရသော နတ်ကတော်ကြီး၏စကားတို့ကြောင့်လွန်စွာ အံ့သြသွားကြလေ၏။ ဤ၌သူဌေးကြီး၏ သမီးအကြီးမမိနန်းမှာ မရဲတရဲဖြင့် နတ်ကတော်ဒေါ်မှုံ၏စကားကို မေးမြန်း၏။

"အမေ - သမီးတို့က အဖေတို့၊ အမေတို့နဲ့ ဘယ်လိုအတူနေလို့ ရနိုင်မှာလဲ"

"ဟုတ်တယ် - အမေ စီမံပေးလို့ ရတယ်"

ဤ၌ သူဌေးကြီး၏ သမီးအငယ်မ မိမှုံမှဝင်၍ မေးမြန်း၏။ နတ်ကတော်ဒေါ်မှုံမှ ဖြေ၏။

"အဓိက,က ဒီအိမ်၊ ဒီခြံ၊ ဒီပစ္စည်းတွေနဲ့ သမီးတို့ကို ကူညီစောင့်ရှောက်ပေးမယ့် လူလိုတာ မဟုတ်လား"

"ဟုတ်တယ် - ဟုတ်တယ် - အမေ ပြောခဲ့တဲ့အတိုင်း အမေမှုံ အကြံပေးတဲ့အတိုင်း ဟုတ်တယ်"

"ဒါဆိုရင် - မခက်ပါဘူး - သမီးတို့ရယ်၊ သမီးတို့ကို အမေ စီမံပေးလို့ ရပါတယ်"

ဤ၌ သမီးနှစ်ယောက်စလုံးမှ တစ်ပိုင်တည်း မေး၏။

"ဘယ်လို စီမံပေးမှာလဲ - အမေ"

နတ်ကတော် ဒေါ်မှုံမှာ မျက်နှာကြော ရှုံ့၍ စဉ်းစား၏။

စဉ်းစား၍ရသွားဟန်ဖြင့် မိနန်းနှင့် မိမှုံတို့နှစ်ယောက်ကို စူးစူးစိုက်စိုက် ကြည့်၏။ ပြီးမှ လေးလေးနက်နက် ပြော၏။

"သမီးတို့နှစ်ယောက် အမဲသားနှစ်ပိဿာနဲ့ သွေးမခြောက်သေးတဲ့ အမဲကလီစာအတွဲနှစ်ပိဿာကိုတော့ ညည်းတို့အဖေနဲ့အမေကို တစ်လတစ်ကြိမ်တော့ ကျွေးပေးရမယ်"

"ဘယ်သူ့ကိုလဲ"

"ညည်းတို့ အဖေနဲ့ အမေတို့ကိုပေါ့"

"ရှင်"

သူဌေးကြီးသမီးအငယ်မ ခင်နန်းသုံမှ "ရှင်"ဟူသော အာမေဍိတ် အသံထွက်သွားလေ၏။

သူဌေးကြီး၏ သမီးအကြီးမ မိနန်းကတော့ ပါးကျော နားကျောများဝင်ထောင်ထလာအောင် စဉ်းစားနေပုံရ၏။

"ဘယ်လိုလဲ သမီးတို့၊ ကိုယ့်အဖေနဲ့ကိုယ့်အမေကိုတောင် မကျွေးချင်ကြဘူးလား၊ ဘာလဲ ကြောက်လို့လား၊ မသန့်လို့လား..."

"အို - မဟုတ်ပါဘူး အမေ၊ သမီးတာ မကြောက်ပါဘူး"

သမီးအငယ်မ ခင်နန်းပုံမှာ အစ်မကြီးပြောမယ့်စကားကို ငံ့မျှော်နားထောင်နေ၏။

"မှန်တာပေါ့ - သမီးရယ်၊ ကိုယ့်အဖေနဲ့အမေပဲ ဘာများကြောက်စရာရှိလို့လဲ"

"အစ်မကြီးနဲ့ အမေမှုံတို့ သင့်သလိုသာ စီစဉ်ကြပါ၊ သမီးလည်း လိုက်နာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"သမီးတို့ဘဝ လုံခြုံရေးနဲ့ သမီးတို့ဇစ္စည်းဥစ္စာတွေ စောင့်ထိန်းဖို့က ဒီနည်းလမ်းက အကောင်းဆုံးသမီးတို့၊ ပြီးတော့ မိဘဆိုတာ သားသမီးတွေကို ဒုက္ခပေးနိုး ထုံးစံမရှိပါဘူးကွယ်"

"အမေ ဘယ်လိုစီစဉ်မှာလဲ၊ အမေ စီစဉ်ချင်သလိုသာ စီစဉ်ပါ၊ သမီးတို့ညီအစ်မက ဘာမှ နားလည်တာ မဟုတ်ဘူး"

"ကောင်းပြီလေ၊ သမီးတို့ညီအစ်မဆီက သဘောတူညီမှုရပြီဆိုတော့ အသုဘချမယ့်နေ့ကျရင် အမေမှုံ စီစဉ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ အမေမှုံ"

■

သူဌေးကြီးလင်မယား အသုဘချမည့်နေ့သို့ ရောက်ခဲ့ပြီဖြစ်၏။ မျက်နှာကြီးအသုဘမို့ ညောင်ရွာတစ်ဝိုက်ရှိ အလယ်ရွာကြီး၊ ပဒဲ၊ အနောက်ပိုင်းတကွဲ သိုလ်၊ ကုက္ကိုစုစသည့်ရွာတို့မှ ဆိုက်ကားများနှင့်လာသူက လာ၏၊ လမ်းလျှောက်၍လာသူက လာ၏၊ နွားလှည်းများဖြင့် လာသူက လာကြ၏၊ အသုဘမှာ ဝက်ဝတ်တွဲ စည်၏၊ ညောင်ရွာသချိုင်းကုန်းတစ်ဝိုက်တွင် အုံမခန်း လူစည်ကားဆုံးနေ့တစ်နေ့ ဖြစ်ပေတော့၏။

ခင်နန်းသုံနှင့် ခင်နန်းမှုံတို့ညီအစ်မပင် လူအုပ်ကြားထဲ ပျောက်နေ၏၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ညောင်ရွာသင်္ချိုင်း၏ ဇရပ်ကြီးတွင် တရားချပြီးသည်နှင့် ပြန်ကြွသွားသည်၊ ရေလုံအိုးတစ်အိုးကို ရိုက်၍ခွဲ၏၊ ကွဲသွားသော အိုးခြမ်းကွဲတစ်ချပ်ကို နတ်ကတော်ဒေါ်မှုံမှ အောက်ပါအတိုင်းပြော၍ အသုဘအိမ်သို့ ယူဆောင်ခဲ့လေ၏။

"သူဌေးကြီးလင်မယားရှင်၊ တစ်လတစ်ကြိမ် အမဲသားတစ်ပိဿာနဲ့ အမဲကလီစာတစ်ယောက်ကို တစ်ပိဿာစီ ကျွေးမွေးပါ့မယ်၊ နေ့စဉ် သူဌေးကြီးတို့ နေထိုင်ခဲ့သော ခြံကြီးနှင့် အိမ်ကြီးအား စောင့်ရှောက်ကြည့်ရှုရန် ဖြစ်ပါတယ်၊ ယခု ကျွန်မပြန်လျှင် ကျွန်မနှင့်အတူ ပြန်လိုက်ခဲ့ကြပါရှင်"

နတ်ကတော်ဒေါ်မှုံမှာ ရေလုံအိုးခြမ်းကွဲနှစ်ချပ်အား ဘယ်တစ်ချပ်၊ ညာတစ်ချပ်ကိုင်ဖဆောင်ယူလာစဉ်မှာပင် လွန်စွာလေး၍ လာ၏၊ နတ်ကတော်ဒေါ်မှုံပြန်လာရာလမ်းတစ်လျှောက်တွင်လည်း အပုပ်နံ့ကြီးမှာ စူးစူးဝါးဝါးနံ့၍ လိုက်ပါလာလေ၏။

နတ်ကတော်ဒေါ်မှုံမှာ ဝိညာဉ်များသူနှင့်အတူ ပါလာပြီကိုသိ၍ အသုဘအိမ်သို့ တန်းမသွားပါ၊ ခြံအတွင်းမှာရှိသောပိတောက်ပင်ကြီးအောက်သို့သွားကာ အိုးခြမ်းကွဲနှစ်ချပ်အား မသိမသာမြှုပ်၍ ခင်နန်းမှုံတို့ညီအစ်မထံ ပြန်လာခဲ့၏၊ ကိစ္စများအားလုံး ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း ပြောဆိုလိုက်လေ၏၊ ခင်နန်းမှုံနှင့်ခင်နန်းသုံညီအစ်မနှစ်ယောက်မှာ အသုဘရက်မလည်မီ လူအများ ရှုပ်ထွေးနေချိန်မို့ မကြောက်မရွံ့ ကြသေးချေ၊ အသုဘရက်လည်၍ခုနစ်ရက်ပြည့်ညသည်လည်း အိမ်တွင်လာစောင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ ပေါ်များသူမို့ အသုဘအိမ်နှင့်ပင် မတူချေ။

အသုဘပြီးသွားသော် ညောင်ရွာ သူဌေးကြီးလင်မယား သေဆုံးသွားခဲ့လေ၍ သူဌေးကြီး၏ ကျွန်းအိမ်ကြီးတစ်ခုလုံးနှင့် တောအိမ်ကြီးမို့ သရက်၊ ပိန္နဲ၊ မာလကာ၊ ကုက္ကိုပြင်၊ အုန်းပင်တို့ဖြင့် လွန်စွာ စည်ကားခဲ့သော တစ်ကေခန့်ရှိရှိသည့် သူဌေးအိမ်ကြီးသည် ယခုအခါမှာတော့ မကောင်းဆိုးဝါးကြီးများ၊ သရဲတစ္ဆေကြီးများ၊ လာရောက်နိုအောင်း၍ ခြောက်လှန့်လေမလားဟုပင် ထင်မှတ်ရလောက်အောင် ခြောက်သွေ့သွားလေတော့၏။



အရက်သမားသူငယ်ချင်းနှစ်ယောက်တို့မှာလည်း ပိတောက်ပင်ကြီးအောက်ရောက်ရှိချိန်နှင့် အချိန်ကိုက်ဖြစ်တာ အရက်သမားတို့မှာ ဆံပင်အရှည်ကြီးနှင့် ခေါင်းတုံးကြီးပြောင်ပြောင် ကောက်ကွေးနေသော အစွယ်ကြီးတစ်စုံ၊ မျက်လုံးကြီးပြူး လျှာကြီးကောက်ကွေးနေသော အစွယ်ကြီးတစ်စုံ၊ မျက်လုံးကြီးပြူး လျှာကြီးအရှေ့သို့ တစ်ပေခန့်ရှည် ထွက်ကျနေသည့် သရဲကြီးနှစ်ကောင်တို့အား မြင်တွေ့လိုက်ကြလေရာ အရက်သမားနှစ်ယောက်တို့မှာ အော်ဝင် မအော်နိုင်ကြလေဘဲ ...

www.burmeseclassic.com

မိခင်ဖခင်များ ရှိစဉ်အခါကတော့ သမီးနှစ်ယောက်တို့မှာ သူရင်းငှားများ၊ အလုပ်သမားများဖြင့် ဖခင်မျက်နှာ၊ မိခင်မျက်နှာတို့ဖြင့် ထည်ထည်ဝါဝါ၊ ဝင့်ဝင့်ကြွားကြွား နေထိုင်ခဲ့ကြသော်လည်း ယခုအခါမှာတော့ မိခင်လည်း အားကိုးရာမဲ့၊ ဖခင်လည်း အားထားရာမရှိကြလေတော့ သမီးနှစ်ယောက်တို့မှာ လွန်စွာ ယူကျုံးမရ အပူလုံးကြွနေကြလေ၏။

ထို့နေ့တွင်ပင် နတ်ကတော်ဒေါ်မှုံမှာလည်း ယခင်က သူဌေးလင်မယားထံ သူရင်းငှားလုပ်ကိုင်ခဲ့ဖူးသူလည်း ဖြစ်သော သူဌေးကြီး၏ လူယုံတော်လည်းဖြစ်ခဲ့ဖူးသောအရက်သမားကျော်ကြီးတို့ ခေါ်ကာ အမဲသားနှစ်ပိဿာနှင့် အမဲကလီစာနှစ်ပိဿာကို ဝယ်ခိုင်းလေ၏။ သူဌေးကြီး၏ လူယုံတော်ကျော်ကြီးမှာ နတ်လုံသူဖြစ်လေ၍ နတ်ကတော်ဒေါ်မှုံမှ အမဲသားများ၊ အမဲကလီစာများကို ဝယ်ခိုင်းခြင်းလည်း ဖြစ်၏။

ထိုည၌ပင် နတ်ကတော်ဒေါ်မှုံမှာ သူဌေးလင်မယားနှစ်ယောက်၏ သမီးနှစ်ယောက်ဖြစ်သည့် ခင်နန်းမှုံနှင့် ခင်နန်းသုံတို့နှစ်ယောက်ကိုခေါ်ကာ အိမ်ကြီး၏တောင်ဘက် ပိတောက်ပင်ကြီးအောက်သို့ ခေါ်ဆောင်သွားပြီး အရက်သမားကျော်ကြီးဝယ်ယူပေးထားသော အမဲသားများကို ဖခင်ဖြစ်သူအား အမဲသားတစ်ပိဿာနှင့် အမဲကလီစာတစ်ပိဿာတို့ကို သေသေချာချာ ချက်ပြုတ်ပြင်ဆင်၍ကျွေးမွေးကာ ဤအိမ်ကြီးနှင့် ဤခြံကြီးအား စောင့်ရှောက်ပါရန် နတ်ကတော်ဒေါ်မှုံမှ အပ်နှံပြောဆိုခဲ့လေ၏။ ထိုအချိန်မှာပင် ပိတောက်ပင်ကြီးသည် လေမတိုက်ပါဘဲ အကိုင်းအခက်တို့ လှုပ်ခတ်၍ လာသလို၊ အပုပ်နံ့ကြီးတို့မှာလည်း ပိတောက်ပင်ကြီးအောက်တွင် ဟောင်စပ်နံစော်၍ လာလေတော့၏။ သူဌေးကြီးသမီးနှစ်ယောက်တို့မှာလည်း ကြောက်လွန်လွန်း၍ တစ်ယောက်ကိုတစ်ယောက် ဖက်၍ပင်ထားကြလေ၏။

"ကဲ - သမီးတို့လာ ပြန်ကြမယ်၊ ဘာကြောက်စရာရှိသလဲကွယ်၊ ကိုယ့်အဖေနဲ့ ကိုယ့်အမေပဲကွဲ့၊ သမီးတို့ခြံကြီးနဲ့ အိမ်ကြီးအတွက်ကတော့ လုံခြုံစိတ်ချသွားရပါပြီ"

ဤသို့ဖြင့် ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ ညီအစ်မမှာ နတ်ကတော်ဒေါ်မှုံ၏ ဆောက်ရွက်ချက်ဖြင့် မိခင်၊ ဖခင် တစ်ဖြစ်လဲ တစ္ဆေကြီးတို့အား လစဉ်ကျွေးမွေးပြီး နေထိုင်လာခဲ့ကြရာ ခြံတွင်းမှာရှိသော မရန်းသီးမှည့်ချိန်၊ မာလကာသီးမှည့်ချိန်သို့ ရောက်ရှိခဲ့လေတော့၏။

"ဆွမ်းတော်ဗျို့"

ဓမ္မာကာရာမဘုန်းတော်ကြီးကျောင်းမှ ဦးဇင်းတစ်ပါးနှင့် ကျောင်းသားနှစ်ယောက်တို့ ဆွမ်းခံကြလာ၏။ ဦးဇင်းနန္ဒမာလာမှာ ရှေ့မှ မျက်လွှာချ၍ ရှေ့မှ ဆွမ်းခံကြ၏။ ကျောင်းသားနှစ်ယောက်ဖြစ်သော မောင်ဦးနှင့် မောင်ဖော်တို့နှစ်ယောက်မှ ဆွမ်းချိုင့်တစ်ယောက်တစ်လုံးစီကိုင်ဆွဲ၍ နောက်ကလိုက်ပါရင်း ခင်နန်းမှုံတို့ ခြံကြီးအတွင်းသို့ ကြည့်မိကြ၏။ ခြံကြီးအတွင်း၌ မရန်းသီးများ ဝင်းမှည့်ပြွတ်သိပ်၍ သီးနေသည်ကို မြင်တွေ့လိုက်ကြသလို မာလကာအူနီသီးများမှာ အပင်ပေါ်၌ နီနီရဲရဲနှင့် မှည့်ဝင်းနေသည်ကို မြင်တွေ့ကာ ဘုန်းကြီးကျောင်းသားနှစ်ယောက်တို့မှာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်မိသည်အထိ ဖြစ်ကုန်ကြလေ၏။

ဓမ္မာကာရာမဘုန်းတော်ကြီးကျောင်းသားနှစ်ယောက်တို့မှာ ညရောက်သည်နှင့် ဆွမ်းခံသွားစဉ်က တွေ့မြင်ခဲ့သော ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ ညီအစ်မအိမ်မှ မာလကာသီးအူနီသီးများကို ပြေး၍မြင်ယောင်မိလေ၏။ ဤသို့ ကျောင်းသားနှစ်ယောက်မှာ မရန်းသီးမှည့်နှင့် မာလကာသီးများကို သွားရောက်ခူးရန်တိုင်ပင်ပြီး လူငယ်များပီပီ ခြေသွက်လက်သွက်ဖြင့် သွားရောက်ခူးဆွတ်ကြလေတော့၏။

မာလကာအူနီပင်နှင့် မရမ်းပင်ကြီးတို့မှာလည်း ပိတောက်ပင်ကြီး၏ နံဘေးတစ်ဖက်တစ်ချက်စီတွင် ရှိနေလေ၍ ဘုန်းတော်ကြီးကျောင်းသား နှစ်ယောက်တို့ အပင်အောက်သို့ ရောက်ရှိချိန်မှာပင် ပိတောက်ပင်ကြီးပေါ်မှ မည်းမည်းကောင်ကြီးနှစ်ကောင်မှ အပင်အောက်သို့ ခုန်၍ချလေရာ ဘုန်းကြီးကျောင်းသား နှစ်ယောက်တို့မှာလည်း ဘာကောင်ကြီးမှန်းမသိလေ၍သေသေချာချာ စူးစိုက်ကြည့်လိုက်လေရာ မည်းမည်းကောင်ကြီးများမှာ ကြည့်နေရင်းမှပင် မျက်စိကြီးများမှာ ဆိုင်းအဖွဲ့များမှ လင်ကွင်းကြီးနှစ်ချပ်ပမာ ကြီးမား၍လာနေကြသလို လျှာကြီးတို့မှာလည်း လွန်စွာ ရှည်လျားထွက်လာသည်ကို မြင်တွေ့ကြရပြီး ခင်နန်းမှုံ၊ ခင်နန်းသုံ ညီအစ်မတို့၏ ခြံကြီးအတွင်းမှ ဘုန်းတော်ကြီး ကျောင်းအရောက် မနားတမ်း ပြေးလွှားလာခဲ့ကြရာ ကျောင်းအရောက်တွင် မေ့လဲကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှစ၍ ခင်နန်းမွှံနှင့် ခင်နန်းသုံတို့ မြကြီးမှာ သရဲခြောက်သည်ဟူသော သတင်း၊ တောင်ပိုင်းညောင်ရွာ ရွာကြီး၌ သတင်းကြီးခဲ့လေတော့၏။

လစဉ်လစဉ် နှုတ်လုံ၍ စကားမပြန့်ကားတတ်သော အရက်သမားကျော်ကြီးမှာလည်း အလုပ်သမားလုပ်သည့် ငွေကြေးမှာ ပြတ်လပ်သည်မရှိဘဲ အမဲသားများ၊ အမဲကလီစာများ လစဉ်ဝယ်ပေးသည့် အခါတိုင်း နှစ်ပိဿာ၊ နှစ်ပိဿာဝယ်ပေးမည့်အစား သုံးပိဿာခန့်သာလျှော့၍ဝယ်ပေးသလိုဝယ်ပေး၍ နှင့် ပိတောက်ပင်ကြီးအောက်သို့ သွားရောက်ကျွေးမွေးသော ခင်နန်းမွှံနှင့် ခင်နန်းသုံတို့အား အဖော်အဖြစ်လိုက်၍ စောင့်ရှောက်ရသည့်အတွက် အစကြေးငွေများ ရရှိနေလေ၍ အရက်သမားများထဲ၌ ငွေကြေးမပြတ်လပ်သော အရက်သမားအဖြစ် ထူးဆန်းနေလေတော့၏။

ဤ၌ ကျော်ကြီးနှင့် အရက်အတူတူ သောက်ဖော်သောက်ဖက် တစ်ရွာတည်းသား အောင်မော်နှင့် အောင်ဖော်တို့ ညီအစ်ကိုမှာ အရက်သမားကျော်ကြီးတစ်ယောက် အရက်ဖိုးပိုက်ဆံ ပဏာက ရသနည်းဟု အရက်သမားအချင်းချင်း တီးတိုးစကားပြောစရာ ဖြစ်လာလေ၏။

■

ထိုကာလမှာပင် ခင်နန်းမွှံနှင့် ခင်နန်းသုံတို့ ညီအစ်မမှာ အထက်မြန်မာပြည်အနံ့ ပုဂံဘုရားဖူးထွက်ရန် အိမ်ကြီးအားပိတ်၍ ခရီးထွက်သွားကြလေတော့၏။

အိမ်ကြီးအားပိတ်၍ သွားကြသော်လည်း မြတံခါးကြီးအား ပိတ်ဆို့ခြင်း မရှိခဲ့ချေ။ ခရီးမထွက်ခင်ကလည်း အရက်သမား ကျော်ကြီးအား ခေါ်၍ အမဲသားများ အမဲကလီစာများဝယ်ယူကာ ပိတောက်ပင်ကြီးအောက်သွား၍ မိဘဟုခေါ်ခေါ် မကောင်းဆိုးဝါးကြီး နှစ်ကောင်တို့အား ကျွေးမွေးခဲ့၏။

သရဲကြီးတို့အား မြကြီးနှင့် အိမ်ကြီးအားစောင့်ရှောက်ရန် မှာကြားထားခဲ့ကြလေ၏။

"အဖေနဲ့အမေ သမီးတို့ ခရီးထွက်မှာမို့ အိမ်ကြီးကို စောင့်ရှောက်ပေးပါရှင်"

ခင်နန်းမွှံနှင့် ခင်နန်းသုံတို့ညီအစ်မ ခရီးထွက်သွားကြသည်ကို အကျင့်စာရိတ္တမကောင်းသော ကျော်ကြီး၏ အပေါင်းအသင်းနှစ်ယောက်ဖြစ်သည့် အောင်မော်နှင့် အောင်ဖော်တို့မှ မြင်၏။

ဤတွင် ညနေပိုင်း အရက်ဝိုင်း၌ ကျော်ကြီးအား စပ်စုကြတော့၏။

"ဟေ့ ကောင် ကျော်ကြီး - မင်းအလုပ်ရှင် ညီအစ်မနှစ်ယောက် ဘယ်သွားကြတာလဲကွ - ဟင်"

"အထက်အညာပုဂံ ဘုရားဖူးလို့ ပြောတာပဲကွ"

ကျော်ကြီး၏အရက်သမားသူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြ၏။ လွန်စွာ အဓိပ္ပာယ်ပြည့်ဝသော အကြည့်များဖြစ်သည်ကို ထိုအရက်သမားနှစ်ယောက်သာ သိကြမည်ဖြစ်ပေတော့၏။

■

ထိုညသည်ကား လဆုတ် (၁၂) ရက်ဖြစ်၍ ည (၁၀) နာရီအချိန်သည် တောရွာတို့၌ လွန်စွာ မှောင်မဲနေပြီဖြစ်၏။ ထိုမှောင်မည်းမည်းတွင်ပင် ခင်နန်းမွှံနှင့် ခင်နန်းသုံတို့၏ မြကြီး၏အလယ်၊ အိမ်ကြီး၏အစပ် ပိတောက်ပင်ကြီးအောက်သို့ ကျော်ကြီး၏ အရက်သမားသူငယ်ချင်းနှစ်ယောက်တို့မှာ ပတ်ဝန်းကျင်ကိုကြည့်ရင်း ရောက်ရှိလာကြလေ၏။

ရောက်ရှိလာရခြင်းအကြောင်းသည်ကား အိမ်ကြီးရှင်ညီအစ်မနှစ်ယောက်တို့ ဘုရားဖူးသွားခိုက် အိမ်ကြီးရှင်တို့၏ ချမ်းသာကြွယ်ဝမှုဖြစ်သော ရွှေငွေရတနာပစ္စည်းတို့အား ဖောက်ထွင်းခိုးယူရန် ရောက်ရှိနေကြခြင်းဖြစ်၏။

ထိုအချိန်မှာပင် ပိတောက်ပင်ကြီးအပေါ်မှ မည်းမည်းကောင်ကြီးနှစ်ကောင်မှာ ပိတောက်ပင်ကြီး၏ ညာဘက်ခြမ်းမှ တစ်ကောင်၊ ပိတောက်ပင်ကြီး၏ ဘယ်ဘက်ခြမ်းမှတစ်ကောင် တွဲလောင်းခို၍ ဇောက်ထိုးဆင်းရောက်လာကြလေ၏။

မြေပြင်သို့ရောက်သည်နှင့် ကျော်ကြီး၏ အရက်သမားသူငယ်ချင်း နှစ်ယောက်တို့မှာလည်း ပိတောက်ပင်ကြီးအောက် ရောက်ရှိချိန်နှင့် အချိန်ကိုက်ဖြစ်ကာ အရက်သမားတို့မှာ ဆံပင်အရှည်ကြီးနှင့် ခေါင်းတုံးကြီးပြောင်ပြောင် ကောက်ကွေးနေသော အစွယ်ကြီးတစ်စုံ၊ မျက်လုံးကြီးပြူး၊ လျှာကြီးကောက်ကွေးနေသော အစွယ်ကြီးတစ်

www.burmeseclassic.com

ပုံ မျက်လုံးကြီးပြူး လျှာကြီးအရှေ့သို့ တစ်ထွာခန့်ရှည် ထွက်ကျနေသည့် သရဲကြီးနှစ်ကောင်တို့အား မြင်တွေ့လိုက်ကြလေရာ အရက်သမားနှစ်ယောက်တို့မှာ အော်ပင်မအော်နိုင်ကြလေဘဲ ခြံကြီး၏ အစပ်၊ တံခါးဝကြီးဘေး၌ အကြောက်လွန်ကာ သတိမေ့ လဲကျသွားကြလေတော့၏။

နံနက်လင်းသော်...

ညောင်ရွာတောင်ပိုင်းတွင် နေထိုင်ကြလေသော လူတို့မှာ လယ်ထွန်သွားရင်း ဈေးဝယ်သွားရင်း ပုဂံဘုရားဖူးသွားကြသည့် ခင်နန်းမှုံ၊ ခင်နန်းသုံတို့ ခြံကြီးအဝနှင့် သတိမေ့လဲကျနေသည်ကိုတွေ့တာ သူတို့ဇနီးမယား မိဘအိမ်များသို့ အကြောင်းကြား အသိပေးလိုက်ကြလေတော့၏။

သို့သော်အရက်သမားနှစ်ယောက်တို့မှာ သတိလာကြသော်လည်း ကယ်ကြပါဦးဗျာ၊ နောက် မလုပ်တော့ပါဘူး၊ ကြောက်လှပါပြီဗျဟူသော စကားများပြောကာ အိမ်ခန်းတွင်းကပင် မထွက်ရဲကြတော့ချေ။

အချိန်ကြာလာသော် ပို၍ပင်ဆိုးလာကာ ဇနီး၊ သား၊ မယားနှင့် မိဘဆွေမျိုးများနှင့် အိမ်နီးချင်းများနှင့် အပေါင်းအသင်းများကိုပင် မမှတ်မိကြတော့ဘဲ ရူးသွပ်သွားခဲ့ကြလေတော့၏။

ထိုရက်များအတွင်း ထိုအိမ်ကြီးသို့ အမဲသားများ၊ အမဲကလီစာများ ဝယ်ယူအားပေးနေသည့် ကျော်ကြီးမှာလည်း စဉ်းစားရ ခက်နေလေ၏။ ဒီလောက်သတ္တိကောင်းလှတဲ့ ညီအစ်ကိုရူးသွပ်သွားလောက်အောင် ဤခြံကြီးထဲ၌ ဘာလဲဆိုတာ သိရဖို့အတွက် မိုးချုပ်သည်နှင့် သူကိုယ်တိုင် အမဲသားဝယ်ပေးနေသည့် ခြံကြီးအတွင်း ဝင်ရောက်၍ အခြေအနေကို စုံစမ်းလေတော့၏။

ဤညသည် ဆောင်းညဖြစ်၍ မိုးချုပ်ဖြစ်၏။ ကျော်ကြီးမှာ ခြံကြီး၏ ပိတောက်ပင်အောက်ရောက်သည်နှင့် လျှာကြီးတွဲလွဲ၊ မျက်လုံးကြီးအစုံ လင်ကွင်းကြီးတမျှပြူးကာ ပါးစပ်ကြီးအတွင်းမှ အစွယ်ကြီးနှစ်ချောင်းထွက်နေသည့် သရဲထီး၊ သရဲမနှစ်ကောင်ကိုမြင်တွေ့၍ ရွာလမ်းမတစ်လျှောက် အော်ဟစ်ပြေးခဲ့ရလေတော့၏။

■

ကျော်ကြီး သိသွားပြီဖြစ်၏။

သူဝယ်ဝယ်ပေးနေသော အမဲသားနှစ်ပိဿာနှင့် အမဲကလီစာနှစ်ပိဿာတို့အား ဤအိမ်ကြီး၏ပိုင်ရှင် ခင်နန်းမှုံနှင့် ခင်နန်းသုံတို့နှစ်ယောက်သည် သူဝယ်ပေးနေသော အမဲများဖြင့် သရဲကြီးနှစ်ကောင်ကို အိမ်စောင့်၊ ခြံစောင့်အဖြစ် ကျွေးမွေး၍ စောင့်ရှောက်ခိုင်းနေခြင်းသာဖြစ်ကြောင်း တွေးတောမိသွားလေတော့၏။

ဤသရဲကြီးနှစ်ကောင် မည်သူနည်း။

ဤခြံ၊ ဤအိမ်ကြီးသည် ခင်နန်းမှုံနှင့်ခင်နန်းသုံတို့၏မိဘများရှိစဉ်အခါက ဤသရဲကြီးများ မရှိခဲ့ချေ။ ခင်နန်းမှုံ၊ ခင်နန်းသုံတို့၏မိဘများ သေဆုံးသွားလေမှ ရောက်ရှိလာသော သရဲကြီးနှစ်ကောင် ဖြစ်လေ၏။

ဤသရဲကြီးများ ဘယ်က ရောက်ရှိလာလေသနည်း။

ခင်နန်းမှုံ၊ ခင်နန်းသုံတို့၏ နတ်ကတော်ဒေါ်စုပြောသည့်စကား ရှိ၏။ ထိုစဉ်အချိန်ကာလက ကျော်ကြီးသည် ခင်နန်းမှုံ၊ ခင်နန်းသုံတို့၏ မိဘနှစ်ပါးမှ လွန်စွာ ယုံကြည်စိတ်ချခဲ့သော လူယုံကြီးတစ်ယောက်ဖြစ်သလို မိဘနှစ်ပါး ယုံကြည်စိတ်ချခဲ့၍လည်း အရွယ်ရောက်လာသော ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ ညီအစ်မ နှစ်ယောက်တို့မှာလည်း အရက်သမားကြီးဖြစ်နေသော ကျော်ကြီးအား ဆက်လက်၍ ယုံကြည်စိတ်ချခဲ့သော လူယုံကြီးတစ်ယောက်ဖြစ်သလို မိဘနှစ်ပါး ယုံကြည်စိတ်ချခဲ့၍လည်း အရွယ်ရောက်လာသော ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ ညီအစ်မနှစ်ယောက်တို့မှာလည်းအရက်သမားကြီးဖြစ်နေသော ကျော်ကြီးအား ဆက်လက်၍ယုံကြည်ခဲ့လေ၏။

■

တစ်နေ့ - ထိုတစ်နေ့ကို ကျော်ကြီး မမေ့ခဲ့ချေ။

မမေ့ခဲ့ခြင်းအကြောင်းထလည်း ရှိလေ၏။

ထိုနေ့ ထိုကာလက ခင်နန်းမှုံနှင့် ခင်နန်းသုံတို့၏ မိဘနှစ်ပါးအသုဘချပြီး၍ ရက်လည်ဆွမ်းမကျွေးရသေးစဉ် ရက်တရက် ဖြစ်လေ၏။

ကျော်ကြီးအား ခင်နန်းမှုံ၊ခင်နန်းသုံ ညီအစ်မနှင့် နတ်ကတော်ဒေါ်စုတို့ သုံးယောက်မှ အမြန်လာပါဆို၍ လူယုံတော်တစ်ဖြစ်လဲအရက်သမား ကျော်ကြီးတစ်ယောက် အပြေးတစ်ပိုင်း လှမ်းခဲ့ရလေ၏။

အိမ်ကြီးအဝင်ဝတွင် နတ်ကတော်ဒေါ်စု၊ ဒေါ်နန်းမှုံ၊ ခင်နန်းသုံတို့ သုံး

www.burmeseclassic.com

ယောက်စကားပြောနေကြ၍မတ်တတ်ရပ်တာ အသာနားစွင့်နေမိလေ၏။

ပထမဆုံးနတ်ကတော်ဒေါ်စုမှစ၍ ပြောသံကြားရ၏။

တစ်လတစ်ကြိမ်တော့ အမဲသားနှစ်ပိဿာနဲ့ အမဲကလီစာနှစ်ပိဿာတော့ ကျွေးပေးရမယ်၊ ဒါပေမဲ့ - အမဲကလီစာကတော့ သွေးခြောက်လို့ မရဘူး၊ စိုစွတ်နေရမယ်"

ထိုအချိန်တွင် သူဌေးကြီးတို့လင်မယား၏ သမီးအကြီးမ ခင်နန်းမွှံ၏ အသံ ထွက်လာ၏။

"ဘယ်သူ့ကိုလဲ"

"နင်တို့ အဖေနဲ့ အမေ့ကိုပေါ့"

"ဟင်..."

ကျော်ကြီးမှာ တစ်ကြိမ်တစ်ခါမှ မကြားဘူးသောစကားမျိုး ဖြစ်နေလေ၍ ခပ်တွေတွေဖြစ်သွားခဲ့၏၊ ထိုအချိန်မှာပင် နတ်ကတော်ကြီးဒေါ်စု၏ စကားသံ ထွက်လာပြန်၏။

"ဘယ်လိုလဲသမီးတို့၊ ကိုယ့်အဖေနဲ့ ကိုယ့်အမေကိုတောင် မကျွေးချင်ဘူးလား"

"သမီးကတော့ မကြောက်ဘူး၊ ကျွေးမှ မေးလို့ရမယ်ဆိုရင် ကျွေးမှာပဲ"

အကြီးမ ခင်နန်းမွှံ၏ ပြတ်သားသောအသံကို ကြားလိုက်ရ၏။

"သမီးကတော့ အမေမွှံနဲ့ မမကြီးတို့သဘောတူရင် လိုက်နာမှာပဲ"

"မှန်တာပေါ့ကွယ် - သမီးတို့ဘဝလုံခြုံရေးနဲ့ သမီးတို့ ပစ္စည်းဥစ္စာတွေကို စောင့်ထိန်းဖို့က ဒီနည်းလမ်းက အကောင်းဆုံးပဲကွဲ့၊ ပြီးတော့ - မိဘဆိုတာ သားသမီးတွေကို ဒုက္ခပေးရိုးထုံးစံ မရှိပါဘူးကွယ်"

ထိုစဉ်အခါက ကျော်ကြီးမစဉ်းစားတတ်ခဲ့၊ ယခု သဘောပေါက်သွားခဲ့ပြီဖြစ်၏။ ဇာတ်ရည် လည်သွားခဲ့ပြီကိုး။ ရက်စက်လိုက်တာ မိန်းကလေးတွေရယ်၊ ကိုယ့်ဘဝရပ်တည်ရေးအတွက် မိဘနှစ်ပါးကို မကောင်းဆိုးဝါးဘဝနဲ့ ကျွေးမွေးပြီး ကိုယ့်အိမ်ကို အစောင့်သရဲကြီးတွေအဖြစ် ထားရသတဲ့လားကွယ်၊ ဝယ်ပေးခဲ့ရတဲ့အမဲသားတွေ၊ အမဲကလီစာတွေတ သူဌေးကြီး လင်မယားစားဖို့ ငါ ဝယ်ပေးခဲ့ရတာကိုး၊ ငါ့ရဲ့ကျေးဇူးရှင်ကြီးနှစ်ယောက် မကောင်းဆိုးဝါးဘဝနဲ့ ဒုက္ခခံစားနေရတာကို ငါ ကြည့်ရက်သလား၊ ငါမကြည့်ရက်ဘူး၊ ဟုတ်တယ်၊ ငါ မကြည့်ရက်ဘူး၊

ထိုနေ့ နေ့ရှင်းပင် အရက်သမားကျော်ကြီးမှာ ဤပြဿနာကြီးကို နေမကူးချင်၍ ရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တကောဝိဒအရှင်မြတ်ထံ အပြေးသွားရောက်ကာ ဦးတင်လျှောက်ထားပြောဆိုခဲ့လေတော့၏။

တရားရှင် အရှင်သူမြတ်ကောဝိဒကိုယ်တိုင် အမျက်ဒေါသထွက်သည်ကို ကျော်ကြီးတွေ့လိုက်ရလေ၏။

မိုက်လိုက်တဲ့ကလေးမတွေကွယ်၊ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတဲ့ မိဘနှစ်ပါးကို သရဲကြီးတွေဘဝနဲ့ အိမ်စောင့်လုပ်နိုင်းသတဲ့လားကွယ်၊ လောကီနည်းစိမ်နဲ့ မိဘကျေးဇူး လဲလှယ်ရက်လေခြင်း။

တရားရှင်အရှင်သူမြတ်မှာ ကျောင်းဒကာကြီးနှစ်ဦး၏ အမင်္ဂလာသတင်းကို ကြားလိုက်ရ၍ ခေတ္တ မတ်တတ်ရပ်ကာ စဉ်းစား၏။

"မောင်ကျော်"

"ဘုရား"

"ခု ချက်ချင်း - ငါနဲ့လိုက်ခဲ့၊ စန္ဒိမာနဲ့ ကုမာရမင်းတို့နှစ်ယောက်ပါ၊ ငါနဲ့လိုက်ခဲ့"

"တင်ပါ့ - ဘုရား၊ ဘယ်ကိုလဲ - ဘုရား"

"ဟို မိစ္ဆာဒိဋ္ဌိမ နှစ်ယောက်အိမ်ပေါ့"

ဆရာတော်ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်မှာ သင်္ကန်းဟောင်းကြီး ဝတ်ရုံထားလေ၍ သင့်တင့်မျှတရုံ သင်္ကန်းဟောင်းတစ်ထည်ကိုပင် ကောက်၍ရုံလိုက်၏၊ ပြီးသည်နှင့် နောက်ပါရဟန်းနှစ်ပါးကိုခေါ်တော်မူ၍ ညောင်ရွာ ရွာတွင်းသို့ ခပ်သုတ်သုတ် ကြွချီခဲ့ကြလေ၏။

နေဝင်ရီတရောအချိန် ဖြစ်နေလေ၍ သင်္ကန်းကို ကျစ်ကျစ်လျစ်လျစ်ရုံကာ ကြွချီနေလေ၏။

ထိုနေ့က လှူယုံတော်ကြီးဦးတော်မရောက်လာ၍ ခင်နန်းမွှံနှင့် ခင်ဝန်းဝင်းတို့နှစ်ယောက်ကိုယ်တိုင် ခြံတွင်းမှာရှိသော ပိတောက်ပင်ကြီးအောက်တွင် အမဲသားဟင်းများ၊ အမဲကလီစာတင်းများကို တစ်ပုံစီပုံ၍ ကျွေးနေသည်တို့ ရဟန်းနှစ်ပါးနှင့် မောင်ကျော်တို့ခေါ်ဆောင်၍ ရောက်လာသော ဆရာတော်ကောဝိဒကိုယ်တိုင် မြင်တွေ့သွားလေတော့၏။

ဆရာတော်အား မြင်တွေ့သွားသည့် ခင်နန်းမွှံနှင့် ခင်နန်းသုံ့တို့ ညီအစ်မလည်း ငယ်ကြောက်ဆရာတော်ဖြစ်နေ၍ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

www.burmeseclassic.com

"ဘာ - ဘာကိစ္စရှိလို့ပါလဲ ဘုရား"

ဆရာတော်မှာလည်း မောင်ကျော်လျှောက်ထားသည့်အတိုင်း မြင်တွေ့လိုက်ရလေ၍ ဤကိစ္စများကို ဤနေရာမျိုး၌ မပြောဆိုလိုသဖြင့်...

"နင်တို့ညီအစ်မနှစ်ယောက်စလုံး အခု ငါနဲ့ ကျောင်းကို လိုက်ခဲ့ကြစမ်း"

ဆရာတော်ကောဝိဒမှာ စကားအဆုံး ကျောင်းသို့လှည့်၍ပြန်သွားလေတော့၏။

ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ညီအစ်မမှာ စကားပြောဆိုရာတွင် ခွကျကျ ပြောတတ်သော ရှာဦးကျောင်းဆရာတော်၏ စရိုက်ကို သိပြီးဖြစ်သော်လည်း အကျင့်သီလဖြူစင်သလို ပရိယတ္တိ၊ ပရိပတ္တိ နှစ်ပါးစလုံးနှင့် ပြည့်စုံလေသော ယော်ကြောင်ဆရာတော်ဖြစ်နေလေ၍ဆရာတော်တို့ပြန်ကြွသွားသည်နှင့် ညီအစ်မနှစ်ယောက်တို့မှာ နောက်မှ ခပ်သုတ်သုတ်လေးလိုက်ပါသွားကြလေ၏။

ခင်နန်းမှုံတို့ညီအစ်မ ဓမ္မိကာရာမကျောင်းကြီးသို့ ရောက်ရှိသွားကြချိန်တွင် ဆရာတော်အရှင်ကောဝိဒနှင့် ခင်နန်းမှုံနှင့် ခင်နန်းသုံတို့၏ လူယုံတော်တို့ကျော်ကြီးပါ မြင်တွေ့လိုက်ရ၍ မစဉ်းစားတတ်အောင် ဖြစ်၍သွား၏။ ထိုပြင် ရှာဦးဆရာတော်၏မျက်နှာမှာလည်း တစ်မျိုးတစ်ဖုံ ဖြစ်နေသလားဟု တွေးထင်မိလေ၏။

■

"ကဲ - ထိုင်ကြပါ ဆရာမကြီးတွေရဲ့"

"ဘာများ မိန့်မလို့ပါလဲ - ဘုရား၊ တပည့်တော်တို့ညီအစ်မ၊ ရှာဦးစေတီ၊ ထီးတော်တင်ပွဲအတွက် ငွေလည်း..."

ဆရာတော်၏စကားအဆုံး ခင်နန်းမှုံနှင့် ခင်နန်းသုံတို့ ညီအစ်မမှာ ဆရာတော်၏ရှေ့တွင်ဝင်၍ထိုင်ရင်းစကားမရှိစကားရှာ၍ ရှာဦးစေတီထီးတော်တင်ပွဲမှစ၍ ပြောလေ၏။

"ကဲပါ - ထီးတင်ဖို့ကိစ္စ ခဏထားပါဦး။ ငါမေးတာသာ အမှန်အတိုင်းဖြေကြစမ်း"

"ဖြေ - ဖြေပါ့မယ် ဘုရား"

"နင်တို့ အိမ်ခြံဝန်းထဲက ဘာကောင်ကြီးတွေလဲဟဲ့"

"ဟင် - ဘာ - ဘာကိုပြောတာလဲ ဘုရား"

အကြီးမ ခင်နန်းမှုံမှာ ခပ်တည်တည်ဖြင့်ပြန်လည်လျှောက်ထားဖြေဆိုနေသော်လည်း ညီမဖြစ်သူ ခင်နန်းသုံမှာ ဆရာတော်၏ မျက်နှာကို မကြည့်ဝံ့၍ ခေါင်းငိုက်စိုက်ချကာ မျက်စိမျက်နှာလွှန်စွာပျက်၍နေ၏။

"ဟဲ့ - နင်တို့ညီအစ်မ ညောင်ရွာ တစ်ရွာလုံးကို လိမ်လို့ရချင်ရယ်။ ငါလို သူတော်ကောင်းပုဂ္ဂိုလ်ကို ညာလို့မရဘူး။ နင်တို့ အမှန်အတိုင်းမပြောရင် ငါ ညောင်ရွာတစ်ရွာလုံး သိအောင် အကုန်လုံး ခေါ်ပြောလိုက်ရမလား"

"မပြောပါနဲ့ - ဘုရား၊ တောင်းပန်ပါတယ်၊ တပည့်တော်မ မှန်တဲ့အတိုင်း ဝန်ခံပါ့မယ်၊ ဆရာတော်မြင်လိုက်တာတွေဟာ တပည့်တော်တို့ ညီအစ်မရဲ့ အဖေနဲ့ အမေပါ ဘုရား"

"ဘာ - ဘယ်သူနဲ့ ဘယ်သူတွေ"

"အဖေနဲ့ အမေပါ - ဘုရား"

"မိုက်လိုက်ကြတာဟယ်၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဖြစ်ရဲ့သားနဲ့ အယူမှားနေကြပါလား၊ လူတစ်ယောက် သေဆုံးပြီးပြီဆိုတာနဲ့ ဘဝကူးကောင်းဖို့ အလှူလုပ်၊ အမျှတမ်းပေးဝေပြီး လွှတ်ကျွတ်အောင်လုပ်ရမှာက ကျန်ရစ်သူတွေရဲ့တာဝန်ဟဲ့"

ဆရာတော်၏ စကားသံများကို ကြားပြီး သူဌေးကြီးလင်မယား၏ သမီးအငယ်မ ခင်နန်းသုံမှာ ရှိုက်၍ရှိုက်၍ပင် ငိုနေပြီဖြစ်၏။

"ခုတော့ - နင်တို့က ချစ်လွန်းလွန်းလို့ မခွဲနိုင်လို့ဆိုပြီး ခေါ်ထားလို့ရမတဲ့လား။ ခု - နင်တို့နှစ်ယောက်လုပ်နေတဲ့ပုံက ကိုယ့်ကိုယ်ကိုယ် အသတ်ခံရဖို့ လုပ်နေတာနဲ့ မတူဘူးလား"

အကြီးမခင်နန်းမှုံမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်လှန်မေးခွန်းထုတ်၏။

"ဘာကိုပြောတာလဲ - ဘုရား"

"အဖေနဲ့ အမေဆိုပြီး နင်တို့ခြံဝိုင်းထဲမှာ ခေါ်ထားမှတော့ အဲဒီအကောင်ကြီးတွေက အစွယ်တွေထွက်၊ အမွေးတွေရှည်နဲ့ မကြာခင် နင်တို့နှစ်ယောက်ကို ကုပ်ချိုးစားရင် နင်တို့ ဘယ်လိုလုပ်မတုံး"

"အမလေး - ဘုရား - ဘုရား"

ခင်နန်းမှုံမှာ သူ့ကိုယ်တိုင်ဝင်ကြောက်ရွံ့တုန်လှုပ်သွား၏။

ဤ၌ အမဲသားများ၊ အခဲတလီစာများကို ကိုယ်တိုင် ဝယ်ပေးသော ကျော်ကြီးမှာ ဆရာတော်ဘဒ္ဒန္တကောဝိဒတို့ လျှောက်ထားမေးမြန်းလေ၏။

"တပည့်တော် မသိလို့ပါ မေးပါရစေ ဘုရား၊ ခင်နန်းမှုံနဲ့ ခင်နန်းသုံတို့အိမ်မှာ ဘုရားလည်းရှိ၊ အိမ်စောင့်နတ်လည်းရှိရဲ့သားနဲ့ ဘာဖြစ်လို့ ဒီကောင်းဆိုးဝါးကြီးတွေက"

www.burmeseclassic.com

ကျော်ကြီး၏ စကားမဆုံးမီ ဆရာတော်မှ ဖြတ်၍ ပြောဆို၏။

"ဟ-ဒကာကျော်ကြီးရ၊ ဘုရားရှိလည်း သူတို့ညီအစ်မက ဘုရားကိုရှိသေစွာ ကိုးကွယ်တတ်လို့လား။ ပြီးတော့ အိမ်ပိုင်ရှင်တွေ ကိုယ်တိုင်က သချိုင်းကုန်း၊ သုသာန်မှာ သွားရောက်ခေါ်ဆောင်ပြီးဒင်းတို့ညီအစ်မကပိုက်ဆံပေါ်နေတော့ ကိုယ့်သတ်မယ့်သရဲနှစ်ကောင်ကိုအစာကျွေးလိုက်၊ သွေးတိုက်လိုက်လုပ်နေတော့ ဒီမကောင်းဆိုးဝါးတွေက ကပ်နေပြီပေါ့။ ကျော်ကြီးပြောတုန်းက ငါမယုံလို့ ကိုယ်တိုင်လာကြည့်တာ။ မိဘကျေးဇူး ဒီနည်းနဲ့ ဆပ်လို့ရမတဲ့လား။ နင်တို့ အဖေနဲ့အမေဟာ ငါ့ကျောင်းရဲ့ ဘုရားဒကာ၊ ကျောင်းဒကာတွေဟဲ့။ နင်တို့လုပ်မှ စုနစ်ရက်မပြည့်ခင် သချိုင်းကုန်းမှာ ဦးဆောင်သွားခေါ်ပြီး မကောင်းဆိုးဝါးလုပ်ခိုင်းမှတော့ နင့်မိဘတွေ သရဲတစ္ဆေဖြစ်ရတာ နင်တို့ညီအစ်မကြောင့်..."

ညောင်ရွာကျောင်းဆရာတော် ဦးကောဝိဒ၏ ခပ်ပြတ်ပြတ်စကားများကြောင့် ခင်နန်းမွှံနှင့် ခင်နန်းသုံတို့ ညီအစ်မမှာ ပဖာလုပ်၍ ပဖာပြောရမှန်းပင် မသိကြတော့ချေ။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ငိုနေကြတော့၏။

"ဆရာတော်ဘုရား-တပည့်တော်များမှန်းသိပါပြီ-ဘုရား၊ ဆရာတော်မိန့်တဲ့အတိုင်း လုပ်ပါ့မယ်"

ထိုအချိန်မှာပင် တစ်ရွာလုံးမှာရှိသော ခွေးကြီးများမှာ အူကြလေတော့၏။ ငှက်ဆိုးတွေမှာလည်း တဂီးဂီး-တဂစ်ဂစ် ထိုးကြ၊ အော်ကြ၏။

"အင်း-တစ်ရွာလုံးလည်း ခွေးတွေအူ၊ ငှက်ဆိုးတွေထိုးနဲ့ ဘာတွေဖြစ်နေမှန်းတောင် မသိတော့ဘူး"

ထိုအချိန်တွင် ကျော်ကြီးမှာ ခမ္ဘိကာရာမ ဘုန်းတော်ကြီးကျောင်းအပေါ်ထပ်မှနေ၍ ခပ်သွက်သွက်သွားကာ ကြည့်လိုက်လေလျှင် ရွာလယ်လမ်းမကြီးတစ်လျှောက် အရိပ်မည်းမည်းကြီးတစ်ရိပ်သည် ဖြတ်ကာဖြတ်ကာ ပြေးနေသည်ကို မြင်တွေ့လိုက်ရလေတော့၏။ ကျော်ကြီးမှာ ရွာလမ်းကိုဖြတ်၍ အိမ်ကိုပင်မပြန်ရဲဖြစ်ကာ ရွာကျောင်းကြီးမှာပင် အိပ်ရန် စိတ်ဆုံးဖြတ်လိုက်ရလေ၏။

တစ်ကြိမ်တစ်ခါမှ ဤကဲ့သို့အဖြစ်မျိုး မဖြစ်ဘူးခဲ့လေ၍ ခင်နန်းမွှံနှင့် ခင်နန်းသုံး ညီအစ်မမှာလည်း လွန်စွာကြောက်ရွံ့သွားကြကာ ၎င်းတို့ပိုင်ဆိုင်သော အိမ်ကြီးတွင် ပြန်၍ မအိပ်ရဲဖြစ်ကုန်ကြလေ၏။

နံနက်မိုးသောက်သောအခါတွင် ခမ္ဘိကာရာမဘုန်းတော်ကြီးကျောင်းတွင်ရှိသော ရဟန်းသံဃာကိုးပါးလုံး ခင်နန်းမွှံ၊ ခင်နန်းသုံတို့၏ခြံကြီးနှင့် အိမ်ကြီးသို့ သံဃာကုန်ကြွချီ၍ ပထမဦးဆုံး ခြံကြီး၏ခေါင်းရင်းတွင်ရှိသော ပိတောက်ပင်ကြီးသို့ကြွကာ အိမ်ကြီးရှင် ခင်နန်းမွှံအား တရားနာကြွပါရန် ဖိတ်ခိုင်းရလေ၏။

"အဖေနဲ့အမေရှင့်၊ ဒီအိမ်ကြီးမှာ အသက်ရှင်စဉ်ကအတိုင်း နေထိုင်ဖို့ခေါ်ထားတဲ့ အဖေနဲ့အမေ့ကို အခုအချိန်ကစပြီး ကောင်းရာမွန်ရာဘဝ ကူးပြောင်းဖို့ သံဃာတော်အရှင်သူမြတ်များလည်း ပင့်ဖိတ်ခဲ့ပါပြီ၊ တရားနာယူပြီး ကောင်းရာမွန်ရာဘဝကို ကူးပြောင်းဖို့ ပြောဆိုပါတယ်၊ ဒီအိမ်၊ ဒီခြံပိုင်ရှင်ဟာလည်း ကျွန်မတို့ ညီအစ်မပိုင် ဖြစ်ခဲ့ပြီမို့ ဘဝတစ်ပါး ကူးပြောင်းသွားတဲ့ အဖေတို့ အမေတို့နဲ့ ဘာမှမပတ်သက်တော့ပါ။ ဒါကြောင့် တရားနာထွမ်းသွတ်အမျှဝေတာကို သာဓုခေါ်ဖို့ အဖေနဲ့အမေ အိမ်ကြီးပေါ်ကို ကြွခဲ့ပါရှင်"

သမီးအကြီးမ၏ ဖိတ်ကြားမှုအဆုံး သမီးအငယ်မ ခင်နန်းသုံမှာလည်း အစ်မကြီးဖြစ်သူ ခင်နန်းမွှံကိုဖက်၍ ငိုလေ၏။

ပိတောက်ပင်ကြီးတစ်ပင်လုံးမှာလည်း သိမ့်သိမ့်တုန်၍ လှုပ်နေလေ၏။

ရဟန်းသံဃာနှင့်အတူ ခင်နန်းမွှံနှင့် ခင်နန်းသုံညီအစ်မနှစ်ယောက် သွားရောက်ကြသည့် အိမ်ကြီးအပေါ်ထပ် သွပ်မိုးများ အပေါ်သို့ ခဲလုံးများ တဒိုင်းဒိုင်းကျရောက်ကာ ဆူညံနေလေတော့၏။

ညောင်ရွာမဟ္ဘိကာရာမကျောင်းကြီး၏ ဆရာတော်ဘဒ္ဒန္တကောဝိဒတိုင်တိုင် ပရိတ်ရွတ်၏။ တမွှဝါဖတ်၏ တရားများ ဆုံးသည်နှင့် ခေါင်မိုးပေါ် ခဲမိုးရွာခြင်း ရပ်တန့်သွားလေတော့၏။

တစ်ရွာလုံးမှာလည်း သေသူ၏ သချိုင်းကုန်းသုသာန်မှ အမဲသားနံ့ အမဲကလီစာများကျွေးမွေး၍ အိမ်ပေါ် ခေါ်ယူစောင့်ရှောက်ခိုင်းသည့် ခင်နန်း

www.burmeseclassic.com

မုံနှင့် ခင်နန်းသုံ့တို့ညီအစ်မအား ညောင်ရွာဟုသောရွာကြီးမှ အမြီးတိုင်နှင်ထုတ်ရန် တိုင်ပင်နေကြလေ၏။

သို့သော် မိဘနှစ်ပါးအား သရဲကြီးများဖြစ်ရန် ပြုလုပ်ခဲ့သူ ညီအစ်မနှစ်ယောက်တို့မှာ နောက်တစ်နေ့ နံနက်မိုးသောက်ချိန်မှာပင် နေထိုင်ရာအိမ်ကြီးနှင့် မြဲကြီးအား တရားစခန်းပြုလုပ်ရန် လှူဒါန်းခဲ့လေပြီး မည်သည့်အရပ်မည်သည့်ဌာနေဆီသို့ ထွက်သွားကြလေသည်မှန်း မသိရှိခဲ့ကြရေ။

သိရှိသူ ဆရာတော်ဘဒ္ဒန္တကောဝိဒမှာလည်း မြဲကြီးအလှူရှင်၊ အိမ်ကြီးအလှူရှင်ညီအစ်မနှစ်ဦးတို့၏ အလိုဆန္ဒအတိုင်း မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပါကြောင်း....

**နန္ဒဝင်းကျော်ခေါင် (ဒေဝါလူ့ပြည်)**

## မြန်မာဆေးမြီးတိုများ

**ဒူးခေါင်းကြီးရောဂါ**

- ခရာရွက်ကို ဆီသုတ်၍ မီးကင်ပြီး ခပ်နွေးနွေးကပ်၍ စည်းပေးပါ။

**ဒူလာမြင်းသရိုက်**

- ကြက်သွန်နီကို မီးဖုတ်၊ အရည်နွေးနွေး နားထဲထည့်ပါ။
- မြန်မာတုတ္တိရွက်ကို အရည်ညှစ်ပြီး မီးခြင့်နွေးကာ နားထဲထည့်ပါ။
- တောင်ဇရိုးအစေ့ကို နှမ်းဆီနှင့်ရော၍ နားကျပ်ပေးပါ။

**နားလေထွက်**

- တရှုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို လက်သုပ်လုပ်စားပါ။

**နားအူလေထွက်**

- သင်္ဘောရွက်မီးအုံး၍ အတို့အမြှုပ်လုပ်စားပါ။

**နားပြည်ယို**

- ကျီးအာသီးကြိတ်ဇတ်ကို အုန်းဆီနှင့်ရော၍ နားကြပ်ပေးပါ။



www.burmeseclassic.com